
www.burmeseclassic.com

# ရင်မိုး

နှစ်ယောက်အတူတူ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## နှစ်ယောက်အတူတူ


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၄၄၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၆၆၀၇၀၈

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# ရှင်မိုး (ဆေးတက္ကသိုလ်)

# နှစ်ယောက်အတူတူ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







အလုပ်က ပြန်ရောက်ရောက်ချင်း သောက်ရေတစ်ချက်ကို မနားတမ်း အမြန်သောက်ချလိုက်ပါသည်။ ရေချိုးခန်းထဲ အမြန်ပြေးဝင်ကာ အုတ်ကန်ထဲကရေတွေကို တဝုန်းဝုန်း အမြန်လောင်းချ၊ ဆပ်ပြာတိုက်၊ ခေါင်းကို **Head & Shoulder** ရှမ်ပူဘူးထဲမှ ရှမ်ပူအနည်းငယ် ညှစ်ချပြီး တဖြင်းဖြင်း လက်ဖြင့်ကုတ်လျှော်၊ ရေပြန်ချိုးချ။ ပြီးတော့ ရေလဲပုဆိုးဝတ်၊ မျက်နှာသုတ်ပဝါသုတ်ရင်း ရေချိုးခန်းတံခါးဖွင့်ထွက်တော့ နာရီကိုတစ်ချက်လှမ်းကြည့်လိုက်သည်။ ဟား ဟား ... မဆိုးဘူး၊ ရေချိုးချိန် ငါးမိနစ်ပဲ ကြာတယ်။

ဒီ့ထက်ကြာလို့လည်း မဖြစ်ဘူးလေ။ အခုပဲ ညနေခြောက်နာရီကျော်နေပြီ။ အလုပ်ကဒီနေ့ ပြန်ရတာ နောက်ကျသေးသလို လမ်းမှာ အဖေ့ကားစုတ်လေးကလည်း ဖွတ်ချက်၊ ဖွတ်ချက်နဲ့ နှစ်ခါလောက် ထိုးရပ်လိုက်သေးတာမို့ အချိန်က မကြာသင့်ဘဲ ပိုကြာသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ကားစုတ်လဲကွ၊ ဒီကားစီးနိုင်သေးတာပဲ တော်သေးတယ်မှတ်"

လို့ အဖေက ကျွန်တော်ပြောတာကြားပြီး လှမ်းငေါက်သေးတာမို့ ပါးစပ်တော့ မြန်မြန်ပိတ်လိုက်ရသည်။ လွန်ခဲ့သော နှစ်အစိတ်ကျော်လောက်က ဂျပန်တွေ ထုတ်လုပ်ခဲ့သည့် တိုရိုတာကားလေးတစ်စီးမှာသာ စကားပြောတတ်တဲ့ ပါးစပ်တွေပါရင် ...

"တော်ပါတော့၊ ငါ့ကိုနိုင်းတာ ရပ်ပါတော့၊ နားချင်လှုပါပြီ"

ဟုပဲ ပြောမလား မသိ။

BURMESE CLASSIC .com

ကားက တော်တော့်ကိုတော့ ချုံးကျနေပြီး မနည်းရုန်းနေရသည့် နွားအိုတစ်ကောင်နဲ့ပင် တူနေသည်ဟု ကျွန်တော်ထင်ပါသည်။ သို့သော် ဘာပဲပြောပြော အဖေတို့ပြောသလိုပါပဲ ကိုယ်ပိုင်ကားလေးတစ်စီး ရှိသည်ဆိုတော့လည်း ရှိတဲ့ဂုဏ်လေးမောက်လို့ရတာပေါ့လေ။

"ဟော့ကောင် ... မင်းကွာ၊ တစ်နေ့တလေ ညပိုင်းလေး အိမ်မှာနေပြီး နားပါလား၊ သွားဦးမလို့လား"

အဖေက ကျွန်တော် အဝတ်အစားလဲပြီး ထွက်လာတာမြင်လျှင် အိမ်ရှေ့မှာ ထိုင်နေရာမှ လှမ်းပြောပါသည်။





"သား မရှိလို့ မဖြစ်ဘူးလေ အဖေရဲ့"

"အံမာကွာ ... စကားကြီး စကားကျယ် ပြောပြန်ပြီ"

"တကယ်ပြောတာပါ"

"မင်းအမေ ဝင်တွေ့လိုက်ဦး"

"တွေ့မှာပါ၊ သား မမေ့ပါဘူး"

ပြောပြောဆိုဆိုပဲ ကျွန်တော် အိပ်ခန်းတံခါး စေ့ထားဘာလေးကို တွန်းဖွင့်၍ ဝင်လိုက်လျှင် အိပ်ရာကျယ်ကြီး၏ ခေါင်းရင်းခုတင်မှာ ခေါင်းအုံးတွေဆင့်ပြီး ကျောမှီထိုင်နေသော အမေ့ကို ပြုံးရွှင်စွာ တွေ့လိုက်ရပါသည်။

"သားလေး ... သားငယ်လေး ထမင်းမစားဘဲ မသွားနဲ့နော်၊ စားသွားဦး"

အမေက ကျွန်တော့်ကို တွေ့တွေ့ချင်း ပြောပါသည်။

"ဘာဟင်းလဲ အမေ"

ကျွန်တော်က ပိန်လှီပါးလျနေသော အမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး ကလေးဆိုးကြီးလို လေသံနဲ့ မေးလိုက်သည်။

"စံပယ် ချက်ထားတာပဲ၊ ငါးခူဆီပြန်နဲ့ ဘူးသီးချဉ်ရည်တဲ့"

"ဟင် ... ငါးဟင်းကြီး"

"သားအစ်မ မမနှင်းဆီကတော့ အမေ့အတွက် ကြက်သားပြုတ်ကြော် လာပို့ထားတယ်၊ သား အသားဟင်းနဲ့စားချင်ရင် အဲဒါစားပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



“ကြက်သားပြုတ်ကြော်လည်း မကြိုက်ဘူး”

“အလကား ကောင်လေး၊ ထမင်းမစားချင်လို့ ကြေးများနေတာ မဟုတ်လား၊ အလုပ်ထဲမှာ နေ့လယ်က လက်ဖက်ရည်တွေ သောက်ထားပြန်ပြီထင်တယ်”

“ဟဲ ... ဟဲ”

“ဟဲ ဟဲ ... လုပ်မနေနဲ့၊ လက်ဖက်ရည်က လေခံပြီး အခု မဆာသေးပေမဲ့ နောက်ပြန်ဆာလာမှာပဲ၊ နောက်ပြီး ထမင်းကို အချိန်နဲ့မစားရင် ကြာရင် အစာအိမ်ရောဂါရလိမ့်မယ်၊ သားငယ် နည်းနည်းတော့ စားသွားနော်”

“ဟုတ်ကဲ့ ... စားပါ့မယ် အမေ၊ ကဲ ... အမေ၊ သား ထမင်းမြန်မြန်စားပြီး သွားတော့မယ်နော်”

“အေး ... အေး ... ထမင်းကို ဘာဟင်းနဲ့ စားမှာလဲ”

“ငါးနဲ့ပဲ စားလိုက်မယ်”

“အရိုးကြည့်စားဦး၊ စံပယ့်ကို ငါးခူစင်းကောလေး လုပ်ပြီးမှ ချက်ခိုင်းတာကွယ်၊ သားညီမက အပျင်းထူပြီး စင်းကော မလုပ်တော့ဘဲ အတုံးလိုက်ပဲချက်တော့ အရိုးဖယ်စားရလိမ့်မယ်”

ကျွန်တော်သည် ရောဂါသည်ပုံစံလုံးလုံး ပေါက်နေပြီဖြစ်သော အမေ့ရဲ့ ပါးပိန်ပိန်ချိုင့်ချိုင့် တစ်ဖက်ကို အသာနမ်း





ရှုံ့လိုက်ပြီးလျှင် အခန်းထဲက ပြန်ထွက်လာခဲ့ပါသည်။ အမေ စိတ်ကျေနပ်အောင် ထမင်းတော့ စားပြရမှာမို့ ကြွေပန်းကန်လုံး ဆေးတစ်လုံးထဲ Rice Cooker ထဲက ထမင်းတစ်ဇွန်းကော်ထည့်၊ အပေါ်က ချဉ်ရည်ဟင်းတွေ လောင်းချပြီး ထမင်းရယ်၊ ဘူးသီး ဖတ်တွေရယ် ပေါလောမျောနေအောင် ဇွန်းဖြင့်မွှေလိုက်သည်။ ငါးစားနေရင် အရိုးနှင်ရတာနဲ့ အချိန်ပိုကြာမှာမို့ စားမနေတော့ဘဲ စတီးဇွန်းဖြင့် သုံးလေးဇွန်းထက်မပိုသော ထမင်းကိုသာ ခပ်မြန်မြန်ပြီး,ပြီးရော ဝါးစားမျိုချလိုက်သည်။ အမေကြားအောင် လည်း ဇွန်းသံ၊ ပန်းကန်သံ၊ ထမင်းအိုး ဟင်းအိုးဖွင့်သံတွေ ပိုပို သာသာလေး ကျယ်ကျယ်လုပ်ပြရသေးသည်။

ပြီးတာနဲ့ ပန်းကန်ကို အမြန်ဆေး။ အဖေချထားခဲ့သော ကားစုတ်လေးရဲ့သော့ကို ကောက်ကိုင်ပြီးလျှင် ကျွန်တော် အိမ်ကထွက်လာခဲ့တော့သည်။

ကျွန်တော့် ဆလွန်းကားစုတ်လေးရဲ့ ဦးတည်ရာသည် PARADISE (ပါရာဒိုက်(စ်))ဆိုင်ဆီသို့ ...။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၁)



## ၁

"ဟာ ... ဟေ့ကောင် ... သပြေ ... လာ ... နောက်ကျနေလို့ ကိုဇော်ကြီး ဆဲနေပြီကွ"

"အေးကွာ ... ငါ ဒီနေ့ အလုပ်မှာ ကြာသွားလို့ပါ၊ ကားကလည်း မင်းသိတဲ့အတိုင်းပဲ၊ ယူသာလာရတယ် လီပ်နဲ့နှင်လား ငါလား သွားနေတဲ့ ကားမျိုးဆိုတော့ ကြာတယ်ကွာ"

"အားလုံး အဆင်သင့်ဖြစ်ရင် ထွက်ကြရအောင်"

ကျွန်တော်တို့အားလုံးရဲ့ လက်ဖဝါးတစ်ဖက်ဆီအလယ်မှာ ဆန့်တန်း အဆင့်ဆင့် ဆုပ်ကိုင်လိုက်ကြပြီး ခေါင်းဆောင်ဖြစ်သော အဲန်ဒီ(Andy)မှ ...

"ရယ်ဒီနော် ... အားလုံး၊ ခွန်အား အပြည့်ပဲနော်၊ ဒါဆို P-A-R-A-D-I-S-E PARADISE ကို စလိုက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်မေးလိုက်လျှင် ကျွန်တော်ရယ်၊ lead (လိဒ်)တီးသော ခွန်မင်းရယ်၊ Bass (ဘေ့(စ))တီးသော တိုးတိုးရယ်၊ Organ (အော်ဂင်)တီးသော ကောင်းထက်လူရယ်တို့ဟာ ပြိုင်တူပဲ။

"အားလုံး ရယ်ဒီ"

ဟု တက်ကြွစွာ အော်ဟစ်ထောက်ခံလိုက်ကြတော့လေသည်။

ကျွန်တော်တို့အားလုံး စတိတ်စင်ပေါ် တက်လာကြပြီး ငါးယောက်စီတန်းကာ စားသောက်ဆိုင်လာသည့် ပရိသတ်ကို ဦးညွှတ်၊ ခါးညွှတ် နှုတ်ဆက်လိုက်ကြပါသည်။ ပရိသတ်၏ လက်ခုပ်သံမှာ အားရပါးရတော့ မရှိ။ ကျိုးတိုးကျဲတဲမျှသာ။ သို့ပေမဲ့ ကိစ္စမရှိ။ ကျွန်တော်တို့အားလုံးရဲ့ စိတ်ထဲမှာ ဆိုနေတီးနေရရင် ကျေနပ်နေကြသူတွေသာ ဖြစ်ပါသည်။ ပရိသတ် အားပေးခြင်း၊ အားမပေးခြင်းတွေမှာ ကျွန်တော်တို့နဲ့ သိပ်မဆိုင်လှပါ။

အဲန်ဒီလို သီချင်းဆိုနေရရင် ကျေနပ်နေသော လူကလည်း မိုက်ခရိုဖုန်း လက်ထဲရောက်တာနဲ့ ဘယ်တော့မှ လက်ကချတော့မှာ မဟုတ်။ နာမည်ကြီးအဆိုတော်တွေရဲ့ သီချင်းတွေရော၊ အဲန်ဒီအတွက် ကျွန်တော်ရေးပေးထားသော သီချင်းတွေရော စိတ်ကြိုက်ဆိုတော့တာ။ စင်ပေါ်စတက်ချိန် ညခုနစ်နာရီကစပြီး ဆိုင်ပိတ်ချိန် ညဆယ့်တစ်နာရီထိ အန်ဒီ တစ်ယောက်





ဘယ်ကဘယ်လို energy တွေရပြီး ဆိုနိုင်သလဲတော့ မသိ။ တောက်လျှောက် မနားတမ်းကို ဆိုတော့တာ။

ထို့အတူ ...

ကျွန်တော်တို့လို အတီးသမားတွေကရော ဘာထူးလို့လဲ။ ခွန်မင်းကလည်း သူ အတုခိုးနေသော နာမည်ကြီးဂစ်တာပညာရှင်တွေရဲ့ဟန်တွေ၊ အတီးတွေကို အတုခိုးပြီး အစွမ်းကုန်တီးသည်မှာ တစ်ခါတလေကျ ပွဲသိမ်းမှသာ ...

"ရှီး ... တီးနေတုန်း ဆေးပေါ့ချင်လာတာ မပြောပါနဲ့တော့။ တီးလို့ကလည်း အရသာရှိနေတော့ ဒီဖီလင်ကို မပျက်ချင်ဘူး။ အရှိန်ကလည်း ရနေပြီ၊ ဆေးကလည်း သောက်ရမ်းပေါ့ချင်နဲ့ အောင့်ပြီးဆက်တီးနေတာကွာ အခုပွဲသိမ်းမှပဲ ဆေးပေါ့ဖို့ ပြေးပြီဟေ့"

ဟူသော အဖြစ်မှန်ကို ထုတ်ဖော်တတ်သူ။

တိုးတိုးကလည်း ခွန်မင်းကသာ ဦးဆောင်မည်ဆိုလျှင် ဘယ်လောက်ပဲ တီးရ တီးရ မညည်းမညူ တီးမဲ့ကောင်ဖြစ်ပြန်သလို ကောင်းထက်လူကလည်း ဆိုင်ရောက်မှသာ ကိုယ်ပိုင်တီးခွင့်ရသော အော်ဂင်ပေါ်မှ ဘယ်တော့မှ မဆင်းချင်သူဖြစ်လေသည်။ ဆိုင်သိမ်း ပွဲသိမ်းသွားလို့ ဆိုင်သန့်ရှင်းရေးလုပ်နေရင်တောင် ကီးဘုတ်ခလုတ်တွေကို ထိုင်လက်ဆော့လို့ ကောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



ဆဲ။ ကောင်းထက်လူ အော်ဂင်ဘယ်လိုအတီးသင်ပြီး ဘယ်လို တတ်လာသလဲတော့ မသိခဲ့ပေမဲ့ သူ့ဆီမှာ အော်ဂင်တစ်လုံး အပိုင်မရှိဘူး ဆိုတာတော့ ကျွန်တော် သိပါသည်။

ကျွန်တော်ရော ဘာထူးလို့လဲ။ ကျွန်တော် တီးလိုက်သော ဒရမ်အချက်ပေါင်းများစွာကို ရေတွက်ရင် တစ်ညတည်းနဲ့တင် သောင်းနဲ့ချီ နေနိုင်ပေမဲ့ ကျွန်တော်ဟာ ဒါကို ဘယ်တော့မှ ပင်ပန်းတယ်လို့ မထင်ခဲ့ပါ။ အဖေနဲ့အတူ လိုက်လုပ်ရသော ကုမ္ပဏီအလုပ်မှာသာ ကွန်ပျူတာရှေ့ထိုင်ပြီး လက်ကိုမနားတမ်း စာရိုက်နေရလျှင် ခေါင်းပဲကိုက်သလိုလို၊ လက်ဆစ်တွေပဲ ကိုက်သလိုလို ညည်းညူချင်တဲ့ကောင်က ဒရမ်ရိုက်သော တုတ်တံဖြင့် အချက်ပေါင်းများစွာ တီးခတ်နေရရင်တော့ တစ်နေ့လုံး တစ်ညလုံး တီးရလည်း ညည်းညူမည် မဟုတ်ပါ။

အမှန်တော့ ဒီလို စားသောက်ဆိုင်မျိုးတွေမှာ ကာရာအိုကေစက်တွေသာ အထားများပြီး မိန်းကလေးအဆိုတော်တွေသာ တက်ဆိုဖျော်ဖြေကြသော ပုံစံရှိတာဖြစ်ပေမဲ့ ကျွန်တော့်ရဲ့ PARADISE ဆိုင်ရှင်ကျတော့ တစ်မျိုးတစ်ဘာသာ ထွင်ချင်သူ ဖြစ်သည်။

"ငါ့ဆိုင်ဟာ အစားအသောက်ကောင်းလို့၊ ဧည့်ခံဖျော်ဖြေမှု ကောင်းလို့ ဆိုတဲ့အချက်နဲ့ ကက်စတန်မာတွေ လာတာကိုပဲ လိုချင်တယ်။ ကာရာအိုကေ အဆိုတော် မိန်းကလေး





တွေရှိလို့ ဘာဖြစ်လို့၊ ညာဖြစ်လို့ဆိုပြီး နာမည်ရလို့ လူလာတာကို ငါ မကြိုက်ဘူး၊ ဒါကြောင့် "Live Band (လိုက်(ဖ)ဘန်)သဘောမျိုးနဲ့ အဖွဲ့တစ်ဖွဲ့ ထောင်ပေးမယ်။ ကိုယ်တိုင်တီးကြ၊ ကိုယ်ပိုင်အဆိုတော်နဲ့ပဲ ဆိုကြမယ်ကွာ၊ တစ်ခါတလေကျမှ ဖိတ်ထားတဲ့၊ အပြင်က အဆိုတော်တွေ လာဆိုကြတာမျိုးနဲ့ ဖျော်ဖြေမယ်လို့ ငါ စိတ်ကူးရပြီး မင်းတို့အဖွဲ့ကို ထောင်ပေးတာပဲ"

ကျွန်တော်တို့တီးဝိုင်းရဲ့ ပိုင်ရှင်လည်းဖြစ်၊ ဒီ,စားသောက်ဆိုင်ကြီးရဲ့ ပိုင်ရှင်လည်းဖြစ်သော ကိုသန်းနိုင်ရဲ့အယူအဆက ထိုသို့ဖြစ်သည်။

ဒီတော့ သူက သူ့တီးဝိုင်းအတွက် လခစားသဘောမျိုး လာတီးပေးမဲ့သူကို ရှာသည်။ ကျွန်တော်တို့အုပ်စုနှင့် တွေ့သည်။ ကျွန်တော်တို့အုပ်စုက ဂီတကို အပျော်တမ်းဝါသနာရှင်တွေအဖြစ် ရပ်တည်နေကြပြီး နာမည်ကြီးဖို့တွေ ဘာတွေ လုံးဝ စိတ်မဝင်စား။ စိတ်ကူးလည်းမရှိ။ ဆိုနေရရင် ပြီးရော၊ တီးနေရရင်ပြီးရော၊ ကိုယ့်ဘာသာ အပိုင်ဝယ်မထားနိုင်တဲ့ တူရိယာပစ္စည်းတွေကို တစ်နေ့မှာ လေးငါးနာရီလောက် ထိတွေ့ကိုင်တွယ်တီးခတ်ခွင့် ရသည်ကိုပင် အထူးကျေနပ်စိတ်ချမ်းသာနေသူများသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အုပ်စုဟာ ငယ်ပေါင်းတွေတော့မဟုတ်ဘဲ အဝေးသင်တက္ကသိုလ်တက်မှ အဲန်ဒီနှင့် ကျွန်တော်တွေ့ပြီး စ,ခင်ကြတာ။

အဲန်ဒီကတစ်ဆင့် ခွန်မင်းနှင့် မိတ်ဆက်ပေးလို့ ဆက်ပြီးခင်မင်မိသွားတာပါ၊ ကောင်းထက်လူနဲ့ကတော့ အဝေးသင်တက်နေစဉ်ကာလမှာ ကျောင်းပြီးရင် အလုပ်ဝင်လုပ်လျှင်လို့အပ်မည်ထင်သော ကွန်ပျူတာင်းကို တတ်ထားသင့်သည်ထင်ပြီး သင်တန်းသွားတက်စဉ် သိကျွမ်းခင်မင်သွားတာဖြစ်သည်။ ကျွန်တော့်ကြောင့် ကောင်းထက်လူကို အဲန်ဒီနှင့် ခွန်မင်း ဆက်သိကျွမ်းသွားကြပြီး ကျွန်တော်တို့ကြားမှာ အလွယ်တကူပဲ ခင်မင်မှုကြီးထွားရခြင်းမှာ တကယ့်တကယ်တော့ အားလုံး ဂီတကိုဝါသနာပါသူတွေ၊ တူရိယာတစ်မျိုးကို တီးတတ်ပြီးသားသူတွေ ဖြစ်နေတာကြောင့်လည်း ပါပါသည်။

တိုးတိုးကတော့ ခွန်မင်းနဲ့ ဂစ်တာသင်တန်းမှာ တော်တော်လေး တွဲခဲ့သော သူငယ်ချင်း။ သင်တန်းပြီးသွားလို့ အဆက်အသွယ် ခဏပြတ်သွားပြီး မမျှော်လင့်တဲ့ တစ်ရက်မှာ ပြန်ဆုံ။ ပြန်ဆက်သွယ်။ ပြီးတော့ ကျွန်တော်တို့ဆီ တိုးတိုးကို ခွန်မင်း ခေါ်လာ၊ မိတ်ဆက်ပေး စသဖြင့် အားလုံးဆက်စပ်ပြီး ခင်ခင်မင်မင် တွဲဖြစ်သွားသော ဝါသနာတူသူငယ်ချင်းအုပ်စုမှာ





ခုတော့ PARADISE ဆိုင်ရှင်သူဌေး ကိုသန်းနိုင် ပိုင်သော စားသောက်ဆိုင်ကြီးမှာ သူပိုင်သော တီးဝိုင်းပစ္စည်းတွေကို လခစားပြီးခွင့်ရသူတွေ ဖြစ်သွားကြပါသည်။ ဘာလိုလိုနဲ့ ကျွန်တော်တို့ ဒီမှာတီးတာ နှစ်နှစ်ကျော်တောင် ရှိလေပြီ။

အဲန်ဒီက ဒါကြောင့် တစ်ခါတလေ ရယ်စရာလုပ်ပြီး ပြောတာဖြစ်သည်။

"ဟား ဟား ... အရင်ကတော့ ကြားဖူးတယ်ကွာ၊ စားသောက်ဆိုင်မှာ အဆိုတော်လုပ်နေတုန်း ဆိုင်မှာလာစားတဲ့ ကက်စတန်မာတွေထဲမှာ စီးရီးပရိုဂျူဆာတွေ ဘာတွေ ပါလာရင် သီချင်းဆိုတာကို သဘောကျပြီး စီးရီးထုတ်ပေးတာ ကြုံရတယ်၊ ဒီလိုပဲ အောင်မြင်သွားတဲ့ အဆိုတော်တချို့ ရှိတယ်ဆိုတော့ ငါလည်း တစ်ခါတလေကျ စိတ်ကူးယဉ်မိပါတယ်၊ ဒါပေမဲ့ ဒီမှာဆိုတာဖြင့် နှစ်နှစ်ကျော်ပြီ ဘယ်ပရိုဂျူဆာမှ ငါ့ကို စီးရီးထုတ်ဖို့ လာမကမ်းလှမ်းဖူးဘူးကွ။ သောက်ကျိုးနည်း ငါဆိုတာပဲ မကောင်းလို့လားမသိဘူး"

ဒီတော့ သူငယ်ချင်းတွေက ဝိုင်းမေးပါသည်။

"ဘာလဲ ... မင်းက စီးရီးထုတ်ပြီး အောင်မြင်ချင်လို့လား၊ ဒါဆိုလည်း လုပ်လေ၊ ငါတို့ဝိုင်းကြိုးစားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ငါ အဆိုတော်ကြီး ဖြစ်ချင်တာ မဟုတ်ပါဘူး သီချင်းဆိုရရင် ပျော်လို့ဆိုတာပါ။ ငါက သဘောပြောတာ ပါကွာ။ အဲဒီလို သတင်းတွေကြားဖူးထားတော့ ငါ့ကိုတ ခါမှ မကမ်းလှမ်းခံရဘူးဆိုတော့ ငါဆိုတာ မကောင်းသေး ဘူးလားလို့ပါ"

"အဲန်ဒီရာ … မင်း တော်ပါတယ်ကွာ၊ သူငယ်ချင်းချင် မို့လို့ ချီးကျူးတာ မဟုတ်ဘူး။ မင်း အသံက ကောင်း တယ်။ Rock နဲ့ မင်းနဲ့လိုက်တယ်"

အဲန်ဒီက တကယ်လည်း Rocker တစ်ယောက်ဖြ သည်။ ရော့(ခ)ကလွဲရင် ဘာမှမဆိုချင်သူဖြစ်သည်။ သို့သော် ဆိုင်ရှင်သူဌေး ကိုသန်းနိုင်က …

"ရော့(ခ)ပဲ အော်မနေပါနဲ့ကွာ၊ တခြားသီချင်းတွေလည်း ဆိုပေးပါဦး"

ဟု ပြောလာသဖြင့် သူ့မှာ အစုံဆိုနေရတာဖြစ်သည်။ ဒါပေမဲ့ အဲန်ဒီနဲ့ ရော့(ခ)နဲ့ကတော့ အလိုက်ဆုံးလို့ ကျွန်တော် တို့အုပ်စုက သတ်မှတ်ထားပါသည်။ ကျွန်တော်တို့ကတော့ ဘာ သီချင်းပဲတီးရတီးရ တီးနေရရင် ပျော်နေကြသူတွေသာ ဖြစ်ပါ သည်။

ညဆယ့်တစ်နာရီကျော်ကျော်မှာ ဆိုင်ပိတ်ပြီဖြစ် သဖြင့် ကျွန်တော်တို့လည်း အဲဒီကျမှ ပိုင်းသိမ်းကြရသည်။





ခါတိုင်းတော့ ဆိုင်ပိတ်ခါနီးအချိန်ဆိုလျှင် ဧည့်သည်သိပ်မရှိတော့ သမဲ့ ဒီနေ့တော့ သူငယ်ချင်းအုပ်စုကြီးတစ်စုဟု ထင်ရသော ယောက်ျားလေး၊ မိန်းကလေးအုပ်စု တစ်စုဟာ ဆိုင်ပိတ်ချိန်၊ တီးဝိုင်းရပ်ချိန်အထိ ထိုင်နေတာ တွေ့ရသည်။

ဆိုင်ရှင်သူဌေး ကိုသန်းနိုင်နဲ့လည်း ခင်မင်ရင်းနှီး ကြပုံရသည်။ ကိုသန်းနိုင်ပါ ထိုဝိုင်းထဲ ဝင်ထိုင်ပြီး စကားပြော နေတာ တွေ့ရသည်။ ကျွန်တော်တို့လို ဝန်ထမ်းတွေကတော့ ဆယ့်တစ်နာရီထိုးပြီ ဆိုတာနဲ့ သိမ်းစရာရှိတာတွေ စတင်သိမ်း ကြပါသည်။

စားပွဲထိုးတွေကလည်း ဝိုင်းတွေသိမ်း၊ စားပွဲခင်းတွေ ချယ်။ ကုလားထိုင်တွေ စတင်ထပ်ဆင့်စီကြပြီ။ မီးဖိုချောင်ထဲ လည်း ဆေးသံ ကြေးသံတွေ စကြားရပြီ။

ဆိုင်သန့်ရှင်းရေး အလုပ်သမားတွေလည်း စပြီး လှည်းကျင်း သန့်ရှင်း။ ကျွန်တော်တို့ တီးဝိုင်းသမားတွေလည်း ပစ္စည်းတွေ နေရာတကျ ပြန်သိမ်း၊ ပလပ်ဖြုတ်စရာရှိတာဖြုတ်၊ ခလုတ်ပိတ်စရာရှိတာပိတ် စသဖြင့် ကိုယ့်ပစ္စည်း ကိုယ်သိမ်းကြနှင့် အလုပ်ရှုပ်ကြရတော့သည်။

ကျွန်တော် ဆင်းလာတော့ ကိုသန်းနိုင်က ကျွန်တော် တို့အုပ်စုကို လက်ပြလှမ်းခေါ်လေသည်။ အဲန်ဒီက နည်းနည်းစိတ် တိုတတ်သူမို့ …



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ၊ အဲဒီအုပ်စုက မိတ်ဆက်ချင်ရင် ဒီကိုလာရမှာပေါ့၊ ငါတို့က သွားနှုတ်ဆက်ရမှာလား၊ ဒါ မလေးမစားလုပ်တာပဲ"

ဟု ကိုသန်းနိုင် ဘာကြောင့်ခေါ်သလဲဆိုတာ အထာပေါက်ပြီး ရှုသိုးသိုးမျက်နှာဖြင့် ပြောသည်။

"မင်းကပြောနေ၊ ဟိုမှာ မင်းအဘ,က မလာမချင်းခေါ်နေတာကွ။ လှည့်ထွက်သွားလို့ ဖြစ်မလား"

ခွန်မင်းက သတိပေးသလိုပြောပြီး သူ အရင်ဆုံး အဲဒီအုပ်စုဆီသွားသဖြင့် ကျွန်တော်တို့လည်း အလိုက်သင့်နောက်ကပါသွားရပါသည်။

ကောင်လေး ကောင်မလေး အုပ်စုကြီးကတော့ ကျွန်တော်တို့ သူတို့နားရောက်လာတာကို သိပ်လှုပ်လှုပ်ရှားရှားကြိုဆိုကြတာမျိုး မရှိသဖြင့် ကျွန်တော့်လို ပြေရာပြေကြောင်းအမြဲကြံဖန်တွေးတတ်သူတောင် ရင်ထဲမှာ တစ်မျိုးကြီး ခံစားရသည်။ ဘာသဘောလဲ၊ နာမည်ကြီး အတီးသမား၊ အဆိုသမားတွေမဟုတ်လို့ အထင်မကြီးသလို လုပ်တာလား။ အပျော်တမ်းတွေမို့အထင်သေးပြတာလား။

ထိုအုပ်စုရှေ့ရောက်လျှင် ကျွန်တော် အရင်ဆုံးဆုံလိုက်သော တောက်ပစူးလက်လှသည့် မျက်ဝန်းတစ်စုံတို့ကို





သတိထား ကြည့်မိလိုက်ပါသည်။ ထိုမျက်ဝန်းပိုင်ရှင်ကား ချောမောလှပသော မိန်းကလေးတစ်ယောက်ပါ။ ဆံပင်တွေက ဖြောင့်စင်းအိထွေးနေပြီး ဟိုက်လိုက်ထိခရမ်းရင့်ရောင် တစ်လွှာလေးကိုသယ်ထိပ်နားလောက်မှာ လုပ်ထားသည်။ ဆံပင်ဖြောင့်ဖြောင့်တွေကတော့ ပခုံးပေါ်မှာ ဝဲနေကာ ကောင်မလေးရဲ့မျက်နှာလေးနဲ့ဆော်တော်လိုက်ဖက်နေသည်။ ချောမောလှပ ခေတ်မီသော ထိုကောင်မလေးထဲမှာ ကျွန်တော် သဘောအကျဆုံးကတော့ သူများနဲ့ခတ္တအောင် တောက်ပလွန်းလှသည့် မျက်နက်ဝန်းတစ်စုံပင်ဖြစ်ပါသည်။

ကိုသန်းနိုင်က ကျွန်တော်တို့ကို ဝေ့ကြည့်လိုက်ရင်း...

"အေးကွာ ... မင်းတို့အဖွဲ့ကို သဘောကျလို့ မိတ်ဆက်ချင်တဲ့သူတစ်ယောက် ရှိလို့ပါကွာ၊ ဒီအုပ်စုကတော့ အနုမဒီဆိုင်မှာ လာစားဖူးတဲ့ အုပ်စုပါပဲ၊ ဒါကြောင့် မင်းတို့တီးတာ ဆိုတာကို အခုမှ စကြားဖူးတာပေါ့၊ ကဲ ... ကဲ ... အခုက မိတ်ဆက်ချင်တဲ့သူကတော့ သူပါပဲ၊ ဒါ ... ငါ့မိတ်ဆွေတစ်ယောက်ရဲ့ တစ်ဦးတည်းသော သမီးလေးပေါ့။ ကဲ... သမီးကိုယ်တိုင်ပဲ ဆက်စကားပြောမလား၊ အန်ကယ်လ်ပြောပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော့်ရဲ့ မျက်ဝန်းစူးရှမယ်ကလေးကို ညွှန်ပြပြီး စပြောလိုက်ပါသည်။

"ရပါတယ် အန်ကယ်လ်၊ သမီး ပြောလို့ရပါတယ်"

ဒီဆယ်ယောက်လောက် အုပ်စုကြီးထဲမှာမှ ဒီကောင်မလေးတစ်ယောက်သာ ကျွန်တော်တို့ကို မိတ်ဆက်ချင်တာဖြစ်ကြောင်း အခုမှ သေသေချာချာ သဘောပေါက်သလိုလို ဖြစ်သွားပါသည်။ ဘာကြောင့်လဲ ဆိုတော့ အဲဒီကောင်မလေးကလွဲရင် ကျန်တဲ့လူတွေဟာ ကျွန်တော်တို့ကို လုံးဝအရေးတယူ ကြည့်နေ၍ပင်။

"တို့နာမည်က စုပုံမြတ်နိုး လို့ခေါ်ပါတယ်"

စကားသွက်သော ခွန်မင်းကပဲ ...

"ဪ ... ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ်"

"စုပုံက ရှင်တို့အုပ်စု ဆိုတာတီးတာကို သဘောကျလို့ မိတ်ဆက်ချင်လို့ပါ၊ အဟင်းဟင်း ... စုပုံက ဂီတကိုအဆုံးရော အတီးပါ သိပ်ကြိုက်တာပါ။ ဒါပေမဲ့ ကိုယ်တိုင်ကတော့ လုံးဝပါရမီမပါလို့လား မသိဘူး။ ဆိုလည်းမဆိုတတ်ဘူး။ တီးလည်းမတီးတတ်ဘူး။ ဒါပေမဲ့ သူများတွေဆိုတာ တီးတာကိုမြင်ရင် သိပ်အားကျပြီး သဘောကျတယ်။ အရမ်းလည်း အားပေးချင်ပါတယ်"





"ကျွန်တော်တို့က ဝါသနာရှင်အဆင့် အပျော်တမ်းအဆင့်ပါ။ သိပ်လည်းမတော်ကြပါဘူး။ ဆိုနေ တီးနေရရင် ပြီးရောဆိုပြီး ကျေနပ်ကြတဲ့ အုပ်စုပါ၊ ကျွန်တော့်နာမည်က ခွန်မင်းပါ၊ လီဒ်တီးပါတယ်"

ခွန်မင်းက သူ့ကိုယ်သူ မိတ်ဆက်ပေးလိုက်တော့ ...မြတ်နိုးက ခေတ်မီစွာပင် လက်ကမ်းပေးပြီး လက်ဆွဲနှုတ်ဆက် ... ဟန်ပြင်ပါသည်။

မြန်မာပြည်မှာတော့ တော်ရုံတန်ရုံဆို ယောကျ်ား ...သားနဲ့ မိန်းကလေးဟာ မိတ်ဆက်ပေးခံရရင် ဒီလိုလက်ဆွဲနှုတ် ...ဆက်လေ့ မရှိကြဖူးတာမို့ ခွန်မင်းလည်း ရုတ်တရက်တော့ ...ကြောင်အမ်းအမ်း ဖြစ်သွားပါသေးသည်။ နောက်မှ သတိဝင်လာ ...သလိုဖြင့် ပြန်၍ အလိုက်သင့် လက်ဆွဲနှုတ်ဆက်လိုက်သည်။ ...ခွန်မင်း မိတ်ဆက်ပြီးလျှင် ကောင်းထက်လူက ...

"ကျွန်တော် ကောင်းထက်လူပါ၊ အော်ဂင်တီးပါတယ် ခင်ဗျာ"

"ဟုတ်ကဲ့ ... စုပုံ မှတ်မိပါတယ်၊ စုပုံလည်း ငယ်ငယ်က Piano (ပီယာနို)သင်ဖူးတယ်၊ ဖွဲ့မရှိတော့ သေသေချာချာ မတတ်ခဲ့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထက်လူနဲ့ လက်ဆွဲနှုတ်ဆက်ပြီးတော့ တိုးတိုး အလှည့်။

"ကျွန်တော် တိုးတိုးပါ၊ ဆော့(စ)ဂစ်တာ တီးပါတယ်"

တိုးတိုးနဲ့လည်း စကားအနည်းငယ်ပြောပြီး လက်ဆွဲနှုတ်ဆက်နေသော မိန်းကလေးသည် လူမှုဆက်ဆံရေးမှာတော့ အတော်လေးကို ကျွမ်းကျင်ဖော်ရွေလှကြောင်း သတိထားမိပါသည်။

"ကိုအဲန်ဒီက ရော့(ခ)အမိုက်စားတွေပဲ ဆိုတာများတယ်နော်။ စုပုံက သိပ်ဆူပြီး သိပ်ပြင်းတဲ့ ရော့(ခ)တွေတော့ မကြိုက်ဘူး။ ကိုအဲန်ဒီ ဆိုတဲ့ ရော့(ခ)လောက်တော့ နားထောင်လို့ရတယ်၊ ဒါပေမဲ့ စုပုံက သီချင်းအစုံကြိုက်တော့ တော်ကြာ ပေါ့(ပ)ကြိုက်လိုက် တော်ကြာ ကန်းထရီးတွေပဲ ကြိုက်လိုက်၊ တော်ကြာ ဟစ်(ပ)ဟော့တွေလုပ်လိုက်၊ တော်ကြာ ဂျပ်(ဇ)ပဲ နားထောင်ချင်လိုက်နဲ့ အမြဲစိတ်ကပြောင်းနေတာလေ၊ ဒါကြောင့် အစုံသုပ်ဖြစ်ပြီး ဘာသီချင်းမှ ဖြစ်ဖြစ်မြောက်မြောက် တစ်ပုဒ်ဆုံးအောင်တောင် မဆိုတတ်ဘူး ဖြစ်နေတယ်"

အဲန်ဒီကတော့ အစတည်းက သူတို့ကို အနားမေ ပြီး မိတ်ဆက်သဖြင့် မကြည်လေရာ စုပုံမြတ်နိုးကို ပြန်၍လက်ဆွဲနှုတ်ဆက်ရုံကလွဲလျှင် ဘာမှစကားပြန်မပြောချေ။ အဲန်ဒီ့ရုပ်က





မှုတည်တည်ကြီးနဲ့ လုပ်ပြတာမို့ စုပုံမြတ်နိုးပင် မျိုးတိုးရှုန့်တန့်ဖြစ်သွားသဖြင့် နောက်ဆုံး နှုတ်ဆက်စကားပြောရမည့် ကျွန်တော်ဆောင် အဲန်ဒီ့အစား အားနာမျက်နှာပူသွားရပါသည်။

ဒါနဲ့ပဲ ကျွန်တော် အချိုဆုံးပြုံးကာ ...

"ကျွန်တော့်နာမည် အောင်သပြေပါခင်ဗျာ၊ ဒရမ်မာပါ"

ဟု နှုတ်ဆက်လိုက်မိသည်။

ကောင်မလေးရဲ့ တောက်ပလက်ဖြာသော မျက်လုံးတွေကို ကျွန်တော် သိပ်သဘောကျမိသည်။ အဲဒီမျက်လုံးတွေက ရင်ထဲက ခံစားချက်ကို ဖုံးကွယ်လို့မရတဲ့ မျက်လုံးတွေ။

"အန်ကယ်လ်ဦးသန်းနိုင် ပြောပါတယ်၊ ကိုအောင်သပြေက ဒီဝိုင်းမှာ သီချင်းတွေ ရေးနေတာတဲ့"

ကျွန်တော် ရှက်သလို တက်ခနဲ ရယ်မိသည်။ ကျွန်တော် သီချင်းရေးတယ်ဆိုတာဟာ သိပ်အဟုတ်ကြီးလည်း မဟုတ်၊ သိပ်အတော်ကြီးလည်း မဟုတ်။ သိပ်အကောင်းကြီးလည်း မဟုတ်။ ဝါသနာပါလို့ စာသားတွေ ချရေးရင်းက တစ်ပုဒ်ဖြစ်၊ ဒါနဲ့ပဲ ကိုယ်တိုင်ကျ အသံလည်းမကောင်း ဆိုဟန်လည်းမကောင်း၊ သတ္တိလည်းမရှိတာမို့ အဲန်ဒီ့ကို ပေးပြီးဆိုခိုင်းနဲ့ အပျော်လုပ်နေတာမို့ မိန်းကလေးတစ်ယောက်က အဟုတ်ကြီးထင်ပြီး ချီးကျူးသလိုလို ပြောသံကြားတော့ နည်းနည်းရှက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“စုပုံက စကားသာ ပြောတတ်တာ စာတစ်ပုဒ်ဖြစ်အောင် ချရေးကြည့်လည်း အချိုးမကျ။ ကဗျာရေးကြည့်လည်း မရတဲ့သူဆိုတော့ အဲဒီစာသားလှလှလေးတွေကို သီချင်းတစ်ပုဒ်တောင်ဖြစ်အောင် ရေးတတ်သူဆိုရင် ပိုပြီးအားကျမိတယ်။ ဘယ်လိုခံစားပြီး ရေးတာလဲဟင်”

“အဟဲ ... ဒီလိုပါပဲကွာ၊ သူများသီချင်းတွေ နားထောင်ရင်း ရေးတတ်လာတာပါ၊ သိပ်လည်းမကောင်းသေးပါဘူး အပျော်တမ်းပါ၊ အထင်မကြီးပါနဲ့ဗျာ”

“သီချင်းတွေကို မရောင်းကြည့်ဘူးလား”

“မရောင်းပါဘူးဗျာ။ ဝယ်မဲ့သူလည်း ရှိမယ်မထင်ပါဘူး။ အဲန်ဒီကတော့ သူငယ်ချင်းချင်းမို့ ယူဆိုပေးတဲ့ သဘောပါ”

စုပုံမြတ်နိုးနှင့် ပါလာသော အုပ်စုကတော့ စိတ်ရှည်လက်ရှည် စောင့်ပေးကြသည်။ ကျန်တဲ့သူတွေက ဘာသိဘာသာနေပြီး စောင့်ပေးတာ ဖြစ်ပေမဲ့ ကောင်မလေးတစ်ယောက်ကတော့ စုပုံမြတ်နိုး နားမှာသာရပ်ကာ စောင့်ပေးနေတာ တွေ့ရသည်။ ပြီးတော့ စုပုံမြတ်နိုး လုပ်သမျှ၊ စကားပြောသမျှ စိတ်ဝင်တစား စောင့်ကြည့်ပေးသူ ဖြစ်ပြန်သည်။ ကျွန်တော့်အထင် ပြောရရင်ဒါ စုပုံမြတ်နိုးနဲ့ အတွဲဆုံးသူငယ်ချင်းမလေးပဲ ဖြစ်မည်ထင်သည်။





“စုပုံကလေ ကိုအောင်သပြေတို့အဖွဲ့ကို ပွဲတစ်ပွဲအတွက် ငှားချင်လို့ပါ၊ အဲဒါကြောင့် ဆိုင်သိမ်းတဲ့အထိစောင့်ပြီး စကားပြော မိတ်ဆက်ဖို့ စောင့်နေတာပါ”

“ခင်ဗျာ”

ကျွန်တော်တို့ အံ့သြပြီး ကောင်မလေးကို ကြည့်လိုက်မိကြတော့သည်။ ဆိုင်ထဲမှာသာ လူတွင်ကျယ်လုပ်ပြီး တီးရဲဆိုရဲနေသော ကျွန်တော်တို့အတွက် ပြင်ပက ပွဲတစ်ပွဲမှာ လာတီးဖို့ဆိုသော အတွေ့အကြုံသစ်သည် အတော့်ကို စိတ်လှုပ်ရှားစရာဖြစ်နေခဲ့ပါသည်။

“စုပုံ မွေးနေ့ပါတီလုပ်ဖို့ ရှိပါတယ်၊ အဲဒီပွဲမှာ ကိုအောင်သပြေတို့ဝိုင်း လာတီးပေးဖို့ ငှားချင်တာပါ”

“ဟို ... အဲဒါက မဖြစ်ဘူး ထင်တယ်”

“ဘာဖြစ်လို့လဲဟင်”

“တီးဝိုင်းတွေ ဆိုတာက တူရိယာပစ္စည်း အပိုင်ရှိကြတာခင်ဗျ။ ကျွန်တော်တို့မှာ ဘာမှအပိုင်မရှိဘူး။ ကိုသန်းနိုင်ဝယ်ပေးထားတဲ့ ပစ္စည်းတွေကို လာတီးကြရတာပါ။ ဒါကြောင့် တခြားပြင်ပပွဲမှာ လိုက်တီးဖို့ဆိုရင် မဖြစ်နိုင်ဘူးလေ။ ဘာပစ္စည်းမှ ရှိမနေလို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ကောင်မလေးလည်း ချက်ချင်းပြုံးလိုက်ပြီး (အစကတော့ နည်းနည်း မျက်နှာညိုးသွားသလားလို့) တက်ကြွသောလေသံဖြင့် ပြန်ပြောပါသည်။ ကောင်မလေးဟာ အရာရာကို လိုချင်တာရနေပြီး ငါလုပ်ရင် ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ စိတ်သဘောမျိုးရှိသူကလေးလည်းဖြစ်ကြောင်း ကျွန်တော် သတိထားမိသွားသည်။

"ဟာ ... ဒါတော့ မပူပါနဲ့၊ အန်ကယ်လ်ဦးသန်းနိုင်ကို စုပုံ ပြောရင် ရပါတယ်။ စုပုံ သိချင်တာက စုပုံရဲ့ပွဲမှာ လာတီးဖို့ ဆိုဖို့ ငှားတာကို လက်ခံမလား ဆိုတာပါ"

ဒါတော့ ကျွန်တော် တစ်ယောက်တည်း မဆုံးဖြတ်နိုင်သဖြင့် သူငယ်ချင်းတွေကို လှည့်ကြည့်မိသည်။ အဲန်ဒီက အစတည်းက ငွေရှင်ကြေးရှင် ပိုက်ဆံရှိသူဆိုလျှင် အလိုလိုနေရင်း မကြည်သူမို့ မျက်လုံးတွေဖြင့် လက်မခံဘူးဆိုသော အမူအရာပြနေလေသည်။

"ကျွန်တော်တို့ သေသေချာချာ မတိုင်ပင်ရသေးတော့ ချက်ချင်း ကတိမပေးနိုင်သေးဘူး ဖြစ်နေတယ်"

ခွန်မင်းက အခြေအနေကို ကြားဖြတ်ပြီး ဖြေရှင်းပေးဟန်ဖြင့် ဝင်ပြောပါသည်။





ကောင်မလေးမျက်နှာကတော့ သူမ လိုချင်တဲ့အဖြေကို ချက်ချင်းမကြားရ၍ အလိုမကျဟန်တွေ တွေ့လာရသည်။ ကျွန်တော်ကတော့ ကောင်မလေး မျက်နှာမကြည်တော့တာတွေ့ပြီး သူကလေး စိတ်တိုင်းကျ လိုက်လျောလိုက်ချင်တာလည်း တစ်ပိုင်းကိုသေနေပြီ။ ကျွန်တော် ဘာဖြစ်သွားတာပါလိမ့်။ ဒီလို တစ်ခါမှ မဖြစ်ဖူးဘူး။ မိန်းကလေးချောချောမြင်တိုင်း အလွယ်တကူ ချက်ချင်း သဘောကျပြီး ချစ်ချင် ကြိုက်ချင်တတ်တဲ့ ဆယ်ကျော်သားလေးမျိုးထဲမှာ ကျွန်တော် မပါခဲ့ပါ။ လူငယ်တစ်ယောက်ပီပီ သဘောကျ ချစ်မိသလိုလို ဖြစ်ဖူးသော မိန်းကလေးနှစ်ယောက်သောက်တော့ အရင်က ရှိဖူးပေမဲ့ သေသေချာချာ ရည်းစားဖြစ်လောက်အောင်ထိလည်း မကြိုးစားခဲ့လေရာ ရည်းစားတော့ မရှိခဲ့ပါ။

သို့သော် ထူးခြားနေတာက ဒီကောင်မလေးနဲ့ကျမှ ကျွန်တော့် ရင်ခုန်သံတွေ ဆူဆူညံညံ၊ လှုပ်လှုပ်ရှားရှား ဖြစ်ရသည်ဟုပဲ အမည်တပ်ရမလား မသိချေ။

ကောင်မလေးအုပ်စု ပြန်သွားသောအခါ ကျွန်တော်တို့တောင် သေသေချာချာ ခေါင်းချင်းဆိုင် မတိုင်ပင်လိုက်ရပါ။ ကိုသန်းနိုင်ရဲ့ အဆုံးအဖြတ်ဖြစ်သော ...

"အဲဒီကောင်မလေးရဲ့အဖေနဲ့ ငါနဲ့ဆိုတာက တခြားစီးပွားရေးတွေမှာလည်း ရှယ်ယာပါပြီး အလုပ်အတူတူ လုပ်ကြသူ



www.burmeseclassic.com

www.burmeseclassic.com



တာကွ။ ဒီတော့ မိတ်ဆွေစီးပွားဖက်တစ်ယောက်ရဲ့ သမီးက အကူအညီတောင်းရင် ပေးရမှာပဲ။ ငြင်းလို့မဖြစ်ဘူး။ ဒီစီးပွားရေးလောကထဲမှာ ဦးမြတ်နိုးနဲ့ ခင်မင်ရင်းနှီးကျွမ်းဝင်ရမယ်ဆိုရင် လူတိုင်း လိုလားနေကြတာ၊ ငါလည်းလိုလားတယ်။ ဒီတော့ သူ့သမီး လာကမ်းလှမ်းတာကို လက်ကိုခံရမှာပဲ၊ ဟုတ်ပြီလား။ အဲဒီနေ့မှာ ညဘက်ဆိုင်လာတီးစရာ မလိုဘူး၊ သူတို့အိမ် သွားတီးပေးလိုက်။ တီးဝိုင်းပစ္စည်းတွေကအစ ငါ ထည့်ပေးလိုက်မယ်"

ထိုစကားတွေကပဲ ကျွန်တော်တို့အုပ်စုရဲ့ အဆုံးအဖြတ်တစ်ခု ဖြစ်သွားခဲ့တော့သည်။ ကျွန်တော့် ရင်ထဲမှာတော့ ဘာမှန်းမသိတဲ့ မီးတောက်လေးတစ်စ,က စပြီးလောင်ကျွမ်းလာခဲ့လေပြီ။ စုပုံနဲ့ဗတ်သက်တဲ့ မီးတောက်လေးတစ်စဟာ အဲဒီညမှာ စပြီးမီးညှိခဲ့မိတာ ဖြစ်လေသည်။

✧ ❤ ✧





## ၂

"နင်က ဘယ်သူ့ကို Target ထားမှာလဲ"

စုပုံသည် အခန်းထဲမှာ ဖုန်းကိုစပီကာဖွင့်ထားလိုက်ပြီးနောက် အိပ်ရာပေါ်မှာ ခြေသည်းအလှအဆိုး မပျက်ဘဲ စကားပြောနေသည်။ ဖုန်းခွက်ကိုင်စရာ မလိုသဖြင့် စုပုံ လက်တွေအားလပ်လျက် ခြေသည်းလည်း ဆိုးလို့ရနေသည်။ မီမီက စုပုံရယ်သံကို စောင့်နားထောင်ပြီးမှ ...

"ဘာရယ်နေတာလဲ၊ ဖြေလေ"

ဟု ထပ်အော်ပါသည်။

"ဖြည်းဖြည်းအော်ပါဟယ်၊ ငါ စပီကာဖွင့်ပြောနေတာပါ။ အကုန်ကြားပါတယ်"

"နင်က ဖြေမှမဖြေဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြေစရာလား၊ အဲဒီအုပ်စုထဲမှာ ဘယ်သူ့ကို ရွေးစရာအကောင်းဆုံးလဲ၊ နင်ပဲ စဉ်းစားကြည့်၊ ဘယ်လူက စိတ်ဝင်စားစရာ အကောင်းဆုံးလဲ"

ထိုသို့ ပြန်ဖြေလိုက်တော့ မိမိ အသံပြန်တိတ်သွားသည်။ စဉ်းစားမြင်ယောင်ကြည့်နေတာ ဖြစ်မည်။ တစ်ယောက်ချင်းစီကို မြင်ကြည့်စမ်းပါ မိမိရယ်။

ခွန်မင်း ဆိုတဲ့လူက ဂစ်တာတီးတော်ပေမဲ့ အရုပ်က ယောက်ျားတစ်ယောက်အနေနဲ့ ပုသည်ပဲ ပြောရမလား မသိ။ စုပုံရဲ့အရပ်ငါးပေငါးလက်မနဲ့မှ ရွယ်တူဖြစ်နေသလို သူ့ရုပ်ကလည်း အပျံစားကြီး မဟုတ်လှ။ စိတ်ဝင်စားလောက်စရာ ရုပ်ရည်မရှိဘူးဟု ထင်သည်။ တိုးတိုး ဆိုတဲ့လူကလည်း သာမန်ယောက်ျားတစ်ယောက်ရဲ့ ရုပ်ရည်ထက်မပို။ ကောင်းထက်လူ ဆိုတဲ့ကောင်လေးကလည်း မျက်နှာရှည်လျှော့လေးနဲ့ ကလေးရုပ်ထွက်နေသဖြင့် ဘယ်လိုမှ အသုံးချချင်စရာမကောင်းလှ။ အဆိုသမား အဲန်ဒီ ဆိုတဲ့လူကတော့ သာမန်ရုပ်ရည်ပေမဲ့ ရော့(ခ)ကာတစ်ယောက်ပုံစံ ဝတ်စားနေထိုင်တတ်လို့လားတော့မသိ။ ကြည့်ကောင်းပါရဲ့။ ဒါပေမဲ့ ရုပ်က သူ့လုပ်စာကို တစ်လောကလုံး ထိုင်စားနေတဲ့ရုပ်မျိုး။ အဲဒီတော့ ... ...။ ဟင်း ... ဟင်း ...။





"ငါ သိပါတယ် စုပုံရယ်။ နင် ဒရမ်မာလေးကိုပဲ ရွေးမယ်ဆိုတာ သိကိုသိပါတယ်၊ တမင်မေးတာပါ ဟီဟီ"

"အံမယ် ... ရယ်သံက နောက်က ဘာလို့ပါရတာလဲ"

"ဒရမ်မာလေးကို သနားလို့ပါ"

"ရုပ်လေးက သနားကမားလေးနော် မိမိ"

"ငါ သတိအထားမိဆုံးကတော့ တီရှပ်လက်ပြတ်ဝတ်ထားတော့လေ သူ့လက်မောင်းက ဗလတောင့်တောင့်တွေကိုပဲ သိလား၊ အားကိုးတကြီး တွဲထားချင်စရာပဲနော်"

"Tattoo (တက်တူး)တစ်ဖက်မှာ ထိုးထားတာ တွေ့တယ်၊ ဘာပုံလဲ နင်ကြည့်လို့ရလား"

"ဘယ်ရပါ့မလဲ၊ ယောက်ျားလေးတစ်ယောက်ရဲ့ လက်မောင်းကြီးနားကိုကပ်ပြီး ပြူးတူးပြဲတဲ ကြည့်လို့ဖြစ်မလား"

"သူ ဒရမ်တီးတဲ့ပုံက အရမ်းမိုက်တာပဲနော်"

"ညွှန်းစာဖွဲ့မနေပါနဲ့၊ နင်လုပ်လိုက်လို့ သူ့ဒရမ်စည်းချက်တွေ ပျက်ကုန်မဲ့ တစ်နေ့ကို မြင်ယောင်ပါသေးတယ် စုပုံရယ်"

စုပုံ တသိမ့်သိမ့် ရယ်မိပါသည်။ အောင်သပြေဆိုဒရမ်မာကောင်လေးရဲ့ မျက်နှာကို မြင်ယောင်မိတော့ အားသလို၊ ဘာလိုလို ဖြစ်သွားပြီး ဆောရီးလို့ စိတ်ထဲမှာ ခပ်တိုး



www.burmeseclassic.com

www.burmeseclassic.com



တိုး တောင်းပန်မိသည်။ စုပုံ ရှင့်ကို ဒုက္ခမပေးချင်ပါဘူးလေ
ဒါပေမဲ့ လူဆိုတာက ကိုယ်လုပ်ချင်တာကိုသာ ဦးစားပေး
စဉ်းစားကြတာပဲမို့ စုပုံလည်း ဘယ်သူ့ခံစားချက်ကိုမှ မထောက်
ရှင့်ကို အသုံးချပါတော့မယ် အောင်သပြေရယ်။

"အန်ကယ့်လ်ကို နှင့်မွေးနေ့ပွဲမှာ တီးဝိုင်းငှားတဲ့အကြောင်း
ပြောလိုက်လား"

"လုံးဝမပြောဘူး"

"ဟယ် ... ဒါဆို ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ၊ ဖေဖေတောင်မှ လုံးဝမပြောထား
တဲ့ အကြောင်းအရာ တစ်ခုကို ငါ့ရှေ့လာပြောပြပြီ
surprise လုပ်ပစ်လိုက်တာလေ၊ ငါ ဘယ်လောက်ခံစား
တယ်မှတ်လဲ။ ဒါကြောင့် ဖေဖေ့ရင်ထဲကို ထိသွားအော
ငါလည်း ငါလုပ်ချင်တာတွေ လျှောက်လုပ်ပစ်မယ်၊
မကြိုက်တာတွေပဲ ရွေးလုပ်မယ်။ ငါကတော့ ဖေဖေ့အတွက်
သမီးအလိမ္မာလေးဖြစ်အောင် နေပေးခဲ့လိုက်ရတာ။ ဖေ
ကတော့ လုပ်ရက်တယ်၊ ငါ့မျက်နှာကိုမှမထောက် လု
ရက်လို့ စိတ်နာနေတာ၊ ဒါကြောင့် ပိုက်ဆံတွေ လျှောက်
ဖြုန်းပစ်မယ်၊ တစ်ခါမှ မလုပ်ဖူးတဲ့ ရည်းစားထားတဲ့အလု
ကို လုပ်ပြမယ်၊ ထားတဲ့ရည်းစားကလည်း ဒီအသိုင်းအဝိုင်း





ထဲကလို ပညာတတ်သူဌေးသား လုပ်ငန်းရှင်မဟုတ်ဘဲ
တကယ့်ကို သာမန်လူတန်းစား အလုပ်အကိုင် အတည်
တကျမရှိတဲ့ စားသောက်ဆိုင် ဂီတဝိုင်းက လူမျိုးကိုမှ
ရွေးပြီးထားပြမှာ"

စုပုံ ဒေါသဖြင့် တောက်လျှောက်ပြောလျှင် မိမိ
စ်ယောက် ခံစားချက်တွေကို ငြိမ်ပြီးနားထောင်ပေးပါသည်။
ကတော့ စုပုံ အကြောင်းတွေကို အသိဆုံးသူငယ်ချင်းတစ်
ယာက် ဖြစ်လေသည်။

"ငါ ဆယ်နှစ်မှာ မေမေ ဆုံးတယ်၊ အဲဒီတည်းက နောက်
မိန်းမတောင် ထပ်မယူဘဲ နေလာခဲ့တဲ့ ဖေဖေဟာ ငါ
အသက်နှစ်ဆယ့်တစ်နှစ် အပြည့်မှာ ငါ့ထက်သုံးနှစ်လောက်
ပဲ အသက်ပိုကြီးမဲ့ မိန်းမငယ်ငယ်လေးကို တရားဝင်ယူ
တော့မယ်လို့ အသိပေးခံရတာဟာ ဘယ်လောက်စိတ်နာ
စရာလဲ။ သူ မရှက်ဘူးလား။ ကိုယ့်သမီးထက် သုံးနှစ်ပဲ
ကြီးတဲ့ သူ့သမီးအရွယ်လောက် မိန်းကလေးကို ယူရမှာ
မရှက်ဘူးလား။ အဲဒီမိန်းကလေးကရော ကိုယ့်အဖေအရွယ်
ဦးလေးအရွယ် သမီးအပျိုတစ်ယောက်ရဲ့အဖေ မုဆိုးဖိုကြီး
ကို ယူတယ်ဆိုတာဟာ ဘာကြောင့်ယူသလဲ အသိသာကြီး။
ချစ်လို့ယူပါတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ ဦးမြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



ယူတာ၊ စီးပွားရေးလောကရဲ့ နာမည်ကြီးသူဌေးကြီးတစ် ယောက်မို့ ယူတာ၊ လူတိုင်းရိုပ်မိတယ်၊ ဖေဖေကတော့ မှန်ပြီးမရိပ်မိတာလား။ သိရက်နဲ့ ဒီမိန်းမမှမရရင် မနေနိုင် လို့ ယူမှာလား၊ ငါတော့ ဖေဖေ့အစား ရှက်လည်းရှက်တယ်၊ ဝမ်းလည်းနည်းတယ်။ မေမေဆုံးပြီး သုံးလေးနှစ် ကြာတော့ ငါ့အဘိုးအဘွားတွေ စပ်ဟပ်ပေးစားတဲ့ မိန်းမတွေကိုကျ ငြင်းခဲ့ပြီး ဒီမိန်းမကျမှ ယူတာကို သိပ်ရင်နာတာပဲ”

စုပုံ စကားပြောရင်း ပြောရင်း ရင်ဘတ်ထဲ အောင့် လာတာမို့ ရင်ဘတ်ကိုဖိကာ မျက်နှာပင် ရှုံ့မဲ့လာပါသည်။

“မုဆိုးဖိုယောကျ်ားတစ်ယောက် နောက်မိန်းမထပ်ယူတာ ဟာ သိပ်တော့ မဆန်းပါဘူး စုပုံရယ်၊ အဲဒီလိုပဲ ကြံဖန် ဖြေပြီး တွေးလိုက်ပါ၊ ပြီးတော့ အန်ကယ်လ်လည်း လူအ တစ်ယောက်တော့ မဟုတ်ပါဘူးလေ။ သူယူမဲ့မိန်းကလေး ရဲ့ စိတ်နေသဘောထားကို အကုန်လုံး လေ့လာပြီးပြီ ထင်ပါတယ်”

“ဟာ ... ဘာပဲဖြစ်ဖြစ် ငါကတော့ လုံးဝခွင့်မလွှတ်နိုင် ဘူး။ ဖေဖေ့ကို စိတ်ဆင်းရဲရအောင် ပြန်ပြီးတော့ကို အရွဲ့ တိုက်ပစ်မယ်။ တစ်သက်လုံး မလုပ်ဖူးတာတွေ လျှောက် လုပ်မယ်၊ သူ မကြိုက်တာတွေပဲ လုပ်ပြမယ် ... ဟင်း”



စုပုံ တအားဒေါသထွက်နေမှန်းသိ၍ မိမိလည်း ...းစပ်ပိတ်ပြီး ငြိမ်ပေးနေလိုက်ရသည်။ တကယ်တော့ စုပုံအဖေ အန်ကယ်လ်ဦးမြတ်နိုးလောက် ကောင်းတဲ့ တော်တဲ့၊ သမီးအပေါ် ...ချစ်တွေ စုပုံထားတဲ့ အဖေမျိုး ဘယ်နေရာမှာမှ မတွေ့ဖူးခဲ့ပါ။

စုပုံအဖေက သူ့သမီးကို အလိုလိုက် ချစ်ပြတာ ...ကြသူတွေတိုင်း “ငါ့မှာလည်း ဒီလိုအဖေမျိုးရှိရင် ဘယ်လောက် ...ာင်းမလဲ”လို့ စိတ်ကူးမိကြတဲ့အထိ သိပ်ကောင်းလွန်းတဲ့အဖေ ...ပါ။ စုပုံ တစ်သက်မှာ စုပုံ အလိုကျသာ နေခဲ့ပြီး ဘယ်မှာမှ ...ားမရှိခဲ့တဲ့ ဦးမြတ်နိုးဟာ ဒီတစ်ခါမှာ သူ့ဆုံးဖြတ်ချက်နဲ့သူ ...ပ်တာဟာ သူ့ဘက်က မှန်ပါတယ်လို့ မိမိကတော့ နားလည် ...လိုလို တွေးကြည့်ပေးလို့ရသည်။

မရတာက စုပုံ။ အဲဒီကိစ္စကို သိပြီးနောက် အဖေကို ...တ်ကောက်၊ စကားမပြောတာက တစ်ပတ်၊ အဖေကလည်း ...သင့်သလောက်ချော့ပြီး ချော့မရတော့ ပစ်ထားလိုက်လျှင် ... တစ်ယောက် ဒေါသမီးတွေ ဟုန်းဟုန်းထလျက် ...

“ဒါ ဟိုမိန်းမကြောင့် သိလား။ အရင်ကဆို ငါ မျက်နှာ တစ်ချက်ညှိုးရင်တောင် မနေတတ်တဲ့ ဖေဖေက အခုကျ တော့ ငါ စိတ်ကောက်ပြီး လဲပြီးတော့ပဲသေသေဆိုတဲ့ ပုံစံ နဲ့ ပစ်ထားနိုင်သွားပြီ”

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ နောက်မိန်းမ ဖြစ်လာမည့်သူ ရဝေခင် ဆိုတဲ့ မိန်းကလေးကို ပိုမဲပိုမှန်းပြပါသည်။

အဲဒီမှာ ဘယ်ကဘယ်လို အကြံပေါ်လာမှန်းမသိ အဖေကို အရွဲ့တိုက်ပြီး ရည်းစားကောက်ထားပြမည်။ ထိုရည်းစား ကောင်သည် အလုပ်အကိုင် မယ်မယ်ရရမရှိ၊ သိပ်လည်း ပိုက်ဆံ မချမ်းသာ၊ သာမန်ကောင်လေးတစ်ယောက် ဖြစ်ရမည်ဆိုသော စံချိန်ဖြင့် စုပုံရှာတာ တစ်ရက်ပင်မပြည့်သေး။ PARADISE ဆိုတဲ့ စားသောက်ဆိုင်ရဲ့ ညပိုင်းတီးဝိုင်းမှာ ဒရမ်တီးတဲ့ အောင်သပြေကို တိုက်တိုက်ဆိုင်ဆိုင် စုပုံသဘောနဲ့စုပုံ ရွေးချယ်ပစ်လိုက်လေပြီ။

တကယ်တော့ စုပုံကသာ ရွေးမည်ဆိုလျှင် စုပုံရဲ့ ဘေးပတ်ဝန်းကျင်မှာ အောင်သပြေထက် သာတာတွေ ဝိုင်းဝိုင်းလည်နေတာပါ။ သူဌေးသားသမီး အသိုင်းအဝိုင်းဝင်တွေပီပီ နိုင်ငံခြားမှာ ကျောင်းသွားတက်သူနဲ့။ ဒါမှမဟုတ် တချို့လည်း ငယ်ငယ်ရွယ်ရွယ်နဲ့ပင် မိဘထုတ်ပေးတဲ့ အရင်းအနှီးနဲ့ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင် [illegible] ဖြစ်သူနဲ့။ ဒါမှမဟုတ် ဆရာဝန်၊ အင်ဂျင်နီယာ၊ [illegible]ကျတာပညာရှင် စသဖြင့်သော အဆင့်မြင့်ပညာတတ်ဖြစ်သူနဲ့ သူ့ဂုဏ်၊ သူ့အဆင့်အတန်းတွေဖြင့် မြင့်မားတင့်တ[illegible]နေကြသော ယောက်ျားပျိုတော်တော်များ





[illegible]ဟာ စုပုံမြတ်နိုး ဆိုတဲ့ လူကုံထံ အသိုင်းအဝိုင်းဝင် သူဌေးသမီးအချောအလှကို လိုလားစွာ ကမ်းလှမ်းထားကြသူတွေ ဖြစ်ပါသည်။

စုပုံက ဘယ်တစ်ယောက်ကိုမှလဲ မရွေးချင်သေး။ စိတ်လည်းမဝင်စားသေး။

"ဘာမှဖြစ်လို့ မဟုတ်ဘူး။ ချစ်ကိုမချစ်တတ်သေးလို့ပဲလို့ ပြောရမှာပဲ၊ ကိုယ့်ဘေးနားမှာ ယောက်ျားတစ်ယောက် သွားလေရာ ကန့်လန့် ကန့်လန့်ပါပြီး ရှုပ်နေမှာကို မကြိုက်တာ၊ အခုချိန်မှာ သွားမယ် လာမယ် စားမယ် ဈေးလျှောက်ဝယ်မယ်၊ ဒါပဲ ခေါင်းထဲရှိနေတယ်"

သူငယ်ချင်းတွေက စုပုံ ဘာလို့ ရည်းစားမရှိသေးသဲမေးရင် ထိုသို့ ပြန်ဖြေတတ်ပါသည်။

အခုကျတော့ ချစ်တာ၊ မချစ်တာပင် မစဉ်းစားနိုင်တော့။ ဘေးမှာ ပါနေမှာတွေ၊ မပါနေမှာတွေလည်း တွေးမနေတော့။ ဖေဖေ စိတ်ဆိုင်းရဲ့ရအောင် လုပ်ချင်တာနဲ့ပဲ ...။

"ဟဲ့ ... စုပုံ ... ရှုပ [illegible]အမယ်လေး ဖုန်းပြောရင်း အိပ်များပျော်သွားလားဟယ်။ [illegible]ဘာ နုထိမဖြေသေးပါလား"

စုပုံ အတွေးလွန်သွားတာနဲ့ [illegible]စ်ဖက်မှ မိမိ မေးတာ[illegible]င် မကြားလိုက်မိပါ။



www.burmeseclassic.com

www.burmeseclassic.com



"အင် ... ဟင် ... ဟင် ... ဘာလဲ ... ဘာလဲ ... ငါ
မအိပ်ပျော်ပါဘူး။ အတွေးလွန်သွားလို့ပါဟယ်"

"ငါမေးတာ မကြားဘူးလား"

"မကြားလိုက်ဘူး"

"အဲဒီတီးဝိုင်းက နှင့်ပွဲမှာ လာတီးကြမယ်တဲ့လား"

"အန်ကယ်လ်ဦးသန်းနိုင် ကိုယ်တိုင် ကတိပေးပြီးပြီ။ သူ့
အဖွဲ့ကို အပြင်မှာ ထွက်တီးတာမျိုး တစ်ခါမှ ပေးမလု
ဖူးပေမဲ့ စုပုံမို့လို့ ဦးမြတ်နိုး သမီးမို့လို့ ဒီတစ်ခါတော့ ခွ
ပြုလိုက်ပါတယ်တဲ့"

"ဩော် ... ဒီလောက် သေချာနေလို့ နင်က ဒရမ်မာလေ
ကို ရွေးပါတယ်လို့ ပြောတာကိုး။ သူတို့အုပ်စုကလည်
နင်ကတောင် အန်ကယ်လ်ခေါ်ရတဲ့ ဦးသန်းနိုင်ကို ကိုသန်
နိုင်တဲ့။ ကိုယ့်ဦးလေး အရွယ်လောက်ကိုများ ဘာဖြစ်လို
အဲဒီလိုခေါ်လဲ မသိဘူးနော်"

"အခေါ်အဝေါ်က အရေးမကြီးပါဘူး၊ ဒါက သူတို့နဲ့ဆိုင်
တဲ့ကိစ္စပဲ၊ ငါကတော့ ငါနဲ့ဆိုင်တာပဲ စိတ်ဝင်စားတယ်
အန်ကယ်လ်ဦးသန်းနိုင်ဆီကနေ သူတို့အကြောင်းတွေ မေ
ပစ်လိုက်တယ်လေ"

"ဘာတွေ ထပ်သိလာလဲ၊ ပြောပါဦး"





စုပုံ အခိပ္ပာယ်မဲ့ တဟီးဟီးရယ်ရင်း ...

"ကျန်တဲ့လူတွေအကြောင်းတော့ တော်ရုံလောက်ပဲ သိပါ
တယ်။ အဲ ... အန်ကယ်လ်ဦးသန်းနိုင် ပြောသလောက်
လေးပဲပေါ့၊ ငါလည်း စိတ်မဝင်စားလို့ ဆက်မမေးပါဘူး။
အောင်သပြေအကြောင်း ပြောမှသာ အသေးစိတ်သိအောင်
ဆက်မေးပစ်လိုက်တာပေါ့"

မီမီက စိုးရိမ်သလိုဖြင့် ...

"ဟယ် ... အန်ကယ်လ်ဦးသန်းနိုင် ရိပ်မိသွားတော့မှာပဲ"

ဟု ပြောလျှင် ...

"ရိပ်မိပါစေလေ၊ ဒါမှ ဖေဖေ့နားထဲ မြန်မြန်ပြန်ရောက်
မှာ။ ငါက ရည်းစားထားမှာ တခြားလူတွေလို လူမသိအောင်
ထားမှာမဟုတ်ဘူး။ ဖေဖေ သိအောင် နည်းမျိုးစုံနဲ့လုပ်
ပြပြီး ထားပြမှာ"

"အောင်သပြေက ဘယ်လိုတဲ့လဲ၊ ပြောပါဦး"

"အံမယ် ... သိပ်စိတ်ဝင်စားတာပေါ့၊ မရဘူးနော်၊ ငါ
ရွေးပြီးသား။ ရုပ်သန့်တဲ့လူမှ ရည်းစားတော်ချင်လို့ အသန့်
ဆုံးကို ရွေးထားတာ မထိနဲ့ ... ဟီး ဟီး"

"အံမာ ... မထိပါဘူး၊ မထိပါဘူး။ ဒါးကနေ ပွဲကြည့်
ပရိသတ်ပဲ လုပ်မှာ။ နင်သာ တကယ် ကြွေမသွားမိစေနဲ့



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ကြွေရမှာလဲ ကြွေစရာလား။ သူလိုအခြေအနေနဲ့ ကောင်ကို အိပ်မက်ထဲတောင် မခေါ်ပါဘူး"

စုပုံက မာနထောင်လွှားဟန်ဖြင့် ပြောလိုက်ပါသည်။ မိမိုလို ငယ်သူငယ်ချင်းမို့သာ စုပုံပြောတာကို စိတ်ထဲမှာ ဘာမှ မဝေဖန်မိတာ။ သူများသာဆိုရင်တော့ "အံမာ ... သူက ဘာကောင်မမို့လဲ။ ဘုရင့်သမီးတော်မို့လား" လို့ပင် ပြန်ပြောခံရမဲ့အမျိုးမျိုး။ အပြောအဆိုမျိုး။ မာနခဲပ်ကြီးကြီးမျိုးကို စုပုံ ပိုင်ဆိုင်ထားပါသည်။

"အောင်သပြေက ငါထင်သလို အလုပ်မရှိ အကိုင်မရှိတဲ့သမားတော့ မဟုတ်ဘူးဟဲ့။ သူ့မှာ အလုပ်ရှိတယ်"

"ဟုတ်လား"

"တရုတ်ကလာတဲ့ အီလက်ထရောနစ်ပစ္စည်းတွေရောင်းတဲ့ ကုမ္ပဏီမှာ အရောင်းဝန်ထမ်းတဲ့၊ သူ့အဖေကလည်း အဲဒီ ကုမ္ပဏီမှာလုပ်တာဆိုတော့ သားကိုပါ အလုပ်သွင်းပေးထားတဲ့သဘောပဲ။ အရောင်းဝန်ထမ်းဆိုတော့ လခ,က သိပ်မရပါဘူးတဲ့။ ညနေပိုင်းကျတော့ အန်ကယ်လ် ဦးသန်းနိုင်ဆီမှာ ဒရမ်မာဝင်လုပ်ပြီး ပိုက်ဆံရှာရတာပေါ့။ အန်ကယ်လ်ဦးသန်းနိုင်ဆိုင်က တစ်ပတ်တစ်ခါ ပိုက်ဆံရှင်းတယ်တဲ့။ ဘယ်လောက်ရလဲ နင်သိချင်လား မိမိ"





"ဘယ်လောက်ရလို့လဲ"

"တစ်ရက်မှ ထောင့်ငါးရာတဲ့"

"ဟယ် ... နည်းလိုက်တာနော်"

"အေး ... အဲဒါပြောတာပေါ့၊ သူ အရောင်းစာရေးလုပ်လို့ ရတာက တစ်လသုံးသောင်း။ တီးဝိုင်းမှာလာတီးတာကလည်း တစ်လအနေနဲ့တွက်ရင် တစ်လ လေးသောင်းကျော်လောက်ပဲရှိတာ။ တိတိကျကျတွက်ရင် လေးသောင်းခွဲလောက်ပဲရတာ။ သူ့ဝင်ငွေက တစ်လခုနစ်သောင်းခွဲပေါ့။ ငါတစ်ပတ်တစ်ခါလောက် ရှော့ပင်းသွားရင် လေး,ငါးသိန်းလောက် သုံးပစ်တာလေ။ သူ့လောက်ပိုက်ဆံနဲ့ ဘယ်လိုသွားသုံးရမှန်းတောင်မသိဘူး။ အဲဒါ တကယ့်ချက်ကောင်းပဲ၊ မေမေ့ကို ပြောပြရင် အဲဒီဝင်ငွေပါ ထည့်ပြောရမယ် သိလား"

စုပုံမှာ သူရွေးတာ မှန်နေပြီဆိုပြီး ပျော်ရွှင်မြူးဖျနေသည်။ မေမေ တအံ့တဩနဲ့ စိတ်မကောင်း ဖြစ်သွားရမဲ့အချက်ကိုပဲ စုပုံ လိုချင်နေတာဖြစ်သည်။

"နောက် ဘာသိသေးလဲ၊ ပြောပါဦး"

"အမေက Ovary cancer (အိုဗရီကင်ဆာ)ဖြစ်နေတာတဲ့၊ ဆေးဖိုးတော်တော်ကုန်နေပြီဆိုပဲ။ ဆရာဝန်က ခြောက်လပဲခံမယ် ပြောထားပေမယ့် သူတို့ တော်တော်အကုန်ခံကု



www.burmeseclassic.com

www.burmeseclassic.com



ထားလို့ ထင်တယ်တဲ့၊ အခုတော့ ရောဂါဖြစ်နေတာ ရှစ်လတောင်ရှိပြီတဲ့”

“ဩော် ... သနားပါတယ်နော်”

“အား ... အဲဒီတစ်ခုကတော့ သနားစရာလေးပါ၊ ဒါပေမဲ့ သူက အသက်နှစ်ဆယ်ကျော်မှ အမေ ဆုံးရှုံးရမှာပါ။ ငါကတော့ ဆယ်နှစ်အရွယ်တည်းက အမေကို ဆုံးရှုံးခဲ့ရတာလေ။ ငါက ပိုသနားစရာ မကောင်းဘူးလား မီမီ”

မီမီ အမြင်နည်းနည်းကတ်သွားပြီး အရွဲ့တိုက်သလို လေသံမျိုးဖြင့် ...

“အေးပါဟယ်၊ နင်က ပိုပြီးသနားစရာ ကောင်းပါတယ်၊ နင်ကသာ ကမ္ဘာပေါ်မှာ သနားစရာ အကောင်းဆုံးလူသားပါ ဒေါ်စုပုံရယ်”

ဟု ဖြေလိုက်ပါသည်။ စုပုံ စိတ်မဆိုးဘဲ ရယ်နေခဲ့သည်။ ဘယ်စိတ်ဆိုးပါမလဲ။ စုပုံ ပြောချင်တာတွေ ပြောရဦးမယ်၊ နားထောင်ပေးမဲ့လူဆိုလို့ စုပုံမှာ မီမီ တစ်ယောက်ပဲ အရင်းနှီးဆုံး ရှိတာလေ။ စုပုံသည် မာနကြီးကြီး၊ နည်းနည်းလည်း လူရွေးပေါင်း၊ စကားပြောလည်း မောက်မာပြီး သိပ်မပြေပြစ်လှတာမို့ မီမီလောက် သည်းခံပြီး ပေါင်းတဲ့လူလည်း မရှိ၍ဖြစ်ပါသည်။





“အစ်မနှစ်ယောက် ညီမတစ်ယောက် ရှိတယ်တဲ့ အစ်မ၊ နှစ်ယောက်ကတော့ အိမ်ထောင်ကျပြီး အိမ်ခွဲနေကြတယ်၊ အောင်သပြေတို့ လေးယောက်ကတော့ ကန်ထရိုက်တိုက်ခန်း တစ်ခန်းမှာ စုပြုံနေကြတာပေါ့။ ဘယ်လိုလဲ ကြားရတာစိတ်ညစ်စရာ မကောင်းဘူးလား”

“ခုထိတော့ သူ့အမေ ကင်ဆာဖြစ်နေတာကလွဲရင် ဘာမှ စိတ်ညစ်စရာ မပါသလိုပဲ”

“ဟယ် ... မီမီကလည်း၊ တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ စုပြုံပြီး နေကြရတာ ဘယ်လောက်စိတ်ညစ်စရာကောင်းလဲ။ ငါတော့ မနေတတ်ပါဘူး၊ အသက်ရှုလို့တောင် မဝသလိုပဲ ခံစားရတယ်။ အဲဒီမှာ တစ်ရက်လောက်များ နေရရင် ငါတော့ အသက်ရှုကျပ်ပြီး သေသွားနိုင်တယ်”

“နင်က သုံးထပ်တိုက် အကြီးကြီး ခြံအကျယ်ကြီးနဲ့ နေရတော့ အဲဒီလိုပဲ ပြောမှာပေါ့။ နင် တစ်ခါမှ မနေခဲ့ဖူးတဲ့ ကန်ထရိုက်တိုက်ခန်းတွေကိုမြင်ရင် အဲဒီလိုပဲ တွေးမှာပေါ့ စုပုံရယ်။ ဒါပေမဲ့ လူတန်းစား အများစုကတော့ အဲဒီလို တိုက်ခန်းမျိုးမှာပဲ နေလာကြတာမပါ။ ဘယ်သူမှတော့ အသက်ရှုကျပ်ပြီး မသေဖူးပါဘူး”

www.burmeseclassic.com



"မိမိမိ … ဘာဖြစ်လို့ ငါပြောတာကို လိုက်ချေပနေရတာလဲ။ နင်ရော အဲဒီတိုက်ခန်းသွားနေဆို နေမလား … ပြော"

နေဖို့အခွင့်မကြုံရရင်တော့ အလကားနေရင်း ဘယ်သူက ဒီတိုက်အိမ်ကြီးပေါ်ကနေ အဲဒီတိုက်ခန်းကိုဆင်းပြီး နေပါ့မလဲလေ။ ဒါပေမဲ့ ငါက တစ်ခါတလေ တွေးပါတယ်။ လူဆိုတာ ဒီလိုပဲ တိုက်အိမ်အကြီးကြီးနဲ့ ကားတွေထည်လဲစီးနေရာကနေ တစ်နေ့ကျ အမှတ်မထင် ဒါတွေဆုံးရှုံးသွားရတာလည်း ရှိနိုင်တာပဲလို့။ အဲဒီကျ သင့်တော်တဲ့ တစ်နေရာရာမှာ ရှာကြံနေဆိုရင် အောင်သပြေတို့နေတဲ့ ကန်ထရိုက်တိုက်ခန်းမျိုးနဲ့ပဲ ငါတို့ကြုံရမှာပဲပေါ့"

မိမိ ပြောပေမဲ့ စုပုံကတော့ လက်မခံ။ ဘိုးဘွားဘီဘင် လက်ထက်ကတည်းက ရွှေဇွန်းကိုက်ပြီး မွေးဖွားလာခဲ့သူကလေးပီပီ အနောက်တောင်ခွင့် ရထားတာကို မချချင်။ ငါ တစ်သက်လုံး ဘယ်တော့မှ မဆင်းရဲဘူးဟု တ ထစ်ချ ယူဆထားသူသာဖြစ်လေသည်။

"နင် အဲဒီလောက်တောင် စေ့စေ့စပ်စပ် မေးထားတာကို အန်ကယ်လ်ဦးသန်းနိုင်ကလည်း အကုန်ပြောပြတာပဲနော်"





"စေ့စေ့စပ်စပ် သိသာအောင်တော့ မေးတာမျိုး မဟုတ်ဘူးပေါ့။ ဩော် … အောင်သပြေက ဒရမ်မာအလုပ်ပဲ လုပ်သလားတို့။ သူက ရန်ကုန်ကပဲလားတို့။ မိဘတွေ မောင်နှမတွေရော ရှိလားတို့ ဒီလိုပဲ စကားလေးတွေ စပြီးမေးလိုက်ရုံပဲ။ ငါက မေးတတ်လို့ထင်တယ် အန်ကယ်လ်ဦးသန်းနိုင် ပြောပြတာ ပြည့်ပြည့်စုံစုံလေး သိလိုက်ရတယ်"

"အခုသိရသလောက် ဆိုရင်တော့ အောင်သပြေက နင်မျှော်မှန်းသလို သိပ်ပြီးတေလေမနေဘူး။ ဂီတာကိုရူးလို့လုပ်တာ မဟုတ်ဘဲ ပိုက်ဆံရဖို့ လုပ်သလို ဖြစ်နေပြီ။ မိဘကျတော့လည်း အဖေကအရက်သောက်၊ အမေကဖဲရိုက် အိမ်တကာလှည့် အတင်းပြောတာမျိုးလည်း မဟုတ်ဘူးနော်"

"ဟယ် … အဲဒီလောက် ဆိုးဆိုးရွားရွား ပုံစံမျိုး မရှာရဲပါဘူးဟယ်။ ဒီလို နည်းနည်းလိမ္မာယဉ်ကျေးပုံပေါက်တာမျိုးပဲ အဆက်အဆံ လုပ်ရဲပါတယ်၊ သိပ်ဖေ ၁လေကြမ်းပိုးကိုရှာမိရင် တော်ကြာ ဖြတ်မရ ခွာမရ ဖြစ်နေမယ်။ ငါ့ကို ပြန်ပြီး ငွေညှစ်လား ဘာလားနဲ့ ပြန်ဒုက္ခပေးနေမယ်၊ ဒါကြောင့် မရှာရဲဘူး"

"အေး … ဒါဖြင့်လည်း အောင်သပြေရဲ့ ကုသိုလ်ကံပဲပေါ့လေ။ စောင့်ကြည့်နေမယ်ဟော့"



www.burmeseclassic.com

www.burmeseclassic.com



မိမိ အနည်းငယ် စကားထပ်ပြောပြီး ဖုန်းချသွားပါသည်။ စုပုံကတော့ နောက်တစ်ပတ် စနေရဲ့ ညချမ်းကလေးမှာ ပြန်ဆုံရမည့် သနားကမားရုပ်ရည်လေးနဲ့ ကောင်လေးကို ဘယ်လိုမာယာတွေသုံးပြီး စုပုံကို စွဲလမ်းလာအောင် လုပ်ရမလဲ ဆိုတာသာ စိတ်ထဲမှာ တွေးတော ဇာတ်လမ်းဆင်ကြည့်နေလေသည်။

✧ ❤ ✧



## ၃

ကျွန်တော်တို့အုပ်စုအတွက် အကြိုလွှတ်လိုက်သောကားက ညနေခြောက်နာရီတိတိလောက်မှာ PARADISE စားသောက်ဆိုင် ခြံဝင်းထဲကို ဝင်လာသည်။ ကားက အမိုးပါသော Lite Ace ကား ဖြစ်သည်။ စက်မှုဇုန်ထုတ်ကား မဟုတ်ဘဲ တိုရိုတာကထုတ်တဲ့ ဂျပန်ကားအစစ် ဖြစ်လေသည်။

ကိုသန်းနိုင်၏ ခွင့်ပြုချက်ဖြင့် တီးဝိုင်းပစ္စည်းများကိုပါ သယ်ရမည်ဖြစ်ရာ ကျွန်တော်တို့လည်း သယ်ဖို့၊ မ,ဖို့ပြင်ကြရသည်။ စားသောက်ဆိုင်မှ ဝန်ထမ်းတွေပါ ဝိုင်းသယ်မပြီး ကားပေါ်တင်ပေးကြရာ ခဏလေးနဲ့ ပြီးသွားပါသည်။

"တီးဝိုင်းငှားခအနေနဲ့ ဦးမြတ်နိုးက ငါ့ကို လေးသောင်းလာပေးတယ်ကွာ၊ မင်းတို့ တစ်ယောက်လေးထောင် ယူကြပေါ့။ ကျေနပ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကားပေါ်မတက်ခင် ကိုသန်းနိုင်က သူ့ရုံးခန်းထဲ ခေါ်ပြီး ပြောတော့ အားလုံး အံ့သြသွားကြသည်

အမှန်တော့ ဒီတီးဝိုင်းက ကိုသန်းနိုင် အပိုင်ဝိုင်း ကျွန်တော်တို့က ကိုသန်းနိုင်ဆီမှာ တစ်ရက် ထောင့်ငါးရာနှုန်း တစ်ပတ်ရငွေမှာ တစ်သောင်းနဲ့ငါးရာဝင်ငွေကို ကျေနပ်ပြီး ဝ ထမ်းသဘောမျိုး အလုပ်ဝင်လုပ်နေကြရသူများသာ ဖြစ်ပါသည် ညနေနှစ်နာရီမှ ဆယ့်တစ်နာရီသည် ကျွန်တော်တို့ရဲ့ အလုပ်ချိန် လည်းဖြစ်သည်။ ထိုအလုပ်ချိန်မှာ ဒီစားသောက်ဆိုင်မှာပဲ တီး တီးရ၊ ဘယ်မှာပဲ သွားတီးပေး ပေးရ ကျွန်တော်တို့ရမဲ့ လုပ်အား က ထောင့်ငါးရာသာရဖို့ရှိသည်ဟု ထင်ထားလေရာ ဒီလိုခွဲပေ လိမ့်မယ်လို့ လုံးဝမျှော်လင့်မထားမိပါ။

"ငါ့ဝိုင်းအပိုင်ကို ငှားတယ်ဆိုပေမဲ့ မင်းတို့ရဲ့ပညာကို ကြိုက်တာလည်း ပါတာပေါ့လေ။ ဒါကြောင့် အငှားခံရ တယ်ဆိုတော့ ဒီလေးသောင်းစလုံးကို ငါ မစားရက်ပါဘူး မင်းတို့လည်း တစ်ဝက်ရသင့်တယ်ထင်လို့ ခွဲပေးတာပဲ မင်းတို့နဲ့ထိုက်တန်လို့ရတဲ့ ဆုကြေးလို့ပဲ မှတ်လိုက်ကြ ဟုတ်ပြီလား။ ကဲ ... သွားကြ ... သွားကြ ... သူတို့စိတ် ကျေနပ်လောက်အောင် ဆိုနိုင် တီးနိုင်ကြပါစေကွာ၊ ဟုတ် ပြီလား"





"ကျေးဇူးပါပဲ ကိုသန်းနိုင်"

ကိုသန်းနိုင်က သူ့မျက်ခေါက်ကျဉ်းကျဉ်းပိတ်အောင် ကြည့်ပြီး ကျန်ခဲ့သည်။ သူလိုသူဌေးတစ်ယောက်အတွက် သူ့ ထဲက နှစ်သောင်းလောက် ခွဲပေးလိုက်ရတာ ဘာမှသိသာ တာ။ သို့သော် ကျွန်တော်တို့လို နည်းနည်းမွဲသော ကောင် တွေအတွက်ကတော့ တစ်ယောက် လေးထောင်စီ ပိုက်သွား သဖြင့် ကော်ကော်လေး အူစိုသွားသည်ဟု ဆိုနိုင်ပါသည်။ တောင်သည် ကျွန်တော်တို့ လုံးတတ်ရင်၊ ဂယ်တတ်ရင် နဲ့ ဂျင်းနှံတစ်ထည်သော့ ရနိုင်တဲ့ အနေအထားမှာရှိသည်။ သော် အပေါစားအထည်တွေပေါ့ ဖြစ်နေပါမည်)။ ကျွန်တော် အလုပ်က ပိုက်ဆံသိပ်ရလှပြီး မဟုတ်ပေမဲ့ ညနေပိုင်းလေး ကာကီး၊ လာဘ်ဟောနဲ့တင် တစ်ရက်ထောင့်ငါးရာ တစ်လ သောင်းခွဲရသည်ဆိုတော့ မဆိုးဘူးလို့ ပြောရပါမည်။ ကိုယ် သနာပါတာလည်း လုပ်ခွင့်ရပြီး ပိုက်ဆံလည်းရသဖြင့် အားလုံး ချမ်းသာကြရသည်။ အလုပ်ရှင် သူဌေးကိုယ်တိုင်ကလည်း ပြီး အရှုံးအပူမရှိ၊ ဇီဇာမကြောင်း သူ့ဆိုင် လှူပင်ပြီး လာစား တွေ စိတ်တိုင်းကျလျှင် ကျေနပ်နေသော အလုပ်ရှင်မျိုးဖြစ် ဖြင့် ဒီအလုပ်ကို ကျွန်တော်တို့အားလုံး နှစ်သက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသန်းနိုင်ကတော့ အဲဒီ ဦးမြတ်နိုးကို တော်တော်အ... ပေးပြီး ဖားနေတာပဲကွ၊ ဦးမြတ်နိုး ဆိုတာက သူ့ကိုထော... တော်လှမ်းမိုးနိုင်ပုံရတယ်"

"ငါတို့မရှိတော့ ဆိုင်ကို စီဒီဖွင့်ပြီး ဖြေဖျော်မယ်တဲ့... ရစ်တဲ့လူနဲ့တွေ့ရင် ခက်မယ်၊ တီးဝိုင်းရှိလို့ ဒီဆိုင်လာတာ... မရှိရင် မစားဘူးဆိုတဲ့လူနဲ့ ကြုံရင်ကြုံမှာကွ"

ခွန်မင်းနဲ့ အဲန်ဒီက ကားစ,ထွက်တော့ ကိုသန်းနိုင်... အကြောင်း ပြောလာကြသည်။

ကျွန်တော်တို့ငါးယောက်စလုံး ရှေ့ခန်းမှာ ဘယ်သူ... မှ မထိုင်ကြဘဲ နောက်ခန်းမှာသာ တီးဝိုင်းပစ္စည်းတွေနဲ့ ရောသ... ပြီး ထိုင်လာကြသည်။ အမှန်အတိုင်း ဝန်ခံရလျှင် ဒီလိုအပြင်... တွေမှာ ထွက်ပြီးမဖြေဖျော်ဖူး၍ ကျွန်တော်တို့အားလုံး စိတ်လှု... ရှားနေမိကြသဖြင့် အားလုံးစုပြီး စကားပြောချင်နေတာကြော... တစ်စုတစ်စည်းတည်း ထိုင်လိုက်လာကြတာ ဖြစ်ပါသည်။ အာ... လုံး ဝတ်နေကျထက်လည်း နည်းနည်းပိုသားနားသော တီရှပ်တွေ... ဂျင်းန်တွေ ဝတ်လာကြသည်။

"သူဌေးတွေနေတဲ့ ရပ်ကွက်ကြီးပဲကွ"

တိုးတိုးက ကားဝင်လာရာလမ်းကိုကြည့်ရင်း စိတ်... လှုပ်ရှားသောအသံဖြင့် ပြောလိုက်သည်။





"အေးလေကွာ၊ သူဌေးတကာ့ထိပ်ခေါင် သူဌေးကြီးပါလို့ သိထားပြီးပြီပဲကွာ။ ငါတို့သူဌေး ကိုသန်းနိုင်ကတောင် ဆရာတင်ထားရတဲ့ သူဌေးလေကွာ၊ ဒါ အဆန်းမဟုတ်ပါဘူး"

"ငါ စိုးရိမ်တာက သူတို့လို သူဌေးတွေအနေနဲ့ ပါတီတစ်ခု လုပ်ရင် DJ ကောင်းကောင်းတစ်ယောက် ရှာနိုင်တာပဲ။ ဒါမှမဟုတ်လည်း ကာရာအိုကေစက် အကောင်းစားကြီး ငှားပြီး ဆိုကြ တီးကြ လုပ်လို့ရတာပဲ။ ဘာလို့ ငါတို့လို ပါမွှား နာမည်လည်းမရှိတဲ့ အုပ်စုကို လာငှားသလဲ မသိဘူး။ အရှက်ခွဲခံရမှာ စိုးရိမ်တယ်ကွာ"

"ဘာမှ မစိုးရိမ်ပါနဲ့ ကောင်းထက်လူရာ၊ ကောင်မလေး ကြည့်ရတာ အေးအေးဆေးဆေးလေးပါ။ ငါတို့ကိုကြိုက်လို့ ပဲငှားငှား၊ ဘာကြောင့်ပဲငှားငှား ဘာရန်ငြိုးရန်စမှလဲ မရှိဘဲနဲ့တော့ ခေါ်ပြီးအရှက်မခွဲပါဘူးကွာ"

ကျွန်တော်သည် တစ်ခါသာ တွေ့ဖူးလိုက်တဲ့ မျက်လုံး ...တောက်တောက်ပိုင်ရှင် ကောင်မလေးရဲ့ မျက်နှာကို မြင်ယောင် ...ပြီး ကောင်းထက်လူကို အားပေးနှစ်သိမ့်နေစဉ် ကားက ခြံကြီး ...တစ်ခြံရှေ့မှာ ရပ်လိုက်လေသည်။ သံမဏိတံခါးကြီးတွေလို့ ထင် ...ရတဲ့ ကြေးနီရောင်တံခါးကြီးနှစ်ချပ် ခိုင်ခံ့စွာ ပိတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ပြီးရုံမှာ ဆွဲနောင်ပြောင်လက်နေသော ဆိုင်းဘုတ်တစ်ခုကိုတွေ့ ပြီဝင်းဖုတ်နံရံမှာသွင်းပြီး မြှုပ်ထားတာ တွေ့ရသည်။

ဦးမြကြီးနိုး

ရွှေကမ္ဘာအင်တာနက်ရှင်နယ်ကုမ္ပဏီလီမိတက်

ဟူသော အမည်နှင့် ကုမ္ပဏီနာမည်ကို မြန်မာလို ရော အင်္ဂလိပ်လိုရော နှစ်မျိုးတွဲ၍ထားသည့် ရွှေရောင်ဆိုင်းဘုတ် ပြောင်ပြောင်လက်လက်ကြီး ကျောက်ရောင်မှာ လက်လက်ထနေသည်။

ကားက ဟွန်းသံနှုတ်ချက်ဆင့်ကို နှစ်ခါဆက်တိုက် အချက်ပေးလိုက်သောအခါ ခြံတံခါးကြီးနှစ်ချပ်က အလိုလို ပွင့်လာပါသည်။ တံခါးလာဖွင့်ပေးသူ မရှိဘဲ ရီမုတ်ခလုတ်ဖြင့်ဖွင့် လိုက်ပုံရပါသည်။ ကျွန်တော်တို့ ခြံထဲကို အရှင်ဖြတ်ဝင်လာတော့ အပန်းဖြေဥယျာဉ်ဝန်းထဲများ ရောက်နေသလား ထင်ရအောင် ပြင်ဆင်ထားသည့် ခြံအပြင်အဆင်ကို ငေးမောအံ့သြစွာ ကြည့်လာ ခဲ့မိကြသည်။

"ဟာနိုဘတ်ကြီးအပန်းဖြေဥယျာဉ်ထဲက နေရာတစ်နေရာကို ရောက်လာတဲ့အတိုင်းပဲကွာ"

အန်နီက ဆောဘီကို ငေးဝဲကြည့်ရင်း ဝေဖန်နေစဉ် ကားက ရပ်သွားပါသည်။ ကားမောင်းသူက တံခါးဖွင့်ဆင်းလာပြီး ...





"ညီလေးတို့ တီးဝိုင်းပစ္စည်းတွေ ချရင်ချလို့ရပြီကွ။ ပွဲက ဟိုမြက်ခင်းပေါ်မှာ လုပ်ကြမှာ၊ အခုတောင် စားပွဲကုလားထိုင်တွေ စပြီးချနေကြပြီ။ စတိတ်စင်ပေါ် တစ်ခါတည်း တင်လိုက်ကြရအောင်"

စတိတ်စင်ကတော့ သိပ်အမြင့်ကြီး မဟုတ်ပေမဲ့ ယာယီစတိတ်စင်လေး ဆောက်ထားသည်ဆိုတာတောင် သာမန် အလျှံကာ မဟုတ်။ ဆလိုက်မီးတွေ၊ စင်မြင့်နောက်ခံမှာ ပန်းချီ စာလုံး PARADISE ဟု ရေးထားသော ဆိုင်းဘုတ်ကြီးရယ်၊ ဆောင်းဘောက်(စ)အလုံးပေါင်းများစွာရယ်က ကျွန်တော်တို့ကို အားတက်သွားစေသည်။ ပါမွားအဖွဲ့လေးကို နေရာပေးသဖြင့် ကျွန်တော်တို့ ရင်ထဲမှာ အနည်းငယ် အေးသွားပါသည်။

ခြံထဲမှာ အလုပ်လုပ်နေကြသော အလုပ်သမားပေါင်း များစွာ ဝိုင်းကူညီမ,သယ်ပေးသဖြင့် ကျွန်တော်တို့တီးဝိုင်းပစ္စည်း တွေ တစ်ခဏချင်းပင် စင်ကလေးပေါ်သို့ ရောက်သွားကြပါသည်။ စင်ပေါ်မှာ ပစ္စည်းတွေ အကုန်ချပြီးတာနဲ့ ကျွန်တော်တို့လည်း ပစ္စည်းဆင်စရာတွေ ဆက်တိုက်ဆင်၊ အသံညှိ၊ ဆောင်းဘောက်(စ) အသံချိန် စသဖြင့် အလုပ်ရှုပ်ကုန်တော့သည်။

"ပွဲက ခုနစ်နာရီခွဲမှ စမှာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခွန်မင်း အလုပ်သမားတွေဆီက သတင်းရလာပြီး ပြောပြပါသည်။

ကျွန်တော့်လက်ပတ်နာရီကို ကြည့်လိုက်တော့ ခုနစ်နာရီတောင် မထိုးသေး။ အေးအေးဆေးဆေး ခဏနားလို့တောင် ရပါသည်။ ဒါပေမဲ့ ကျွန်တော်တို့အလုပ်က ဆိုဖို့၊ တီးဖို့လာရသည် ဖြစ်ရာ စင်ပေါ်မှာပဲနေကြဖို့ ဆုံးဖြတ်နေစဉ် ...

"ညီလေးတို့ ပွဲစတာနဲ့ တောက်လျှောက် မနားတမ်းတီးရမှာဆိုတော့ ညနေစာ ကျွေးထားလိုက်ပါတဲ့၊ မစုပုံက ပြောလိုက်တယ်"

ဟု ဝေါ်ကီတော်ကီလိုလို စကားပြောခွက်ကိုင်ပြီး ဟိုလူ့ညွှန်ကြား၊ ဒီလူ့ညွှန်ကြား လုပ်နေသော လူတစ်ယောက်က လာပြောပါသည်။

"ညနေစာကို ဆိုင်မှစားလာခဲ့ပြီးပြီ ခင်ဗျာ၊ ကျွန်တော်တို့ Boss က ကျွေးလိုက်ပါတယ်"

"ဟာ ... ဟုတ်လား၊ အစောကြီး စားလာတာပေါ့"

"ဟုတ်ကဲ့"

"ဆိုင်မှာ လုပ်ရတာ ဘယ်ဆိုးလို့လဲ၊ ညနေစာအမြဲကျွေးတယ်ပေါ့"





"အမြဲမကျွေးပါဘူး ခင်ဗျာ။ ဒီနေ့တော့ တခြားပွဲမှာသွားတီးပေးရမှာမို့ အဟဲ ... မှန်တာပြောရရင် Boss လည်း ဝိုင်းဗွားခပိုက်ဆံရလို့ထင်တယ်။ ကျွန်တော်တို့ကို ညနေစာ သူ့ဆိုင်မှာ စားပြီးမှ သွားခိုင်းလိုက်ပါတယ်။ နေ့တိုင်းတော့ ကိုယ့်အိမ်ကကိုယ် စားလာပြီးမှ ဆိုင်မှာ ခုနစ်နာရီကစပြီး တီးပေးရတာယ်၊ ဆိုင်ပိတ် ဝိုင်းသိမ်းရင်တော့ အအေးတစ်ပုလင်းစီတော့ တိုက်ပါတယ်၊ ဒီလောက်ပါပဲ"

ခွန်မင်းကလည်း ဝိုင်းခေါင်းဆောင်နေရာ ယူထားသူပီပီ အားလုံး အသေးစိတ် ပြောပြလေသည်။

"ဒါဖြင့် အအေးသောက်မလား၊ ဘီယာတော့ သောက်လို့မဖြစ်ဘူး ထင်တယ်၊ မင်းတို့က ဆိုရ တီးရမှာ မဟုတ်လား"

"ကျွန်တော်တို့ ဘာမှမသောက်တော့ပါဘူး။ ရေသန့်ဘူးတွေပဲ စင်ပေါ်မှာ တင်ထားပေးရင် ရပါပြီ"

ထိုသူက ဝေါ်ကီတော်ကီ စကားပြောခွက်ဖြင့် သတင်းပြောလိုက်တာ တွေ့ရသည်။ တစ်ဖက်ကပြောသံ ခပ်သဲ့သဲ့အဆုံးတွင် ...

"မစုပုံက ပြောတယ်၊ ခုနစ်နာရီခွဲအတိဆိုတာနဲ့ ဘယ်သူ့ကိုမှ မစောင့်ပဲ စပြီးတီးပါတဲ့"

"ဩော် ... ဟုတ်ကဲ့၊ စိတ်ချပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသူထွက်သွားပြီး သိပ်မကြာ၊ ကျွန်တော်တို့ရဲ့ သိပ်မမြင့်လှတဲ့ စတီတ်ဇင်လေးပေါ်ကို ရေငွေ့တွေသီးနေသော အေးစိမ့်နေသည့် ရေသန့်ဘူးတွေ ရောက်လာတော့သည်။ ရေသန့်ဘူးတွေက ဘယ်လောက်များ အေးခဲထားသလဲတော့ မသိ။ အထဲမှာ ရေခဲအကြေတွေတောင် တွေ့နေရသည်။ ရာသီက သိပ်မပူသော်လည်း ဒီလိုအေးခဲနေတဲ့ရေ တွေ့လိုက်ရတော့ ရေတောင်သောက်ချင်လာသည်။ ကျွန်တော်နားမှာ လာချတဲ့ ရေဘူးကိုဖွင့်ပြီး တစ်ငုံသောက်လိုက်မိသည်။ ခေါင်းထဲ ထိုးကိုက်သွားအောင် အေးလှသောရေကို မြန်မြန်မျိုချလိုက်ရပါသည်။

ညခုနှစ်နာရီမခွဲခင်မှာပင် ခြံထဲကို ကားကောင်းကားသန့်တွေ အသီးသီး ရှေ့ဆင့်နောက်ဆင့် ဝင်လာကြတာမို့ ကျွန်တော်တို့အားလုံးလည်း အချိန်ကိုစောင့်မနေတော့ဘဲ အင်ထရိကီးလုံးတွေကို စတင်တီးခတ်လိုက်ပါသည်။ ခြံကျယ်ကြီးထဲမှာ ဆလိုက်မီးများ၊ မီးရောင်စုံများ ထွန်းညှိပြီး ဘူဖေးဟုခေါ်သော ကိုယ်ကြိုက်ရာ ကိုယ်ထည့်စားဖို့ အစားအစာတွေ အလျှံပယ် ပြင်ဆင်ကျွေးမွေးကာ တခမ်းတနား မွေးနေ့ပွဲကျင်းပသော စုပုံမြတ်နိုးရဲ့ မွေးနေ့ဟာ ဘယ်နနှစ်မြောက်ပါလိမ့်။

ကျွန်တော်အတွက်ကတော့ မွေးနေ့တွေဟာ ဘယ်လိုဖြတ်ကျော်ပြီးဆုံးသွားမှန်းပင် မသိလိုက်။ တစ်ခါတလေ မွေးနေ့





ရောက်ရောက်လာတောင် မေ့ရင်မေ့နေတတ်တာ။ အမေကတော့ အမှတ်သားသား ရှိပြီး ...

“ဒီနေ့ သားမွေးနေ့လေ၊ သား ဘာစားချင်လဲ၊ အမေချက်ပေးမယ်”

လို့ ပြောပြပြီး မေးလာတတ်သဖြင့် တစ်နှစ်မှတော့ မွေးနေ့ရက်ကို မေ့သွားတာမျိုး ဖြစ်တော့မဖြစ်ခဲ့။ ဒါပေမဲ့ မွေးနေ့အကြီးအကျယ် လုပ်တာတွေ၊ ဘုန်းကြီးဆွမ်းကျွေးတာတွေ၊ ဘုရားသွားတာ လှူတာတန်းတာတွေ၊ သူငယ်ချင်းတွေကို လိုက်ကျွေးတာတွေ၊ လုံးဝ လုပ်လေ့လုပ်ထမရှိ။ လုပ်လည်းမလုပ်ဖူးခဲ့သဖြင့် မွေးနေ့ရက်တွေဟာ ဘယ်လိုပြီးသွားလိုက်မှန်း မသိတာများပါသည်။ အရှူးသဖြင့် အလုပ်သွားနေရသော ကြားရက်တွေဆို မွေးနေ့ကို မှတ်မှတ်ရရပင် မရှိလိုက်ဘဲ ပြီးသွားရတာများသည်။

မွေးနေ့ဆိုတာ သာမန်လူတစ်ယောက်အတွက်တော့ အသက်တစ်နှစ် ပိုကြီးသွားတာပဲ အမှတ်တရဖြစ်မို့ ကျွန်ရစ်လိမ့်မည်။ စုပုံမြတ်နိုးလို တစ်ဦးတည်းသောသမီး၊ သူဌေးကြီးရဲ့သမီးအချောအလှလေးအတွက်ကတော့ ဘာတွေများ အမှတ်တရ ဖြစ်စေကာကျန်မှာပါလိမ့်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၄

မွေးနေ့ကိတ်အဖြူကြီးကို တင်ထားသော လှည်းလေးကို ဖေဖေ့ဝန်ထမ်းနှစ်ယောက် အသာတွန်းယူလာသောအခါ ဖေဖေလည်း ဝရန်တာမှာရပ်ပြီး ပွဲကိုကြည့်နေရာမှ အောက်ကို ဆင်းလာခဲ့သည်။ သို့သော် ဖေဖေ တစ်ယောက်တည်းတော့မဟုတ်။ စုပုံက ခေါ်မထားပါနဲ့ မှာထားရက်နဲ့ ခေါ်ထားသော ဖေဖေ့ဇနီးလောင်းကပါ တတန်းတန်း ပါလာတာမို့ စုပုံ မျက်နှာမှာ ချက်ချင်း မည်းပုပ်သွားမိသည်။

ဒါကို မီမီကသာ ရိပ်မိပြီး ...

"ဟဲ့ ... စုပုံ၊ လူတွေရှေ့မှာ နင် ဟန်ဆောင်နော်၊ ခုချိန်မှာ သွားချဲရင် အားလုံး အရှက်ကွဲလိမ့်မယ်၊ ပြီးတော့ နင့်အဖေရဲ့ ကရုဏာရေစီးတွေဟာ မရဝေခင် ဆီပဲ ရောက်သွားလိမ့်မယ်"





ဟု သတိပေးပါသည်။

ဖေဖေ့ဇနီးလောင်း မရဝေခင်ကတော့ တကယ်ပဲ မြန်မာမှုကို နှစ်သက်လို့လား။ ဟန်ဆောင်ပြီးတော့ပဲ ဝတ်သလားမသိ။ မြန်မာအင်္ကျီရင်ဖုံးပုံစံ ခါးတင်အင်္ကျီအဝါနု ပိုးသားလေးနဲ့ ချည်သားချိတ်ရွှေဝါရောင်လေးကို ဝတ်ပြထားပါသည်။ ရင်ဖုံးဆလံမှာ အင်္ကျီလက်ပတ်လေးမှာတော့ အစိမ်းပွင့်လေးတွေ ပန်းဆိုးထားသော ပုံစံမို့ ရင်ဖုံးက သိပ်ရိုးရိုးကြီးပုံစံလည်း ပေါက်မနေ။ ခေတ်လည်းမီပြီး ယဉ်ကျေးလှပလှသော မရဝေခင်သည် ငပုံ လောက်နီးပါး လှပချောမောလှပြီး ပိုပြီးတော့တောင် ကြည့်ကောင်းလှသည်ဟု ထင်ရပါသည်။ ဒါပေမဲ့ ဘာကြောင့်များ ဖေဖေ့လို အသက်ငါးဆယ်အရွယ်ရှိ လူကြီးတစ်ယောက်ကို လက်တွဲလိုရသနည်း။ ဖေဖေကတော့ ကိုယ့်အဖေမို့ မြှောက်ပြောတာ မဟုတ်။ အသက်ငါးဆယ် ဆိုပေမဲ့ ငါးဆယ်လိုပင် မထင်ရအောင် နုပျိုချောမောခန့်ညားပါသည်။

ငွေရောင်ကျိုးတိုးကျဲတဲရှိသော ဆံပင်တွေကို ဆံပင်ညှပ်ဆိုင်မှာ အချိန်ပေးပြီး ဆေး,မကြာခဏ သွားဆိုးထားတတ်သလို၊ ဖေဖေက အသက်ကြီးနေပေမဲ့ သူများအဖေတွေလို ဆံပင်ထိပ်ပြောင်တာလည်း မရှိ။ ဝတုတ်ဗိုက်ပူကြီးလည်းမဖြစ်။ ဂေါ့(ဖ) မှန်မှန်သွားရိုက်ခြင်း၊ အိမ်ရှိရေကူးကန်မှာ ရေမှန်မှန်ကူးခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ပယ်ထားသော Treadmill ဟုခေါ်သည့် အပြေးကျင့်စက်ပေါ်မှာ တစ်နေ့ နာရီဝက်လောက် ပုံမှန်ပြေးခြင်းတို့အပြင် အစားအသောက်ကိုလည်း ချင့်ချိန်စားတက်ခြင်း၊ အရက်တွေ ဘီယာတွေကို လှူဝင်ဆုံအောင် စကားပြောကောင်းရုံသာ သောက်တတ်ခြင်းတို့ကြောင့် လူက ပိန်ပိန်ပါးပါးနဲ့ ကျန်းမာရေးလည်း ကောင်းလှသည်။ အသက်ငါးဆယ်ဟာ ငါးဆယ်နဲ့မတူဘဲ လေးဆယ်လောက်ပဲ ထင်ရစေလေသည်။ နဂိုရုပ်ရည်ကလည်း ချောမောပြီး မွေးကတည်းက သူဌေးဘဝနဲ့ နေလာခဲ့ရသူပီပီ အလိုလိုနေရင်းကိုယ်အရှိန်အဝါရှိနေသူလည်း ဖြစ်ပါသည်။

ကိုယ့်အဖေမို့ ကိုယ်ညွှန်းပာမဟုတ်။ ဖေဖေက စိတ်သဘောလည်း ကောင်းလှပြီး အဆင့်အတန်း ခွဲပြီမခွဲခြားတတ်သူဖြစ်သည်။ စုပုံကတော့ မောက်မာ မာနကြီးလှပြီး လူလုံချင်းတောင် ကိုယ့်လောက်မရှိရင် အဆင့်အတန်း ခွဲချင်လှသူဖြစ်သည်။ အခုလည်း စုပုံဟာ မရဝေခင် ဘယ်လောက်ကြီးလှနေနေ အထင်ကတော့ သေးလှပါသည်။ စုပုံ သိရသလောက်ဆိုရင် မရဝေခင်တို့ဟာ သာမန်လူတန်းစား မိဘနှစ်ပါးမှ ပေါက်ဖွားလာခဲ့သူ။ မောင်နှမငါးယောက် ရှိလေရာ မရဝေခင်တို့ငယ်ငယ်မှာပင် မိဘနှစ်ပါးလုံး အရောင်းအဝယ်ကိစ္စဖြင့် ခရီးထွက်ရင်း ကားမှောက်ပြီး ဆုံးသွားသဖြင့် မွေးချင်းသားချင်းတွေအိမ်





တစ်အိမ်တစ်ယောက် မှူနေရင်း ကြီးပြင်းလာရသူ။ ဘွဲ့ရ အလုပ်ပြီး စောင့်ရှောက်ထားသော အဒေါ်မိသားစုကို ပြန်လုပ်ကျွေးနေတာ်း ဖေဖေနဲ့တွေ့တာ။ ဒီတော့ ဖေဖေဟာ မရဝေခင်တို့အုပ်စုအတွက် တာကယ်ကို တန်ဖိုးရှိတဲ့ ရွှေအိုးကြီးကောက်ရသလိုပဲပေါ့။

“သမီးက မွေးနေ့ကိတ်ကို ဖယောင်းတိုင်ပြီး မမှုတ်ဘူးတဲ့။ စားနဲ့ဂါ လှီးမယ်တဲ့ ရဝေရဲ့။ ဒါနဲ့ သူ့ဟိုးဖို့စားလှလှလေးကို ကိုယ် ရအောင်ရှာဝယ်ထားရတာပေ့”

ဖေဖေက ကိတ်မုန့်လည်းလေးပေါ်မှာ ပါလာသည့်ကြိုးအဖြူလေး တပ်ထားသော စတီးရောင်လက်နေသည့် စားသုံ့လေးကိုယူပြီး မရဝေခင်ကို ပြောပြသည်။ သူက စုပုံ ဘဝအတွက် ဒီလောက်အရေးပါလို့လား ဖေဖေရယ်။ အသေးစိတ်ကအခု ပြောနေဖို့ မလိုပါဘူး။ စုပုံ မျက်နှာမပျက်မိအောင် သတိထားနေရသည်။

စင်ပေါ်မှ ဒရုမ်တီးနေတဲ့ အော်သပြေကတော့ မွေးနေ့ရှင်မိန်းကလေးရဲ့ မျက်နှာအမူအရာ အပြောင်းအလဲတွေကို အကဲခတ်ရင်း တစ်စုံတစ်ခုကို ရိပ်မိသလိုလို ဖြစ်လာသည်။ သာ မြင်လို့ပဲသိဟာ ကောင်မလေးရဲ့အဖေနဲ့အတူ ချောမောလှပလှသော မိန်းကလေးတစ်ယောက်ကို လက်တွဲရက်သား တွေ့လိုက်ရတဲ့ခါ ကိုယ်နဲ့နိုင် မပြောတာကို သတိရသွားရျပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးမြတ်နိုးက သူဌေးမုဆိုးဖို၊ တစ်ဦးတည်းသော သမီး၏
အဖေပေါ့ကွာ"

ဟု အသိပေးထားခဲ့လေရာ စုပုံမြတ်နိုးရဲ့အဖေ
တယုတယ လက်တွဲလာသူမှာ ဘယ်လိုမှ အမျိုးမတော်နိုင်
တစ်ယောက်နဲ့တစ်ယောက် ကြည့်ပုံ ရှုပုံကို ကြည့်ရတာနဲ့တင်
တစ်မျိုးတော့ ပတ်သက်နေကြပုံမှန်း ဘေးလူပင် သိနိုင်ပါသည်
အဲဒီမိန်းကလေးနဲ့ သူ့အဖေ တွဲလာတာလည်းမြင်ရော စုန
မွေးနေ့ပွဲမှာ ရောင်စုံလိပ်ပြာလှလှလေးလို ကူးချည်သန်းချ
ညှို့ခံနေခဲ့တဲ့ စုပုံရဲ့မျက်နှာဟာ ချက်ချင်းမည်းပုပ်သွားတာ
အောင်သပြေ မြင်ပါသည်။ ဘာကြောင့်လဲဆိုတော့ အောင်သပြေ
ကား စုပုံကို ငေးရင်း ငေးရင်း ရင်ခုန်သံနဲ့အတူ သူ့ရဲ့ဒရမ်စည်
ချက်တွေကို တီးနေခဲ့မိလို့ပါ။

မွေးနေ့ကိတ်ကို တစ်ချက် လှီးချလိုက်သောအခါ
ကျွန်တော်တို့ဝိုင်းလည်း အချိန်ကိုက်ပင် "Happy Birthday To
You"သီချင်းကိုတီး၊ အဲန်ဒီက ဆိုပေးလိုက်လေရာ ဧည့်သည်တွေ
ကပါ သံပြိုင်လိုက်ဆိုသံတွေဖြင့် မြိုင်သွားပါသည်။

ကိတ်မုန့်တစ်တုံးလှီးပြီး ပန်းကန်ပြားလေးထဲထည့်
ဇွန်းအသေးလေးတပ်ပြီးလျှင် ထိုပန်းကန်ကို စုပုံက ယူပါသည်
ကျန်တဲ့ကိတ်မုန့်တွေ ဆက်လှီးဖို့ကိုတော့ ဝန်ထမ်းတွေက ဆက်





လုပ်ကြသဖြင့် စုပုံ လုပ်စရာမလိုပါ။ စုပုံသည် ဖေဖေ့ကို ကိတ်
မုန့်တစ်ဇွန်း ခွံ့လိုက်သည်။

"ပျော်ရဲ့လား သမီး"

"မဆိုးပါဘူး"

"ဟောဗျာ ... ဘာလို့မဆိုးပါဘူး ဖြေရတာလဲ။ ပျော်ရင်
လည်း ပျော်တယ်ပေါ့"

"ပျော်တာက 100 % မဖြစ်သေးဘူး"

"ဘာလို့မပျော်လဲ သမီးရယ်၊ သမီးပဲ လုပ်ချင်တယ်ဆိုလို့
မွေးနေ့ပွဲ ကြီးကြီးကျယ်ကျယ်လည်း လုပ်ပေးတယ်လေ။
နောက်ပြီး ခြံထဲမှာ သီချင်းဖွင့်ရင် ရရက်နဲ့ ဆူညံအောင်
တီးတဲ့ တီးဝိုင်းကြီး ထည့်တာလည်း ဖေဖေ ခွင့်ပြုတာပဲ
လေ။ သမီးဖိတ်ထားတဲ့ သူငယ်ချင်းတွေလည်း အကုန်လာ
တာပဲ၊ ဘာမပျော်စရာရှိလဲ"

စုပုံ ဆက်မပြောတော့ဘဲ စတိတ်စင်လေးပေါ် မော့
ကြည့်လိုက်ပြီး ...

"တီးဝိုင်းကလူတွေ ဘာမှလဲ မစားကြဘူး။ ကိတ်မုန့်ပန်း
ကန်လေးတွေ ပို့ပေးကြပါဦး။ ဪ ... ဖေဖေ၊ ဖေဖေ့ကို
ပြောရဦးမယ်။ အဲဒီတီးဝိုင်းက ဒရမ်မာကောင်လေးက
သိပ်တော်တာ ဖေဖေရဲ့။ သီချင်းတွေ ကိုယ်တိုင်ရေးတာ



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့။ စုပုံ တီးဝိုင်းကိုကြိုက်လွန်းလို့ ငှားတာတော့
ဟုတ်ဘူး။ ဒရမ်မာလေး တော်မှန်းသိလို့ တမင်ငှားလိုက်
တာ သိလား။ သူ ရေးထားတဲ့သီချင်းကို အဆိုတော်ကော
လေးဆိုတာ ထပ်ကြားချင်လို့ စုပုံငှားတာ”

ဟု တမင်ပဲ ဖေဖေ နားငြီးပါသည်ဟု ဝေဖန်သော
တီးဝိုင်းအကြောင်းတွေ တောက်လျှောက်ပြောသလို အောင်သပြေ
အကြောင်းကိုပါ ထည့်ပြောပြလိုက်သည်။

ဖေဖေက စုပုံ ညွှန်းလှသဖြင့် အောင်သပြေ
သေသေချာချာလေး စိုက်ကြည့်လေသည်။ လက်တိုတီရှပ်ကိုဝတ်
ထားပေမဲ့ အောင်သပြေဟာ ခုတော့ အိုက်နေလို့ ထင်ပါသည်။
လက်တိုကို ပခုံးပေါ်ဆွဲတင်ထားပါသည်။ ပခုံးပေါ်ဆွဲတင်လိုက်
တော့ သူ့ညာလက်မောင်းမှာ ထင်ထင်ရှားရှား တွေ့ရသော
ဆေးမင်ကြောင်ကတော့ ခပ်သေးသေး မဟုတ်တာမို့ ဖေဖေလှမ်း
ကြည့်လျှင် မြင်နိုင်သည်။ ဆေးမင်ကြောင်ထိုးထားသော ဘဝအ
အနေ၊ မဇ်ရရာသည့် ဂီတသမားကို ဖေဖေ ဘယ်လိုမှ နှစ်မြို့မှာ
တော့မဟုတ်။ စုပုံ ပိုပိုသာသာ အရောဝင်ပြလျှင် ဖေဖေ့အသည်း
ကို ဆူးစူးခံရသလို နာကျင်စေမလား မသိ။

“တီးဝိုင်းခဏနားတုန်း ကိတ်မုန့်စားရအောင် စုပုံ သွား
ပေးလိုက်ဦးမယ် ဖေဖေ”





“သမီး နေပါ၊ ဖေဖေ့လူတွေ ခိုင်းထားတာ အများကြီးပဲ
လေ။ သူတို့ကို ခိုင်းလိုက်ပေါ့၊ သမီးက ဘာဖြစ်လို့ ကိုယ်
တိုင်သွားပေးရမှာလဲ”

“စုပုံ မွေးနေ့မှာ ကောင်းကောင်းဖျော်ဖြေပေးတာကို ကျေးဇူး
တင်စကား ပြောမလို့ပါ”

“စုပုံ ... သမီး”

ဖေဖေက ဆက်ပြောလိုဟန် စကားဆက်ပေမဲ့ စုပုံ
ား အပွင့်အရောင်စုံလှသည့် Maxi Dress ဟုခေါ်သော အကျီ
ည်ရှည် ဖားဖားလေးကိုမ,ကာ မ,ကာ စတိတ်စင်လေး၏ နှစ်
ဆင့်မျှရှိသော လှေကားတွေပေါ် တက်သွားနေပြီဖြစ်သည်။ စုပုံ
ကိုယ်တိုင် ကိတ်မုန့်ပန်းကန်လေးတစ်ချပ် ကိုင်ပြီး တက်သွားတော့
ဆဖေ့လူတွေလည်း နောက်ကနေ မုန့်ထည့်သောပန်းကန်တွေကိုင်
ပြီး အပြေးအလွှား ပါလာကြတော့သည်။

စုပုံသည် အောင်သပြေ့ဆီပဲ တန်းသွားပြီး မုန့်ပန်း
ကန်လေး ကမ်းပေးလျှင် ရေသန့်ဘူးကို မော့သောက်နေသော
အောင်သပြေ တစ်ယောက် အယောင်ယောင် အမှားမှား ထရပ်
လသည်။

“ကိတ်မုန့်စားပါဦး”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရပါတယ် ခင်ဗျာ၊ ကျွန်တော် မဆာလို့ပါ မစားသေးပါဘူး"

"ညနေစာ ကျွေးတော့လည်း မစားကြဘူး"

"ဆိုင်မှာ စားလာကြလို့ပါ၊ ကိုသန်းနိုင် ကျွေးလိုက် ပါ"

"အဲဒီညနေစာ စားတာဖြင့် ကြာလှပြီ။ ဒီလောက်ချွေး နစ်နေအောင် တီးထားရတာ မဆာတော့ဘူးလား"

အောင်သပြေ တစ်ယောက် မွှေးပွမျက်နှာသု လက်ကိုင်ပဝါဖြင့် ချွေးသုတ်နေတာပါမြင်တော့ စုပုံ အဲဒါပါထ ပြောလိုက်ရင်း သူ့လက်မောင်းက ဆေးမင်ကြောင်ကို ကြည့် သည်။ အရောင်စုံပြီး ကွဲနေသော ဆေးမင်ကြောင်မှာ သိမ်းငှ ကြီးတစ်ကောင်ပုံမှန်း ခုမှသိသည်။ မျက်လုံးကြီးတွေ နီရဲစူးရှ ပြီး နှုတ်သီးချွန်ချွန်ကြီးပါသော သိမ်းငှက်ကြီးမှာ ထပျံတော့ ယောင် အတောင်ပံကို ကားဖြန့်ထားသည်။ လက်ရာတော်ဘေ မြောက်လှသဖြင့် အရုပ်က ကွဲနေသည်။

စုပုံ သူ့ဆေးမင်ကြောင်ကို သေသေချာချာ ကြည့် နေမှန်းသိတော့ အောင်သပြေလည်း သတိထားမိသွားသည်။ သူ လက်မောင်း သူငုံ့ကြည့်ရင်း ...

"သိမ်းငှက်ပုံလေ"





ဟု အဆက်အစပ်မရှိ စပြောပေမဲ့ စုပုံလည်း သူ …ပြောမှန်း သိသလို သူကလည်း စုပုံ ဘာသိချင်သလဲဆိုတာ …လိုက်ဟန်မျိုး ဖြစ်နေသည်။

"လှတယ်နော်"

"အဲဒါ ထိုးပြီးတော့ အဖေ မြင်မှာစိုးလို့ ကြောက်လိုက်ရတာ။ မြင်သွားတဲ့တစ်နေ့ ပြဿနာ အကြီးအကျယ်တက်လိုက်တာဗျာ"

"ဘယ်မှာထိုးတာလဲ"

"သူငယ်ချင်းတစ်ယောက်ရဲ့အစ်ကို ပန်းချီဆရာ ထိုးပေးတာလေ။ သူက Tattoo လည်း ထိုးတတ်တယ်။ စည်းကမ်းလည်း ရှိတယ်ဗျ။ ထိုးတဲ့အပ်ကို မျှမသုံးဘူး။ ထိုးချင်ရင် ကိုယ့်အပ်ကိုယ်ဝယ်ပြီးလာခဲ့၊ ထိုးပေးမယ်ဆိုလို့ စိတ်ချရတာနဲ့ ထိုးလိုက်တာ"

"စုပုံလည်း ထိုးချင်တယ်"

"ဟာဗျာ ... မလုပ်ပါနဲ့၊ မိန်းကလေးတွေ ထိုးလေ့မရှိကြပါဘူး"

"ဟောလိဝုဒ်မှာတော့ မင်းသမီးတွေ ထိုးကြတာတွေ့တယ်။ အဆိုတော်တွေလည်း ထိုးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ခွင့်ပြုရင်တော့ ထိုးပေါ့"

"အောင်သပြေ့သဘောကရော"

"ခင်ဗျာ"

ကျွန်တော်သည် တွေ့တာမှ မကြာသေး။ ချစ်ချင်းတရင်းကနှီး ရှိလှသော ကောင်မလေးကို နားလည်ရခက်နေမိသည်။ သူဌေးသမီး လူကုံထံအသိုင်းအဝိုင်းရဲ့ နှင်းဆီနိုင်ကလေးတစ်ခိုင်ဟာ ကျွန်တော်တို့လို ပါမွှား အညတရကို ဘာကြောင့် အရေးပေးရသနည်း။

"အောင်သပြေ့ အမြင်ကို မေးတာပါ။ အောင်သပြေက ပြောတယ်လေ၊ မိန်းကလေးဆိုတော့ Tattoo ထိုးရင် မကောင်းဘူး ပြောသလားလို့"

"ကောင်းတယ် မကောင်းဘူးတော့ သိပ်မပြောတတ်ပါဘူး၊ ဒါပေမဲ့ အရေပြားပေါ်မှာ ထိုးပြီးရင် ဖျက်မရတော့ဘူးလေ၊ နောင်တစ်ချိန်ကျ ဖျက်ချင်လာရင် နောင်တရနေမှာစိုးလို့ပါ"

"အစုခေတ်မှာ လေဆာနဲ့ ပြန်ဖျက်တာရှိတယ်လေ"

"ဟုတ်လား၊ ကျွန်တော် မကြားဖူးဘူး"

"ဒီမှာတော့ လုပ်နိုင်၊ မလုပ်နိုင် မသိဘူးလေ၊ နိုင်ငံခြားမှာတော့ လုပ်လို့ရတယ်"



ကျွန်တော့်နား လာရပ်ပြီး စကားတွေ အများကြီးပြောနေသော ကောင်မလေးကို ကျွန်တော်တို့ တစ်ဖွဲ့လုံးကလည်း ကွက်ကြည့် ကွက်ကြည့် ဖြစ်ကုန်ကြပြီ။ ထို့အတူ စင်အောက်ကြည့်တည့်မှာ လာရပ်စောင့်နေသော ကောင်မလေးရဲ့အဖေ သူဌေးကြီးကလည်း လက်ပိုက်ကြည့်ရင်း ကျွန်တော့်ကို ရူးရူးစိုက်စိုက်ကြဲခတ်နေတာကိုလည်း တွေ့နေရလေပြီ။

"ဒါဆို နောက်နေ့ကျ စုပုံ အောင်သပြေ့ကို ဆက်သွယ်ပြီး Tattoo သွားထိုးဖို့ တိုင်ပင်ချင်တယ်၊ ရမလား"

"ရပါတယ်"

"အောင်သပြေ့ကို ဘယ်လိုဆက်သွယ်ရမလဲ"

"ကျွန်တော် မဟာဗန္ဓုလပန်းခြံလမ်းမှာ ဖွင့်ထားတဲ့ ရိုးရွမ်းမှာ အလုပ်လုပ်တယ်၊ အဲဒီကို ဖုန်းဆက်ရင် ရတယ်။ အရောင်းဝန်ထမ်း အောင်သပြေလို့ မေးလိုက်ရင်ရပါတယ်"

"ရိုးရွမ်းပဲ ပြောတာ၊ ဘယ်ရိုးရွမ်းလဲတော့ နာမည်တပ်မပြောဘူးနော်"

"ဪ ... ကုမ္ပဏီရိုးရွမ်း နာမည်က(......)ပါ၊ စုပုံ သိမှာပါ"

"သိတယ် ... သိတယ်၊ အီလက်ထရောနစ်ပစ္စည်းတွေ ရောင်းတာလေ"

"ဖုန်းနံပါတ် ပြောရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ပြော ... ပြော ... စုပုံ ခုချက်ချင်း မိမိုရီထဲ ထည့်ထား လိုက်မယ်"

ဟု ပြောပြီး စုပုံ တစ်ယောက် ဖုန်းပြားပြားလေးကို ဖတ်ခနဲ ဖွင့်လိုက်ပြီး မိမိုရီထဲထည့်ဖို့ ခလုတ်တွေ တီတီတီနဲ့ နှိပ်တော့သည်။ ကျွန်တော် ရွတ်ပြလိုက်သော နံပါတ်ကို ထည့်သွင်းမှတ်ထားသော စုပုံရဲ့စိတ်ထဲမှာ ကျွန်တော်နဲ့ပတ်သက်ပြီး ဘာတွေရှိနေမှန်းတော့ မသိပါ။ ကျွန်တော်ကား အဲ ... ကျွန်တော်သည်ကား လေထဲမှာ မျောနေသလိုလိုမျိုး ခံစားရလိုက်၊ မြင့်မားသော တောင်ပေါ်မှ ပြုတ်ကျလာသလိုလို ခံစားရခြင်း၊ ရင်ထဲမှာ အပူနဲ့အအေး ရောနေသော စီးကြောင်းတစ်ခု ဖြတ်စီးလာသလိုလို ခံစားလိုက်ရခြင်း စသဖြင့်သော ခံစားချက်ပေါင်းစုံတွေနဲ့ တစ်ချိန်လုံး နပ်န်းလုံးနေခဲ့ရတာဖြစ်သည်။

"ကိတ်မုန့်စားလိုက်နော်"

"ဟုတ် ... စားပါမယ်"

"ခုချက်ချင်း စားပြ"

ကျွန်တော် သူ့အလိုကျ တစ်ဇွန်းခပ်စားပြမိသည်။ ရွှန်းလက်တောက်ပသော မျက်လုံးအစုံက ကျွန်တော့်ကို တော်တော်ကြီး ညှို့ငင်ဖမ်းစားနိုင်ခဲ့လေသည်။ ကျွန်တော် သူ့အလိုကျ သူခိုင်းသမျှ လုပ်ပေးချင်နေမိခဲ့သည်။





"သီချင်းတွေ အများကြီး တီးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ ဒါ ကျွန်တော်တို့ အလုပ်ပါ"

"ဩော် ... အလုပ်သဘောအရ တီးပေးတာလား၊ ဒီပွဲမှာ လာတီးရတာ စိတ်မပါဘူးလားဟင်"

"ဟာ ... အဲဒီလိုလည်း မဟုတ်ပါဘူး၊ အဟဲ ... ဘယ်လို ပြောရမှန်း မသိဘူး၊ ကျွန်တော်က စကားသိပ်မပြောတတ်ဘူးဗျ၊ ကျွန်တော် ပြောတာ အဓိပ္ပာယ်တစ်မျိုး ဖြစ်နေရင် ခွင့်လွှတ်ပါ"

စုပုံသည် ဒီလောက်အကြာကြီး စကားပြောပြီးရင် အောက်ပြန်ဆင်းဖို့ သင့်ပြီမှန်း တွေးမိပေမဲ့ ဖေဖေ့မျက်နှာကြီး မှုန်ကုပ်လာလေလေ စုပုံ ဒီပေါ်က မဆင်း၊ အောင်သပြေနှားက ချောပြလေလေ လုပ်ချင်လာသည်။

အခုနောက်ပိုင်း မရဝေခင် ပြောသမျှ နားထောင်၊ မရဝေခင် စိတ်တိုင်းကျ နေထိုင်တတ်မှန်း သိနေတဲ့အတွက် အခု ဆေဖေ့ကို မရဝေခင် ဘေးကနေ တိုးတိုးလေး ဖျောင်းဖျပြောဆို ချော့မော့ပြီး ပြန်ခေါ်နေတာတောင် မလိုက်ဘဲ စုပုံတို့ကို မျက်ခြည် မပြတ် ကြည့်နေဆဲမို့ စုပုံ လုပ်တာ အောင်မြင်တယ်ဆိုပြီး ပိုကျေနပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပွဲသိမ်းသီချင်း တီးတော့မယ်နော်၊ မစုပုံမြတ်နိုး ဘာသီချင်း ဆိုစေချင်သေးလဲ၊ request လုပ်ချင်ရင် လုပ်လို့ရပါတယ်"

"ဟီ ဟီ ... စုပုံက မိန်းကလေးသီချင်း တောင်းရင် ကိုအဲန်ဒီ ဘယ်လိုလုပ်ဆိုမလဲနော်"

"ဘယ်သူ့သီချင်းလဲ၊ တချို့မိန်းကလေးသီချင်းတွေလည်း ပြန်ဆိုရင် ဆိုလို့ရပါတယ်"

"Fergie ရဲ့ Big Girl Don't Cry လေ၊ ဘယ်လိုလုပ်ဆိုမလဲ ... ကဲ"

စုပုံ ပြုံးစစလေးနဲ့ တမင်အိစီကလီ ဟန်များကာ စကားပြောမကုန် လုပ်ပြနေလျှင် ဖေဖေ ကြည့်မရတော့ဟန်ဖြင့် သူ့တပည့်တစ်ယောက် လှမ်းခေါ်ပြီး တစ်စုံတစ်ခု ပြောလိုက်တာ တွေ့ရသည်။ ပြောပြီးပြီးချင်း ထိုသူ စင်ပေါ်တက်လာ စုပုံအနား ရောက်လျှင် ...

"မစုပုံ ... ဆရာဦးမြတ်နိုးက ပြောပါတယ်၊ မစုပုံ ဧည့်သည်တွေလည်း စပြီးပြန်ကုန်ကြပြီတဲ့။ အဲဒါ နှုတ်ဆက်စကားပြောဖို့ လာခဲ့ပါတဲ့"

ဟူသော အကြောင်းပြချက်ကောင်းဖြင့် စုပုံကို စင်အောက်ပြန်ခေါ်တော့တာ ဖြစ်သည်။ စုပုံသည် ဣန္ဒြေမပျက်လေး ဖေဖေ့ရှေ့ ပြန်ရောက်လာခဲ့ပေမဲ့ စုပုံ မျက်နှာမှာ ကျေနပ်ခြင်း အရိပ်အယောင်တွေ ပေါ်လွင်နေခဲ့မှာ သေချာသည်။





"ဘယ်က ကောင်လေးလဲ"

ဖေဖေ့နားရောက်ရောက်ချင်း ထိုအသံ ကြားရသည်။

"ရှင် ... ဘာလဲ ဖေဖေ"

ဖေဖေ ဘယ်သူ့ကိုမေးမှန်း စုပုံ ရိပ်မိပေမဲ့ တမင်ပဲ သိချင်ဟန်ဆောင်လိုက်ပါသည်။

"ဒရမ်မာကောင်လေးကို ပြောတာ"

"ဒီအဖွဲ့ထဲကပဲလေ၊ သူက သီချင်းရေးတယ်လို့ ဖေဖေ့ကို ပြောထားပါတယ်"

"အရင်က သမီး သီချင်းကို နားထောင်ရုံကလွဲရင် သီချင်းရေးတာကို ဒီလောက်ကြီး တအံ့တသြ ချီးကျူးမနေတတ်ပါဘူး"

"စုပုံ သူ့ကိုတော့ ချီးကျူးတယ်၊ သူက တော်တယ်"

"ဘာတွေ တော်လို့လဲ"

"သီချင်းရေးတတ်နေတာ"

"သူ သီချင်းတစ်ပုဒ်ရေးခ ဘယ်လောက်ရလို့လဲ"

ဖေဖေဟာ သူ့ထုံးစံအတိုင်း ငွေကြေးနဲ့ ပိုင်းဖြတ်တိုင်းတာလိုဟန်ဖြင့် မေးပါသည်။ စုပုံကလည်း ဒါကိုပဲ စောင့်နေတာဖြစ်သည်။ ဝင်ငွေမယ်မယ်ရရ မရှိတဲ့ အကြောင်းကိုသာ သတင်းလုပ် ပြောချင်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ခုထိတော့ မရောင်းရသေးဘူး၊ အခု သီချင်းဆိုနေတဲ့ သူတို့အဖွဲ့ထဲက ကိုအဲန်ဒီ ဆိုဖို့ အပျော်ရေးတဲ့သဘော ပေါ့ ဖေဖေရဲ့။ ဘယ်အရာမဆို ငွေနဲ့တန်ဖိုးဖြတ်လို့ မရ ပါဘူး။ ကိုယ် ဝါသနာပါတဲ့အလုပ် လုပ်ရလို့ စိတ်ချမ်းသာ နေရရင် အဲဒါဟာ ငွေနဲ့ဘယ်လိုမှ လဲလှယ်လို့ မရပါဘူး"

ဖေဖေက မဲ့ပြုံးပြုံးပြီး လှည့်မထွက်ခင်မှာ တစ်ခွန်း တော့ ပြောခဲ့သည်။

"ဒါ ပိုက်ဆံမရတဲ့ ဂီတသမားတွေရဲ့ ဒဿနပါ"

သို့သော် စုပုံကတော့ ဖေဖေ့ရင်ထဲကို မြင်နေရသဖြင့် ကျေနပ်ပျော်ရွှင်နေခဲ့တာ ဘယ်သူမှ မသိချေ။

✧ ❤ ✧





## ၁

နောက်တစ်နေ့မနက်ကျ အဖေနဲ့အတူ ကျွန်တော် အလုပ်ကို ထွက်လာခဲ့လျှင် စိတ်ထဲမှာ မျှော်လင့်ချက်တစ်ခုနဲ့မို့ အလုပ်ကိုပင် မြန်မြန်ရောက်ချင်နေခဲ့သည်။ မနက်ကတည်းက ရေမိုးချိုး၊ အလုပ်ဝတ်စုံဖြစ်သော ကမ္ဘာကြီးတံဆိပ်ပါ ရှပ်လက်တို အဖြူ၊ စတိုင်ပန်အနက်၊ ရှူး(စ)အနက်။ ပြီးတာနဲ့ နာရီတကြည့်ကြည့် ဖြစ်နေမိသည်။

"စောပါသေးတယ် ငါ့သားရဲ့၊ ဒီနေ့မှ ထူးထူးဆန်းဆန်း အလုပ်ကို စောစောရောက်ချင်နေပါလားကွဟ။ ဘာဖြစ်လို့လဲ"

"အဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင့်သားတော့ တစ်ယောက်ယောက်နဲ့ ချိန်းထားတယ် ထင်တယ်။ ဟောကောင် ... ဒါပဲနော်၊ အလုပ်ချိန်မှာ မန်နေဂျာကို ခွင့်တောင်းပြီးထွက်တာ မလုပ်နဲ့၊ မင်းခဏ ခဏ ထွက်လွန်းတော့ ငါပဲ မင်းအပြောမခံရအောင် ဖုန်းလှူဖား ဒီလှူဖားနဲ့"

အဖေကတော့ ဘာမှမသိဘဲ သူငယ်ချင်းတွေနှင့် ချိန်းထား၍ လာခေါ်ရင် ပါသွားမှာ စိုးရိမ်ပြီး အမေ့ကို တိုင်တည်ကာပြောနေပါသည်။ မနက်ပိုင်းဆိုရင်တော့ အမေလည်း အိပ်ရာထဲမှ ကြိုးစားတွဲထလာကာ မိသားစုနှင့်အတူ ကော်ဖီလာသောက်ပါသည်။ ဆယ်တန်းဖြေရမည်ဖြစ်သော ညီမလေး မြစံပယ်ကတော့ မနက်အစောကြီးထ, စာကျက်သဖြင့် မနက်စာမုန့် ကော်ဖီတော့ သူကစားပြီးနေပြီဖြစ်ရာ ဝင်မစားပါ။ ကျွန်တော်တို့သားအမိသားအဖ သုံးယောက်သာ ထိုင်စားသောက် စကားပြောဖြစ်ကြတာများသည်။

"သား ပြောပြီးပါပြီ၊ သူ့ဆီ ကောင်မလေးတစ်ယောက်က ဖုန်းဆက်လာမယ် ပြောလို့တဲ့"

ကျွန်တော် ညကပြန်ရောက်တော့ အမေ မအိပ်သေး၍ စကားသွားပြောနေမိပြီး ဒီညတီးခဲ့ရသော ပါတီပွဲရဲ့ အတွေ့အကြုံတွေပြောရင်း စုပုံမြတ်နိုး ဆိုတဲ့ ကောင်မလေးတစ်ယောက်အကြောင်း ကျွန်တော် ထည့်ပြောခဲ့မိသည်။ အမေကတောင် ကျွန်တော့်စကားကို သတိထားမိပြီး ...





"သား အသက်နှစ်ဆယ့်လေးနှစ်ထဲ ရောက်နေပြီ၊ ဒီတစ်ခါပဲ ကောင်မလေးတစ်ယောက်အကြောင်း သေသေချာချာ အသေးစိတ်ဖွဲ့နွဲ့ပြီး ပြောတာကြားဖူးတော့တယ်။ သားသူလေးကို သဘောကျနေပြီထင်တယ်"

ဟူ၍ မှတ်ချက်ချခဲ့သည်။ ခုမနက်ကျတော့ အမေက ဒီနေ့ စုပုံ ဖုန်းဆက်ချင်ရင် ဖုန်းဆက်လာလိမ့်မယ်ဆိုတာကို မှတ်မိပြီး ပြန်ပြောလေသည်။

အမေ့ကို အိပ်ရာထဲ ပြန်တွဲပို့ပေးပြီးလျှင် အဖေလည်း ကားသော့ကောက်ကိုင်နေပြီမို့ ကျွန်တော်လည်း ထမင်းချိုင့်ဆွဲပြီး ပခုံးလွယ်သားရေအိတ်ရှည်ကို ကောက်လွယ်လိုက်သည်။

ထမင်းချိုင့်ကတော့ အရွယ်အလတ်စား စတီးလေးဆင့်ချိုင့်မှာ ထမင်းက အဖေတစ်ချိုင့်၊ ကျွန်တော်တစ်ချိုင့်။ ဟင်းကတော့ ဒီနေ့ ကြက်ဥဆီပြန်မို့ တစ်ယောက်နှစ်ခြမ်းစီက တစ်ချိုင့်၊ ဂေါ်ဖီပန်းပွင့်ကြော်က တစ်ချိုင့်။

ကျွန်တော်တို့မိသားစုမှာ လူများများစားစားမရှိ၍ ဟင်းတော့ အခြေအနေမဆိုး။ လူမြင်ကောင်းအောင် ချက်စားနိုင်ပေမဲ့ မိသားစုမှာ ဝင်ငွေပိုလျှံနေတာတော့ မဟုတ်။ အမေ့ဆေးကုခရိတ်က ကြီးလှလေရာ အခုဆို အမေ့မှာရှိသော လက်ဝတ်လက်စားတွေ အကုန်ရောင်းပြီး ကုနေရသည်။ အဲဒီငွေကုန်လျှင် အခု



www.burmeseclassic.com

www.burmeseclassic.com



စီးနေသော အက်(စ)အီးဆလွန်း အစုတ်လေးကို ရောင်းပစ်ရမည်
ဟု အဖေက ပြောပါသည်။

"အိမ်ပိုင် ကားပိုင်နဲ့ နေနိုင်တယ်ဆိုတာက ငါတို့မိသ
ကြောင့်ပါပဲကွာ၊ သူတို့ အမြော်အမြင်ရှိရှိနဲ့ အိမ်ဝယ်
တော့ ငါတို့အလှည့်ကျ ဆက်ခံခွင့်ရပြီး ကန်ထရိုက်ဆော
ခိုင်းလိုက်တော့ ကိုယ်လည်းတစ်ခန်းရ၊ ငွေအလိုက်လေ
လည်း ရလိုက်တုန်း ဈေးသက်သာတဲ့ ကားလေးတစ်စီး
ဝယ်ထားလိုက်တာ တော်တော်မှန်သွားတယ်"

ဟု အရင် အမေလည်း ကျန်းမာစဉ် မိသားစုက
လေးဖြင့် အပြင်သွားတိုင်း ထိုသို့ပြောတက်သည်။

အမေ ကျန်းမာတုန်းကတော့ အမေက သွက်လည်
သွက်၊ စကားပြောလည်း လည်သဖြင့်၊ အိမ်ခြံမြေပွဲစား လုပ်
သည်။ အဖေကတော့ အခုလက်ရှိ လုပ်နေသော ကုမ္ပဏီမှာပင်
လုပ်ခဲ့ပါသည်။

အဖေ့လခနဲ့ အမေ့ဝင်ငွေယှဉ်လျှင် အမေကတော
ပိုရသဖြင့် မိသားစုမှာ ချောင်ချောင်လည်လည် နေခဲ့ရသည်။

အစ်မကြီးခင်နှင်းဆီရော၊ အစ်မလတ် ငွေသ
ရော၊ အိမ်ထောင်ကျပြီးတဲ့အထိ အမေ ကျန်းမာနေသေးတာပါ။
အခုလို ကင်ဆာရောဂါကြီး ဖြစ်လိုက်တာဟာ မိသားစုကို စိတ်





တ်တွေရော၊ စီးပွားရေး အခြေအနေတွေရော လုံးဝပြောင်းလဲ
ခဲ့သလို ဖြစ်သွားပါသည်။ အားလုံး ဘယ်လောက်ဟန်ဆောင်
နေ ပြုံးရယ်ပြနေနေ အမေဟာ တစ်နေ့ကျရင် သွားကိုသွား
တော့မှာဆိုတဲ့ အသိနဲ့ အားလုံးရင်ထဲမှာ ဝမ်းနည်းနေတာ။
မေ့ဝင်ငွေ မရှိတော့ဘဲ ဆေးကုသစရိတ်အတွက် ရောင်းသုံးလာ
တွေ အကုန်ကုန်သွားရင် ဘာကိုရောင်းကြမလဲ ဆိုတာပင်
ကဲလဲစဉ်းစားနေတော့တာ။

အင်း ... ဒီလိုအဆင်မပြေမှုတွေများပြီး ဘဝမှာ
မှ ရေရေရာရာလည်း မဖြစ်သေးတဲ့ ကျွန်တော့်လိုလူကို ဘာ
ကြောင့်များ တရင်းဟန်း အရောဝင်ချင်ရပါသလဲ။ စုပုံမြတ်နိုး
တဲ့ သူဌေးသမီးကလေးရယ်။

"သား"

"အင် ... ဟင် ... ခင်ဗျာ"

ကျွန်တော် အတွေးလွန်နေတုန်း အဖေခေါ်လိုက်
ဖြင့် ကျွန်တော် ကားမောင်းနေရာမှ အလန့်တကြား ယောင်
လိုအသံဖြင့် ထူးလိုက်မိသည်။ စီးတီးအက်(ဖ)အမ် ရေဒီယိုက
ည်း ဖွင့်ထားလေရာ အဲဒီမှာလွှင့်နေတဲ့ ဟဲလေးရဲ့ "ကြင်ရာ
တ်"သီချင်းစာသားလေးကို ကျွန်တော် သဘောတကျပဲ ...

"အိုဇာတာ ကောင်းဖို့တော့ ရွေးလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော စာသားအရောက်မှာ လိုက်တောင်ရွတ်မိတော့မလို ဖြစ်နေတုန်း အဖေ့ကြောင့် ဗီလင်နည်းနည်းအောက်ချင်သလိုလို ဖြစ်သွားပါသည်။ ဟုတ်တယ်လေ၊ စုပုံမြတ်နိုးလိုသူဌေးသမီးလေးကို ကျွန်တော် ဘာကြောင့် မရွေးရဲရမှာလဲ။ ချစ်သူလို ချစ်သလားဆိုတော့ ခုချိန်မှာ ချစ်နိုင်တယ်လို့ လွယ်လွယ်ပြောလို့ရနေသည်။ ရုပ်ချောပြီး လှပတဲ့ ချစ်စရာကောင်းမလေးကို အဘယ်ယောကျ်ားက မချစ်နိုင်စရာ ရှိမည်နည်း။ ပြီးတော့ ခုနသီချင်းစာသားလေးထဲကလိုပဲ အိုဇာတာကောင်းဖို့စဉ်းစားရွေးချယ်သင့်တဲ့ မိန်းကလေးဆိုတာလည်း ဦးနှောက်ကတောက်ခံပြောဆိုနေခဲ့လေသည်။ အချစ်မှာ ဆင်းရဲတာ ချမ်းသာတာ မဆိုင်ဘူးလို့ပြောကြပေမဲ့ ချစ်နေရုံနဲ့ ထမင်းစားဖို့ အလိုလိုဖြစ်လာမှာ မဟုတ်တာကိုတော့ ကျွန်တော်လည်း ခေတ်လူငယ်ပီပီ နားလည်သဘောပေါက်ထားပါသည်။ ချမ်းသာသော သူဌေးသမီးကို ရွေးချင်တာဟာ ကျွန်တော် ချူစားတာမဟုတ်။ ပိုင်းလုံးလုပ်တာမဟုတ်။ ကျွန်တော် တမင်တကာကို မရှာဖွေဘဲ ကျွန်တော့်ဆီ သူရောက်လာပြီး သူကအရင်စပြီး ရေလာမြောင်းပေး လုပ်ခဲ့တာမို့ ကျွန်တော် မလွန်ဘူးလို့ ထင်ပါသည်။

"ရည်းစားထားတော့မလို့လား"

"မဟုတ်ပါဘူး၊ မထားပါဘူး အဖေ"





"မင်းအမေ ပြောတော့ ကောင်မလေး ဖုန်းဆက်မယ်ဆိုတာရော"

"အခုမှ မိတ်ဆွေစဖြစ်တာပါ အဖေ"

"အေးပါ၊ ဘာပဲဖြစ်ဖြစ်ပါကွာ၊ အရွယ်ရောက်လာလို့ရည်းစားထားတာ အိမ်ထောင်ပြုချင်လာတာကို အပြစ်မပြောပါဘူး။ တားလည်းမတားချင်ပါဘူး၊ အဖေ တစ်ခုသတိပေးချင်တာက ယောကျ်ားနဲ့မိန်းမ မတူဘူးကွ။ အိမ်ထောင်တစ်ခု ထူထောင်ကြရင် ကိုယ့်အိမ်ထောင်ရဲ့ စားဝတ်နေရေးကို အဓိက ရင်ဆိုင်ဖြေရှင်းရတာ ယောကျ်ားလေးပဲကွ၊ ဒီတော့ ကိုယ်ချစ်တဲ့သူနဲ့ အတူနေမယ်၊ ဘဝတစ်ခုကိုစ, မယ်ဆိုရင် နေစရာအိမ်ကအစ ယောကျ်ားလေးကပဲ အဓိကဖြေရှင်းရမှာမို့ သား အစစအရာရာ ပြင်ဆင်ပြီးမှ ဆုံးဖြတ်ဖို့ သတိပေးထားချင်တာပါ"

ကျွန်တော် "ဟုတ်ကဲ့ပါ"ဆိုတာကလွဲရင် အဖေ့ကို
်လည်း ပိုမပြောဖြစ်ပါ။ ကျွန်တော်တွေ့တဲ့ ကောင်မလေးက
တဲ့ သူဌေးသမီး တစ်ဦးတည်းသောသမီးလေးပါ ဖေဖေ။
တော့်စိတ်ထဲမှာ မိန်းကလေးဘက်က ချမ်းသာလွန်းနေတဲ့
်ကျွန်တော် ဘာမှအားငယ်နေစရာ မလိုဘူးလို့လဲ ဆင်
ကျွန်တော်လည်း အစွမ်းအစရှိတဲ့ ယောကျ်ားတစ်ယောက်
သူဌေးသမီးကိုရလို့ သူ့ပိုက်ဆံတွေ ထိုင်သုံးပြီး နိမ်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမျိုးလည်း မဟုတ်ပါဘူး။ ဒီတော့ သူက သိပ်ချမ်းသာ ပြီး ကျွန်တော်တို့က မွဲလွန်းနေတာဟာ ဘာမှအားငယ်စရာမ ဘူးဟု ထင်ပါသည်။ သို့သော် မသေချာသေးတဲ့ စကားကို ဘယ် သူမှအသိမပေးတာ အကောင်းဆုံး ဖြစ်သဖြင့် အမေ့ကို ကောင် လေး ဘယ်သူ ဘယ်ဝါ ဆိုတာ မပြောသေးတာပါ။

အလုပ်ရောက်ပြီးတာနဲ့ ဒီနေ့ ကျွန်တော်တာဝန်ကျ တဲ့ ကောင်တာမှာ ဝင်နေရာယူရပါသည်။ ဒီနေ့ ကျွန်တော်က လျှပ်စစ်ထမင်းပေါင်းအိုး၊ ဟင်းပေါင်းအိုး၊ ပေါင်မုန့်မီးကင်စက် ဆင်း၁၀စ်(ရှ်)လုပ်တဲ့စက်၊ သစ်သီးဖျော်စက်၊ ကော်ဖီစက် စသဖြ သော မီးဖိုချောင်သုံး လျှပ်စစ်ပစ္စည်းများ ရောင်းရသည့်ကောင်တာ မှာ ဝင်ရပါမည်။

ဒီအလုပ်မှာက တစ်ပတ်တစ်ခါ ကောင်တာ ပြောင် ပြီး လုပ်ရသဖြင့် တနင်္ဂနွေတစ်ရက်ပိတ်ပြီး အခုလို တနင်္လာ အလုပ်စ,ဝင်တာနဲ့ ကောင်တာအသစ်မှာ စရသည်။ ခြောက်ရက်လုံ ဒီကောင်တာမှာ တာဝန်ကျပြီးလျှင် နောက်အပတ်ကျ နောက်ထပ် ကောင်တာတစ်ခု ဖြစ်သွားလေသည်။

အဖေကတော့ လုပ်သက်လည်း ကြာလှပြီဖြစ်သဖြ ဒီရှိုးရွမ်းမှာ အုပ်ချုပ်သူ supervisor အဆင့်ရှိသူမို့ ကောင်တာမှာ ရောင်းစရာမလိုပါ။ သူ့ရုံးခန်းထဲ ဝင်သွား၊ လုပ်စရာရှိတာလုပ် ပြီးလျှင် ကောင်တာတွေကို လိုက်စစ်ရပါသည်။





ဒီရှိုးရွမ်းက တရုတ်ပြည်ဖြစ်ပစ္စည်းများသာ ရောင်း ာဖြစ်ပြီး အခုမှ ဈေးကွက်ထဲ အသစ်ဝင်သော Brand တွေ ည်း ကြော်ငြာအားကောင်းကောင်းဖြင့် ရောင်းသည်ဖြစ်ရာ ိုင်စဖွင့်ပြီဆိုတာနဲ့ မကြာမီပင် ဝယ်သူ၊ ကြည့်သူတွေ စတင် ည်ကားလာပါသည်။ ကျွန်တော်တို့ရဲ့တာဝန်က ဝယ်သည်ဖြစ် စေ၊ မဝယ်သည်ဖြစ်စေ customer စိတ်တိုင်းကျ ထုတ်ပြပေး၊ င်းပြပေး၊ promotion တွေ ဘာတွေရှိလဲ ပြောပြပေးနှင့် တော် ာ် စကားပြောရသောအလုပ်ဖြစ်သည်။

"သားက စကားပြောရလို့ မကြိုက်ဘူး ဆိုပေမဲ့ အခုလော လောဆယ် ဒါလေးပဲ အတွေ့အကြုံရအောင် ဝင်လုပ်ထား လိုက်ပါကွာ။ စကားပြောရတယ်ဆိုပေမဲ့ မပင်ပန်းပါဘူး။ မင်းကွာ အဲယားကွန်းအပြည့်ပေးထားတဲ့ ရှိုးရွမ်းထဲမှာ မနက်ကိုးနာရီကနေ ညနေငါးနာရီခွဲထိ အလုပ်လုပ်ရတာ တန်ပါတယ်။ တချို့ တစ်လသုံးသောင်းရတာချင်းအတူတူ ဒီ့ထက်ပိုပင်ပန်းတာတွေ ရှိတယ်"

လို့ အဖေပဲ ဆုံးဖြတ်ပေးပြီး ကျွန်တော့် အဝေးသင် ီးပြီးချင်း အတင်းသွင်းပေးသဖြင့် ဝင်လုပ်ခဲ့ရတာ ဘာလိုလိုနဲ့ သုံးနှစ်ကျော်ပါပြီ။ ခုထိလည်း ဘာမှဖြစ်မလာသေး။ ရာထူးလည်း တက်။ ကျွန်တော် တခြားမှာ လျှောက်ရှာသော အလုပ်တွေက ည်း ဒီအလုပ်ထက်ပင် ပိုခိုင်းမဲ့ပုံရပြီး လစာတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



မတိမ်းမယိမ်းမို့ ကျွန်တော်လည်း ဒီမှာပဲ မြဲနေတဲ့သဘောဖြ
သည်။

တတ်ထားဖို့ လိုမယ်ထင်တာနဲ့ ကွန်ပျူတာသင်
တော့ တနင်္ဂနွေပိတ်ရက်တစ်ရက်မှာ ပုံမှန်တစ်ချိန် သွားသွား
နေခဲ့ရာ သင်တန်းမှာသင်သမျှ ဘာသာရပ်တွေပင် ကုန်သလော
နီးပါး သင်ထားပြီးပါပြီ။ သို့သော် ဒီလောက် လက်မှတ်
လေးနဲ့တော့ အခုခေတ်မှာ သူလို ကိုယ်လိုပဲ ဖြစ်နေတာမို့
မှာပဲလျှောက်လျှောက် သိပ်မျက်နှာပန်းမလှသေးပါ။

ကျွန်တော် သိပ်ပြီးချမ်းသာချင်တာ၊ ပိုက်ဆံသိ
ချင်လှတာတော့ မဟုတ်ပါ။ ဒါပေမဲ့ လှုငယ်ပီပီ အိမ်မှာ
ပိုင်သီးသန့်အခန်းလေးနဲ့ ဘာနဲ့ နေနိုင်တာမျိုးကိုတော့ တော
လှသည်။ ကိုယ့်အိပ်ခန်းလေးမှာ ကိုယ့်ကြိုက်တဲ့ အဆိုတော်
တီးဝိုင်းအဖွဲ့တွေရဲ့ ဝေါလ်ရှိုထ်တွေ ကပ်မည်။ ကြိုက်သလို
မှုန်းပြင်ဆင်မည်။ အဝတ်တွေ မလျှော်ချင်သေးရင်၊ မခေါက်
သေးရင် ခုတင်အောက်ထဲ လုံးထွေးထည့်ထားချင်သည်။ အဲ
လွတ်လပ်ခွင့်ကိုသာ လိုချင်တာပါ။

အခု ဒီတိုက်ခန်းကျဉ်းလေးထဲမှာတော့ အဖေနဲ့အ
က တစ်ခန်းဖွဲ့၊ နောက်ကျန်တဲ့ တစ်ခန်းကျ ညီမလေးကို
ထားရကာ ကျွန်တော်ကျတော့ ညကျ အိမ်ရှေ့ဧည့်ခန်းမှာ
ကုလားထိုင်တွေ ဆောဘက်ကပ်ရွှေ့ပြီး ကိုယ့်အိပ်ရာကိုယ်





ခင်းရသည်။ မနက်ကျ ခြင်ထောင်၊ စောင်နဲ့ မွေ့ရာလိပ်လေးကို
ပြန်သိမ်းရသည်။ အင်္ကျီအဝတ်အစားတွေလည်း ကိုယ့်ဘာသာ
လျှော်ချင်သေး၍ ပုံထားချင်လည်းမရ။ အိမ်မှာနေရာသိပ်မရှိ၍
တစ်နေ့ဝတ်တာ တစ်နေ့လျှော်၊ ခြောက်လျှင် ညီမလေးက ရုပ်
ပေးပေမဲ့ မီးပူတိုက်ဖို့ကျ သူလည်း သူ့ကျောင်းနဲ့ ကျူရှင်နဲ့စာ
ကျက်ရတာနဲ့ သိပ်မအားလပ်သဖြင့် ကျွန်တော်ပဲ ကိုယ့်အဝတ်
ကိုယ် မီးပူတိုက်၊ တစ်ခါတစ်ရံ အဖေ့အဝတ်ပါရောပြီး မီးပူတိုက်
ပေးရသည်။ ယောကျ်ားလေးပီပီ အဝတ်လျှော်ရတာ၊ မီးပူတိုက်
ရတာကို အတော်ပင် စိတ်မပါသော ကျွန်တော်သည် အလုပ်ယူနီ
ဖောင်းကလွဲရင် ကျန်တာတွေတော့ မီးပူတိုက်ခဲ့သည်။ ပုဆိုးလည်း
အိပ်ဝတ်လေ့မရှိသဖြင့် မီးပူတိုက်စရာ သိပ်မလို။ ဂျင်းနဲ့တီရှပ်
ဆိုတာ မီးပူမတိုက်လည်း ရပါသည်။ အလုပ်ဝတ်စုံကတော့ မီးပူ
တိုက်ရပါသည်။

အလုပ်တွင် ထမင်းစားချိန်မှာ နေ့လယ်ဆယ့်နှစ်
နာရီမှာ စပေမဲ့ အလှည့်ကျ Break ယူကာ ထမင်းစားခန်းထဲ
သွားစားရပြီး ထိုထမင်းသွားစားသူကြောင့် လွတ်သွားသောကောင်
တာကို အားနေသောသူက ခဏဝင် တာဝန်ယူပေးရသည်။
ကျွန်တော် ထမင်းစားရမည့်အလှည့်တွင် ထမင်းစုပြီးစားသော
အခန်းထဲ ဝင်လာတုန်းမှာ ...

"အောင်သပြေ ဖုန်းလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော မန်နေဂျာရုံးခန်းမှ လှမ်းခေါ်လိုက်သ
ကြောင့် ကျွန်တော့်ရင်တွေ လှိုက်ခုန်သွားသည်။ ကျွန်တော်မနေ
တည်းက အစောင့်ကြီးစောင့်နေခဲ့သော ဒီသတင်းလေးကို အ
ကြားရပြီတည်း။

အဖေက ကျွန်တော့်ကို ထမင်းစားမစောင့်တော့
စားနှင့်ရင်း ကျွန်တော် မန်နေဂျာရုံးခန်းဆီ ပြေးထွက်သွားတာ
လှမ်းကြည့်ပါသည်။ ကျွန်တော်သည် စားပွဲပေါ် မှောက်ချထာ
သော ဖုန်းအနီလက်ကိုင်လေးကို လှမ်းယူ နားထောင်လိုက်ပါသည်

"ဟဲလို ... အောင်သပြေ ပြောနေပါတယ် ခင်ဗျာ"

"ကိုအောင်သပြေလား ... စုပုံမြတ်နိုး ဆက်တာပါရှင်"

"သြော် ... မစုပုံမြတ်နိုး"

"စုပုံလို့ပဲ ခေါ်ပါလား၊ ရပါတယ်"

"ကျွန်တော့်အလုပ်ကို ဆက်ရတာ လွယ်ရဲ့လား"

"လွယ်ပါတယ်၊ ကိုအောင်သပြေကို စကားပြောချင်လို့
ရှင် ပြောလိုက်တာနဲ့ ချက်ချင်းရပါတယ်"

"ကျွန်တော့်နာမည်က ဒီမှာ နာမည်တူ မရှိဘူးလေ။ အေ
လိုက်ရင် သိကြတာများတယ်"

"ကိုအောင်သပြေဆီ ဆက်တဲ့ ကောင်မလေးတွေ အများ
ကြီးပဲလား"

"ခင်ဗျာ ... ဟာ၊ မဟုတ်ပါဘူး။ မရှိပါဘူး"





"ထမင်းစားပြီးပြီလား"

"အခုပဲ စားတော့မှာပါ"

"ဟယ် ... ဟုတ်လား၊ ဒါဆို ဆောရီးနော်။ စုပုံကြောင့်
ကိုအောင်သပြေ ထမင်းစား နောက်ကျသွားပြီ၊ စုပုံ မြန်
မြန်ပဲ ပြောပါ့မယ်"

"ရပါတယ်၊ ကျွန်တော် သိပ်မဆာသေးပါဘူး"

အောင်သပြေသည် စုပုံ အသံကို ထပ်ကြားခွင့်ရ
သော အဖြစ်အပျက်ကို အတော်ကြီး ကျေနပ်မက်မောလျက်
ကိုယ့်ကိုယ်ကိုယ်လည်း မြှောက်နေသည်။ ငါ့လိုကောင်ကို စိတ်ဝင်
စား ဆက်သွယ်လာတဲ့ သူဌေးသမီးအလှပဂေးလေး ရှိနေပြီလေ။

"စုပုံ Tattoo ထိုးမယ်နော်၊ အဲဒါ ဘယ်နေ့လောက်သွား
ရင် ရမလဲ၊ ဘယ်လိုအပ်မျိုး ဝယ်လာရမှာလဲ ကိုအောင်
သပြေ သိလား"

"အပ်ကတော့ ကျွန်တော် သိပါတယ်၊ စုပုံကို ပြောပြလိုက်
မယ်၊ မှတ်ထားလို့ရမလား"

"ဘယ်မှာရှာဝယ်ရလဲ၊ ဖြစ်နိုင်ရင် ကိုအောင်သပြေပဲ လိုက်
ဝယ်ပေးပါလား"

"ကျွန်တော် ဝယ်ထားပေးရမှာလား"

"ဟာ ... အဲဒါဆို အားနာဖို့ကောင်းပါတယ်၊ စုပုံက သိပ်
ခိုင်းရာကျနေမယ်၊ စုပုံ ကိုယ်တိုင်ပဲ လိုက်ဝယ်ပါ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်သပြေ အဖော်လိုက်ပြီး လိုက်ရှာဝယ်ပေးနိုင်
လို့ပါ"

အခုမှ သိကျွမ်းရင်းနှီးရတဲ့ သူစိမ်းယောက်ျားလေး
ကို ဈေးအတူသွားဖို့ ခေါ်ရဲသည့်အတွက် သူတော့ စုပုံကို အ
များသေးသွားမလားလို့ စုပုံ မတွေးကြည့်တော့ပါ။ စုပုံက ကို
လုပ်ချင်တာသာသိပြီး တခြားတစ်ဖက်က အတွေးကို လုံးဝထ
မစဉ်းစားသူသာ ဖြစ်လေသည်။ ဖေဖေ့ကို အရွဲ့တိုက်ချင်တာနဲ့
စုပုံဟာ အသားအနာခံပြီး ဆေးမင်ကြောင်တောင် ထိုးတော့
ဆုံးဖြတ်ရဲနေပြီပဲ။ ယောက်ျားလေးတစ်ယောက်ကို ချစ်လာ
မချစ်လား သေသေချာချာတောင် မစဉ်းစားဘဲ ကံစမ်းမဲထိုးသ
ရွေးချယ်ပြီး ရည်းစားထားဖို့လည်း ဆုံးဖြတ်ရဲနေပြီ ဖြစ်လေ
သည်။

"ဒီလိုလုပ်လေ ကျွန်တော် ဒီရက်ပိုင်းအတွင်း Tattoo ထိုး
ပေးတဲ့သူကို ဆက်သွယ်ပြီး ချိန်းပေးထားမယ်။ ကျွန်တော်
က တနင်္ဂနွေမှပဲ အလုပ်အားတာမို့ တနင်္ဂနွေနေ့ကိုချိန်း
လိုက်မယ်နော်၊ ဖြစ်လား"

"ရပါတယ်၊ စုပုံက ဘယ်နေ့မဆို ရတယ်၊ အမြဲအားပါ
တယ်"

"အဲဒီနေ့ကျမှ သူ့ဆီမသွားခင် အပ်ပါ တစ်ခါတည်း
အတူတူ သွားဝယ်မယ်၊ ဝယ်ပြီးမှ သွားကြတာပေါ့"





"ထိုးတာ ကြာလားဟင်"

"ဒါကတော့ ပုံပေါ်မှာ မူတည်တာပေါ့၊ ပုံသေးရင် နှစ်နာရီ
လောက်ပဲ ကြာတယ်"

"နာလား"

"နာတာပေါ့"

"ဟယ် ... ဒုက္ခပါပဲ"

"ကြောက်ရင် မထိုးပါနဲ့"

"စုပုံ သေးသေးလေးပဲ ထိုးမယ်လေ"

"စုပုံသဘောပါ"

"ကိုအောင်သပြေလိုပဲ လက်မောင်းမှာ ထိုးမှာ"

အောင်သပြေ့ရင်ထဲ Heart ထိသွားအောင် တမင်ပဲ
စုပုံက ပြောလိုက်တာဖြစ်သည်။ တကယ်တော့ ဖေဖေ မြင်သာ
အောင် ထိုးဖို့ဆိုတာက လက်မောင်းတွေ လက်ဖမိုးတွေမှာသာ
ထိုးရမှာမို့ တမင်ပဲ လက်မောင်းကို ရွေးလိုက်တာပါ။ လက်ဖမိုး
မှာကျ သိပ်ကြည့်မကောင်းဘူးလို့လည်း ထင်မိ၍ပင်။

"စကားပြောတာတောင် ကြာသွားပြီ၊ ကိုအောင်သပြေလည်း
ထမင်းစားရဦးမှာနော်။ စုပုံ ဘယ်တော့ ဖုန်းပြန်ဆက်ရမလဲ"

"ကျွန်တော်ပဲ ဆက်လိုက်မယ်လေ"

"စုပုံ ဖုန်းနံပါတ် သိလို့လား"

"ကိုသန်းနိုင်ဆီမှာတော့ အိမ်ဖုန်းနံပါတ်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... စုပုံက အိမ်မှာ ဘယ်တော့မှ ရှိတာမဟုတ်ဘူး။ အိမ်ဖုန်းဆက်ရင် ရမှာမဟုတ်ဘူး၊ မိုဘိုင်းလ်ဖုန်းကို ဆက်"

"ဒါဆို မှတ်ထားမှ ဖြစ်မယ်"

"မှတ်စရာရှိလား"

"ရှိပါတယ်"

ကျွန်တော့် ရုပ်အင်္ကျီရင်ဘတ်အိတ်မှာ ချိတ်ထားတဲ့ ဘော်လ်ပင်န်လေးနဲ့ ကျွန်တော့်လက်ဖဝါးမှာ စုပုံပြောတဲ့ ဖုန်းနံပါတ်လေးကို ရေးမှတ်လိုက်ပါသည်။

"ကိုအောင်သပြေကို ဆက်သွယ်ချင်ရင်တော့ အလုပ်က ဖုန်းကိုပဲ ဆက်ရမှာပေါ့နော်"

"ဟုတ်တယ်၊ ကျွန်တော့်ဆီမှာ အိမ်ဖုန်းလည်း မရှိဘူး၊ ဟန်းဖုန်းလည်း မရှိပါဘူးဗျာ၊ အလုပ်ကဖုန်းကို မဆက်ချင်ရင်လည်း PARADISE ကဖုန်းကို ဆက်ရင်ရပါတယ်၊ နေ့ခင်းဆို ဒီအလုပ်မှာရှိပြီး ညဆို PARADISE မှာရှိတယ်လေ"

"ဟုတ်ပါပြီ၊ စုပုံ သိပါပြီရှင်၊ ကိုအောင်သပြေကို စုပုံ ဘယ်မှာရှာရင် ရမလဲဆိုတာ အကုန်သိပါပြီ၊ ကဲ ... စုပုံ ဖုန်းချပါပြီနော်၊ ကိုအောင်သပြေလည်း ထမင်းစားနောက်ကျနေပြီ"





စုပုံ နှုတ်ဆက်ကာ ဖုန်းချသွားသောအခါ ကျွန်တော့် ရင်ထဲမှာကြီး ပြုံးဖြီးဖြီးဖြစ်လျက် အဖေ ထမင်းစားနေရာ အခန်းထဲသို့ ဝင်လာမိသည်။ အဖေက စားသောက်ပြီးနေပြီ။ အလုပ်ထားသော Water Cooler စက်ထဲမှ ရေကိုပင် ခလုတ်ဖွင့် သောက်နေပြီ။

"သူငယ်ချင်းတစ်ယောက် ဆက်တာပါ အဖေ"

အဖေက မမေးပေမဲ့ ကျွန်တော် မလုံမလဲဖြေတော့ အဖေ ခေါင်းအသာညိတ်ရင်း ...

"ထမင်းမြန်မြန်လေး စားလိုက် သား။ မင်း Break ယူတာ နည်းနည်းကြာနေပြီ"

ဟုသာ အလုပ်နဲ့ပတ်သက်တာပဲ ပြန်ပြောပြီး ထမင်းစားခန်းထဲမှ ထွက်သွားပါသည်။

ကျွန်တော်ကတော့ တနင်္ဂနွေနေ့ရောက်ဖို့ လက်ချိုးရေနေတော့မှာ သေချာပါသည်။ အခုမှပဲ နေ့စဉ်ဖြစ်ရိုးဖြစ်စဉ် သမားရိုးကျ ဘဝထဲမှာရှိနေတဲ့ အောင်သပြေဟာ အသက်ဝင်လာသလို ဖြစ်နေခဲ့ပါသည်။


✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com





## အပိုင်း(၂)



၆

"အား ... နာလိုက်တာ"

စုပုံသည် တစ်ချက် ခပ်တိုးတိုးယောင်၍ ညည်းညူ ိုက်သောအခါ အောင်သပြေက စိုးရိမ်တကြီး အနားလာထိုင် ာသည်။ ပထမဦးဆုံး တစ်ချက်စ,ပြီး ထိုးလိုက်တာနဲ့ တဆစ် စ်နာလှသော ခံစားချက်ကြောင့် စုပုံ နည်းနည်းရွံ့သွားပါသည်။ ်းချီဆရာက စုပုံ ညည်းညူမှုကြောင့် စုတ်ကိုဆက်မထိုးသေးပဲ ...

"ရလား"

ဟု စုပုံကို မမေး။ အနားပြေးလာထိုင်သော အောင် သပြေကို မေးလေသည်။ ပန်းချီဆရာရဲ့ အတွေးထဲမှာ ဘာရှိမလဲ။ ောင်သပြေ ကောင်မလေး ခေါ်လာတယ်ပေါ့။ ဒါပဲ တွေးမှာ။ ောင်မလေးက သူ့ရည်းစားကို အားကျပြီး လက်မောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆေးမင်ကြောင် လာထိုးတာမို့ အောင်သပြေကိုသာ သက်ဆိုင်
ဟု သဘောထားပြီး မေးပုံရပါသည်။

"စုပုံ ..., ရလားတဲ့၊ ထိုးမှာလား"

"ဟာ ... ရတယ် ... ရတယ်၊ စုပုံ ဖြစ်အောင်လုပ်
ဘာလို့ မရ,ရမှာလဲ၊ သပြေတောင်မှ ရသေးတာပဲ"

"ကျွန်တော်က ယောကျ်ားလေး"

"စုပုံက မိန်းကလေး ဘာဖြစ်လဲ။ မိန်းကလေးလည်း
အနာခံတာပါပဲ"

"ဒါဖြင့်လည်း ဆက်ထိုးပါ ဆရာ။ သူက ဒါကို သိပ်လု
ကြည့်ချင်နေတယ်"

"သပြေ အနားမှာပဲ ထိုင်နေနော်"

ကျွန်တော် ထသွားလို့မရဘဲ ဆက်ထိုင်နေတော့
ပန်းချီဆရာက သူ့မျက်မှန်ထူအောက်မှ မျက်လုံးများဖြင့် ကျွန်တော်
ကို အားကျသလို ကြည့်သည်။ ကျွန်တော်လည်း လူငယ်ယောကျ်ား
လေးတစ်ယောက်ပီပီ ဘဝင်မြင့်ဟန်ဖြင့် မျက်နှာကိုချီထားမိသည်
လား မသိ။

ဒီတနင်္ဂနွေ နေ့လယ်မှာ ပန်းချီဆရာထံသွားမည်ဟု
ဖုန်းဆက်ချိန်းတော့ စုပုံ၏ အလိုကျအတိုင်း အပ်ကိုလိုက်ဝယ်ပေး
ရမှာမို့ ရှော့ပင်းထွက်ဖို့ အရင်ချိန်းရသည်။





"မနက် ဆယ်နာရီလောက် စုပုံ လာခေါ်မယ်"

ဟု စုပုံက ရှော့ပင်းအတူတူသွားဖို့ လာခေါ်မည်
ချင် ကျွန်တော် သိပ်တော့လက်မခံချင်။ စုပုံကို ရှော့ပင်းမှာ
ကျွန်တော်က ချိန်းချင်တာ။ ဒီလို သူ့ကားနဲ့အကြိုအပို့လုပ်
ကျွန်တော် လက်မခံချင်မိပါ။

"ဘာလဲဟင် ... အိမ်မလာစေချင်လို့လား"

ကျွန်တော် ခဏတိတ်ဆိတ်သွားတော့ စုပုံ ချက်
းလာသည်။

"မဟုတ်ပါဘူး၊ မိန်းကလေးတစ်ယောက်က လာခေါ်ပေးရ၊
ပြန်ပို့ပေးရ ဖြစ်နေတော့ စုပုံကို အားနာမိလို့ပါ"

"စုပုံကသာ အားနာရမှာလေ။ ကိုအောင်သပြေက စုပုံ
လုပ်ချင်တာကို အလိုလိုက်ပြီး လိုက်ကူညီပေးရတာလေ၊
ဘယ်လိုလဲ စုပုံ ခေါ်ခွင့်ရှိရဲ့လား၊ လမ်းထဲမှာရှိတဲ့ ကိုအောင်
သပြေ့ ကောင်မလေး တွေ့သွားမှာ စိုးလို့လား"

"ဟာ ... ကျွန်တော့်မှာ ကောင်မလေး မရှိပါဘူး"

လို့ ဖြေမိတော့ စုပုံက စ,သလို နောက်သလိုလေး
သံသဲ့သဲ့ရယ်သည်။

"လာခေါ်မယ်နော်"

ဒီလို ပြောနေတော့လည်း မငြင်းချင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်သပြေလို့ ခေါ်ရတာ ရှည်တယ်၊ သပြေ
ခေါ်မယ်နော်"

ဆိုတော့လည်း ဒီကောင်က သွားကြီးဖြီးပြီး သဘော
ကျရတာပဲပေါ့။

ရှော့ပင်းလုပ်တော့လည်း အပ်ဝယ်တာကနည်းန
စုပုံ ဝယ်ခြမ်းသမျှ ကျွန်တော် လိုက်ဆွဲပေးရတာများများ။ ...
ပင်းလုပ်ပြီး ကော်ဖီသောက်၊ မုန့်အတူတူစား။ အချိန်ခဏ
အတွင်းမှာ ကျွန်တော်နဲ့ စုပုံ ရင်းနှီးမှုတွေ အဆမတန် များ
သွားသည်ကတော့ အံ့သြစရာ။

ကော်ဖီသောက်ရင်း တစ်ယောက်အကြောင်း ...
ယောက် အဲဒီကျမှပဲ သေသေချာချာ ပြောပြဖြစ်ကြပေမဲ့ စုပုံ
လေ့လာရတာ ကျွန်တော့်အကြောင်း တော်တော်များများ သိပြ
ပေါက်နေသည်ဟု ကျွန်တော် ထင်မိသည်။ ဘာကြောင့်မှန်းမ
မသိ။ စိတ်ထဲမှာ အလိုလို ခံစားရတာဖြစ်ပေမဲ့ ကျွန်တော် က
ကိုယ်ကိုယ်လည်း သိပ်အထင်ကြီးတတ်သူ မဟုတ်သဖြင့် ...
ဘာကြောင့် ကြိုသိတာတွေ များနေသလဲ ဆိုတာကို ခေါင်း
သိပ်ထည့်မတွေးနေခဲ့ပါ။

"စုပုံ ဘဝမှာ အသက်ဆယ်နှစ်မှာ မေမေဆုံးတော့ ဖေ
ကိုပဲ သံယောဇဉ် ပိုထားရတာလေ။ ဖေဖေကလည်





ဘယ်မိန်းမကိုမှ ယူဖို့အထိ တွဲခဲ့တာမရှိဘဲ စုပုံနဲ့သူ့ဘဝ
ထဲကို အဝင်မခံခဲ့ဘူး၊ ဒါပေမဲ့ အခုတော့ ဒီခြောက်လ
လောက်လေးအတွင်းမှာ ဖေဖေ ပြောင်းလဲသွားပြီလေ။
မိန်းမတစ်ယောက်ကို လက်ထပ်ယူတော့မယ်လို့ အတိ
အလင်းကို ကြေညာပြီးပြီ"

ဟူ၍လည်း သူမ၏ကိုယ်ရေးကိုယ်တာကိုပင် ဖွင့်
ပြောအသိပေးသော စုပုံကို ကျွန်တော် သိပ်တော့နားမလည်ပါ။
အခုမှတွေ့၊ သိ၊ ဆုံဖူး၊ စကားပြောဖူးတာပင် နာရီပိုင်းလောက်ပဲ
ရှိဦးမဲ့ သူစိမ်းယောကျ်ားလေး တစ်ယောက်အပေါ် စုပုံ ဘာကြောင့်
ဒီလောက် တရင်းတနှီး ရှိရသနည်း။

"ယောကျ်ားတစ်ယောက် မိန်းမ သေသွားလို့ နောက်အိမ်
ထောင်ပြုတာကို အပြစ်မပြောပါဘူးလေ၊ ဒါပေမဲ့ အဲဒီ
မိန်းမက စုပုံထက် သုံးနှစ်ပဲ ကြီးတာဆိုတော့ ..."

"ဟာ ... ဟုတ်လား၊ ကျွန်တော်နဲ့ရွယ်တူပဲ"

ကျွန်တော်တောင် အံ့သြပြီး ရေရွတ်မိသည်။

"သပြေက နှစ်ဆယ့်လေးလား"

"ဟုတ်တယ်"

"ဒါဆို စုပုံ ကိုယ့်ထက်ကြီးတဲ့သူကို မရှိမသေနဲ့ သပြေလို့
ခေါ်မိနေပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်၊ အခေါ်အဝေါ်က အရေးမကြီးပါဘူး၊ ကျွန်တော်[...] ကြိုက်ပါတယ်၊ သပြေလို့ပဲ ခေါ်ပါ"

"အဟင်း ... စုပုံလေ စိတ်လေပြီး ဖေဖေ မကြိုက်တာ[...] လျှောက်လုပ်မှာမို့ သပြေကိုအကူအညီတောင်းပြီး Tat[...] သွားထိုးမှာလေ"

"အဖေကို အစွဲ့တိုက်ချင်တာနဲ့တော့ အသားနာခံပြီး ဒု[...] မခံပါနဲ့လား"

ကျွန်တော် ဘယ်လောက်ပြောပြော စုပုံကလက်[...]ခံ။ တစ်ခုတော့ ရအောင်ထိုးမည်ဆိုကာ ပန်းချီဆရာဆီ အတင်[...] လိုက်ပို့ခိုင်းတော့တာ။ ကဲ ... ခုတော့ အပြာဖျော့ရောင် သစ်ခွပန်[...]ပုံလေး လက်မောင်းမှာ ထိုးနေသော စုပုံ ခမျာ စုတ်ချက်ကြောင်[...] နာပြီး မျက်ဝန်းထောင့်မှာပင် မျက်ရည်စတွေ တွဲခိုလာလေပြီ[...]

"နာနေပြီလား၊ ပြီးတော့မှာပါ၊ ညည်းက ထိုးမယ်ဆိုလို့[...] ထိုးလိုက်ရတော့ အခုကျမှ တစ်ဝက်တစ်ပျက်နဲ့ ရပ်လို့မ[...] တော့ဘူး။ ပုံပြီးတဲ့အထိတော့ ထိုးရမှာပဲ၊ ဟုတ်ပြီလား"

ပန်းချီဆရာလည်းဖြစ်၊ ဆေးမင်ကြောင်ထိုးပေးသူ[...] လည်းဖြစ်သော အစ်ကိုကြီးက စုပုံကိုကြည့်ပြီးပြောလျှင် စုပုံ[...] အရုက်ပြေရယ်ပြီး မျက်ဝန်းထောင့်ကို တစ်ရှူးစက္ကူစဖြင့် မျက်[...] ရည်သုတ်မိပါသည်။





အောင်သပြေကတော့ စုပုံ မှာထားတဲ့အတိုင်း စုပုံ[...]များကမခွာဘဲ တစ်စိမ့်စိမ့် ထိုင်ကြည့်နေလေရာ စုပုံရဲ့မျက်ရည်စ[...]ဆေးတွေကို သူ သုတ်ပေးတော့မဲ့အတိုင်း ဖြစ်နေတာ။ ကြည့်စမ်း[...] အနားကို အချိန်တိုအတွင်းမှာ ယောကျာ်းတစ်ယောက် ခစား[...]ထောက်လာနိုင်အောင် စုပုံ လုပ်နိုင်လှချည်လား။ ရည်းစားသာ[...]ထားဖူးပေမဲ့ ယောကျာ်းလေးတစ်ယောက်ရဲ့ အမူအရာကိုကြည့်[...]ကြိုက်တာနဲ့တင် သူ ကိုယ့်အပေါ် ဘယ်လောက်ထိ တွယ်တာ[...]တ်နိုးသွားပြီဆိုတာကို စုပုံ အကဲခတ်တတ်ပါသည်။ အောင်[...]ပြေတော့ စုပုံကို အစွဲကြီး စွဲနေပေပြီ။

"ကဲ ... ပြီးပါပြီ၊ သစ်ခွပွင့်လေးက သေးတယ်ဆိုပေမဲ့ လက်ရာမြောက်အောင် ထိုးရတော့ နည်းနည်းတော့ ကြာတာပဲ ညီမရဲ့။ အနာသက်သာချင်ရင် အကိုက်အခဲပျောက်ဆေးလေး သောက်ထားပေါ့။ တချို့ကတော့ အပ်ဆိပ်တက်ပြီး ဖျားတာတွေ ဘာတွေ ရှိတတ်တယ်၊ အဲဒီကျလည်း ပါရာစီတမောလ်လောက် သောက်ရင် ပျောက်ပါတယ်၊ မဖျားရင်တော့ မသောက်နဲ့။ ဖျားလည်း စိတ်ပူစရာမလိုဘူး။ ဘာရောဂါမှ မဝင်ဘူး စိတ်ချ၊ ကိုယ့်အပ်ကိုယ်ဝယ်လာတာပဲ။ ပြီးတော့ ကျွန်တော်လည်း သေသေချာချာ ပိုးသတ်ဆေးသုတ်ပြီးမှ သုံးပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားပြီဟူသော အသိက ဘာနဲ့မှ မလဲနိုင်အောင် ပျော်ရွှင်လွတ်လပ်သွားစေပါသည်။ လက်စက ရှပ်အင်္ကျီပုံစံလေး ဝတ်လာတာမို့ မ,တင်ထားသော အင်္ကျီလက်ကိုပြန်ချပြီး အသာ ဖုံးထားလိုက်သည်။ ဖေဖေ့ကို ခုလောလောဆယ် မပြသေး။ သေ သေချာချာ အသားကျပြီး လုပသွားမှ ဖေဖေ မြင်အောင် အင်္ကျီ လက်ပြတ်လေး ဝတ်ပြမည်။

ပန်းချီဆရာအိမ်မှ ပြန်ထွက်လာတော့ ...

"စုပုံ ကားမောင်းနိုင်ရဲ့လား၊ လက်မောင်းက သိပ်နာနေ လား"

ဟု အောင်သပြေက စိုးရိမ်တကြီး မေးပါသည်။

"စုပုံ ကားမမောင်းနိုင်ရင် သပြေက မောင်းပေးနိုင်လို့ လား"

"စုပုံ စိတ်ချရင် မောင်းလို့ဖြစ်ပါတယ်"

"ဟင် ... ဘာလို့ စိတ်မချရမှာလဲ၊ မောင်းပေးပါ၊ ရပါ တယ်"

"စုပုံ အိမ်ကို အရင်ပို့ပေးမယ်နော်"

"ဘယ်ဟုတ်မလဲ၊ သပြေ့အိမ်ကို အရင်ပြန်လေ"

"ဒါဆို ကျွန်တော့်အိမ်ကနေ စုပုံအိမ်ကို စုပုံပဲ မောင်းပြန် ရမှာပေါ့၊ မဖြစ်ဘူးလေ။ စုပုံက လက်မောင်းတစ်ဖက်နာ





နေတာ ကားမမောင်းပါနဲ့။ ကျွန်တော်ပဲ စုပုံ အိမ်ရှေ့ထိ လိုက်မောင်းပို့ပေးမယ်။ ပြီးမှ အဲဒီကနေ ကျွန်တော့်ဘာသာ ဘတ်စ်ကားစီးပြီး ပြန်မယ်"

"ဟာ ... အဲဒီလိုကြီးတော့ မပြန်ပါနဲ့၊ စုပုံ အိမ်ကဒရိုင် ဘာတစ်ယောက်ကို ခိုင်းလိုက်ရင် ရပါတယ်။ သပြေ့ကို စုပုံပဲ လာခေါ်ထားတာ ပြန်မှ ကိုယ့်ဘာသာ ပြန်ရတယ် ဆိုရင် စုပုံ ဘယ်တရားမလဲ"

"ရပါတယ် စုပုံရယ်၊ ကျွန်တော်က စုပုံ စိတ်ချမ်းသာ အောင် ကူညီပေးချင်နေတာပါ"

အောင်သပြေ သူ့ဘာသာ လွတ်ခနဲ ပြောလိုက်မိ မှ မလုံမလဲဖြစ်ပြီး ခေါင်းကြီး ဟိုဘက်လှည့်နေသည်။ စုပုံက ာ တမင်ပဲ အောင်သပြေ့ကို ပြုံးထေ့ထေ့ အမူအရာဖြင့်ကြည့် ဘ ဘေးမှာ ဝင်ထိုင်လိုက်ပါသည်။ စုပုံရဲ့ စူပါဆလွန်းအလုံး ဆာ:ကို အောင်သပြေ မောင်းပြီး စုပုံ ဘေးကထိုင်လိုက်လာခဲ့ ါသည်။ ကားမောင်းကျွမ်းကျင်နေသော အောင်သပြေ့ကို အကဲ တ်မိလျှင် စုပုံ မေးမိသည်။

"သပြေ့ ကြည့်ရတာ ကားမောင်း တော်တော်ကျွမ်းကျင်နေ တယ်နော်"

"အဟဲ ... အိမ်က ကားစုတ်ကို မောင်းနေရလို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"အထင်မကြီးပါနဲ့၊ ဟိုးအရင် ဆယ်နှစ်လောက်တည်းက ဝယ်ထားတဲ့ကားပါ။ လွန်ခဲ့တဲ့ နှစ်အစိတ်ကျော်လောက် က ဂျပန်တွေထုတ်ခဲ့တဲ့ ကားဆိုတော့ စဉ်းစားသာကြည့် ချုံးချုံးကျနေပြီ"

"ဘာပဲဖြစ်ဖြစ် ကားရှိတော့လည်း သွားရေး လာရေး အဆင်ပြေတာပေါ့"

"ဝယ်ထည့်ရတာ ပြင်ရတာ များနေလို့ အခုတလော ရောင်းလိုက်ဖို့တောင် တိုင်ပင်နေကြတာလေ။ ဟို ... အမှန်အတိုင်း ပြောရရင် အမေ့ဆေးဖိုးလည်း လိုလာပြီမို့ ရောင်းစရာ ဒါပဲ ရှိတော့တာလေ"

"အို ... ဟုတ်လား၊ စုပုံ စိတ်မကောင်းပါဘူး"

"ပစ္စည်းသခါရလို့ပဲ သဘောထားပါတယ် စုပုံရယ်။ ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့၊ ကျွန်တော်လည်း စိတ်မကောင်း မဖြစ်ပါဘူး။ ကိုယ်ပိုင်ကား မရှိလည်း ဘတ်စ်ကားတိုးစီးလို့ ရနေတာပဲ။ ကျွန်တော် ဘယ်နေရာသွားသွား ကားယူသွားခဲတယ်။ ဘတ်စ်နဲ့မဲ သွားတာများတယ်။ အဖေနဲ့ အလုပ်သွား အလုပ်ပြန်သာ သုံးကြတာ၊ ကျွန်တော့်ညီမလေးလည်း ကျောင်းတွေ ကျူရှင်တွေသွားရင် ဘတ်စ်ပဲ စီးတာ"





စုပုံမှာတော့ မွေးကတည်းက ကားကောင်းကားသန့်တွေပဲ မြင်ဖူးပြီး ဘယ်နေရာသွားသွား အိမ်မှာ ကားတစ်စီးမဟုတ်တစ်စီး ရှိနေလေရာ ဘတ်စ်ကားဆိုတာ စီးပင်မစီးဖူးခဲ့ပါ။ ကားအစုတ်ဆိုတာလည်း မစီးခဲ့ရဖူးပါ။ အိမ်မှာ စုပုံ မောင်းနေကျ ရူပါဆလွန်းလေး စက်မကောင်းတာ ဘာညာဖြစ်ရင် အသင့်ယူမောင်းနိုင်သော ဖေဖေ့ရဲ့ Land Cruiser ကြီးရှိသည်။ ပွဲလမ်းသွားဖို့ မာစီဒီးကြီး ရှိသည်။ ဖေဖေ့လုပ်ငန်းတွေမှာ သုံးသော Lite truck တွေမှ အစီးနှစ်ဆယ်လောက် ရှိသေးရာ နောက်ဆုံး ဘာမှမောင်းသွားစရာမရှိရင်တောင် အဲဒီကားတွေ မောင်းယူချင်ယူသွားလို့ရသေးသည်။

"အမေ့ရောဂါက ပြန်မကောင်းနိုင်မှန်းတော့ သိပေမဲ့ အမေ လောကကြီးထဲမှာ နေခွင့်ရသလောက် ဆွဲဆန့်ထားချင်တယ်။ ပိုက်ဆံတွေ ပစ္စည်းဥစ္စာတွေဆိုတာ ကိုယ်ချစ်တဲ့လူတစ်ယောက်ရဲ့ အသက်နဲ့ယှဉ်ရင် ပါမွှားပါ၊ ဘာမှ အရေးမပါပါဘူး။ ဒါကြောင့် အမေ့ကို အသက်ရှင်ရက် မြင်နေရဖို့ ဘာကိုပဲ စွန့်ရ စွန့်ရ စွန့်လွှတ်မယ်လို့ ကျွန်တော်တို့မိသားစုအားလုံး ခံယူထားတယ်"

"စုပုံ နားလည်ပါတယ်၊ စုပုံမေမေလည်း စုပုံ ဆယ်နှစ်သမီးအရွယ် ဘာမှသိပ်လဲမသိတာတ်၊ နားလည်းမလည်



www.burmeseclassic.com

www.burmeseclassic.com



သေးတဲ့အရွယ်မှာ ရောဂါနဲ့ဆုံးသွားခဲ့ရလို့ အမြဲယူကျုံးမရဖြစ်ရတာပါ။ စုပုံ ဒီအရွယ် သိတတ်တဲ့အချိန်ကျမှ မေမေရောဂါတစ်ခုကြောင့် အသက်လုနေရမယ်ဆိုရင် စုပုံလည်း သပြေ့လိုပဲ ရှိသမျှပုံအောပြီး ကုမှာပါပဲ။ စုပုံက မိန်းကလေးဆိုတော့ အမေကို ပိုပြီးလိုအပ်တယ်။ ပိုလည်းတမ်းတမိတယ် သပြေရဲ့"

"ဟုတ်တာပေါ့၊ ကျွန်တော်လည်း နားလည်ပါတယ်"

"ဒါနဲ့ သပြေ့အလုပ်က နေ့တိုင်းရှိတာနော် ... ဟုတ်လား၊ တနင်္ဂနွေတစ်ရက်ပဲ ပိတ်တာလား"

"ဟုတ်တယ်၊ တနင်္ဂနွေပဲ ပိတ်တာ၊ နေ့တိုင်း ကိုးနာရီစရတယ်၊ ငါးနာရီခွဲမှ ရှိုးရွမ်းလည်း ပိတ်တယ်၊ အဲဒီကျမှ ကျွန်တော်တို့ ပြန်ရတယ်"

"ညခုနစ်နာရီကျတော့ PARADISE ဆိုင်မှာနော်"

"ဟုတ်တယ်၊ အဲဒါကတော့ ဝါသနာအရပါ၊ စိတ်ထဲမှာ သိပ် serious ကြီး မဖြစ်ဘူး။ အဲဒီဆိုင်သွားဖို့ဆို ပျော်နေတာပဲ။ ကိုသန်းနိုင်ကလည်း အလုပ်ရှင်ဆိုပေမဲ့ သဘောကောင်းတယ်၊ သူကိုယ်တိုင်လည်း ဟိုဟာလေး ဆိုစမ်းပါဦး၊ ဒီဟာလေး ဆိုပေးပါဦးနဲ့၊ သီချင်းတောင်းပြီး နားထောင်တတ်တာလေ"





"သပြေ သီချင်းတွေ ရေးထားတယ်ဆို"

"အဲန်ဒီ ဆိုပေးနေတယ်လေ။ ရှေ့(ခ)အပျော့စားလေးတွေပါ၊ အထင်မကြီးပါနဲ့၊ စိတ်ကူးတည့်ရာ လျှောက်ရေးထားတာ"

"အချစ်သီချင်းတွေဆိုတော့ ကိုယ်တိုင် ခံစားပြီး ရေးတာပေါ့ ဟုတ်လား"

"အချစ်မရှိသေးပါဘူးဗျာ။ ဒီလိုပဲ ဟိုလူ့သီချင်းနားထောင်၊ ဒီလူ့သီချင်းနားထောင်၊ သူများပြောတာ လိုက်မှတ်ပြီးရေးတာပါ"

"တကယ်လို့ပေါ့ သပြေ့မှာ ကောင်မလေး ရှိလာရင် သူ့အကြောင်း သီချင်းရေးမှာလားဟင်"

အောင်သပြေ ရယ်မောရင်း ရေးမှာပေါ့လို့ ပြန်ဖြေလိုက်သလို စုပုံကိုပါ ခပ်စိုက်စိုက်လေး ကြည့်လိုက်သောအကြည့်သည် စုပုံ ရင်ထဲမှာ တစ်ခုခုကို အကဲခတ်၍ ရလိုက်သလို ဖြစ်သွားပါသည်။ ဒါဆို သေချာပြီ။ သူ စုပုံအကြောင်း ရေးကိုရေးတော့မယ်ဆိုတာ စုပုံ သိလိုက်ပြီတည်း။

စုပုံတို့ခြံရှေ့ရောက်တော့ ဟွန်းသံနဲ့ အချက်ပေးလိုက်ဖို့ကို စုပုံ ပြောပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်းသံကို နှစ်ချက်ဆင့်တစ်ခါ နှစ်ချက်ဆင့်တစ်ခါ နှစ်ခါတိတိ အချက်ပေးလိုက်ပါ။ အဲဒါ အိမ်ထဲ အဝင် အထွက် လုပ်ခွင့်ရတဲ့ သူတွေအတွက် သင်္ကေတပဲ၊ အဲဒီ အသံကြားရင် အထဲက တံခါးကို ခြံစောင့်က ရီမုဒ်နဲ့ဖွင့် ပေးလိမ့်မယ်"

"အိမ်ရဲ့လျှို့ဝှက်ချက်ကို သိပြီးဝင်လာတဲ့သူရော မရှိနိုင် ဘူးလား"

"ဝင်လာလည်း ခြံစောင့်ကတော့ ကားကို သေသေချာချာ ကြည့်ဦးမှာပဲလေ။ ဝင်ထွက်နေကျ လူတွေမဟုတ်ရင် အိမ်နားထိ ပေးမဝင်ခိုင်းပါဘူး။ စစ်ဆေးမေးမြန်းခံရဦး မှာ။ ပြီးတော့ အိမ်ထဲရောက်လာလည်း မကြောက်ပါဘူး။ အိမ်မှာ ဖေဖေ့တပည့်တွေ အများကြီးပဲ။ အားလုံး ဂျူဒို ကရာတေး တတ်ကိုတတ်ထားရတယ်၊ လိုအပ်ရင် အသေ ခံပေးမဲ့ တပည့်တောင်ရှိတယ်"

အောင်သပြေ ပြုံးလိုက်သဖြင့် စုပုံက မျက်လုံးလေး ပြူးကြည့်ပြီး ...

"ဘာလို့ ပြုံးတာလဲဟင်"

ဟု မေးမိသည်။ စုပုံ ပြောပြတာ သူ့ကိုခြိမ်းခြောက် လိုက်သလိုများ ဖြစ်သွားလို့လား။ စုပုံ ဒါ အမှန်အတိုင်းပြောတာ ပဲလေ။ ဖေဖေက တပည့်တွေအများကြီး မွေးထားခဲ့တာပဲ။ စုပုံ

www.burmeseclassic.com



ဘယ်နေရာသွားတယ်၊ ဘာလုပ်တယ်ဆိုတာ ဖေဖေ့တပည့်တွေ သိကိုသိမှာ ဖြစ်သလို စုပုံကို ဘယ်သူ အနှောင့်အယှက်ပေးလဲ ဖေဖေ့တပည့်တွေသိရင် အဲဒီလူ လွယ်မှာမဟုတ်။ စုပုံနဲ့ ဝေးရာကို ပို့ပစ်နိုင်ကြလေသည်။

"တခြားမိန်းကလေးတွေလည်း လွတ်လွတ်လပ်လပ် သွား လာနေကြတာပဲ၊ အန္တရာယ်မရှိဘူး ပြောပေမဲ့ စုပုံက တခြားမိန်းကလေးတွေနဲ့ မတူဘူးလေ၊ ဦးမြတ်နိုး သမီး ဖြစ်နေတယ်။ ဒီတော့ ဦးမြတ်နိုးကို မနာလိုတဲ့သူ၊ မုန်းတဲ့ သူဟာ စုပုံမြတ်နိုးကိုလည်း အချိန်မရွေး ဒုက္ခပေးနိုင်တာ ပဲ၊ ဒီတော့ သမီးနောက်မှာ ဖေဖေ့လူတွေ တစ်ယောက် မဟုတ်တစ်ယောက် ပါနေတာကို မကြိုက်ဘူး၊ ဘာဖြစ် တယ်လို့ ပြောမနေနဲ့။ ဖေဖေ ဖယ်မခိုင်းနိုင်ဘူး။ ကျန်တာ အလိုလိုက်ရင် လိုက်မယ်၊ ဒါတော့ အလိုမလိုက်ဘူး"

တစ်ခါ ဖေဖေ့ကို ဖေဖေ့လူတွေ နောက်ကမလိုက်စေ ဖို့ ပြောမိတုန်းက ထိုသို့ပြန်ရှင်းပြသဖြင့် စုပုံလည်း ဖေဖေ့စကား ကို နားထောင်လိုက်ရပါသည်။ ဒါပေမဲ့ စုပုံအတွက်ကလည်း ဒီလို ဖေဖေ့လူတွေ နောက်ကပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ဘယ်တုန်းကမှလဲ စိတ်အနှောင့်အယှက် မဖြစ်ခဲ့ဖူး၍ သိပ်ပြဿနာ မရှိခဲ့ပါ။ ဒီနေ့လိုမျိုး အောင်သပြေကို သွားခေါ်တာ၊ ရှော့ပင်းအတူ လုပ်တာ။ အိမ်တစ်အိမ်ကို အတူသွားတာတွေကိုလည်း ဒီနေ့ည

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် မနက်ဖြန်မနက်လောက်မှာပင် ဖေဖေ့ကို သူ့တပည့်တွေ အစီရင်ခံပြီးလောက်နေမည်။

"သပြေ့ကို ခြိမ်းခြောက်နေတယ် ထင်လို့လား"

"အဲဒီလို မထင်ပါဘူး။ စုပုံတို့ကို တွေ့ရတဲ့ပုံစံက ရုပ်ရှ ထဲကလိုပဲလို့ တွေးမိလို့ပါ"

"ဘယ်လိုပုံစံမျိုးလဲ"

"ဂိုဏ်းစတားတွေလေ၊ ဂိုဏ်းစတားတွေဆို ဒီလိုပဲ အိမ်မှ တပည့်တွေ အများကြီး မွေးထားတတ်တယ်။ သူတို့အိ ထဲ ဝင်ရဖို့ကို အစောင့်အထပ်ထပ်နဲ့မို့ တော်ရုံသူစိမ်း ဝင်လို့မရဘူး၊ စုပုံတို့လည်း အဲဒီလိုမျိုး ဖြစ်နေပြီဆိုတော ရုပ်ရှင်ထဲမှာမျိုး အပြင်မှာ တကယ်ရှိပါလားလို့ တွေးပြ အံ့သြနေတာ"

စုပုံတို့တိုက်ရှေ့ပေါ်တီကိုကြီးအောက် ကားကိုရ လိုက်ပါသည်။ စုပုံ ကားပေါ်က ဆင်းဆင်းချင်းပဲ ...

"သပြေ မပြန်ပါနဲ့ဦးလား"

ဟု အိမ်ထဲကို ဖိတ်ချင်သေးသဖြင့် မေးရာ အောင် သပြေ နာရီကို တစ်ချက်ငုံ့ကြည့်ပါသည်။

"ငါးနာရီ ကျော်နေပြီ စုပုံ၊ ကျွန်တော် ဆိုင်သွားရဦးမယ် ပြန်မှဖြစ်တော့မယ်"

"ခုနစ်နာရီမှ ဆိုရ တီးရတာလေ"





"တနင်္ဂနွေနေ့မျိုးဆိုရင်တော့ ခြောက်နာရီကတည်းက စ, ပေးရတယ်"

"ဒါဆို စုပုံ ဖေဖေ့ဒရိုင်ဘာတစ်ယောက်နဲ့ အိမ်ပြန်ပို့ခိုင်း မယ်၊ မငြင်းရဘူးနော်"

စုပုံဟာ ခြံထဲမှာ မယောင်မလည်ရပ်လျက် စုပုံတို့ကို အကဲခတ်နေသော ဖေဖေ့တပည့်ကို လက်ပြလှမ်းခေါ်လိုက်သည်။

"ကားတစ်စီးနဲ့ ဒရိုင်ဘာ စီစဉ်ပေးပါ၊ စုပုံရဲ့မိတ်ဆွေကို အိမ်ပြန်ပို့ခိုင်းမလို့"

"ဟုတ်ကဲ့ မစုပုံ"

ချက်ချင်းပဲ ကားတစ်စီး အနားရောက်လာသည်။

မောင်းသူနံဘေး ရှေ့ခန်းမှာပဲ အောင်သပြေ တံခါး ဖွင့် ဝင်ထိုင်လိုက်ပါသည်။

"စုပုံ ဖုန်းထပ်ဆက်ဦးမယ်နော်"

အောင်သပြေ ပြန်သွားတော့ စုပုံသည် သူမအား မသိမသာ အကဲခတ်စောင့်ကြည့်နေကြသော ခြံထဲမှာ ဖြန့်ချထားသည့် ဖေဖေ့တပည့်တွေကို ခပ်ပြုံးပြုံးလေး စိန်ခေါ်သလို ဝေ့ကြည့်ပြီး အိမ်ပေါ်တက်ခဲ့လေသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



# ၇

ကျွန်တော့်ရဲ့ ကားစုတ်လေးပေါ် စုပုံ ပါလာသော အခါ ကျွန်တော့်တစ်ကိုယ်လုံး လေထဲမှာ လွင့်မျောနေသလိုပဲ မြောက်ပြီး ပျော်နေသည်။

"တနင်္ဂနွေနေ့တိုင်း စုပုံကို အဖော်လုပ်ပေးနိုင်မလား၊ စုပုံ လျှောက်သွားတဲ့ နေရာတွေ လိုက်ပေးမလား"

မေးလာတော့ ဒီကကောင်မှာ ဘယ်လိုများ ငြင်းနိုင်တဲ့စွမ်းအား ရှိခဲ့မှာလဲ စုပုံရယ်။ ဒီတစ်ပတ် တနင်္ဂနွေမှာတော့ စုပုံကို ကျွန်တော်ကပဲ ...

"ကျွန်တော် လာခေါ်ချင်တယ်။ ရမလား"

ဟု မေးမိသည်။ စုပုံက ဝမ်းသာအားရပဲ ...

"လာခေါ်ပေါ့၊ ရပါတယ်"





"ကားစုတ်ကြီး စီးရမှာနော်"

"ဘာဖြစ်လဲ၊ သူ့ပြေတောင် စီးသေးတာ။ စုပုံလည်း စီးမှာပေါ့"

"ရှိုးပွဲနေမှာစိုးလို့"

"စုပုံ ရှိုးမပေးတတ်ပါဘူး"

ဒါနဲ့ပဲ စုပုံကို ကျွန်တော် လာခေါ်ဖို့ကိစ္စ သဘော ...ိုက်သဖြင့် ကျွန်တော် စုပုံကို လာခေါ်ရတာပါ။ စုပုံ မှာထား ...တိုင်း ဟွန်းသံနှစ်ချက်ဆင့် တစ်ခါ၊ နှစ်ချက်ဆင့် တစ်ခါ ...သိုက်တော့ ခြံတံခါးပွင့်လာ၊ ကားမောင်းဝင်၊ ခြံစောင့်ပေမဲ့ ...ရှင်ထဲမှာ တွေ့ဖူးတဲ့ လူဆိုးဂိုဏ်းဝင်တွေလိုပဲ ရှပ်အင်္ကျီလက် ...နဲ့ ဘောင်းဘီနဲ့ နေကာမျက်မှန်ကြီးတပ်ကာ လက်ပိုက်ကြည့် ...သာသူက ကျွန်တော့်ကို မြင်ပေမဲ့ ဘာမှ အစစ်ဆေး အမေး ...မရှိဘဲ ဝင်လာခွင့်ရပြီး အိမ်မှာ အသင့်စောင့်နေသော စုပုံကို ...ခေါ်လာခွင့် ရသွားပါသည်။

"စုပုံ ဘယ်သွားချင်တာလဲ"

"အမှန်အတိုင်း ပြောရမလား"

ကျွန်တော် စူးစမ်းသလို တစ်ချက်လှည့်ကြည့်မိသည်။

"စုပုံ ဘယ်မှမသွားချင်ဘူး"

ကျွန်တော် အပျော်တွေ ချက်ချင်းပျောက်သွားတော့ ...ဖြစ်သွားတုန်း စုပုံက တဟက်ဟက်ရယ်မောရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပူသွားလိုက်တာလေ၊ မျက်နှာက ချက်ချင်းကိုပျက်သွားတာပါပဲလားရှင်"

ဟု စ,နောက်သလို ပြောလေသည်။

"စုပုံ ရှော့ပင်းလည်း မလုပ်ချင်ဘူးလေ၊ ဒီတော့ ဘယ်သွားစရာမရှိသလို ဖြစ်နေပြီး ဘယ်မှလဲ မသွားချင်ဘူးလို့ ပြောတာပါ"

"ရှော့ပင်းလုပ်မှ သွားစရာရှိတာ မဟုတ်ပါဘူးလေ။ စုပုံ စိတ်ထဲမှာ အာသီသရှိနေတာ တစ်ခုခုကိုသာ ပြောပေါ့ ကျွန်တော် အဖော်လိုက်ပေးနိုင်တယ်"

"စုပုံ အေးအေးဆေးဆေးလေး ထိုင်ငေးချင်တယ်၊ ထိုင်ရင် မြက်ခင်းကောင်းကောင်းလေးလည်း ရှိမယ်၊ ငေးစရာ ကန်ရေပြင်လည်း ရှိမယ်။ သစ်ပင်ရိပ်တွေလည်း ရှိမယ်ဆိုရင် စုပုံ အဲဒီမှာ သွားထိုင်ပြီး တစ်နေကုန်ရင် ကုန်ပစေ အချိန်ဖြုန်းချင်တယ်"

"ဒါဆို ကန်တော်ကြီးဥယျာဉ်ထဲမှာပဲ သွားထိုင်လို့ရမယ် စုပုံ သွားချင်ရဲ့လား"

"သွားချင်ပါတယ်"

"အတော်ပဲ၊ ကျွန်တော့်ကား နောက်ဖုံးထဲမှာ ခင်းထိုင်စရာ ပလတ်စတစ်ဖျာအသေးလေး ရှိတယ်၊ သိလား"





"ဘာလို့ အဲဒါလေးကို ကားထဲ ထည့်ထားတာလဲ"

"ကားက ခဏခဏပြင်ရတော့ ကားအောက်လှဲဝင်ပြီး ပြင်ရတဲ့အခါတွေမှာ မြေကြီးပေါ် ကျောခင်းရတယ်လေ။ အဲဒီတော့ ကျောအောက်က အခင်းအသင့်ရှိဖို့ဆိုပြီး ကားနောက်ဖုံးထဲ ထည့်ထားလိုက်တာပါ။ ပျက်တိုင်း ဝပ်ရှော့ပို့မနေတော့ဘူး။ ကျွန်တော်တို့သားအဖပဲ ကိုယ့်ဘာသာ ပြင်လိုက်တဲ့အခါတွေ ရှိတယ်"

"စုပုံ သိချင်လို့ မေးတာနော်၊ စပ်စုတာ မဟုတ်ပါဘူး"

"ရပါတယ် စုပုံ၊ စုပုံ သိချင်ရင် ကျွန်တော်က ကျွန်တော့် အကြောင်း အကုန်ပြောဖို့ အသင့်ပါပဲ"

"စုပုံတို့ အဲဒီမှာ သွားထိုင်ကြမယ်ဆိုရင် သပြေက ဘယ်အချိန်ထိ နေပေးနိုင်မလဲ"

"စုပုံ ပြန်မှ ပြန်မှာပေါ့"

"ထိုင်နေရတာ မပျင်းဘူးလား"

"ကျွန်တော်က သီချင်းရေးတဲ့သူလေ။ ဘယ်မှလျှောက်မသွားဘဲ ငြိမ်ငြိမ်လေးထိုင်ပြီး သီချင်းရေးရတာကို ပိုတောင်ကြိုက်သေး"

"ဒါဖြင့် စုပုံနဲ့ ထိုင်နေတုန်း သီချင်းစာသားတွေ ရေးလို့ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုင်း ရေးချင်ထိုင်း ရေးလို့မရဘူး စုပုံရဲ့၊ စိတ်ကူး
ရေးလို့ရတယ်"

ကန်တော်ကြီးထဲ ကားကိုဝင်လာပြီးလျှင် ကား
ပတ်မောင်းပြီး ထိုင်လို့ကောင်းမဲ့နေရာကို အတူတူ လိုက်ရှာ
သည်။ စုပုံနဲ့ ကျွန်တော်တို့က သာမန်မိတ်ဆွေတွေသာဖြစ်
ချစ်သူစုံတွဲလည်း မဟုတ်တာမို့ ဘယ်လိုနေရာမျိုး ရွေးထိုင်
သင့်တော်မလဲဆိုတာ သေသေချာချာ စဉ်းစားရသည်။ အဓိက
စုပုံ ရွေးတာပဲ လက်ခံလိုက်ဖို့ပင်။ ကျွန်တော်ကတော့ စုပုံ
မိန်းမချော မိန်းမလှလေးနဲ့ ချစ်သူတောင် မဖြစ်သေးပါဘဲ နှ
ယောက်တည်းထိုင်ပြီး အချိန်ဖြုန်းရမှာကို စိတ်လှုပ်ရှား ပျော်
နေမိပါသည်။

လူလည်းသိပ်မရှုပ်၊ လူလည်းသိပ်မကျဲလှသော ကာ
စပ်တစ်နေရာမှာ စိတ်ကြိုက်ရှာတွေ့သောအခါ ကျွန်တော်
ကားကို ကားရပ်လို့ရသောနေရာမှာ ဝင်ရပ်ပြီး ထိုင်ဖို့ ပလ
စတစ်ဖျာလေး ထုတ်သည်။ စုပုံ ရွေးထားသော နေရာမှာ အသ
ခင်းပေးလိုက်သည်။ စုပုံ ဝင်ထိုင်ပြီးမှ စားသောက်ဆိုင်တန်းတွေ
ကို လှမ်းမြင်ရသဖြင့် အဲဒီဘက်လှည့်ပြီး ...

"စုပုံတို့ စားစရာနည်းနည်း သွားဝယ်ထားရင် ကောင်း
မယ်နော်၊ အအေးဘူးနဲ့ ဆင်းဒဝစ်ရှိဖြစ်ဖြစ် ဝယ်ရအောင်"





"ဒါဆို စုပုံ ဒီမှာနေခဲ့ပါ၊ ကျွန်တော် သွားဝယ်လိုက်
မယ်"

"စုပုံ လိုက်ခဲ့မှာပေါ့"

"ကျွန်တော် ဝယ်ကျွေးချင်လို့ပါ"

"အဲဒီလို မလုပ်ပါနဲ့ စုပုံ ကျွေးပါ့မယ်၊ သပြေက ကားနဲ့
လိုက်ပို့ထားရတာလေ"

"ဒီတစ်ခါတော့ ကျွန်တော် ကျွေးမယ်နော်"

စုပုံ ဆက်အငြင်းမပွားချင်တာနဲ့ အောင်သပြေ့စကား
လက်ခံလိုက်ပြီး သူ့နောက်မလိုက်တော့ဘဲ ထိုင်စောင့်ကျန်
ခဲ့ပါသည်။ တကယ်တော့ စုပုံ သူ့ကိုအသုံးချပြီး ဖေဖေ့ကို
ခဲ့တိုက်မှာပေမဲ့ စုပုံထက် ငွေကြေးအရာမှာ ချို့တဲ့သောကြောင့်
တို့ စုပုံအတွက် ငွေကုန်မခံစေချင်ပါ။ သူ့ဘာသာဆို ဒီလို
ရက်မှာ အခုလို ပိုက်ဆံထွက်ဖြုန်းချင်မှ ဖြုန်းမှာ။ အိမ်ထဲမှာ
ပြီး အမေကိုပဲ အဖော်ပြုနေမလား။ သီချင်းပဲ ရေးနေမလား။
ဒီလို အချိန်ဖြုန်းနေမဲ့ ကောင်လေးဟာ အခုကျတော့ စုပုံကြောင့်
ပြင်ထွက်ရပြီ။ ပိုက်ဆံကုန်ရပြီ။

ဆယ့်ငါးမိနစ်လောက်ကြာတော့ အောင်သပြေကား
ား ပြန်ရောက်လာသည်။ စုပုံ ရှိရာဆီ ကြွပ်ကြွပ်အိတ်တစ်အိတ်
ပြီး သူ လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အအေးဘူးက စုပုံ ဘာသောက်ချင်မှန်း မမေးသွား
နဲ့ coke တစ်ဘူး၊ 7-up တစ်ဘူး ဝယ်လာတယ်။
ဒဝစ်ရှိလည်း စုပုံ ဘာစားမယ်မှန်း သေသေချာချာ
လိုက်ပေမဲ့ ဟိုတစ်ပတ်က ကျွန်တော်နဲ့ ကော်ဖီဆိုင်
စားတော့ အာလူးဆင်းဒဝစ်ရှိပဲ စားတာတွေ့လို့ အဲဒါ
ခဲ့တယ်။ ဆိုင်မှာ Custard pudding ဆိုတဲ့ မုန့်လေး
တော့ စိတ်ဝင်စားတာနဲ့ စုပုံ စားချင်မလားဆိုပြီး
ဝယ်လာသေးတယ်"

အောင်သပြေက ထိုင်လိုက်လျှင် ထိုင်လိုက်ခြင်း
သူဝယ်လာတာတွေ တစ်ခုချင်းချပြပြီး ဆက်တိုက်ပြောပြလိုက်
ပါသည်။ စုပုံကတော့ သူ့ကိုအားနာပြီး သူ့ပိုက်ဆံ ဘယ်လော
တောင် ကုန်သွားမလဲလို့ တွက်ကြည့်မိသည်။ သုံးလေးထော
ဆိုတဲ့မုန့်ဖိုးပိုက်ဆံဟာ စုပုံ အတွက် ဘာမှမရှိပေမဲ့ သူ့လိုတ
လလုံး အလုပ်လုပ်မှ သောင်းဂဏန်းလောက် ပိုက်ဆံရတဲ့
အတွက်တော့ တော်တော်ထိသွားမှာပဲ။

"အများကြီး ဝယ်လာတယ်နော်။ စုပုံ အဲဒီလောက် မစား
နိုင်ပါဘူး"

"ကျွန်တော် ကုန်အောင်စားပေးမယ်၊ စိတ်ချ"

"သပြေက တခြားယောကျ်ားလေးတွေလို Wallet လေး
ကိုင်တာတို့၊ ကျောပိုးအိတ်လေး လွယ်တာတို့ မလုပ်





သားရေအိတ်ကြီးအရှည်လေးကို စလွယ်သိုင်းပြီး လွယ်တယ်
နော်၊ အဲဒီထဲမှာ ဘာတွေရှိလဲ"

အောင်သပြေက သူ့အိတ်လေးကို စလွယ်သိုင်းရာ
ခေါင်းပေါ်မှကျော်ချွတ်ပြီး ထိုင်လိုက်လျှင် စုပုံ ထိုသို့မေးလိုက်
သည်။ သူ့မှာ ဒီအိတ် တစ်အိတ်ပဲ ရှိတယ်ထင်တယ်။ အမြဲ
လေးပဲ လွယ်လွယ်ထားတာ တွေ့တယ်။ အိတ်လေးက တော်
ဟောင်းနေပြီ။ အိတ်ထဲမှာ သူ ဘာတွေထည့်ထားတတ်ပါ
မဲ့လို့ စုပုံ သိချင်ပြီး မေးလိုက်မိသည်။

စုပုံရဲ့ လက်ကိုင်အိတ်အကြီးကြီး Oversize အိတ်
ကြီးတွေထဲမှာ MP-3 လည်းပါသည်။ ဘီးကလည်း သုံးချောင်း
လောက်ပါသေးသည်။ မိုဘိုင်းလ်ဖုန်းလည်းပါသည်။ L'OREAL
မိတ်ကပ်ဘူးလေးလည်းပါသည်။ REVLON နှုတ်ခမ်းဆိုးဆေး
တောင့်ကလည်း လေးငါးတောင့်ထက်မနည်း။ လက်ဖဝါးကို
သိမ်းရတဲ့ အလှဆီကျူ့(ပ)လေးလည်းပါသည်။ သွားရင်းလာရင်း
ခေါင်းကိုက်လာရင် အလွယ်တကူ ထုတ်သောက်ဖို့ ခေါင်းကိုက်
ပျောက်ဆေးကတ်လည်းပါသည်။ ရှူဆေးလည်းပါသည်။ မျက်နှာ
သုတ်သော Facial Tissue ထုပ် အသေးလေးတွေလည်း
အများကြီးပါသည်။ လက်ကိုင်အိတ် အကြီးကြီးထဲမှာ မိန်းမကိုင်
ပိုက်ဆံအိတ်လေး ထပ်ပါပြီး အဲဒီထဲမှာ သုံးဖို့ပိုက်ဆံ ထည့်ထား
ရာ အနည်းဆုံးတော့ တစ်သိန်းလောက် ဆောင်ထားတတ်သော



www.burmeseclassic.com

www.burmeseclassic.com



စုပုံသည် အောင်သပြေ့လို တစ်လုံး အလုပ်နှစ်ခုလုပ်တော့ တစ်သိန်းပြည့်အောင် လစာမရသော ကောင်လေးတစ်ယောက် အိတ်ထဲမှာ ပိုက်ဆံဘယ်လောက် ဆောင်ထားနိုင်မလဲ ဆိုတာ သိချင်နေမိသည်။

"အဲဒီထဲမှာ ဘာရှိလဲ သိချင်ရင် ယူကြည့်လေ"

"အို ... ဘယ်ဖြစ်မလဲ၊ စုပုံ သိပ်စပ်စုရာ ရောက်နေပြီ ပေါ့"

"စုပုံ ကျွန်တော့်အကြောင်း စပ်စုတာကို ကျွန်တော်ဖွေ့ ပါတယ်။ ယူကြည့်ပါ ရပါတယ်၊ အဟဲ ... ပိုက်ဆံကတော့ သိပ်မပါပါဘူး၊ စုပုံ မြင်ရင် ရယ်တောင်ရယ်ချင်သွားမယ်"

"မရယ်ပါဘူး၊ စုပုံ သပြေ့ ပိုက်ဆံအိတ်ကို မကြည့်ပါဘူး၊ လွယ်တဲ့အိတ်လေးပဲ ကြည့်ချင်တာ"

သူက ထိုးပေးနေတော့ စုပုံ ယူကြည့်မိသည်။ အိတ်မှာ အပေါ်ကထပ်အုပ်ပြီး Buckle ဖြင့် ဘယ်ညာပြန်ပိတ်ရသည်။ ထိုအုပ်ထားသောအဖုံးကို လှန်ဖွင့်လိုက်လျှင် အတွင်းမှာ ဇစ်ဆွဲပိတ်ထားသော အိတ်ရှိနေသည်။ အိတ်က Nike တံဆိပ် ဖြစ်ပြီး အတုဖြစ်မလား၊ အစစ်ဖြစ်မလား စုပုံလည်း မခွဲခြားတတ်ပါ။ အိတ်လေးကတော့ တော်တော်ဟောင်းပါသည်။ စုပုံဆို အိတ်တစ်လုံးဝယ်ပြီး သေသေချာချာ ကိုင်ဖြစ်တာ ဆယ်ခါပင် မပြည့်ခင် နောက်အသစ်တစ်လုံး ထပ်ဝယ် ထပ်ကိုင်သည်ဖြစ်





ဖြင့် စုပုံမှာရှိတဲ့ အိတ်တွေဟာ ဆိုင်မှာတင်ရောင်းတဲ့အတိုင်း အသစ်လိုပဲ ရှိနေသည်။ စုပုံတွင် လက်ကိုင်အိတ်နဲ့ ဖိနပ်ချည်း သီးသန့်ထားရသော ဗီရိုကြီးတစ်လုံး ရှိသည်ဆိုလျှင် အောင်သပြေ အံ့သြမလားမသိ။

အိတ်ထဲမှာ ပလတ်စတစ်ဖိုင်လေး တစ်ခုနှင့် ခေါက်ချိုးကိုင်ပိုက်ဆံအိတ် wallet လေးသာပါပါသည်။ ပလတ်စတစ်ဖိုင်လ်မှာ အိတ်ပုံစံဖြစ်ပြီး နှိပ်စေ့လေးဖြင့် အဖွင့်အပိတ်လုပ်ရသော အမျိုးအစားဖြစ်သည်။ နှိပ်စေ့အနီလေးကို ထောက်ခနဲဖွင့်ပြီး ဖိုင်လ်အနီလေးထဲ ကြည့်လိုက်တော့ A-4 စာရွက်တွေ တစ်ထပ်ကြီးတွေ့ရပြီး တချို့ကအလွတ်၊ တချို့က မင်ပြာဖြင့်ရေးထားသော ရေးလက်စ ဂီတနုတ်(စ)တွေ စာသားတွေ ဖြစ်နေသည်။

"သီချင်းရေးထားတာလား"

"ဟုတ်တယ်"

"စုပုံ ကြည့်ရမလား"

"ကြည့်ပြီးရင် စိတ်တော့မဆိုးရဘူးနော်"

"ဘာဖြစ်လို့လဲ"

"သီချင်းအသစ်ရေးထားတဲ့ တစ်ပုဒ်ရှိတယ်၊ စုပုံ တွေ့ရင် စိတ်ဆိုးစရာ ဖြစ်နေလိမ့်မယ်"

"စိတ်မဆိုးပါဘူး သီချင်းရေးထားတာပဲ၊ ဘာစိတ်ဆိုးစရာ ရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



စုပုံ ပြောရင်း စာရွက်ထပ်ကို သေချာစွာကြည့်လိုက်လျှင် ...

"စုပုံပြီးတော့ ချစ်မယ်"

ဟူသော သီချင်း၏ခေါင်းစဉ်ကို အရင်ဆုံးဖတ်သွားတော့သည်။

စုပုံမှာ အောက်က သီချင်းစာသားတွေကို မဖတ်ရသေးခင် ဒါ စုပုံကိုပဲ ပြောတာလို့ ခံစားလိုက်ရသည်။ အောင်သပြေကို အကဲခတ်တော့ စုပုံကို ရင်မဆိုင်ရဲသလိုနဲ့ အဝေးကို မျက်နှာလွှဲထားတာ တွေ့ရသည်။

"စုပုံနာမည်ကို သီချင်းလုပ် ရေးထားတာနော်"

"... ... ..."

"ဘာတွေရေးထားတာလဲ"

"... ... ..."

"စုပုံ ဖတ်ကြည့်ပါ့မယ်၊ ဒါပေမဲ့ စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် အရမ်းမြောက်သွားတယ် သိလား၊ စုပုံကို သီချင်းတောင် ရေးတဲ့အထိ သပြေက အလေးအနက် ရှိတာကို ဝမ်းသာမိတယ်"

"စုပုံရယ် ... တကယ်ပြောတာလား"

အစက ပါးစပ်ကြီးပိတ်ပြီး ငြိမ်နေခဲ့သော အောင်သပြေထံမှ စုပုံ စိတ်မဆိုးကြောင်း အသေအချာသိရမှပဲ အသံထွက်လာသဖြင့် စုပုံ မျက်စောင်းလေးထိုးပြီး သူ့ကို သီချင်းစာရွက်များဖြင့် တစ်ချက်လှမ်းရိုက်လိုက်ပါသည်။

စုပုံ သီချင်းလေးကို ဖတ်ကြည့်တော့ ရင်ထဲမှာ ထွတ်ပျံ့ကြည်နူးမှုတွေ တစ်စ တစ်စ ခံစားလာမိတာ မငြင်းချင်။

"တွေ့စက သတိထားမိခဲ့တဲ့ ... ဒီမျက်ဝန်းနက်လေးထဲမှာ... ဒီမျက်ဝန်းရောင်တောက်ပမှုလေးထဲမှာ ... ကိုယ့်အတွက် အချစ်တွေ ရှိနေမယ်လို့ မမျှော်လင့်ရဲခဲ့ဘူး ...။

မင်းပေးတဲ့ ပျော်ရွှင်ခြင်းတွေနဲ့ပဲ ... ကိုယ့်ဘဝဟာ အသက်ဝင်လာခဲ့ပြီ ... အခုမှ တကယ် အသက်ရှင်လာခဲ့ပြီ ...

မင်းကို ကိုယ့်နှလုံးသားတစ်ခုလုံး စုပုံပြီး ချစ်ပါ့မယ် ... ဘဝတစ်ခုလုံး စုပုံပြီး ချစ်မယ် ... အချစ်လေးမင်းသာ ကိုယ့်အနား မရှိတော့ရင် ကိုယ်ပြန့်ပြီး သေဆုံးသွားရလိမ့်မယ် ... မင်းကိုချစ်ခြင်းနဲ့ပဲ အသက်ရှင်ချင်တယ် ... ကိုယ့်ဘဝရဲ့အရာအားလုံး စုပုံပြီးတော့ ချစ်နေမယ်"

သီချင်းစာသားလေးတွေ ကြားထဲမှာ တေးဂီတနုတ်(စ)တွေလည်း ရေးထည့်ထားပါသည်။ သီချင်းက တစ်ပုဒ်လုံးပြီးပြီလား။ မပြီးသေးဘူးလားတော့မသိ။ ဖတ်ကြည့်ရသလောက်နဲ့တင် သူ စုပုံကို ချစ်နေတယ်ဆိုတာ စုပုံ သိလိုက်ပြီတည်း။

"ဒါ တစ်ပုဒ်လုံးလား"







www.burmeseclassic.com

www.burmeseclassic.com



"မပြီးသေးဘူး၊ Chorus (ကိုးရက်(စ်))အပိုဒ်လေးမှာ ထပ်ဖြည့်ချင်တာလေးတွေ ရှိသေးတယ်၊ နောက်ပြီး သံစဉ်ကို သေချာမညှိရသေးဘူး"

"ကိုယ်ပိုင်သံစဉ်လား"

"ဟုတ်တယ်"

"သီချင်းရေးတော့ သံစဉ်ကို ဘယ်လိုရှာလဲ"

"ဂစ်တာနဲ့ပဲ ရှာတာပေါ့"

"သပြေက ဂစ်တာလည်း တီးတတ်လား"

"ခွန်မင်းတို့လောက်တော့ ပရော်ဖက်ရှင်နယ်ဆန်ဆန် မတီးတတ်ဘူးပေါ့၊ ဒါပေမဲ့ သံစဉ်ရှာလို့ရအောင်တော့ တီးတတ်ပါတယ်၊ ကျွန်တော်က သံစဉ်ရော စာသားရော ကိုယ့်ဘာသာပဲ ရှာတယ်လေ"

"Chorus က ဘယ်အပိုဒ်လဲ"

"ဒီမှာလေ"

အောင်သပြေက ပါးစပ်မှ ထုတ်မပြောရဲသလိုဖြင့် စာသားတွေကို လက်ဖြင့်ထောက်ပြပါသည်။

ကိုယ့်ရဲ့နှလုံးတစ်ခုလုံး စုပုံပြီးချစ်ပါမယ် ဆိုသော စာကြောင်းကစပြီး ကိုယ့်ဘဝရဲ့အရာအားလုံး စုပုံပြီးတော့ ချစ်နေမယ် အထိကို သူက ကွင်းစကွင်းပိတ်လေးနဲ့သာ မှတ်ထားပြီး Chorus ဟု ရေးမထား။ စုပုံမေးတော့ အောင်သပြေ့နှုတ်မှ ထုတ်





မပြောရဲသလိုဖြစ်ပြီး လက်ညှိုးဖြင့်သာ အသာထောက်ပြပေမဲ့ စုပုံက မရ။

"သံစဉ်က ဘယ်လိုလေးလဲ၊ စုပုံကို ဆိုပြပါလား"

ဟု ပြောပြီး သီချင်းလေးကို ဆိုခိုင်းလေသည်။ ဒီသီချင်းကို ဆိုပြလိုက်ရင် အောင်သပြေ့ ရင်ထဲမှာ ပြောချင်နေတာတွေကို ပြောလိုက်သလိုပဲ ဖြစ်သွားမှာမို့ စုပုံ ဒါကိုလိုချင်သည်။ ကြားချင်သည်။ အချိန်မဆွဲချင်။ စုပုံသဘောက သူနဲ့မြန်မြန် ရည်းစားဖြစ်ပြ။ ဖေဖေ့ကို တမင်အရွဲ့တိုက်ပြ။ ဒါပဲ လုပ်ပြချင်တာ။ ဖေဖေဘက်က မရဝေခင်ကို မယူတော့ပါဘူးဆိုတဲ့ အပေးအယူကို ကြားချင်သည်။ စုပုံကို ဒါ မလုပ်စေချင်ရင် ဖေဖေလည်း ဒါမလုပ်နဲ့ဆိုတာကို စုပုံ အတိအလင်း ပြောလိုက်ချင်သည်။

အောင်သပြေ့ကို အသုံးချရုံကလွဲရင် ဒီ့ထက်ပိုပြီး ခံစားရပါ။ သူ့ဘဝ သူ့အခြေအနေကို သနားတော့ သနားမိပေမဲ့ သနားခြင်းကနေ ချစ်ခြင်းတော့ ဖြစ်မလာနိုင်။ သူ့ဘာသာ နေနေတဲ့ လူတစ်ယောက်ကို စုပုံပဲ အရင်သွားဓာတ်လမ်းစပြီး ဒုက္ခပေးသလို ဖြစ်နေမှန်း သိပေမဲ့ စုပုံသည်ကား ကိုယ်လုပ်ချင်တာကို ဦးစားပေးသော မိန်းကလေးမျိုးသာ ဖြစ်လေသည်။

"ကျွန်တော့်အသံ မကောင်းဘူး"

"အသံမကောင်းလည်း ဘာဖြစ်လဲ။ စုပုံ တစ်ယောက်တည်း နားထောင်တာလေ။ ဘယ်သူမှ မကြားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



“စုပုံ ဘာလို့ နားထောင်ချင်ရတာလဲ”

“စုပုံ အကြောင်း ရေးထားသလို သီချင်းလေးမျိုးလို့ စုပုံ သိတယ်လေ။ ဒါကြောင့် သပြေ ဆိုပြတာကို နားထောင် ချင်တယ်”

“တကယ်ပြောတာလား စုပုံ၊ စုပုံ ကျွန်တော့်ရင်ထဲက ပြောချင်တာတွေကို နားထောင်ပေးမှာလား”

စုပုံ မဖြေတော့ဘဲ ပြုံးပြုံးလေး ခေါင်းညိတ်ပါသည်။ အောင်သပြေက သီချင်းစာရွက်ကိုပင် မကြည့်ဘဲ လည်ချောင်းကို အဟင်းဟင်း အဟမ်းဟမ်း လုပ်ရှင်းပြီးတာနဲ့ ခပ်တိုးတိုး ညင်သာစွာ သီချင်းကိုဆိုပါသည်။ သူ့ရင်ထဲက ပြောချင်နေသော စကားတွေကို သီချင်းရေးဖွဲ့ထားသဖြင့် သူဟာ ဒီစာသားတွေကို ကြည့်စရာလိုပုံမရ။ အလွတ်ပင် ဆိုပြသွားပါသည်။

သီချင်းဆုံးသောအခါ ...

“သိပ်ကောင်းတာပဲ သပြေရယ်”

လို့ စုပုံ ပြောလိုက်လျှင် ကျွန်တော့်နှလုံးသားတွေ အရည်ပျော်တော့မတတ် ဖြစ်သွားပါသည်။ ရင်ထဲမှာ ကျွန်တော် ပြောချင်နေတာတွေကို ပြောလိုက်ရသလိုပဲ ခံစားလိုက်ရသည်။ ထို့အတူ ကျွန်တော် သိချင်နေသော အဖြေကိုလည်း ရပြီးလိုက် သလိုပဲ ခံစားလိုက်ရသည်။ ကျွန်တော်နဲ့ စုပုံနဲ့ကြားမှာ ဘာစကားမှ ပြောစရာတောင်မလိုအောင် နားလည်မှုရှိသွားတာလား မသိပါ။





ပြန်ဖို့အချိန်ထိပင် စုပုံသည် ကျွန်တော့်ပခုံးစွန်းမှာ သူမ၏ခေါင်းလေးကိုတင်လျက် စကားတွေ အများကြီးပြောနေသည်။

“သီချင်းတွေကို ရောင်းပါလား”

ဆိုတာမျိုး တိုက်တွန်းတာတွေပါသလို ...

“သီချင်းရောင်းဖို့ စုပုံရဲ့အသိမိတ်ဆွေ ပရိုဂျူဆာဆီမှာ စပ်ပေးမယ်၊ သပြေမှာရှိတဲ့ သီချင်းတွေ အကုန်ယူလာခဲ့ ပေးနော်”

လို့လည်း ကျွန်တော့်သီချင်းကိစ္စကို စိတ်ဝင်တစား တိုင်ပင်တာလည်း ရှိသည်။ ပြီးတော့ တခြားအဆိုတော်တွေရဲ့ သီချင်းတွေ၊ သီချင်းရေးဆရာ ဘယ်သူက ဘယ်လိုတော်တာတွေ လည်း စုပုံပဲ ဒိုင်ခံပြောသွားပါသည်။

ကျွန်တော်ပင် စုပုံ သိသလောက် မသိတာတွေ စုပုံ ပြောသွားသဖြင့် ကျွန်တော်ကသာ နားထောင်သမား ဖြစ်ခဲ့ပါသည်။ အိမ်ပြန်ဖို့ လမ်းခွဲကြသောအခါ စုပုံသည် ကျွန်တော့်လက်ကိုမြဲမြဲ ဆုပ်ပြီး အတူပါလာခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၈

စုပုံ တမင် ဖုံးကွယ်ထားတာ မဟုတ်ပေမဲ့ ဖေဖေပဲ မျက်စိလျှမ်းတာလား၊ ဒါမှမဟုတ် စုပုံကို အရင်ကလောက် ဂရုတစိုက် မရှိတော့လို့လားတော့ စုပုံ မတွေးတတ်ပါ။ ဖေဖေသည် စုပုံ လက်မောင်းတွင် သစ်ခွပွင့် အပြာလေးပုံ Tattoo ထိုးထားတာတော့ လုံးဝမသိဘဲ ဖေဖေ မေးလာသောအကြောင်းအရာမှာ အောင်သပြေ့ အကြောင်းဖြစ်နေသည်။ ဖေဖေ့တပည့် လက်ရုံးတွေဟာ စုပုံ သွားရာနောက်မှာ နည်းအမျိုးစုံနဲ့ လိုက်ပါစောင့်ရှောက်တတ်သည်ဖြစ်ရာ စုပုံ ခုတလော ဘယ်သူနဲ့အတွဲများသလဲ၊ ဘယ်တွေသွားသလဲ ဆိုတာကို ဖေဖေ့ဆီ ချက်ချင်းသတင်းပို့တော့တာဖြစ်သည်။





ဒီနေ့ည ဖေဖေ ပြန်ရောက်လာတော့ စုပုံ၏ စေ့ ားသော အခန်းတံခါးကို လာခေါက်ပြီး ...

"သမီး ... ဘာလုပ်နေလဲ၊ အထဲက အသံကြားလို့ မအိပ်သေးဘူး မဟုတ်လား"

ဟု တံခါးခေါက်ပြီး မကြာမီ ခေါင်းပြူကြည့်ပြီး းလိုက်ပါသည်။

စုပုံက သူမအခန်းထဲတွင် သီးသန့်ထားသော Plasma TV (ပလပ်စမာတီဗီ)ဖြင့် ဒီဗီဒီတစ်ကား ကြည့်နေဆဲဖြစ်သည်။ ရာခြေရင်းမှာ သီးသန့်လေးထားပြီး လှဲအိပ်ရင်း ကြည့်ရသည့် ရာ ကြည့်ရင်း အိပ်ချင်လာတော့ရင် ရီမုဒ်နဲ့ ခလုတ်ပိတ်ပြီး လိုက်ရုံသာ။

"မအိပ်သေးပါဘူး ဖေဖေ"

"ဘာကားလဲ"

"ကားဟောင်းပါ၊ Devil Wears Prada ဆိုတဲ့ကားလေ။ စုပုံ ကြိုက်လို့ဝယ်ထားတာလေ၊ အခု ပြန်ကြည့်ချင်လို့ ကြည့်နေတာ"

"ဒါဆိုလည်း ကားဟောင်းဆိုရင် ခဏပိတ်ထားလိုက်ဦး၊ ဖေဖေနဲ့ ခဏစကားလာပြောဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

စုပုံလည်း ရိုမုဒ်ဖြင့် အသာပိတ်ပြီး ခုတင်ပေါ်
လျှောတိုက်ဆင်းလိုက်သည်။ ညအိပ်ခါနီးမို့ ကော်တွန်သားအကျီ
ဘောင်းဘီပွ ဝမ်းဆက် Pyjama (ပဂျားမား)ဝတ်စုံ ဝတ်ထား
ကလေးပုံပေါက်နေသည့် စုပုံကို ဖေဖေ ချစ်စနိုး ခေါင်းကိုဖိလှုပ်
လိုက်ပြီး ...

"ရုပ်က ကလေးရုပ် မပျောက်သေးဘူးပဲ"လို့လည်း
ထုတ်ပြောလိုက်သေးသည်။

ဒီအိမ်မှာ ဖေဖေက ညဆို ဆယ်နာရီ၊ ဆယ့်တစ်နာ
လောက်မှ အိမ်ပြန်ရောက်တတ်သဖြင့် တချို့ညတွေလည်း ဖေဖေ
ပြန်ရောက်တာပင် မသိလိုက်ဘဲ စုပုံ အိပ်ပျော်နေတတ်သည်။
မနက်ကျရင်တော့ ဖေဖေက အစောကြီး အလုပ်ကိစ္စတွေအတွက်
သွားစရာမလိုသဖြင့် ရှစ်နာရီလောက်ထိ အိပ်တတ်သည်။ အလုပ်
ကိစ္စဖြင့် သွားစရာရှိသည်များက နေ့တိုင်းအမြဲတမ်းနီးပါး နေ့လယ်
စာ ထမင်းစားသောက်ပြီးမှ သွားတတ်ပါသည်။ ဖေဖေ့မှာ လုပ်
ငန်းတွေ အများကြီးပေမဲ့ စိတ်ချယုံကြည်ရသော လူယုံတပည့်တွေ
ကလည်း ရှိလေရာ ဖေဖေ ကိုယ်တိုင် ကိုယ်ဖိရင်ဖိနဲ့ သိပ်ကြီး
အမှုတပြင်း လိုက်အုပ်ချုပ်နေစရာ မလိုပါ။



အလုပ်ကိစ္စတွေအတွက် နေ့လယ်တစ်ပိုင်းလုံး လှည့်
ည့်ရှုစစ်ဆေး၊ ညနေကျ ငါးနာရီလောက် အချိန်ပေးပြီး
က်၊ ညပိုင်းကျတော့ အရင်ကတော့ မိတ်ဆွေတွေနဲ့တွေ့
းပြောကြတာမျိုးတွေလုပ်ရင်လုပ်ပေမဲ့ အခုတော့ မရဝေခင်
သွားမလား။ ဒါမှမဟုတ် မရဝေခင်နဲ့ပဲ ညစာ အတူထွက်
။ စုပုံ မေးလိုက်ရင် သေသေချာချာသိရမှာပေမဲ့ ထိုသို့ကြား
သည်း စိတ်ဆိုးစိတ်ညစ်ရတာပဲ အဖတ်တင်မှာမို့ မမေးတော့
ဆက မရဝေခင်ကို လက်ထပ်မည်လို့ ဆုံးဖြတ်ထားပြီးပြီ
ဘယ်တော့လက်ထပ်မလဲဆိုတာ စုပုံ မမေးချင်ပါ။

စုပုံဘက်ကတော့ ဖေဖေ မရဝေခင်ကို လက်မထပ်
င် လုပ်ကိုလုပ်မည်။ ဖေဖေ စုပုံကို အလျှော့ပေးကိုပေး
ည်လို့လည်း စုပုံ ကြံစည်နေမိသည်။

ဖေဖေနဲ့ စုပုံ ဝရန်တာရှိ ကြိမ်ခုံဝိုင်းတွေမှာ ဝင်
ိုက်ပြီးလျှင် ဖေဖေ့ထံမှ ...

"သမီး ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ်လို့ သိထား
တယ်၊ အဲဒီအကြောင်း မေးချင်လို့"

ဟု ချက်ချင်းပဲ စကားစလိုက်သံကို ကြားရသည်။
က သွယ်ဝိုက်မနေ၊ စကားဦးသမ်းမနေ။ သူသိချင် ပြော
ာကို တိုက်ရိုက်ပဲပြောပြီး မေးလိုက်တော့သည်။

www.burmeseclassic.com

"ဖေဖေ့တပည့်တွေ အကုန်စုံစမ်းပြီးရောပေါ့၊ စုပုံ
တာထက်တောင် ပိုပြည့်စုံတဲ့ အကြောင်းတွေ
သိပြီးမှာပါ"

"ဖေဖေ သိပြီးလည်း သမီး မပြောသင့်ဘူးလား၊ ဖေ
မှာ ဒီအဖေနဲ့ ဒီသမီးပဲ ရှိတာလေ"

"နောက်ဆို မိတွေးပါ ဝင်လာမှာ"

"စုပုံ ... သမီး ဘယ်လိုဖြစ်နေလဲ၊ ဒါ ဘာဲထည့်ပြော
လိုလဲ"

"လိုတာပေါ့၊ သူက စုပုံရဲ့အမေနေရာကို ဝင်လာမဲ့သူ
ဒီတော့ သမီးဖြစ်သူ ရည်းစားထားတဲ့ကိစ္စကို အမေအ
သူက ဝင်ပါရင် ပါမှာပဲလို့ စုပုံ ကြိုမြင်တယ်"

"စုပုံ ... သမီးအကြောင်းကို ဖေဖေ မေးနေတာနော်။
ကြောင့် ရစ်ဘက် လှည့်လာရတာလဲ"

"ဖေဖေက အဖြစ်သည်းနေတာပါ။ စုပုံ ဒီလောက်
ပြောတာပဲ ပြောခွင့်မရှိဘူးလား"

"ကဲ ... တော်စမ်း စုပုံ။ ဒီအကြောင်း ဘာမှဆက်မပြော
ဖေဖေ မေးတာပဲ ဖြေစမ်း"

ဖေဖေ ခေါ်သတကြီးပင် ကြိမ်ခုံတွေကြားမှာ ချထာ
တဲ့ အလှစားပွဲလေးကို လက်ဖဝါးဖြင့် ဖြန်းခနဲ ရိုက်ပစ်လိုက်





လိုက်တော့မှ စုပုံ လန့်ပြီးငြိမ်လိုက်မိသည်။ ဖေဖေက စုပုံ
ချစ်လည်းချစ်သည်။ အလိုလည်းလိုက်သည်။ သို့သော် ဆုံးမ
ရှိလျှင် မညှာတာပဲ ဆုံးမတတ်သဖြင့် စုပုံ လန့်ပါသည်။
ယ်ကတော့ ရိုက်ခံရပေမဲ့ စုပုံ ဒီလိုအပျိုအရွယ်ရောက်လာ
အခါမှာတော့ ဖေဖေ မရိုက်တော့ပါ။ သို့သော် ဘာကြောင့်
သိ စုပုံ ဖေဖေ့ကို အလိုလိုရှိန်ပြီး ကြောက်လေသည်။

"ပြော ... အဲဒီကောင်လေးနဲ့ ဘယ်တုန်းက ရည်းစားဖြစ်
တာလဲ"

"မကြာသေးဘူး"

"ဘာကြောင့် သူ့ကိုမှရွေးပြီး ရည်းစားထားရသလဲ"

"ရွေးပြီးထားတာ မဟုတ်ပါဘူး ဖေဖေ။ စုပုံ သဘောကျ
လို့ ရွေးတာပါ။ စုပုံ ပြောရင် ဖေဖေ စိတ်ဆိုးဦးမယ်၊
ဒါပေမဲ့ ပြောတော့ ပြောရမယ်၊ ဖေဖေ့လိုပဲပေါ့။ ဖေဖေ
တောင် အရင်က အဘိုးတို့ အဘွားတို့ စပ်ပေးတဲ့မိန်းမတွေ
ကို မကြိုက်ခဲ့ဘူး။ နောက်ပိုင်း ဖေဖေ့ဘာသာတွဲတဲ့မိန်းမ
တွေကိုလည်း မရွေးခဲ့ဘူး။ မရဝေခင်ကျမှ လက်ထပ်ယူ
ဖို့အထိ ရွေးသလိုပဲပေါ့။ စုပုံလည်း သပြေကို စိတ်ထဲမှာ
ရွေးချင်လို့ကို ရွေးတာပဲ"

"အလကားကောင်ကိုများကွာ၊ ရွေးရတယ်ရှိသေး"

www.burmeseclassic.com



"ဖေဖေ သမ္ပြေအကြောင်းတွေ ဘာပိုသိထားလဲ၊ ... တာထက် ဖေဖေ ပိုသိလို့လားဟင်"

"မိသားစုငါးယောက် ရှိတယ်၊ အစ်မနှစ်ယောက်က ... ထောင်ကျပြီး ကလေးတစ်ယောက်စီနဲ့ ညီမကဆယ်... အဖေက (......)ကုမ္ပဏီကြီးမှာ Super visor ... ကင်ဆာ ဖြစ်နေတယ်၊ ကဲ ... ဒီထက် ဘာပိုသိ... လဲ"

"စုပုံလည်း အဲဒီလောက် သိထားပါတယ်"

"သိရက်နဲ့များ သမီးရယ်။ ဒီကောင်လေးမှာ ဘာအနာ... မှ မရှိဘူး။ ရိုးရိုးဘွဲ့ရ အရောင်းဝန်ထမ်းလုပ်ပြီး ဂီတသ... ယောင်ယောင် ဘာယောင်ယောင်နဲ့။ သူ့အခြေအနေ... သမီးနဲ့ အများကြီးကွာတယ်၊ သူ့ သမီးကို တကယ်ချစ်... လုံးဝမဖြစ်နိုင်ဘူး။ ဦးမြတ်နိုး သမီးမို့ သူ လာကပ်... ဘယ်သူမဆို သူဌေးကြီးရဲ့ တစ်ဦးတည်းသော သမီး... ရမယ်ဆိုရင် ယူချင်ကြတာချည်းပဲ၊ စဉ်းစားပြီးလု... သမီးရယ်။ ဒီကောင့်အခြေအနေကြည့်ရတာ လုံးဝမ... ဘူး၊ သမီးဘဝအတွက်လည်း ဘယ်လိုမှ စိတ်ချရမဲ့ကော... မျိုး မဟုတ်ဘူး"





ဒါဖြင့် ဖေဖေ့ မရဝေခင်ကရော စိတ်ချရသလား။ စုပုံ စိတ်ထဲမှာသာ မေးလိုက်မိပါသည်။ ဖေဖေကသာ တစ်ဖက်သတ် စွပ်စွဲနေတာ။ တကယ်တော့ သပြေက စုပုံဆီ ရောက်လာဘာ မဟုတ်ဘဲ စုပုံကသာ သပြေ့နားရောက်အောင် တိုးလာခဲ့သူသာဖြစ်သည်။ ပြီးတော့ သပြေ့ကြည့်ရတာ ဖေဖေ့ကို ဦးမြတ်နိုးသို့သာ သိထားပြီး ဦးမြတ်နိုးဟာ စီးပွားရေးလောကရဲ့ အထင်ကရကြီး၊ ဆရာကြီးဆိုတာ သိပုံမရ။ ဦးမြတ်နိုးဟာ ဘယ်လောက်အိ ချမ်းသာသလဲ ဆိုတာလည်း သိထားပုံမရ။ သပြေ့မျက်နှာကရှင်းလုံပြီး သူ့စိတ်ထဲမှာ ဘာရှိသလဲ ဆိုတာကို ထင်ရှားစေသောမျက်လုံးမျိုး၊ မညာတတ်သော မျက်လုံးမျိုးကို ပိုင်ဆိုင်သည်ဟုလည်း စုပုံ ထင်မိပါသည်။

"စုပုံ သူ့ကို အပျော်ရည်းစားပဲ ထားတာပါ ဖေဖေ။ သူ့ကိုမယူပါဘူး"

"ဘာ ... ဘာအပျော်ရည်းစား ထားတာလဲ။ မိန်းကလေးတစ်ယောက်အနေနဲ့ ဒီလိုမျိုး ပြောသင့်သလား။ ရည်းစားတွေ အဲဒီလို ဖြောက်သော်က်ထားရမဲ့ အတန်းအစားလား စုပုံ။ အဲဒီလို မထားနဲ့ ဖေဖေ လုံးဝမကြိုက်ဘူး။ တကယ်လို့ ရည်းစားထားခဲ့ရင်လည်း အဲဒီလူဟာ ကိုယ်နဲ့အဆင့်အတန်းတူရဲ့လား၊ တန်ရဲ့လားလို့ တွေးစမ်းပါ။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းထဲမှာ ရည်းစားတော်ချင်စရာကောင်း
တွေမှ တစ်ပုံကြီး။ ဘာကြောင့် ကလေကချေ ငမွဲကော
ကိုမှ အပျော်ရည်းစား ထားရလဲ။ ဖေဖေကတော့
သမီးကို တန်ဖိုးရှိတဲ့ မိန်းကလေးပဲ ဖြစ်စေချင်တာ
ယောက်ျားလေးမျှင်တွေဘက်က တန်ဖိုးထားပြီး အ
တယူ တောင်းရမ်းခံရတာမျိုးကိုပဲ မြင်ချင်တာ။ အခုလို
ဦးမြတ်နိုးသမီးက တွေ့ကရာ ဖြောက်သောက်ကောင်
ရည်းစားတွေ လျှောက်ထားတယ်လို့ သတင်းတွေ ပြန့်ကု
ရင် ဦးမြတ်နိုး သမီးမကလို့ ဘာကြီးပဲဖြစ်နေနေ တော်
ပါပြီ။ မလိုချင်တော့ပါဘူးလို့ အငြင်းခံလိုက်ရမှာ ဘယ်
လောက်ရှက်ဖို့ကောင်းလဲ"

စုပုံ ပြန်မပြော၊ နားမထောင်၊ လုပ်နေလိုက်ပါသည်။
စုပုံ လိုချင်တာက ဒါပဲလေ။ ဖေဖေ စုပုံကိစ္စနဲ့ ခေါင်းရှုပ်စိတ်
ပင်ပန်းပြီး မရဝေခင်ကို ဂရုစိုက်မှုတွေ လျော့လာဖို့ပဲ။ မရဝေခင်
ကိစ္စကို ရှေ့တန်းမတင်တော့ဖို့ပဲ မရဝေခင်ဘက်က အမြင်မှာလည်း
စုပုံဟာ ဖေဖေ့ဘဝအတွက် နံပါတ်တစ်၊ သူဟာနံပါတ်နှစ်လို့
မြင်ကို မြင်ရစေမယ်။ စုပုံကို မသိမသာလေး နောက်တွန်းပို့ကာ
ပျော့ပျော့ ပျောပျောနဲ့ ဖေဖေ့ကို သိသိသာသာ ဆွဲဆောင်တတ်
သော မရဝေခင်ရဲ့ အမူအရာတွေကို စုပုံ ရိပ်မိထားခဲ့ပါသည်။

www.burmeseclassic.com



"ဒီတော့ ဒီကောင့်ကို တကယ်မကြိုက်ဘူး။ အပျော်တွဲတာ
ဆိုရင် ဒီနေ့ကစပြီး ရပ်ရင်ရပ်။ မရပ်ရင် ဖေဖေ့အဆိုး
မဆိုနဲ့"

"မရပ်ရင် ဖေဖေက စုပုံကို ဘယ်လိုအပြစ်ပေးမှာမို့လဲ"

"ချက်ချင်း သင့်တော်ရာ လူရှာပြီး ပေးစားပစ်မယ်။
တကယ်မလုပ်ဘူး မထင်နဲ့ စုပုံ"

"ဖေဖေနဲ့ မရဝေခင်က ဒီနှစ်ထဲမှာ မင်္ဂလာဆောင်မှာဆို"

"အဲဒီတော့ ဘာဖြစ်လဲ"

"စုပုံ ကြားဖူးတာတော့ မိသားစုတစ်ခုထဲမှာ တစ်နှစ်တည်း
နှစ်မင်္ဂလာ မလုပ်ရဘူးတဲ့။ စုပုံကို ယောက်ျားပေးစားလိုက်ရင်
ဖေဖေနဲ့ မရဝေခင် ဒီနှစ်ထဲယူလို့ ဘယ်ရတော့မလဲနော်"

ထိုအခါ ဖေဖေ ပြောလိုက်သော စကားများမှာ စုပုံကို
အားစွာ စိတ်ချမ်းသာသွားစေခဲ့လေသည်။

"ဖေဖေ့အတွက် သမီးဟာ နံပါတ်တစ်ပဲ၊ သမီးကို စိတ်
မချရဘဲနဲ့ ဖေဖေ ဘာမှမလုပ်ဘူး၊ ဖေဖေ့ဘဝက အရေး
မကြီးဘူး၊ သမီးဘဝက ပိုအရေးကြီးတယ်"

စုပုံ ထိုညက ကျေနပ်ဝမ်းသာပြီး အဆင့်တစ်ဆင့်
အနိုင်ရပြီထင်ကာ စိတ်ချမ်းသာနေသည်။ မနက်ကျ အိပ်ရာက
နိုးနိုးချင်း မိမိကို ဖုန်းဆက်မိသည်။ မနက် ကိုးနာရီ နိုးနိုးချင်း

www.burmeseclassic.com

www.burmeseclassic.com



မိမိဆီ အိမ်ဖုန်းကိုသာ ဆက်လိုက်သည်။ စုပုံတို့အားလုံး မိုဘိုင်းလ်ဖုန်းတွေ ရှိကြသဖြင့် အိမ်မှာမရှိလည်း မိုဘိုင်းလ်ဖုန်းကို ဆက်လိုက်ရုံသာ။ သို့သော် မနက်ကိုးနာရီလောက်ကြီးတော့ မိမိလည်း ဘယ်မှ သွားဦးမှာ မဟုတ်၍ အိမ်ဖုန်းကိုသာ ဆက်လိုက်တာဖြစ်သည်။

"မိမိနဲ့ စကားပြောချင်လို့ပါရှင်၊ စုပုံ ဆက်တာပါ"

လို့ လာကိုင်သူကို ပြောလိုက်တာနဲ့ ချက်ချင်း မိမိကို ခေါ်ပေးသည်။

"စုပုံ ... ဘာလဲ စောစောစီးစီး"

"နင် မနိုးသေးလို့လား"

"ခုနစ်နာရီဆို နိုးတယ်နော်၊ နင့်လို နေဖင်ထိုးမှထတာမဟုတ်ဘူး"

"အေးပါ ... အေးပါ"

"အသံက ရွှင်နေပါလား၊ သတင်းကောင်း ကြားလဲ"

"ဖေဖေ ငါတို့အကြောင်း သိသွားပြီလေ"

"ဘယ်သူတို့အကြောင်းလဲ"

"ကျွတ် ... ဒုံးဝေးနေပြန်ပြီ၊ ငါနဲ့ သပြေအကြောင်း သွားတာကို ပြောတာ"





"အဆူမခံရဘူးလား"

"အဆူခံရတာပေါ့၊ မဆူဘဲ နေမလား"

"ဟယ် ... အဲဒါတောင် နင့်အသံက ရွှင်နေပါလား"

"ပြောပြမယ် ... ပြောပြမယ် ဒီလို"

စုပုံ ညက ဖေဖေနဲ့ ပြောဖြစ်ခဲ့သည့် စကားတွေကို အကျဉ်းချုံး ပြန်ပြောလိုက်ပါသည်။ မိမိကတော့ ဘာမှဝင်မပြောသေးဘဲ တိတ်ဆိတ်စွာ နားထောင်ပေးနေပါသည်။

"ကဲ ... ဘယ်လောက် ပျော်စရာကောင်းလဲ၊ ဖေဖေက ငါ့ကိစ္စကိုပဲ နံပါတ်တစ်မှာ ထားတယ်တဲ့၊ ငါ့ကိုစိတ်မချရမချင်း ဖေဖေ ဘာမှမလုပ်ဘူးတဲ့လေ။ ဒီတော့ ဖေဖေပိုပြီး စိတ်မချရအောင် လုပ်လေလေ။ သူနဲ့ မရဝေခင်နဲ့ နီးရဖို့ ပိုပြီးကြာလေလေ ဖြစ်နေမယ်"

"အမယ်လေး အမယ်လေး ... ကလေးမ၊ စဉ်းစဉ်းစားစားလည်း ပြောဦး။ အန်ကယ်လ် နင့်ကို ယောက်ျားပေးစားမယ်လို့ ခြိမ်းခြောက်ထားတာနော်။ စိတ်မချရဘူးဆိုပြီး ချက်ချင်း ယောက်ျားပေးစားလိုက်မှ ဟုတ်ပေ့ ဖြစ်နေမယ်"

"ဟယ် ... အဲဒီလောက်တော့ အဖြစ်ခံမလား၊ ဖေဖေ အဲဒီလို စီစဉ်လာရင် ငါ ခြေသလုံးဖက် တောင်းပန်ပြီး ယောက်ျား မပေးစားရေးကို ရအောင်ပြောမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စုပုံ ထိုသို့ ပြောရင်း ခဏစဉ်းစားပြီးမှ ...

"စုပုံကို သပြေနဲ့ အဆက်အသွယ် ဖြတ်စေချင်ရင် ဖေဖေ လည်း မရဆေခင်နဲ့ မယူနဲ့လို့ ပြောမယ်၊ အဲဒီကျမှ"

ဟု ဆက်ပြောပါသည်။

BURMESE CLASSIC .com

"ညတုန်းက ဘာလို့မပြောလဲ"

"အခုဟာ စ,သိခါစပဲ ရှိသေးတယ်၊ ချက်ချင်းကြီးသိသိ ခြင်း ဖေဖေ့ကို စုပုံတော့ ဒါမလုပ်ဘူး၊ ဖေဖေလည်း အဲဒါ မလုပ်နဲ့ သွားပြောလို့တော့ ရဦးမယ် မထင်ဘူး။ ဖေဖေက လူပါး၊ သိပ်လည်တာနော်။ ငါ ဒါလိုချင်လို့ ဒီလိုလုပ်တာ ပါလားလို့ ချက်ချင်းရိပ်မိသွားမှာ သေချာတယ်၊ ဒါကြောင့် ငါ မပြောသေးတာ"

"အေးပါ ... အေးပါ ... နင်ပဲ ဒီဇာတ်လမ်းကို ရေးတဲ့ ဆရာမကြီးပါ၊ ဒါနဲ့ နင် ဒီနေ့ ဘယ်သွားဖို့ရှိလဲ"

"သပြေ့အလုပ်ကိုသွားပြီး သူ့သီချင်းတွေ ရေးထားတဲ့ ကော်ပီသွားယူမယ်၊ ငါ့ဖေဖေရဲ့မိတ်ဆွေ ပရိုဂျူဆာတချို့ ဆီ လိုက်ပြပြီး ရောင်းပေးမယ်လေ။ ဒါမှ အဲဒီလူတွေက တစ်ဆင့် ဖေဖေ ထပ်သိမှာ"

"နင့်ဟာကလည်းဟယ်၊ နင့်အဖေသိပြီး ဒေါသဖြစ်အောင် လုပ်တာမှ ဟုတ်ရဲ့လား။ နင့်စိတ်ထဲမှာ အောင်သပြေကို





တကယ်ပဲ တိုးတက်အောင်မြင်စေချင်လို့ လိုက်လုပ်ပေးနေ သလိုပဲ၊ သတိလည်း ထားပါဦး"

မီမီ ဝေဖန်ပေမဲ့ စုပုံကတော့ ကိုယ်စိတ်ချမ်းသာတာ ကိုယ်လုပ်တယ်ဟုသာ တွေးပါသည်။ ဒီထက်လည်း ပိုမတွေး သေးပါ။

မနက်စာ ကော်ဖီသောက် မုန့်စားလုပ်တော့ ဖေဖေနဲ့ ဆုံပါ။ အရင်ကတော့ ဆုံသဖြင့် ဒီနေ့ ဖေဖေ ဘယ်ရောက်နေ လဲလို့ စုပုံ တွေးနေတုန်း အိမ်မှုကိစ္စတွေ ကြီးကြပ်လုပ်ကိုင်ပေး သော ဒေါ်ကြီးစိုးထံမှ ...

"မစုပုံ ... ဆရာဦးမြတ်နိုး မှာသွားတယ်၊ သွားစရာရှိရင် ကားကို တစ်ချက်လောက် ဇော်ဇော်ကို စစ်ခိုင်းတဲ့။ စိတ် ချရမှ မောင်းနေကျကားကို ယူသွားတဲ့။ စိတ်မချရဘူး ဆိုရင် Honda CRV အနီရဲလေး မောင်းယူသွားတဲ့"

ဟု လာအသိပေးတာ ကြားရတော့သည်။

"ဖေဖေ မနက်အစောကြီး ဘယ်သွားစရာရှိလို့ ထ,သွား တာလဲ"

"အလုပ်ကိစ္စ မဟုတ်ပါဘူးကွယ်"

"သူ မှာချင်တာတွေ နောက်မှ စုပုံကို ဖုန်းပြန်ဆက်ပြီး မှာရင် ရသားနဲ့။ ဒေါ်ကြီးစိုးကို မှာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးစိုးကလည်း တကယ်တော့ အိမ်မှာ အိမ်ဖော်တွေကို ကြီးကြပ်ရသူ၊ အိမ်ကိစ္စ စီမံခန့်ခွဲရသူဖြစ်ပြီး ဆွေမျိုးနီးပါးပင် ဖြစ်နေပါပြီ။ စုပုံ မွေးကတည်းက မေမေ့ကို ကူညီဖို့ အိမ်ရောက်လာခဲ့သော ဒေါ်ကြီးစိုးသည် စုပုံတို့အိမ်မှာ နေနေတာ စုပုံတစ်သက် ရှိနေပြီမို့ တစ်ခါတလေ စုပုံစိတ်ထဲမှာ ကိုယ့်ကြီးတော်ကြီးတစ်ယောက်လိုပင် ခံစားရသည်။

စုပုံရဲ့ကြီးတော်အရွယ် ဖေဖေ့ထက်လည်း အသက်ဆယ်နှစ်လောက်တောင် ပိုကြီးမဲ့ ဒေါ်ကြီးစိုးသည် စုပုံကိုတော့ "မစုပုံ"ဟု တရိုတသေ ခေါ်တတ်သလို ဖေဖေ့ကိုလည်း "ဆရာဦးမြတ်နိုး"ဟု ခေါ်တတ်ပေမဲ့ စုပုံတို့ကတော့ ဘဝမှာ အမြဲတမ်းသူများတကာရဲ့ ဘုရားထူးခံ လူတန်းစားတွေဖြစ်ရာ ထိုအခေါ်အဝေါ်ကို ဘယ်တုန်းကမှ ကသိကအောက် မဖြစ်ခဲ့ဖူးပါ။

"သူ့ဆက်အားမှာ မဟုတ်ဘူးတဲ့၊ မရဝေရဲ့အမေ အသည်းအသန်ဖြစ်လို့ ဆေးရုံတင်ပေးဖို့ သွားရတာလေ။ ဒီတော့ ဆေးရုံကိစ္စတွေနဲ့ အလုပ်များနေမှာမို့ မစုပုံကို ဖုန်းဆက်ဖို့ အားချင်မှ အားမယ်လို့ ပြောတယ်"

"ဘာရယ် ... မရဝေခင်အမေ ဆေးရုံတင်ဖို့ သွားရတာ ဟုတ်လား"





"မနက်အစောကြီးထဲက ဖုန်းဆက်ခေါ်လို့ ဆရာဦးမြတ်နိုး ချက်ချင်းထ,သွားတာပဲ"

ဒေါ်ကြီးစိုးက စုပုံ မကြိုက်မှန်းသိ၍ သူသိထားသလောက်ထက် ပိုမပြောတော့ဘဲ အိမ်နောက်ဖေး မီးဖိုချောင်ထဲ ခေါင်းလှည့်ကြည့်ပြီး ...

"မိဖြူ ပုစွန်ခွာရင် အမြီးတွေ မပြတ်စေနဲ့နော်၊ ခေါင်းထဲက ချေးကိုလည်း ကုန်အောင်ထုတ်၊ ညည်းကို ခဏခဏ သင်လည်း မမှတ်ဘူး။ ညည်း ပုစွန်လုပ်ထားရင် အမြဲပြန်စစ်ရတယ်၊ အဲဒီပုစွန်က ကြော်မှာနော်၊ ကွေးရုံလေးကြော်မှာ၊ သိပ်အကျက်ကြီး မကြော်နဲ့ မာသွားမယ်"

ဟု ပုစွန်ထိုင်ခွာနေသော အိမ်ဖော် မိဖြူကို အော်သွန်ကြားလိုက်သလို ကြက်သားချက်ဖို့ ပြင်နေသော မိစိန်ဝိုင်းကိုလည်း ...

"ကြက်သားကို အရည်လေးနဲ့ ချက်ကြနော်၊ ဆရာဦးမြတ်နိုးက ဆီတွေဝေ့တက်ပြီး ဆီပြန်ကြီးလိုချက်ရင် မကြိုက်ဘူး။ ဘာလသားချက်လိုမျိုး ဆီကျန်ရေကျန်လေး ချက်မှကြိုက်တယ်၊ ငရုတ်သီးသိပ်မထည့်ဘဲ ချင်းများများလေးနဲ့ချက်မှာ၊ ထောင်းတဲ့ထဲ ဂျင်းပိုထည့်နော်၊ ချဉ်ပေါင်နဲ့ မျှစ်ကိုကြော်လိုက်ဦး။ ဘော့ဂျိပ်ပုစွန်ထည့်ကြော်တာလည်းကြော်



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ပုစွန်ခြောက်မှုန့်လေးတော့ ပါမှဖြစ်မယ်၊ မထည့်ဘဲ မနေနဲ့၊ သမီး စုပုံက ငါးရံ့ခြောက်ဖုတ် ဆီဆမ်းလေးစား မယ် ပြောထားတယ်၊ မီးဖုတ်ထားကြဦး”

စသဖြင့် စုပုံနဲ့ ဖေဖေတို့ ခုပဲ ထမင်းစားတော့မဲ့ အတိုင်း အရေးတကြီး ညွှန်ကြားမဆုံး ဖြစ်နေတော့သည်။ ဒါနဲ့ ပဲ စုပုံလည်း ဒေါ်ကြီးစိုး မပြောချင်မှန်း ရိပ်မိသဖြင့် ဆက်မမေး တော့ဘဲ အိမ်အပြင် မသိမသာ ထွက်လာခဲ့သည်။

အိမ်ရှိ ကားတွေကို စစ်ဆေး၊ ဂိုဒေါင်ထဲသွင်း၊ ထုတ်၊ ရေဆေး၊ ကားအတွင်းအပြင် သန့်ရှင်းရေးလုပ်ရသော ဇော်ဇော့်ကို ...

“ဇော်ဇော်ရေ ... ငါ ဆယ်နာရီမှာ အပြင်သွားမယ်။ ကား စစ်ပေးဦး”

ဟု အမိန့်ပေးလိုက်ရာ ဇော်ဇော် တစ်ယောက် စုပုံ ရဲ့ကားလေးကို အဖုံးဖွင့် ဟိုနှိက်ဒီနှိက်စစ်၊ ကားကိုစက်နှိုးကြည့်၊ တဝူးဝူး တဝုန်းဝုန်း အသံမြည်အောင် လီဗာကိုနင်းကြည့်ဖြင့် စတင်စစ်ဆေးပါသည်။

စုပုံ စောင့်ကြည့်မနေဘဲ ရေမိုးချိုး အလှပြင်ပြီးမှ ဝရန်တာမှာ ပြန်လာရပ်ကြည့်လိုက်ပြီး ...

“ဘယ်လိုလဲ၊ ကားယူသွားလို့ ရမလား”





“မရဘူး မစုပုံ၊ မနေ့က မစုပုံ ပြောထားကတည်းက ကျွန်တော် သိတော့သိတယ်၊ အင်ဂျင်နည်းနည်း ဖောက်နေ ပြီဆိုတာ။ ဒီနေ့ ထပ်စစ်ကြည့်တော့ သေချာသွားပြီ၊ အင် ဂျင်မကောင်းတော့ဘူး။ အင်ဂျင်ချရတော့မယ်၊ ဒီနေ့ပဲ ကျွန်တော် ဝပ်ရှော့ကို သယ်သွားလိုက်မယ်၊ မစုပုံကိုတော့ ဆရာက Honda CRV ယူသွားဖို့ ပြောတယ်”

ဒီ Honda CRV အနီလေးကို အရင်အပတ်ကမှ ...ဖေ ဝယ်ပေးထားသည်ဖြစ်ရာ စုပုံမှာ ဒီနိုင်းတိ မော်ဒယ်လ် ...ပါစလွန်းလေး မရှိလည်း အဲဒီ CRV ကား 4WD လေးကို ယူ ...သွားလို့ ရနေသည်။

“ရှုပါဆလွန်း မကောင်းတော့ရင် အပြီးရောင်းရင် ရောင်း လိုက်တော့ပေါ့ သမီးရဲ့။ သမီးအတွက် နောက်တစ်စီး အသစ်ဝယ်ပေးပြီးပြီပဲ”

လို့ ဖေဖေ ပြောပေမဲ့ စုပုံက ဘာ့ကြောင့်ရယ်မသိ။ ...ရှုပါဆလွန်း ဖြူဖြူလုံးလုံးလေးကိုပဲ ကြိုက်ပြီး မရောင်းချင်။ ...D က ပိုခန့်ပြီး ပိုကောင်းမှန်း သိပေမဲ့ စုပုံ စိတ်ထဲမှာ မကြိုက် ...လို ဖြစ်နေ၍ပင်။

“ဖေဖေ နင့်ကို ဘာထပ်ပြောသွားသေးလဲ”

“မရဝေ အမေ အသည်းအသန်ဖြစ်လို့ ဆေးရုံတင်ပေးရ မယ် ပြောတယ်”



www.burmeseclassic.com

www.burmeseclassic.com



"သူတို့မှာ ငါ့အဖေသာ အားကိုးမရှိရင် သူတို့အမေ ဆေး
တင်ဖို့ကို ဘယ်သူ့သွား အကူအညီတောင်းမလဲ။ အခု
အိမ်မှာ ဘာဖြစ်သလဲဟော့၊ ဖြစ်ပြီ ထစ်ခနဲဆိုတာ
ဦးမြတ်နိုးဆီ ဖုန်းဆက်မယ်၊ ခေါ်မယ်ဆိုတဲ့ အားကိုး
က ရှိနေပြီလေ။ ငါ အဲဒါတွေ မကြိုက်တာပေါ့၊ သူ
အရင်က ဘဝကို ဘယ်လိုရုန်းကန်ခဲ့လဲ။ အရင်ကတော
ဖြစ်အောင်ရုန်းကန်လို့ ရသေးတာ။ အခုကျမှ မရဘူးလာ
ဦးမြတ်နိုး ငွေထုပ်ပိုက်ပြီး လိုက်ရှင်းမှ ရနေပြီလား"

စုပုံ မကျေမနပ် ပြောသမျှ ဇော်ဇော် ငြိမ်ပြီး
ထောင်ပေးနေပါသည်။ အဖေက ပြောလိုက်၊ သမီးက ပြောလိုက်
သူတို့ ကြားထဲက အနေတတ်ဖို့ပဲ လိုသည်ဟု တွေးတော့တွေး
ပဲ။

"ဘယ်အချိန် ပြန်လာမယ်ပြောလဲ"

"အဲဒီက ကိစ္စတွေပြီးမှ ပြန်လာမယ်တဲ့"

"ဘယ်ဆေးရုံကိုများ လိုက်တင်ပေးနေလဲ မသိဘူး"

"ဆရာကတော့ ရွှေဗဟိုရုံကို ခေါ်သွားမယ် ပြောတာ"

"အမယ်လေး ... တန်ရာ တန်ရာတွေ လုပ်တာမ
ဘူး။ ဆေးကုဖို့ ပိုက်ဆံထုတ်ပေးတဲ့လူ ရှိတာနဲ့ ဆေး
အကောင်းစားကြီးကို ရွေးတက်ပစ်လိုက်တာပဲ"





စုပုံ စိတ်တိုင်းကျ ဝေဖန်အပြစ်တင်လိုက်ပြီးနောက်
အနီလေးပေါ်တက်ပြီး မောင်းထွက်လာခဲ့ပါသည်။ အောင်
ပြေဆီ လာတွေ့မယ်ဟု ချိန်းထား၍သာ ထွက်လာရသည်။
စိတ်မပါသလို ဖြစ်နေပါသည်။ ညကတော့ ဖေဖေတော့ ငါ့
ပဲ ဦးစားပေးတယ်ဆိုပြီး ဝမ်းသာကျေနပ်ခဲ့ရသမျှ မနက်ကျ
တော့ မကြားချင်တဲ့ အကြောင်းအရာတွေ ကြားရပြီး စိတ်ထဲမှာ
ကျိုရှုပ်ထွေးသွားသလို ခံစားရသည်။ ဘယ်ပဲသွားသွား၊
ပဲလုပ်လုပ် စိတ်တောင်မပါတော့။

အောင်သပြေတို့ ရှိုးရွမ်းရှေ့ရောက်တော့မှသာ ကား
ကင်ဝင်ရပ်ရတော့မှ စိတ်က လူနဲ့ပြန်ကပ်လာသလို ခံစားရ
သည်။ ရှိုးရွမ်းကြီးထဲ ဝင်လာပြီး အောင်သပြေ ကိုပြောထား၍
တာဝန်ကျသည့် ကောင်တာဆီ ရှာပြီးလာခဲ့သည်။ ဒီတစ်ပတ်
တော့ အောင်သပြေက မိုဘိုင်းလ်ဖုန်း ဟန်းဆက်တွေရောင်းသော
ကောင်တာမှာ တာဝန်ကျနေသည်။

စုပုံသည် ဝယ်သူတစ်ယောက်ကို ပြသပေးနေသော
အောင်သပြေကို မနှောင့်ယှက်ချင်တာနဲ့ အသာလေး ဝင်ရပ်ပြီး
။ ဒီငေး လုပ်နေရာ ထိုကောင်တာမှာပင် တာဝန်ကျသူ သုံး
ယောက်လောက် ရှိသဖြင့် ကျန်တဲ့ အားနေတဲ့နှစ်ယောက်တို့က
...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလိုချင်လို့လဲ အစ်မ၊ ဘာရှာပါသလဲ"

ဟု မေးလာတော့သည်။

ယောကျာ်းလေးတွေရဲ့ ထုံးစံအရ ကိုယ်နဲ့အ မတိမ်းမယိမ်း မိန်းကလေးကိုတွေ့ရင် "အစ်မ"လို့သာ တန် ကြတာမို့ သူတို့ အစ်မခေါ်တာကို စုပုံ ဂရုမစိုက်တော့ပါ။ မှာလည်း ကိုယ့်ထက် အသက်ကြီးသူတွေကပင် တရိုတ မစုပုံလို့ ခေါ်ခံရသဖြင့် စုပုံ အတွက်ကတော့ ရိုးနေသလို ဖြ သည်။

"ဘာမှ မရှာပါဘူး၊ အောင်သပြေ ဧည့်သည်ပါ၊ သူ့ဆီ တာ"

"ဟာ ... ဟုတ်လား"

ထိုကောင်လေး နှစ်ယောက်တို့ မျက်နှာမှာ အော သပြေကို အားကျအထင်ကြီးခြင်းတွေ ပြည့်နှက်သွားပါသ

သာမန်အရောင်းဝန်ထမ်း ကောင်လေးတစ်ယော ဆီမှာ ခေတ်မီလှပပြီး အထက်တန်းစား သူဌေးသမီးပုံပေါ တဲ့ ကောင်မလေးတစ်ယောက်ရှိတယ် ဆိုခြင်းဟာ အထင် လောက်စရာ ဖြစ်နေလေသည်။

"အောင်သပြေ ... ဧည့်သည်"





အောင်သပြေ လှည့်ကြည့်တော့မှ တစ်ဖက်ခြမ်း င်တာအစွန်းမှာ လက်တံတောင်နှစ်ဖက်တို့ကို လက်ပိုက် ယှက်လျက် တင်ထားရင်း စောင့်ကြည့်နေသော စုပုံကို သွားပါသည်။

"စုပုံ ရောက်ပြီလား၊ ခဏလေးနော်၊ ကျွန်တော် ဒီမှာပြီး အောင် ပြပေးလိုက်ဦးမယ်နော်"

"ရပါတယ်၊ စောင့်နေမှာပေါ့"

ကျွန်တော်သည် ကောင်တာမှာ အတူတူ တာဝန် သော မိုးကျော်တို့၊ ကိုသက်တို့၏ အံ့သြအားကျနေသည့် လုံးတွေကို ကျေနပ်စွာ ခံယူမိသည်။ လူငယ်ပီပီ ကိုယ့်ဆီ င့်အတန်းမြင့်မြင့်ပုံစံနဲ့ မိန်းကလေးတစ်ယောက် ရောက်လာ ကို မက်မောစွာ ပီတိဖြစ်ရသည်။

ဟန်းဆက်ကြည့်သူက ကြည့်သာကြည့်ပြီး၊ စုံစေ့ င် ထုတ်ပြခိုင်းပြီးမှ မဝယ်ဖြစ်တော့ဘဲ ထွက်သွားသည်။ တော့ ကျွန်တော်လည်း ပစ္စည်းတွေ ရှိုးကေ့(စ)ဗီရိုထဲ အသေ ပြန်စီထည့်၊ သော့ပြန်ပိတ်ထားလိုက်ပါသည်။

"အဲဒီလို မဝယ်ဘဲ ပစ္စည်းတွေ အကုန်ထုတ်ပြခိုင်းပြီးမှ ထွက်သွားရင် သပြေ စိတ်ဆိုးမိလားဟင်"

"အဲဒါက စိတ်အခြေအနေပေါ်မှာ မူတည်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



စုပုံ မေးလိုက်သော မေးခွန်းကို အောင်သဖြေ... ဖြေပုံမှာ တစ်မျိုးမို့ စုပုံ နားမလည်ဘဲ ပြန်ငေးကြည့်နေ... သည်။

"ဒီနေ့လိုမျိုး စုပုံ ကျွန်တော့်ဆီ လာတယ်ဆိုတာ သိနေ... အချိန်မှာ ဘာအလုပ်ပဲ လုပ်ရ လုပ်ရ၊ ဘယ်လော... ပင်ပန်းနေနေ စိတ်မဆိုးဘူးပေါ့၊ စိတ်က စုပုံကြော... အလိုလို စိတ်ချမ်းသာပြီး ပျော်နေတယ်လေ၊ မူလစိ... အခြေအနေက ပျော်နေတော့ စိတ်လည်း အလိုလိုနေ... မဆိုးတော့ဘူးပေါ့။ တကယ်လို့ မူလစိတ်အခြေအနေ... စိတ်ညစ်နေမယ်၊ စိတ်လည်း ပျော်မနေဘူး ဆိုရင်ဘေ... ဘာမဟုတ်တာလေးကြုံကြုံ ထစ်ခနဲရှိ ဒေါသဖြစ်ရင်... နေမိမှာပဲ"

ကျွန်တော်သည် စုပုံနဲ့ စကားပြောနေတုန်း ကျွန်တော... တို့ကို လှမ်းအကဲခတ်နေသော အမေ့မျက်လုံးတွေကြောင့် အ... ခက်သွားပါသည်။

ဟိုးတစ်နေ့ကပဲ အမေ မေးနေလို့ စုပုံအကြောင်... ပြောပြလိုက်တော့ အမေပါ ကြားသွားပြီးလျှင် ဤသို့ မှတ်ချက်... ချခဲ့တာကြောင့် ဖြစ်ပါသည်။





"ကောင်မလေးက သိပ်ချမ်းသာနေပြီး ကိုယ်နဲ့အဆင့်ချင်း သိပ်ကွာနေတာကွာ။ ဖြစ်ပါ့မလား၊ မင်းတို့ချင်းသဘောကျကြတာပဲထားပါ။ သူ့အဖေက ကျေနပ်ပါ့မလား။ သူ့ရဲ့တစ်ဦးတည်းသောသမီးလေးကို သာမန်ကောင်လေးနဲ့တော့ သဘောတူမယ် မထင်ဘူး"

အဖေ ပြောလာတော့ အမေကလည်း ဆေးဒဏ်တွေကြောင့် အသက်ပင် မနည်းရှူနေရတဲ့အထဲ အားယူ၍ ပြောခဲ့ပါသေးသည်။

"အမေ့သားလေး အသည်းကွဲပြီး ခံစားကျန်ခဲ့ရမှာကို မမြင်ချင်ဘူးကွယ်။ မိန်းကလေးက သားကို ဘယ်လောက်ပဲချစ်ချစ် သူ့ဘဝမှာရှိတဲ့ တစ်ဦးတည်းသော သံယောဇဉ်ရှိရမဲ့ အဖေရင်းရဲ့စကားကို ပိုနားထောင်မှာပဲလေ"

"ကိုယ်နဲ့တန်ရာတန်ရာပဲမှန်း ဆိုတဲ့ စကားဟာ ကြားရင်နာစရာကောင်းပေမဲ့ တကယ်တော့ မှန်တယ် သားရဲ့။ ကိုယ့်အဆင့်နဲ့ကိုယ် သင့်တော်ရာ တန်ရာချင်းပဲ ဆိုရင် ဘာမှ စိတ်ဆင်းရဲစရာ မရှိဘူး။ ဒါပေမဲ့ မိုးလောက်မြင့်တဲ့သူနဲ့ မြေကြီးလောက်နိမ့်တဲ့သူ ဆုံရရင်တော့ အခြေအနေချင်း ညှိမရဖြစ်ပြီး စိတ်ဆင်းရဲစရာ၊ မှန်းတီးနာကြည်းစရာတွေ ဖြစ်လာတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အဖေ ထိုသို့ပြောခဲ့စဉ်က ကျွန်တော့်စိတ်ထဲလည်း တစ်နေ့ကျရင် စုပုံ ကျွန်တော့်ကို ထားခဲ့ရင်ဆိုသော အတွေးနဲ့ ထိတ်လန့်ကြေကွဲလျက် စုပုံကို စောစောစီးစီး ရှောင်လိုက်ရင် ကောင်းမလားဟု တွေးတောကြည့်မိခဲ့ပါသည်။ ကျွန်တော့်စိတ်ထဲမှာလည်း စုပုံဟာ ကျွန်တော့်လိုလူကို တကယ်လက်တွဲမှာ မဟုတ်ဘူးလို့ အမြဲသံသယရှိနေခဲ့သည်။

အခုတော့ အဖေ့ရှေ့မှာ စုပုံနဲ့တွဲပြီး ထွက်သွားရင် ကျွန်တော် ဘယ်လိုသွားခွင့်တောင်းရမည်နည်း။ အဖေနဲ့ အမေက ရှောင်ပါ ပြောထားရက်နဲ့ ကျွန်တော် ဆက်တွဲသင့်ပါရဲ့လား။

"သင်ြေ့ သီချင်းတွေ စုပုံ လာယူတာလေ။ ဖေဖေ့မိတ်ဆွေ ပရိဂျူဆာဆီကို သွားပြပေးမယ်၊ စုပုံ မှာလိုက်တာပါလာ တယ် မဟုတ်လား"

"ပါပါတယ်၊ ဒါပေမဲ့ စုပုံရယ်၊ ကျွန်တော် သိပ်လည်းစိတ် မပါပါဘူး။ စုပုံ ကြိုးစားပမ်းစား လုပ်ပေးမနေပါနဲ့လား ရပါတယ်"

"အို ... ဘယ်ဟုတ်မလဲ၊ စုပုံကတော့ စိတ်ပါလို့ကို ကူညီ ချင်နေတာ။ သင်ြေ စိတ်ပါပါ မပါပါ စုပုံ စိတ်ပါတယ် လေ၊ စုပုံ လုပ်ပေးမယ်"





"ကျွန်တော် အလုပ်ထဲကနေ အပြင်ကို ထွက်လို့တော့ ရတယ်၊ ဒါပေမဲ့ ခဏတစ်ဖြုတ်ပေါ့၊ နာရီဝက်လောက်ပဲ ထွက်လို့ရတယ် စုပုံ၊ စုပုံနောက်ကို လိုက်ခဲ့ရင် တစ်နေ ကုန်သွားနိုင်တယ်ဆိုတော့ လိုက်လည်းမလိုက်ပေးနိုင်ဘူး၊ ဒါကြောင့် စုပုံ တစ်ယောက်တည်း သွားမနေပါနဲ့လို့ အကြံပေးချင်တာပါ"

"သင်ြေ မလိုက်နိုင်လည်း ရတယ်၊ စုပုံ ဘာသာပဲ သွား လိုက်မယ်လေ၊ ဘယ်လိုလဲ၊ သွားခွင့်ပေးမှာလား"

စုပုံက ခပ်နွဲ့နွဲ့လေး ပြောလိုက်လျှင် အောင်သင်ြေ တစ်ယောက် အရည်ပျော်ကျတော့မလိုဖြစ်သော မျက်လုံးတွေဖြင့် စုပုံကို ရွှန်းရွှန်းစားစား စိုက်ကြည့်တော့သည်မှာ မျက်တောင်ပင် ခတ်တော့။ သူ တကယ်ပဲ ချစ်မြတ်နိုးရသော မိန်းကလေးတစ် ယောက်ဆီမှ ချစ်စဖွယ် အမူအရာများဟာ သူ့အတွက် နှလုံးသား တွေ အရည်ပျော်ကျသလို ဖြစ်စေမှန်း စုပုံ ရိပ်မိပါသည်။ စုပုံ အတွက်တော့ ကြာလေလေ အောင်သင်ြေ့ ရင်ထဲမှာရှိသော သူမ အပေါ်ထားသည့် အချစ်ကို မြင်တတ်လာလေလေ ဖြစ်လာပါသည်။

သို့သော် စုပုံဘက်ကတော့ ဖေဖေ့ဆီက ရယူချင် သိမှုတစ်ခုနှင့် အောင်သင်ြေ့ကို အသုံးချခဲ့သည်ဖြစ်ရာ ခုချိန်ထိ ဝင် သူ့အပေါ် ချစ်လို့ရသည်၊ မရသည်ကို သေသေချာချာပင်



www.burmeseclassic.com

www.burmeseclassic.com



တွေးမကြည့်ဖူးပါ။ အောင်သပြေသည် သာမန်မိန်းကလေးတစ်ယောက်အနေနဲ့တော့ ချစ်သူအဖြစ်လက်ခံလို့ရသော ယောက်ျားလေးတစ်ယောက်လည်းဖြစ်သည်။ ရိုးသားသည်။ စိတ်သဘောကောင်းသည်။ စသောအချက်များကလည်း နှစ်မြို့က်စရာအချက်တွေဖြစ်ပါသည်။

ဒါပေမဲ့ စုပုံ အတွက်ကတော့ အောင်သပြေဟာ စိတ်ကူးထဲမှာသာ ချစ်သင့်သော ယောက်ျားလေးတစ်ယောက် အနေအထားမျိုးမှာ ရှိနေပါသည်။ အထက်တန်းက အသိုင်းအဝိုင်းမှာသာ ကြီးပြင်းရှင်သန်လာခဲ့ရသူပီပီ အဆင့်အတန်းဆိုတာကိုလည်း ရှေ့တန်းတင်သေးသည်။

"သြော် ... အဖေ"

စုပုံ လက်ထဲ ပလတ်စတစ်ဖိုင်လ်အနီလေး ထည့်လိုက်တုန်း ကောင်တာတွေ လိုက်စစ်ရသော အဖေက ကျွန်တော် ကောင်တာနား ရောက်လာသဖြင့် ကျွန်တော်လည်း အဖေ့ကို မျက်နှာချိုသွေးပြီး နှုတ်ဆက်လိုက်ရသည်။ စုပုံသည် ကျွန်တော် ခေါ်သံကြောင့် အဖေ့ကို လှည့်ကြည့်လိုက်သည်။ ကုမ္ပဏီဝတ်စုံ ယူနီဖောင်းနှင့် အဖေက စုပုံရဲ့အဖေထက် အသက်ဆယ်နှစ်လောက် ပိုကြီးသလို မျက်နှာအမူအရာကလည်း ကျွန်တော် တွေ့ဖူးသော စုပုံဖေဖေ ဦးမြတ်နိုးလို (စုပုံ မွေးနေ့ပွဲမှာ တစ်ခါတွေ့ဖူးခဲ့တာ





ပါ) ရိုးသားရှင်းပြီးမနေဘဲ ခပ်တည်တည်ကြီး ဖြစ်သဖြင့် ပိုပြီး အသက်ကြီးတဲ့ပုံတောင် ပေါက်နေသည်။ စုပုံမှာ သူ့မကို ခပ်တည်တည်ကြည့်လိုက်သော ကျွန်တော့်အဖေကြောင့် မျက်နှာပျက်သွားပါသည်။

"သား ဧည့်သည်ရောက်နေလည်း ခဏအပြင်ထွက် စကားပြောရင် ပြောလေ"

"ခဏစကားပြောမလား စုပုံ"

အဖေက ခွင့်ပြုသဖြင့် ကျွန်တော် စုပုံကို မေးကြည့်လိုက်သည်။

"မပြောတော့ပါဘူး၊ စုပုံ ဒီစာရွက်တွေပဲ လာယူတာပါ၊ သပြေအားတဲ့နေ့မှတွေ့ပြီး အသေးစိတ် ပြောကြတာပေါ့"

"စုပုံ သိပ်ပင်ပန်းရင် သိပ်ကြိုးစားမနေပါနဲ့"

"မပင်ပန်းပါဘူး၊ ရတယ်၊ စုပုံ လုပ်ပေးမယ်"

"သြော် ... စုပုံ၊ ဒါ ကျွန်တော့်အဖေပါ၊ ဒီကုမ္ပဏီရှိုးရွမ်းမှာပဲ supervisor လုပ်ပါတယ်။ အဖေ ... ဒါ စုပုံလေ"

ကျွန်တော် နှစ်ဖက်စလုံးကို ဆက်တိုက် မိတ်ဆက်ပေးလိုက်သောအခါ စုပုံ ပြုံးပြုံးလေးလုပ်ရင်း ...

"တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်လ်"

ဟု စနှုတ်ဆက် စကားပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေလည်း မျက်နှာခပ်တည်တည်ကြီးနဲ့ပဲ ...

"အေး ... အေး ... နာမည်ကို ကြားဖူးနေတာတော့ ကြာပါပြီ၊ အခုမှပဲ တွေ့ဖူးတော့တယ်"

"စုပုံလည်း အန်ကယ်လ်တို့ကို တစ်ရက် လာတွေ့ချင်ပါသေးတယ်၊ သပြေ့ကိုပြောပြီး အိမ်လိုက်လည်မလို့ပါပဲ"

"လာခဲ့လေ ... လာလည်ပါ၊ ရပါတယ်။ တနင်္ဂနွေဆိုရင်တော့ အိမ်မှာရှိကြတာပေါ့။ သပြေ့အစ်မနှစ်ယောက်ပါ အိမ်မှာလာဆုံကြတော့ လူပိုများတာပေါ့၊ အဲဒီနေ့ဆို ချက်ပြုတ်စားသောက်ကြတော့ စားစရာလည်းစုံတယ်၊ သမီးလာခဲ့လေ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အန်ကယ်လ်၊ လာခဲ့ပါ့မယ်"

"ကဲ ... ဟိုဘက်ကောင်တာတွေ လျှောက်စစ်လိုက်ဦးမယ်"

အဖေ ကျောခိုင်းထွက်သွားတော့မှ စုပုံ တစ်ယောက်ကျွန်တော့်ဘက်လှည့်၊ ခေါင်းပု လျှာထုတ် မျက်လုံးလေးပြူးပခုံးပါတွန့်ပြလိုက်ပါသည်။ စုပုံ နှုတ်ဆက်ပြီး ပြန်သွားတဲ့အထိပင် ကျွန်တော့်မှာ ထိုချစ်စဖွယ် အမူအရာလေးကိုပဲ တသသမြင်ယောင်လျက် တစ်နေကုန် လွမ်းပြီးကျန်ခဲ့ရတော့လေသည်။

✧ ❤ ✧





## ၉

"စုပုံ"

စုပုံသည် အိမ်ထဲဖြတ်ဝင်လာစဉ် ဧည့်ခန်းမှာ ခြေကလေးချိတ်၊ ကိုယ်လုံးတောင့်တောင့်ဖြောင့်ဖြောင့် ဟန်လေးနဲ့ ထိုင်နေသော မရဝေခင် ခေါ်လိုက်သံကြောင့် ဆတ်ခနဲ ဖြစ်သွားပါသည်။ သူနဲ့ စုပုံ ဘယ်လောက်ကြီးပဲ ဆုံဆုံ၊ ဘယ်လောက်ကြီးပဲ နှစ်ယောက်တည်းရှိရှိ၊ စုပုံကသာ စကားစ,မပြောဖူးဆိုလျှင် သူကလည်း စကားမပြောဘဲ နေတတ်ခဲ့တာ မဟုတ်လား။ တစ်ယောက်နဲ့တစ်ယောက် မေးထူးခေါ်ပြော အဆင့်ထက် မပိုသေးသော ဆက်ဆံရေးနဲ့ ရှိနေတာမို့ ဒီနေ့လိုမျိုး တကူးတကကြီး လှမ်းခေါ်လိုက်သောအခါ စုပုံ တော်တော်အံ့သြသွားပါသည်။

"အစ်မ မေးစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမေးမှာလဲ"

"ဒီမှာ လာထိုင်ပါလား"

"စုပုံ ထိုင်စကားပြောရလောက်အောင် မအားဘူး"

"ခဏလေး လာထိုင်ပါ၊ စုပုံ လာမထိုင်ရင် အစ်မ သိ ထားတဲ့ အကြောင်းအရာ ဦးဆီ ရောက်သွားလိမ့်မယ်၊ အစ်မက ဦး မသိခင် မေးချင်လို့"

စုပုံကို ဖေဖေနဲ့ လှည့်တိုက်ဆေးလည်း ကြောက်တော့ မကြောက်ပေမဲ့ မရဝေခင် ဘာများအရေးတကြီး ပြောစရာရှိတာ ပါလိမ့်လို့ သိချင်သွားသဖြင့် စုပုံ နားတော့ထောင်ချင်သည်။ ဒါပေမဲ့ သူ ခြိမ်းခြောက်လိုက်မှ ကြောက်သွားသည်ထင်ပြီး ထိုင် နားထောင်ပြရတာမျိုးလည်း မဖြစ်ချင်။

"ဒီမှာ မရဝေခင်၊ စုပုံကို ဖေဖေနဲ့လှည့်ခြောက်လည်း ကြောက်မယ်မထင်နဲ့။ စုပုံ တစ်ခုခု အမှားလုပ်ထားခဲ့ရင် လည်း ဖေဖေ သိပြီး အဆူခံရမှာကို သေမလောက်ကြောက် တာ မရှိခဲ့ဘူး၊ ဒီတော့ စုပုံကို ခြောက်တဲ့ပုံစံနဲ့ စကားမ ပြောပါနဲ့"

"ဒါဖြင့် စုပုံလက်မောင်းက သစ်ခွပွင့်ပုံ ဆေးမင်ကြောင် ကို ဦးသိပြီးပြီလား"

"မရဝေခင်က မြင်တတ်သားပဲ"





ဖေဖေတောင် သတိမထားမိသည့် အရာကို မရဝေ ခင်လို့ အိမ်ကို လေးရက်မှ တစ်ခါလောက် ရောက်လာတတ်သူ က မြင်သဖြင့် စုပုံ တော်တော်အံ့ဩသွားသည်။ သူ ငါ့ကိုတော် တော်လိုက်စောင့်ကြည့်နေပါလားလို့လည်း သတိထားမိသွားရာ သူ့ကိုတောင် ပြန်လန့်သွားပါသည်။ ဘာသဘောလဲ။ လင်ပါသမီး ပိုင်ဘက်တစ်ယောက်မို့ အသေးစိတ်ကို စောင့်ကြည့်နေတာလား။ သူတို့လက်ထပ်ကြရင် ဖေဖေက သူ့ချမ်းသာမှုရဲ့ တစ်ဝက်တိတိ ကို စုပုံကို လုံးဝလွှဲပေးမည်ဟု အသိပေးထားသဖြင့် ဖေဖေ့စေတနာ ပျက်သွားအောင် စုပုံကို အပြစ်ရှာနေချင်တဲ့ သဘောလား။

"ဦး သိပြီးပြီလား"

"စုပုံ တမင်ဖုံးကွယ်ထားတာ မရှိဘူး။ ဖေဖေ့ရှေ့မှာလက် ပြတ်တွေ၊ singlet တွေ ဝတ်ရင်လည်း ဝတ်တာပဲ၊ ဖေဖေ ကသာ သူ့ကိစ္စတွေနဲ့သူ အာရုံများပြီး စုပုံကို သတိမထား မိတာ။ ဘယ်သတိထားမိပါ့မလဲ၊ မရဝေခင် အမေကြီးက လည်း ဒီရက်ထဲ ဆေးရုံတင်ပေးရသေးတာကိုး။ ဒီတော့ ဖေဖေက သမီးရင်းကို ဘယ်ဂရုစိုက်အားမလဲ။ မတော်ရ သေးတဲ့ယောက္ခမ သူ့ထက် အသက်ငါးနှစ်လောက်ကြီးတဲ့ အစ်မအရွယ်ရဲ့ ကျန်းမာရေးကို ဂရုစိုက်ပေးနေရလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ပြောတဲ့အထဲမှာ မိသားစုအရေးတွေ မပါပါဘူး ထည့်မပြောပါနဲ့လား"

"ဒါဖြင့် စုပုံရဲ့ကိုယ်ရေးကိုယ်တာကို စွက်ဖက်သလိုပုံ ဘာကြောင့် ဒီ Tattoo ထိုးတာကို လာမေးရလဲ"

"အစ်မ စုပုံကို စိုးရိမ်သွားလို့ပါ"

"ဘာလဲ ... တွေ့ကရာအပ် ကောက်တပ်ထားတဲ့ စုတ်ထိုး တဲ့စက်နဲ့ထိုးရင် HIV ပိုးဝင်မှာ စိုးလို့လား၊ စုပုံ အဲ လောက် ဗဟုသုတ မခေါင်းပါးပါဘူး"

"ညီမလေးရယ် မိန်းကလေးတန်မဲ့ ဘာလို့အဲဒါကြီးထိုး ရလဲ၊ မတင့်တယ်ပါဘူး"

"နိုင်ငံခြားမှာဆို Celebrities မိန်းမတွေတောင် ထိုးကြ တာပဲ"

"သူတို့က အဖြူတွေ၊ ဘိုတွေလေ၊ ပြီးတော့ သူတို့ဘာ လုပ်လုပ် လူတွေက စောင့်ကြည့်ပြီး အားကျနေတာ ခံရ တဲ့သူတွေ။ သူတို့ ဘာလုပ်လုပ် ဖက်ရှင်ဖြစ်နေတာပဲ"

"သူတို့လုပ်လို့ လိုက်လုပ်တာလေ၊ ဘာဖြစ်လို့လဲ"

"ကိုယ်က မြန်မာမိန်းကလေးဆိုတော့ ကြည့်မကောင်းဘူး ပေါ့"





"Tattoo ထိုးတာနဲ့ ဣန္ဒြေပျက်တယ်၊ အကျင့်စာရိတ္တမ ကောင်းဘူးလို့ စွပ်စွဲလို့ မရပါဘူး၊ တချို့လည်း ရိုးရိုးသား သား ပုံစံလေးဝတ်စားထားပြီး အနေအေးသလိုလေး နေပြ ပေမဲ့ အတွင်းစိတ်ထဲမှာတော့ ကလက်တက်တက်နေချင် တဲ့စိတ်၊ ဣန္ဒြေမရ ကဲချင် နန့်ချင်တဲ့စိတ်တွေ ရှိတဲ့သူ အများကြီးပါ မရဝေခင်ရယ်။ စုပုံ ဒါလေးလုပ်တာနဲ့ ဣန္ဒြေမဲ့သွားပါပြီလို့ ပြောချင်လို့မရပါဘူး"

"ကျွတ် ... စုပုံကို အစ်မက ညီမလေးလိုချစ်လို့ မကောင်း တာကို မကောင်းဘူး ပြောချင်တာပါကွယ်၊ စုပုံကို ကဲ့ရဲ့ နေတာ မဟုတ်ပါဘူး။ ဒါကြီး အသားမှာ ထိုးထားပြီးနေ ပြီဆိုရင် တစ်နေ့ကျ ဖျက်ချင်လာရင် ဘယ်လိုလုပ်မလဲ"

"လွယ်ပါတယ် မရဝေခင်ရဲ့။ အခုခေတ်မှာ လေဆာနဲ့ ပြန်ဖျက်တာတွေ ပေါ်နေပါပြီ။ ဗန်ကောက်တို့ စင်ကာပူ တို့မှာ သွားဖျက်ရင်ရတယ်၊ စုပုံမှာ ဖေဖေပေးမဲ့အမွေတွေ အများကြီးရမှာလေ။ အဲဒီပိုက်ဆံတွေ ဆယ်သက်တောင် စားလို့မှမကုန်တာ၊ ကြိုက်တာလျှောက်သုံးရုံပေါ့"

စုပုံ စကားအနိုင်ပိုင်းပြီး မရဝေခင် အနားကထွက် သွားခဲ့ပါသည်။ အံ့ဩစရာကောင်းတာက ဖေဖေ့ကို မရဝေခင် ချက်ချင်းတိုင်ပြောမယ် ထင်ပေမဲ့ ဘာမှပြန်မတိုင်တာပင်။ ဖေဖေ ...း၀ဘာမှမသိဘဲ စုပုံနဲ့ဆုံလျှင်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ကားအသစ်လေး ဝယ်ထားပေးတာ မောင်းကြ ပြီးပြီလား။ ကောင်းရဲ့လား။ စုပါစလွန်းလေးလည်း သမီး မရောင်းချင်ရင် မရောင်းနဲ့လေ။ ထားလိုက်ပေါ့။ အော် တော့ ဝပ်ရှော့မှာ အားလုံးသွားပြင်ပေးပြီးပြီ၊ စိတ်ချ မောင်းချင်မောင်းလို့ရပြီ"

ဟူ၍ စုပုံရဲ့ကားအကြောင်းသာ ပြောနိုင်ပြီး ဖေဖေ ခမျာ ယောက္ခမလောင်း ဆေးရုံတက်သည့်ကိစ္စဖြင့် ဗျာများနေ သည်။ စုပုံကို ဂရုတောင်မစိုက်နိုင်သလို ဖြစ်နေသဖြင့် စုပုံ မကျေနပ်တာတွေများလာတိုင်း အောင်သပြေကိုသာ ပြေးပြီးပြော ပြချင်နေမိသည်။

မီမီကတောင် ...

"နင်က အောင်သပြေကို မတွယ်တာပါဘူး၊ မကြိုက်ပါဘူး မချစ်ပါဘူးသာဆိုတယ် အခုကျတော့ ပါးစပ်က တစ်ချိန် လုံး သပြေ။ သပြေနဲ့ ပြောနေတာနော်။ တစ်ခုခုစိတ် ကျေနပ်လာရင် သပြေကို ပြောပြရဦးမယ်၊ သပြေဆီမှာ ရင်ဖွင့်ရဦးမယ်၊ အဲဒါမှ သက်သာမယ်နဲ့၊ ငါ့ရှေ့တောင် မရှောင် ပြောနေတော့တာပဲ။ ဒါက အခင်ဆုံးသူငယ်ချင်း ဆို ...။ အရင်ကတော့ အန်ကယ့်လ်ကို မကျေနပ်သမျှ ငါ့ ဆီမှာ လာညည်းညူနေကျလေ။ အခုကျ ဘယ့်နှယ် သပြေ သပြေနဲ့ ဖြစ်လာရတာလဲ"





ဟူ၍ စုပုံကို သတိထားမိလာကာ ဝေဖန်စပြုလာပါ သည်။

ဒါကို စုပုံလည်း ကိုယ့်ဘာသာ ပြန်သတိထားမိနေ သည်။ အရင်ကတော့ မီမီ ဝေဖန်သလိုပဲ ဖေဖေ့ကို မကျေနပ် နသမျှ မီမီ့ကိုပဲ ပြောပြစရာ ယုံကြည်ရသော သူငယ်ချင်း ယောက်နေရာမှာထားပြီး ညည်းညူရင်ဖွင့်တတ်ခဲ့တာပါ။ လို ညည်းညူလိုက်ရရင်ပဲ မကျေနပ်တာတွေ သက်သာသွား ယ်လို့ ထင်ထားခဲ့တာပါ။

ဒါပေမဲ့ အခုနောက်ပိုင်းကျ ဘယ်လိုဖြစ်ပြီးပြောင်းလဲ ာမိတယ် မသိပါ။ အောင်သပြေဆိုတဲ့ လူသားတစ်ယောက်နဲ့ ပ်လာရသောအခါ စုပုံ သူ့ကိုပဲ ပိုပြီးညည်းညူပြချင်သည်။ ကျေနပ်တာတွေ အားပါးတရ ပြောပြလိုက်ချင်သည်။ အောင် သပြေဆီက အေးချမ်းသောအပြုံးလေးနဲ့ ပြန်နှစ်သိမ့်သမျှ၊ ပြန် ဖန်သမျှကို ကြားရတာဟာ မီမီ့ဆီက ကြားရတာထက် ပိုပြီး က်မောစရာကောင်းနေခဲ့ပါသည်။ စုပုံ နှလုံးသားထဲသာ သူ့ကို နီးစပ်လိုပေမဲ့ စုပုံရဲ့စိတ်ကတော့ သူ့ကို တစ်စတစ်စ နီးစပ်လာ ာ သူသာလျှင် စုပုံစိတ်ကို နားအလည်နိုင်ဆုံးလို့ စုပုံထင်မိသည်။

ဒီတစ်ပတ်လည်း တနင်္ဂနွေမှာ ဆုံနေကျအတိုင်းဆုံ ျှင် စုပုံ မကျေမနပ်ဖြစ်တာတွေ တသီကြီး ပြောနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စုပုံ ပြောတာတွေဆုံးတော့မှ အောင်သပြေလည်း အရင်အ

တွေကလို အေးချမ်းသောအပြုံးလေးကို ပြုံးရင်း ...

"စုပုံက အဖေကို အရွဲ့တိုက်ချင်လို့ Tattoo ထိုးတယ်

တာ ကျွန်တော် အခုမှပဲ သိတော့တယ်"

ဟု စပြောပါသည်။

"ဟုတ်တယ်လေ၊ ဖေဖေ မကြိုက်တာတွေ အကုန်လျှော

လုပ်နေတာ"

"တခြားဘာတွေလုပ်ထားသေးလို့လဲ"

ရည်းစားထားတာကို ဖေဖေ ဘာမှတင်းတင်းကျ

ကျပ်ကြီး တားမြစ်မှာ မဟုတ်ပေမဲ့ အောင်သပြေလို အဆင့်အတ

မညီသူနှင့် ရည်းစားထားပြတာဟာ ဖေဖေ့ကို အကြီးကျယ်

အရွဲ့တိုက်တာပဲလို့ စုပုံ မပြောချင်သေးပါ။ အချိန်မကျသေးဘူ

ဟု ထင်သည်။

"ဆံပင်ကို ဟိုက်လိုက်ထ်လုပ်တာလေ"

"ဩော်"

"ပြီးတော့ မရဝေခင်ကို ကောင်းကောင်းစကားမပြောတာ"

"ဒါတော့ ခွင့်လွှတ်ရမှာပေါ့၊ သမီးထက် အသက်သုံးနှ

လောက်ပဲ ပိုကြီးတဲ့ အဖေ့နောက်မိန်းမ မိထွေးတော်ရ

သူကို ဘယ်သူက စကားကောင်းကောင်း ပြောချင်ပါ့မလဲ"





"သပြေကသာ ပြောနေ။ ဖေဖေက အဲဒါကို သိပ်ဒေါသ

ဖြစ်တာ။ မရဝေခင်ကလည်း ဖေဖေ့ရှေ့ဆို စုပုံကို စကား

မရှိ စကားရှာပြီး ပြောပါပြီ၊ စုပုံက ကောင်းကောင်းမပြော

ရင် ဖေဖေက မရဝေခင်ရှေ့မှာတော့ မဆူပေမဲ့ ကွယ်ရာ

ကျ စုပုံကို သိပ်ဆူတာ။ ဖေဖေ့စိတ်ထဲမှာ မရဝေခင်ကို

သိပ်သနားနေတာလေ"

စုပုံ ပြောနေရင်းမှ တွေးမိလာသည်မှာ မရဝေခင်

လည်း ပိုက်ဆံသိပ်ချမ်းသာသူတွေမှ မဟုတ်ဘဲ။ အောင်သပြေ

သို့ မိသားစုလိုက် လူစုံတက်စုံ အလုပ်လုပ်ကြရပြီး သာမန်

င့်လောက်ပဲ နေနိုင် စားနိုင်သူတွေ။ စားဝတ်နေရေးအတွက်

ပုပင်သောကရောက်ပြီး ဒီအခြေအနေကနေ လျှောမကျသွား

င် မနည်းရုန်းကန်နေရသူတွေပါပဲလား။ ဖေဖေက မရဝေခင်

တော့ သနားပြီးလက်ခံပေမဲ့ အောင်သပြေကျတော့ ဘာလို့

နားရသလဲ။ ဘာလို့ လက်မခံနိုင်ရသလဲ။ မရဝေခင်ကျတော့

စိမ်ဥစ္စာမက်သူဟု သံသယမရှိဘဲ အောင်သပြေကျမှ အဲဒါ

မက်မောလို့ စုပုံ အနားရောက်လာသည်ဟု စွပ်စွဲရသလဲ။

တကယ်တော့ စုပုံကသာ အောင်သပြေ့ကို အရင်

တွေ့ပြီး အသုံးချခဲ့တာမို့ တစ်ခါတလေတော့လည်း အောင်

ပြေ့ကို သနားမိသည်။ စုပုံ ဘာသာလည်း ကိုယ့်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မုန်းသလိုလို ဖြစ်မိသည်။ ကိုယ် တကယ်မချစ်နိုင်ဘဲနဲ့ လူ
ယောက်ကို စိတ်နှလုံးမှာ ဒဏ်ရာရအောင် သွားလုပ်မိနေပြီလား

"စုပုံ ... ကျွန်တော့်အိမ် လိုက်လည်မလားဟင်"

"ဘာဖြစ်လို့ ခေါ်တာလဲ"

"အဖေနဲ့တွေ့တုန်းက အိမ်လာလည်မယ်လို့ ပြော
တော့ ဒီနေ့ ကျွန်တော် အိမ်ကထွက်လာတော့ အမေ
လှမ်းမေးလိုက်တယ်၊ လျှောက်လည်ပြီး အပြန်ကျ
လည်ခေါ်ခဲ့ပါလား သားတဲ့၊ စောင့်နေမယ်တဲ့"

"ဟယ် ... ဒါဆို သူတို့စောင့်နေကြတယ်ပေါ့"

"အားလုံး စောင့်နေကြတာ၊ ကျွန်တော့်အစ်မ နှစ်ယော
ကလည်း ကလေးတစ်ယောက်စီနဲ့ ရောက်နေပြီဆို
စုပုံ လာမယ်ထင်ပြီး စောင့်နေကြလိမ့်မယ်။ ဒီနေ့ မကြီး
ကြာဆံချက်တွေ အများကြီး ချက်ယူလာတယ်၊ မလေး
တော့ ရောက်သီးသုပ်လာတယ်၊ ညီမလေးလည်း ထ
ဟင်းတွေ ပို့ချက်ထားရုံမကဘူး၊ စုပုံ ပါလာရင် အချိုတည်
မို့ဆိုပြီး အုန်းနို့ကျောက်ကျောကို ဇန်းအသေးလေးနဲ့
ထားတာ တွေ့တယ်"

"ဒုက္ခပါပဲ၊ စုပုံလာမှာကို တကယ်ထင်ပြီး အကြီးအကျ
စောင့်နေကြပြီနော်"





"ဘာလဲဟင် ... စုပုံက တကယ်မလာချင်ဘဲနဲ့ အဖေ့ကို
စကားလုအောင် ပြောလိုက်တာလား"

ထိုသို့ အောင်သပြေက စိတ်မကောင်းသလို မေး
[illegible]က်သောအခါ စုပုံ အားနာသွားပြန်သည်။ သူတို့က ကိုယ်နဲ့
[illegible]ောင့်အတန်း ကွာဟနေလို့ပဲ စုပုံက မလိုက်လည်ချင်သလိုလို
[illegible]င်ကြမှာလည်း စုပုံ မလိုလားပါ။ ဒါပေမဲ့ အောင်သပြေနဲ့ စုပုံ
[illegible]ခြေအနေကလည်း သူတို့ထင်သလို တစ်ယောက်နဲ့တစ်ယောက်
[illegible]ပ်ချစ်နေကြသော ချစ်သူတွေမှ မဟုတ်တာ။ အောင်သပြေ
[illegible]က်ကသာ ရူးရူးမူးမူး ချစ်ရင်ချစ်မှာပေမဲ့ စုပုံကတော့ မချစ်မိ
[illegible]ူးလို့ ထင်သည်။

"စုပုံကို ဘာကြောင့် ဒီလောက် မျှော်လင့်နေကြတာလဲ
ဟင်"

"အဲဒါ ကျွန်တော့်ကြောင့်ပါ။ ကျွန်တော်က မိသားစုထဲ
မှာ တစ်ဦးတည်းသော သား၊ တစ်ဦးတည်းသော မောင်၊
တစ်ဦးတည်းသော အစ်ကို၊ ဖြစ်နေတယ်လေ။ ပြီးတော့
ကျွန်တော် ဒီအသက်အရွယ်ထိ မိန်းကလေးသူငယ်ချင်း
လည်း မရှိခဲ့ဖူးဘူး။ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်
စားပြီးတော့လည်း ခဏခဏမပြောပြဖူးဘူး။ ရည်းစား



www.burmeseclassic.com

www.burmeseclassic.com

လည်း မထားခဲ့ဖူးဘူး ဆိုတော့ အခု ပထမဦးဆုံးအကြိမ် ကြားဖူးတဲ့ စုပ့်ကို သူတို့ သိပ်စိတ်ဝင်စားပြီး သိချင်နေကြ တယ်လေ၊ မြင်လည်း မြင်ဖူးချင်တယ်၊ ပြီးတော့ အမှန် အတိုင်း ပြောရရင် စုပ့်လို သိပ်ချမ်းသာတဲ့ မိန်းကလေး တစ်ယောက်က ကျွန်တော့်ကို ရည်းစားတော်တယ်ဆိုတဲ့ အချက်ကလည်း သူတို့သိပ်ပြီး တအံ့တသြ ဖြစ်နေစေတယ် လေ"

"စုပ့် လိုက်ခဲ့မယ်။ ဒါပေမဲ့ သိပ်အကြာကြီးတော့ မနေ ဘူးနော်။ စုပ့် သူများအိမ်မှာ ညှို့သည်လိုက်လုပ်ရတာကို သိပ်မနေတတ်လို့ပါ"

"စုပ့် စိတ်မပါရင် မလိုက်ပေးပါနဲ့ ရပါတယ်၊ ကျွန်တော် စုပ့် စိတ်ကို စမ်းတာပါ"

"ဘာဖြစ်လို့လဲ"

"စုပ့် ကျွန်တော့်အပေါ် အလေးအနက် ထားရဲ့လားလို့ သိချင်ပြီး ခေါ်ကြည့်တာပါ"

"ဒါဖြင့် သပြေ့အိမ်ကလူတွေ စုပ့်ကို စောင့်မနေကြဘူးပေါ့"

"စောင့်တာတော့ စောင့်နေပါတယ်၊ ဒါပေမဲ့ သူတို့စိတ် ထဲမှာ သိပ်တော့ မျှော်လင့်မထားပါဘူး"





"သပြေကလေ နေရင်း ထိုင်ရင်း စကားကို အမျိုးမျိုး ပြောင်းပြောတယ်၊ စုပ့် ဘယ်ဟာကို နားထောင်ရမှန်း မသိတော့ဘူး။ အခုက စုပ့်ကို မျှော်နေတယ် ပြောလိုက်၊ အခု မမျှော်ဘူး ပြောလိုက်နဲ့"

"သိပ်ပြီး မမျှော်လင့်ဘူး ဆိုတာက စုပ့်က သူဌေးသမီး ဖလေးဆိုတော့ ကျွန်တော်တို့လို ရပ်ကွက်ထဲကို လိုက်လည် ချင်ပါ့မလားဆိုပြီး မမျှော်လင့်ရဲကြတာပါ၊ လာခဲ့ရင်လည်း သူတို့ သိပ်ဝမ်းသာသွားကြမှာပေါ့"

စုပ့်သည် အောင်သပြေ ဒီလောက်ပြောနေတာနဲ့တင် ခန့်မှန်းလို့ ရသွားပါသည်။ တကယ်တော့ အောင်သပြေ ကိုယ် တိုင်က စုပ့်ကို အစ်မ၊ ညီမတွေရှေ့မှာ မိတ်ဆက်ပေးပြီး ကြွား ချင်နေတာ။ စုပ့် ခဏလိုက်သွားလို့လည်း ဘာမှမဖြစ်ပါဘူး လေ။ စုပ့် ကိုယ်တိုင်က အမေမရှိ၊ အစ်မ ညီမတွေလည်းမရှိ၍ သိုက်သိုက်ဝန်းဝန်း ရှိလှမည့် ကမ္ဘာတစ်ခုထဲကို ခဏသွားလည် ကြည့်ချင်လာသည်။

"စုပ့် လိုက်ခဲ့မယ်နော်"

"တကယ်လား"

"တကယ်ပြောတာပေါ့၊ မလိုက်ဘဲနဲ့ လိုက်မယ်လို့ ဘာ ကြောင့်ပြောမှာလဲ သပြေရယ်"



www.burmeseclassic.com

www.burmeseclassic.com

"စုပုံကို ကျွန်တော် အရမ်းချစ်တယ်"

စုပုံသည် အောင်သပြေ ကြည်နူးဝမ်းသာပြီး သူ့ခေ လက်ဖဝါးလေးကို အုပ်ကိုင်ကာ ဖျစ်ညှစ်လိုက်တော့ မရုန်းဖယ် မိဘဲ ငြိမ်နေခဲ့ပါသည်။

ချစ်သူတွေသာဆိုတယ်။ အောင်သပြေဟာ စုပုံအပေါ် ဘယ်တော့မှ အခွင့်အရေးမယူ၊ ဘယ်တော့မှ ပခုံးဖက်လိုက်၊ ခါး ဖက်လိုက်လည်း မနေ။ စုပုံကို ငယ်ထိပ်လေး ဖိကိုင်ရုံ၊ လက် ချောင်းထိပ်လေးတွေကိုကိုင်ပြီး အတူတွဲသွားရုံနဲ့ တစ်ခါတစ် စုပုံရဲ့လက်ဖမိုး လက်ဖဝါးတို့ကို အုပ်ကိုင်ထားလိုက်ရုံဖြင့်သာ သူ့ရဲ့တန်ဖိုးထား မြတ်နိုးမှုကို ပြသတတ်သော လူကောင်းလေး တစ်ယောက်သာဖြစ်သည်။

စုပုံသည် အောင်သပြေ ဆွဲခေါ်ရာနောက် ပါလာ သော ခြေလှမ်းတွေအတွက် တွေဝေနေဆဲ ဖြစ်သော်လည်း တွန့် ဆုတ်နေခြင်းတော့ မရှိခဲ့ပါ။ စုပုံ သူတို့မိသားစုလေးကို တကယ် တွေ့ဆုံချင်စိတ်တော့ ရှိနေပါသည်။

✧ ❤ ✧





## ၁၀

သုံးလွှာအမြင့်မှာသာရှိသော တိုက်ခန်း၏ လှေကား ထစ်တွေကို နင်းတက်လာသောအခါ ကျွန်တော်သည် စုပုံကို အားနာမိသလိုလို ဖြစ်လာလျက် လှည့်ပြီးထပ်မေးမိသည်။

"စုပုံ မသွားချင်တော့ရင်ပြောနော်၊ ခုချက်ချင်း လှည့်ပြန် လို့ရသေးတယ်။ သူတို့ ဘယ်သူမှ မသိသေးဘူး"

စုပုံ ကျွန်တော့်ကို မျက်စောင်းကြီး ထိုးပါသည်။

"ရောက်ပဲ ရောက်လာပြီ။ ခုထိ အူကြောင်ကြောင်တွေ ပြောတုန်း စုပုံ ရောက်ပဲရောက်လာခဲ့ပြီ"

"စုပုံကို အားနာလို့ပါကွာ"

"အစ်မတွေနဲ့သာ တွေ့ရတော့မယ်၊ ခုထိ သူတို့နာမည် မသိသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မကြီးက ခင်နှင်းဆီတဲ့၊ မလေးက ငွေသဇင်၊ ညီမလေးက မြစံပယ်"

"သပြေက အောင်သပြေတဲ့၊ အားလုံး ပန်းနာမည်တွေချည်းပဲနော်"

"ဘာဖြစ်လို့ အဲဒီလို နာမည်မှည့်လည်း မသိလို့ အဖေ့မေးကြည့်တော့ အကြီးမကို နေ့သင့် နံသင့် ခင်နှင်းဆီ ပေးမိနေတာနဲ့ ကျန်တဲ့ထပ်မွေးလာတဲ့ ကလေးတွေလည်း ပန်းနဲ့ ဆိုင်တာလေးတွေပဲ နာမည်မှည့်ရင်ကောင်းမယ် တွေးပြီး မှည့်လိုက်တာတဲ့၊ ကျွန်တော့်အလှည့်ကျ ယောကျ်ားလေး ဖြစ်နေတော့လည်း ယောကျ်ားလေးနဲ့ သင့်တော်မဲ့ အောင်သပြေ ပန်းနာမည် မှည့်လိုက်တာတဲ့၊ တော်သေးတာပေါ့ မောင်ဇော်ကြားလို့ မမှည့်တာ"

"ဇော်ကြား ဆိုတာ ဘာလဲ"

"ဟင် ... စုပုံ မသိဘူးလား၊ ဇော်ကြားတို့ ဇော်စိမ်းတို့ ရှိတယ်လေ။ ပန်းပုံစံတော့ မဟုတ်ဘူး။ သစ်ရွက်အမျိုးအစားပဲ သပြေတောင်မှ ပန်းလို့သတ်မှတ်ပေမဲ့ သူက အရွက်အမျိုးအစားပဲလေ၊ အဲဒါမျိုးပေါ့"

"စုပုံ မတွေ့ဖူးဘူး"





"မတွေ့ဖူးရင် ကျွန်တော်တို့အိမ်ကျ ဘုရားစင်ကိုကြည့်လိုက်၊ အိမ်မှာ ခဏခဏတင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပန်းတွေက အညှိုးမြန်တယ်၊ ခဏခဏ ဝယ်တင်ရတော့ ဘတ်ဂျက် ထိခိုက်တယ်၊ ဒီတော့ အဲဒီ ဇော်ကြား ဇော်စိမ်းတို့၊ သပြေတို့ မပြတ်တင်ထားတယ်လေ"

စကားပြောလည်းရပ်၊ ကျွန်တော်တို့အခန်းရှေ့လည်းရောက် ဖြစ်သဖြင့် ကျွန်တော် အပြင်မှာတပ်ထားသည့် တံခါးဘဲလ်ကို နှိပ်လိုက်ပါသည်။ အပြင်က သံပန်းတံခါးကတော့ ဇော့ရုံသာ ဆွဲထားပြီး ဂျက်မှာ သော့ခလောက် ခတ်မထားပါ။ အိမ်မှာ လူများနေသည့် ရက်တွေဆို ဒီလိုပဲ သော့ခလောက်မခတ်ထားဘဲ ထားတတ်ပါသည်။ အတွင်းသစ်သားတံခါးကတော့ အထဲမှာ ဂျက်ထိုးပိတ်ထားပါသည်။

တံခါးဂျက်ချသံ၊ ဆွဲဖွင့်သံတွေ ကြားရပြီးနောက် တံခါးတစ်ခြမ်း ပွင့်လာသောအခါ ...

"ဟယ် ... ဘယ်သူများလဲလို့၊ လာ ... လာ ... ဝင်ကြ၊ တံခါးနှစ်ချပ်လုံး ဖွင့်ပေးမယ်၊ ကျယ်ကျယ်ဝန်းဝန်းဖြစ်သွားအောင်"

ဟု ပြောလည်းပြော၊ တံခါးကျန်တစ်ခြမ်းကိုပါ ဖွင့်ပေးသည့် မလေးကို ဆုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မလေးတို့ မပြန်ကြသေးဘူးလား"

"ပြန်ကြတော့မလို့ဘဲ၊ ညနေစောင်းပြီလေ မနက်ဖြ
အလုပ်စ,သွားရမှာဆိုတော့ ညနေကတည်းက မနက်ဖြ
စာအတွက်ပါ စချက်ရတော့မှာမို့ ပြန်တော့မလို့ပါပဲ"

"မလေး ... ဒါ စုပုံမြတ်နိုးလေ"

"အေး ... အေး ... ဝမ်းသာပါတယ် ညီမရယ်။ အိမ်လာ
လည်တာ ဝမ်းသာပါတယ်၊ ထိုင်ဦး ... ထိုင်ပါဦး၊ ဟယ်
ဒုက္ခပါပဲ၊ သားက အရုပ်တွေ ထိုင်မဲ့ခုံပေါ် တင်ထားပြန်
ပြီ၊ ဒီမှာ ဧည့်သည်လာတယ်၊ ထိုင်စရာ မရှိတော့ဘူး"

မလေး ဆက်တီတွေဆီ ပြေးသွားပြီး ဆက်တီငါး
လုံးမှာ တစ်လုံးစီပေါ်တွင် အရုပ်တစ်ခုနီးပါး တင်ထားတာကြောင့်
အမြန်စုကိုင်ဖယ်ပါသည်။ ကြိမ်ဆက်တီသေးသေးလေးတွေက
စုပုံတို့ အိမ်ကြီးထဲမှာ ဆိုဖာခုံကျယ်ကျယ်ကြီးတွေနဲ့ယှဉ်ရင် သိပ်
များ သိမ်နုပ်သွားသလားလို့ ကျွန်တော် တွေးမိပြန်သည်။

နှစ်နှစ်အရွယ် ကျွန်တော့်တူကတော့ စုပုံ ဝင်ထိုင်
တာမြင်လျှင် မျက်လုံးပြူးပြီး စပ်စုသလို ကြည့်နေသည်။ ခုလေး
တင် အစားတစ်ခုခု စားထားပုံရသည်။ ပါးပြင်နဲ့ ပါးစပ်တစ်ဝိုက်
ပေကျံပြီး လက်လည်းညစ်ပေနေသည်။ ကျွန်တော်ကတော့ မြင်
နေကျပုံစံနဲ့ ကျွန်တော့်တူလေးမို့ ချစ်ပေမဲ့ စုပုံကတော့ ချစ်ပုံမရ။





...သနေသောကလေးကို တစ်ချက်သာ ကြည့်ပါသည်။ မလေးက
...သည်လာ၍ အားနာပြီး သူ့သားသူ ချီထားလိုက်သည်။

"အမေရော အိပ်နေလား မလေး"

"မအိပ်ပါဘူး၊ ဘယ်အိပ်နိုင်မလဲဟယ်၊ ကိုယ်တွေထဲက
တအားကိုက်ခဲတယ်တဲ့။ အသက်ရှူရလည်း ခက်တယ်တဲ့။
ပြီးတော့ နင်သွားနေတုန်း အမေ တအားအန်သေးတယ်
ဟယ်၊ ဘာအစာမှလဲ သိပ်မရှိဘဲ အန်ပစ်နေတာ၊ ငါဖြင့်
ကြောက်တောင်ကြောက်တယ်"

မလေးက တိုးတိုးလေး ကပ်ပြောပေမဲ့ စုပုံက
...နီးအနားရှိသူမို့ ကြားရသည်။ မလေး ပြောပုံပြောဟန်ကလည်း
...မေမကြားစေချင်၍ ခပ်တိုးတိုး ပြောရုံသာဖြစ်သည်။

ထိုအချိန်မှာ မကြီး ထွက်လာသည်။ တစ်နှစ်အရွယ်
သမီးလေးကိုချီပြီး ထွက်လာသော မကြီးက စုပုံကိုပြုံး၍နှုတ်ဆက်
လိုက်ရင်း ...

"အိမ်ရှေ့က အသံကြားလို့ ထင်တော့ ထင်တယ်၊ သပြေ
ဧည့်သည်ပါလာပြီလို့၊ ဒီမှာ သမီးက သူ့အဒေါ်လိုးထား
တဲ့ ကျောက်ကျောပန်းကန်ကို ဆွဲမှောက်ပစ်လိုက်လို့လေ၊
နောက်ဖေးမှာ ရှင်းနေရတာနဲ့ ချက်ချင်း ထွက်မလာနိုင်
ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ ကလေးတွေလာရင် ဒီလိုပဲ စုပုံရဲ့။ သူတို့အလု ရှုပ်နေတာ။ အမေကလည်း မြေးတွေ တစ်ပတ်ထ လောက် မတွေ့ရရင် မနေနိုင်ဘူးလေ။ တမေးမေး နေတော့ သူတို့မလာရင် ကျွန်တော်ပဲ ကားနဲ့သွားခေ တယ်၊ အိမ်မှာလာမွေ့ဖို့လေ"

စုပုံက ကလေးတွေကို ကြည့်ရှုံသာကြည့်ပြီး ခြင်း၊ ချော့မြှုခြင်း သိပ်မရှိသဖြင့် စုပုံ ကလေးမချစ်တတ်ဘူ ကျွန်တော် သတိထားမိသွားပါသည်။ ဒါနဲ့ပဲ ကလေးတွေအကြော ဆက်မပြောတော့ဖို့ ပါးစပ်ကို ဘရိတ်အုပ်လိုက်ရသည်။

"ညီမလေး တစ်ခုခု စားပါလား၊ စံပယ်ကို ပြင်နိုင်းလို မယ်လေ"

"စုပုံအတွက် တကူးတကကြီး ဆိုရင်တော့ မလုပ်ပါနဲ့ စုပုံ သိပ်လည်းမဆာပါဘူး။ သပြေနဲ့လည်း အပြင်မှာစ ခဲ့သေးတာ"

"ရှောက်သီးသုပ်လေးနည်းနည်း၊ ကြာဆံချက်လေးနည် နည်း၊ စံပယ်လက်ရာ အုန်းနို့ကျောက်ကျောကလည် နည်းနည်းပေါ့။ အဟင်းဟင်း _ သူ့ကျောက်ကျောကလေ ခပ်နည်းနည်း လုပ်ထားပါတယ်ဆိုမှ သမီးက တစ်ပန်းကန် မှောက်ပစ်လိုက်လို့ အခုတော့ တကယ့်ကို နည်းနည်းတ ပန်းကန်ပဲ ပြင်လို့ရတော့တယ်"





"စုပုံ သပြေ့အမေကို ဝင်တွေ့ချင်တယ်၊ ရလား"

"ရပါတယ် စုပုံရဲ့။ အမေကတော့ လမ်းလျှောက်ဖို့တောင် အနိုင်နိုင် ဖြစ်နေတော့ စုပုံကို ထွက်မတွေ့နိုင်ဘူး။ ကျွန် တော်က ဝင်တွေ့ခိုင်းရမှာ အားနာနေလို့"

"သပြေကလေ အဲဒီလိုပဲ သိလား မကြီး၊ မလေးတို့ရယ်၊ အားနာတယ်ဆိုတဲ့ စကားကို ခဏခဏပြောတယ်၊ အဲဒါ သူ့ရဲ့ Trade Mark လို့တောင် ဖြစ်နေပြီ"

ထိုအခါ အစ်မနှစ်ယောက်တို့ကလည်း စုပုံစကား နားထောင်လျက် ထောက်ခံကြသည်။

"ဟုတ်ပ၊ သူက သိပ်အားနာတတ်တာလေ"

"သိပ်အားနာတတ်ရင်လည်း မကောင်းဘူး စုပုံရဲ့၊ ကိုယ် က သိပ်အားနာပြနေရင် လူတွေက ကိုယ့်ကို ငတုံးကြီး လိုလို Loser ကြီးလိုလို ထင်တတ်ကြတယ်လေ။ စုပုံပဲ သပြေ့ကို ပြုပြင်ပေးရမယ် ထင်တယ်"

မကြီး မလေးတို့ကတော့ စုပုံကို သဘောကျစွာ ကြည့်နေတတ်တာဖြစ်ကြောင်း ကျွန်တော် ရိပ်မိပါသည်။ စိန်တွေ ရွှေတွေ ညွတ်နေအောင် ဝတ်ပြထားတာမျိုး မဟုတ်ဘဲ ပါးပါး ကက်လက် ခပ်ကျဲကျဲလေးတွေနဲ့တင် အဆင့်အတန်းမြင့်တဲ့ပုံ ပေါက်ပြီး သူဌေးရုပ်ထွက်နေသော စုပုံရဲ့ပုံစံလေးက မိန်းကလေး ချောင်းပင် အထင်ကြီးစရာပုံစံ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားတဲ့ D & G တံဆိပ် စပို့ရှပ်အဖြူဆွတ်ဆွတ်လေးကလည်း အတုတွေ မှိုလိုပေါက်နေတာတောင် စုပုံ အင်္ကျီလေးကတော့ အစစ်မှန်းသိသာပြီး တစ်မျိုးထူးနေသလိုလို၊ ဒူး ဂျင်းနံ့စကတ်လေးကလည်း စုပုံရဲ့ ကိုယ်လုံးသွယ်သွယ်လေး တိရိသေသပ်လျက် ကြည့်ကောင်းနေသလိုလို၊ မျက်မှန်ဝိုင်းအကြီး ကြီးကို နဖူးပေါ်ပင့်တင်ထားပြီး Dior တံဆိပ် လက်ကိုင်အိတ် အကြီးကြီးကို လက်ကောက်ဝတ်မှာ ချိတ်ထားသော စုပုံရဲ့ဖက်ရှင် လေးက နိုင်ငံခြားမဂ္ဂဇင်းတွေထဲမှာ ပါတတ်သော မော်ဒယ် လေးလိုလို ကြည့်ရတာ ချက်ချင်းပင် အဖြစ်လှသဖြင့် ကျွန်တော် တာ အမေ့မျက်လုံးတွေ ရှိသေးမှာ အဖြစ်မနေချင်မိတော့သည်။

"အမေ ... သားပြို ပင့်လာမယ်နော်"

"ဝင်လေ သား ရပါတယ်"

အဖေ့အသံကို ကြားရသည်။ အထဲဝင်လိုက်တော့ အဖေက အမေ့ဘေးမှာ ထိုင်နေတာ တွေ့ရသည်။ စပယ်က ... ထိုင်ဖို့ကို ထမင်းစား စားပွဲမှ ယိုးဒယားလုပ် ခေါက်ကုလားထိုင် လေးတစ်လုံး ခုတင်ဘေးမှာ လာချပေးပါသည်။

"ဒါက စပယ်လေ"

ကျွန်တော် မိတ်ဆက်ပေးလိုက်တော့ စုပုံက အသ ... ပင် ပြုံးပြရင်း ...



"စာမေးပွဲ နီးပြီနော်၊ စာတွေ ပြီးပြီလား"

ဟု စပယ် ဆယ်တန်းစာမေးပွဲ ဖြေရမှာဖြစ်ကြောင်း ... သိရ မေးလေသည်။

"ကျက်တုန်းပါပဲ အစ်မရယ်။ ပြီးသလောက်ရှိနေ ... နေ့တိုင်း စာမေးပွဲ မဖြေရသေးမချင်း ကျက်ရတုန်းပါပဲ"

"စိတ်မပူပါနဲ့ အောင်မှာပါ၊ သပြေ ပြောပါတယ်၊ စပယ် က ဉာဏ်ကောင်းတယ်တဲ့"

"အခန်းထဲမှာ လှကျပ်နေမှာစိုးလို့ စပယ် သွားမယ်နော်။ အစ်မ စားဖို့ အဆင်သင့်ဖြစ်အောင် သွားပြင်ဆင်ထား လိုက်ဦးမယ်"

စပယ် ပြန်ထွက်သွားတော့မှ စုပုံလည်း စပယ်ချ ... သော ကုလားထိုင်မှာ ဝင်ထိုင်ရင်း အမေ့ကို ပြုံးပြပါသည်။ ... တော့်ကတော့ အမေ့ခြေရင်းနား ဘေးဘက်မှာ ဟစောင်း ... ထိုင်လိုက်သည်။ အမေက အားယူလိုက်သလိုဖြင့် အသက်ကို ... ရှူရင်း ...

"သမီးက ချစ်စရာလေးကွယ်"

ဟု စ,ပြီးပြောပါသည်။

"သား ပြောနေတာ ကြာပြီ၊ အခုမှ တွေ့ဖူးတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ မောနေရင် စကားတွေအများကြီးပြောပြီး မခံပါနဲ့။ ရပါတယ် စုပုံ နေတတ်ပါတယ်"

"တွေ့တုန်း စကားပြောထားရတာ"

"ခဏခဏ လာတွေ့မယ်လေ၊ စုပုံ အခုတောင် အန် စားဖို့ ဝယ်လာချင်တာ၊ သပြေက ဘာမှမဝယ်ရဘူးဆို"

"မဝယ်နဲ့ ... ဟုတ်တယ် မဝယ်နဲ့၊ အန်တီက ဘာ မစားနိုင်တော့ဘူး' Body ထဲက လက်မခံတော့ဘူးကွယ်"

"ဆေးတွေအရှိန်ကြောင့် မစားနိုင်တာ ဖြစ်မှာပါ၊ ကြားဖူးတယ်၊ ဆေးတွေက သိပ်ပြင်းတာဆို"

အမေ စကားဆက်တိုက် ပြောလိုက်ရ၍ မောပြီး နေရာ အမေကပဲ ဝင်ပြောပါသည်။

"ပြင်းတာပေါ့၊ သူ့မှာ အခုဆို ဆံပင်တောင် မရှိတော့ဘူး ခေါင်းကို အမြဲ ပဝါနဲ့ ပတ်ထားရတယ်"

"စုပုံလည်း ရုပ်ရှင်တွေထဲမှာ မြင်ဖူးပါတယ်"

"အန်တီက ..."

အမေ ခဏအမောဖြေပြီးမှ တစ်ခွန်းပြန်စလျှင် အမေနဲ့ စုပုံ စကားပြောနေရာမှ ရပ်ပြီး အမေ့ဘက် ပြန်နားစွင့်လိုက်ကြလေသည်။





"ကိုယ့်ဘာသာ သိပါတယ်၊ သိပ်လည်း မနေရတော့ဘူး ဆိုတော့ သားတွေ သမီးတွေနဲ့ ပတ်သက်တဲ့ လူလေးတွေကို မြင်ဖူးခဲ့ချင်လို့ သမီးကို တွေ့ချင်တာပါကွယ်"

ထိုစကားတွေကို အမေဟာ တောက်လျှောက်ပြော မဟုတ်ဘဲ နားလိုက်၊ အသက်ရှိုက်သွင်း အားယူလိုက်၊ သုံး ခွန်းပြောလိုက် လုပ်ရတာဖြစ်ပါသည်။ အသက်ကို ပင်ပန်း ကြီး ရှူလိုက် ရှိုက်လိုက် လုပ်နေရသော အမေ့ကိုကြည့်ရင်း ...နဲ့တော့ရင်ထဲ နာကျင်ကွဲအက်လာပါသည်။

စုပုံမှာ ရောဂါသည်မိခင်တစ်ယောက်၏ လေသံကို ...ထောင်ရင်း မေမေ့တုန်းကလည်း ဒီလိုပဲဟု သတိရပြီး ဝမ်း ...ည်းသွားသည်။ ဆယ်နှစ်သမီးအရွယ်ဆိုတာ သိပ်ပြီးသိတတ် ...လည်လှတာ မဟုတ်၊ သိပ်ပြီးခံစားတတ်တာ မဟုတ်ပေမဲ့ ...မေလည်း အဲဒီအချိန်တွေတုန်းက ရောဂါပြင်းပြင်းထန်ထန် ...ားခဲ့ရဖူးတယ်။ ဒီလို နေခဲ့ရဖူးတယ်ဟု ပြန်သတိရမိတော့ ...မှ ပိုခံစားမိလာသလို ဖြစ်လာသည်။

"သမီး လာတွေ့တာကို သိပ်ဝမ်းသာတာပဲ"

"ကဲ ... ကဲ ... မင်း ခဏအိပ်လိုက်ပါဦး။ နားလိုက်ဦး၊ ဆေးတွေသောက်ထားပြီး မအိပ်ဘဲနေရင် မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



အမေက အမေ စကားတွေအများကြီး ဆက်
မှုမှာ နိုးမြိုင်လာ၍ အမေ့ကို အိပ်ဖို့သတိပေးလိုက်သည်
လည်း အမေ့သက်ဖဝါးတစ်ဖက်ကို ဆုပ်ညှစ်အားပေးသ
ရင်း အသာထ ရပ်ပါသည်။

"အန်တီ နားလိုက်ပါ။ စုပုံ အပြင်မှာ အစ်မတွေနဲ့
သွားပြောလိုက်ဦးမယ်၊ စုပုံကို အန်တီ ဧည့်ခံစကား
နေရတော့ သိပ်မောနေပြီ၊ နားလိုက်ပါနော် ... စုပုံ
ကစ်ပတ်ကျ သမြေအလှပ်အားရင် အခုလိုပဲလာခဲ့ပါဦး

"အေး ... အေး၊ သမီးလေးကို အန်တီလည်း ထပ်
ချင်ပါတယ်"

အမေ အသာလှဲပြီး တစောင်းအနေအထားနဲ့ မျ
မှိတ်သွားသောအခါ ကျွန်တော်လည်း စုပုံဘက်ကို အသာ
ဘိတ် အချက်ပြပြီး အခန်းထဲကထွက်ဖို့ ခေါ်လိုက်လေသ

အိမ်နောက်ဖေး မီးဖိုချောင်ထဲမှာပဲ ပြင်ဆင်
သော ထမင်းဝိုင်းဆီ စုပုံကို ခေါ်လာခဲ့သည်။ ညီမလေး
ပြင်ဆင်ထားသော ရှောက်သီးသုပ်နဲ့ ကြာဆံချက်၊ အချိုပွဲ
အုန်းနို့ကျောက်ကျော စသဖြင့်တို့ကို ကြည့်ရင်း ...

"စံပယ်က ဆယ်တန်းပဲ ရှိသေးတာနော်၊ သူက မုန့်
ဘာတွေတောင် လုပ်တတ်နေပြီ၊ ပြီးတော့ စားပွဲမှာ





ဆင်ထားလိုက်တာလည်း ကြည့်ပါဦး၊ မျက်စိပသာဒ သိပ်
ဖြစ်တာပဲ၊ နုနုပင်ပန်းကန်လေး ပြင်တာကအစ ပုံစံလေး
က လှနေတယ်။ ကျောက်ကျောလေးတွေကလည်း တွန့်
တွန့်လေးတွေ ပုံဖော်လှီးထားပြီး ပန်းကန်ထဲ ထည့်ထား
တာနော်၊ သိပ်လှတာပဲ၊ စုပုံ ခုထိ ဘာမှလဲ မချက်တတ်
ဘူး။ အဲဒီလို လှပအောင်လည်း မပြင်ဆင်တတ်ဘူး ...
သိလား"

"အစက သူ ဘာချက်တတ်မှာလဲ ကလေးလို နေတာ။
အစ်မတွေ အိမ်ခွဲသွားတော့မှ အမေ့ကို ကူလုပ်ရင်း ချက်
တတ်လာတာ။ အမေ အိပ်ရာထဲလဲတော့ သူပဲ လက်
စွမ်းပြ ချက်ရတော့တာပေါ့။ ဒီလိုပဲ ကောင်းတစ်လှည့်
မကောင်းတစ်လှည့်နဲ့ အခုမှ ဟုတ်သွားတာ။ စံပယ်က
ထမင်းဟင်း ချက်တာထက် မုန့်လုပ်တာ ပိုဝါသနာပါ
တယ်လေ၊ ဒါကြောင့် အမြဲ မုန့်တစ်မျိုးမဟုတ် တစ်မျိုး
စမ်းသပ်လုပ်ကြည့်တတ်တယ်"

မြစံပယ်က ရယ်မောရင်း ...

"ကျောက်ကျောကို လှိုင်းတွန့်လေးတွေဖြစ်အောင် လှီးတာ
လွယ်ပါတယ် မစုပုံရဲ့။ ဒီမှာလေ အတွန့်ပုံစံ ဖော်ထားတဲ့
ဓားလေးနဲ့ လှီးရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဓားကိုယူပြပါသည်။ စုပုံ ရှက်သလိုရယ်ရင်း

"ဩော် ... ဟုတ်လား၊ မသိပါဘူး တမင်ပုံဖော်လို့ထား တယ်ထင်လို့"

"ထည့်စားနော် မစုပုံ အားမနာနဲ့၊ စံပယ် အိမ်ရှေ့ သွားယိုင်နေမယ်နော်။ ကိုလေး ဧည့်ခံလိမ့်မယ်၊ မီး ချောင်ကကျဉ်းတော့ လူသုံးယောက်လောက်ဝင်ရင် ကျ နေပြီ"

"ရတယ် ... ရတယ်၊ သွားနေပါ၊ စုပုံ နေတတ်ပါတယ်"

စုပုံသည် အတော်ကြီးကို ကျဉ်းမြောင်းပြီး မီးခိုး မှိုင်းတွေ နံရံမှာ၊ မျက်နှာကြက်မှာ ကပ်ငြိနေသော မီးဖိုချောင်ကို စိတ်မသက်သာစွာ ကြည့်မိသည်။

ဒီမီးဖိုချောင်ထဲမှာပဲ ထမင်းစားပွဲကို ချထားသေးရာ ဘယ်လိုများ ချက်ပြုတ်သည် မသိ။ မီးဖိုချောင်ထဲမှာ ဘီစင်လည်း ရှိသည်။ ပန်းကန်စင်လည်း ရှိသည်။ ကြောင်အိမ်ကြီးတစ်လုံးက လည်းရှိသည်။ နံရံမှာကပ်ရိုက်ထားသော သစ်သားစင်မှာ အိုးတွေ ခွက်တွေလည်း တင်ထားသေးသည်။ တစ်ထပ်ရေခဲသေတ္တာအသေး လေးကတော့ အိမ်အလယ်လမ်းမှာပဲ ဖြစ်အောင်ချထားပါသည်။ ဒီမီးဖိုချောင် အခန်းထဲမှာပဲ ရေချိုးခန်းကတစ်ခန်း အိမ်သာက တစ်ခန်း ဖွဲ့ထားသေးသည်။



စုပုံဘဝမှာ ငယ်ကတည်းက ပေါင်းခဲ့ဖူးသော သူငယ် ချင်းတွေကလည်း စုပုံတို့လို တိုက်နဲ့ခြံနဲ့ နေခဲ့ကြသူတွေဖြစ်ရာ သူတို့အိမ်တွေ ရောက်ဖူးပေမဲ့ စုပုံအတွက် အထူးအဆန်း ဖြစ်မ နေခဲ့ပေ။ အရင်းနှီးဆုံးသူငယ်ချင်း မီမီ ဆိုလည်း စုပုံတို့လောက် မချိပေမဲ့ ယှဉ်ရင် ယှဉ်လို့ရနိုင်တဲ့အထိ ချမ်းသာသော အသိုင်း အဝိုင်းမှ လာသူဖြစ်ရာ မီမီ့အိမ်လည်း အကြိမ်များစွာ ရောက်ဖူး သဖြင့် စုပုံတို့နဲ့ မတိမ်းမယိမ်းမို့ ထူးခြားတယ်လို့ မထင်ပါ။

အခုတော့ စုပုံဘဝမှာ ပထမဦးဆုံးအကြိမ် မြို့ထဲ က ကန့်ထရိုက်တိုက်ခန်း ကျဉ်းကျဉ်းလေးတစ်ခန်းကို လာလည် ဖူးသည်ဖြစ်ရာ မြင်ရသမျှ စိတ်ကျဉ်းကျပ်ပြီး ထူးဆန်းစရာတွေ ချည်း ဖြစ်လို့နေသည်။ ဒီလောက်ကျဉ်းတဲ့ အခန်းလေးကို အိပ် ခန်းနှစ်ခန်းရအောင်လည်း ဖွဲ့ထားသေးတယ်။ အိမ်ထောင်ပရိဘောဂ တွေကလည်း ထားလိုက်သေးတယ်။ မီးဖိုချောင်ကလည်း ကျဉ်း လိုက်တာ။ အသက်ရှူလို့တောင် မဝဘူး။ စုပုံ အိမ်မှာ မီးဖိုချောင် ဝင်ခဲပေမဲ့ စုပုံတို့အိမ်ထဲက မီးဖိုချောင်ကြီး ဘယ်လောက်ကျယ် ကြောင်း မှတ်တော့ မှတ်မိပါသည်။ သီးသန့်နံရံကပ်ဗီရိုလေးတွေ ထဲမှာ ပန်းကန်တွေ ဖန်ခွက်တွေ ဇွန်းခက်ရင်းတွေ အစီအရီရှိ သလို ချက်ပြုတ်တဲ့ အိုးခွက်တွေကျတော့ နံရံကပ်ဗီရိုလေးထဲ ချိတ်လို့ရတဲ့ဟာ ချိတ်ထား၊ ဒီတိုင်းထားသင့်တဲ့ဟာ ဒီတိုင်းထား

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျပ်ညပ်မနေ။ မီးဖိုချောင်ထဲမှာ အစားအသောက်တွေ ချ
ပြုတ်ရန် ပြင်ဆင်လှီးချွတ်ဖို့၊ စားပွဲရှည်ကြီးကပင် သီးသန့်ထ
ပါသည်။ အသားငါးတွေ သိုလှောင်ဖို့ freezer တစ်လုံးနဲ့ ထ
သေတ္တာကြီးတစ်လုံးလည်း သီးသန့်ရှိသည်။

မီးဖိုချောင်ထဲ ထမင်းစားပွဲထားတာ မဟုတ်
ထမင်းစားခန်းလေး သီးသန့်လုပ်ထားသဖြင့် ထမင်းစားပွဲ
ကြီးကို ထားနိုင်သည်။ လူဆယ်ယောက်စာ လေးထောင့်ထ
စားပွဲရှည်ကြီးမှာ အမြဲပြောင်လက်တောက်ပနေတတ်သည်။
လင်းနေသည်။ ထမင်းစားခန်းထဲမှာကို သီးသန့် ရေခဲသေ
ကြီးတစ်လုံး တပ်ထားနိုင်သေးသည်။ အောင်သပြေတို့အိမ်
စားပွဲကျတော့ လေးထောင့်ဖော်မေကာစားပွဲလေးဖြစ်ပြီး လူ
ယောက်လောက်ပဲ ထိုင်နိုင်ပါသည်။

"ထမင်းစားပွဲပါ ရှိနေတော့ ဟင်းချက်ရင် ကျပ်နေမှာပဲနော်"

စုပုံ မနေနိုင်ဘဲ မေးမိသည်။

"ဒီစားပွဲက အသေချထားတာ မဟုတ်ဘူးလေ၊ စားသော
ပြီးရင် ပြန်ခေါက်သိမ်းလို့ ရတယ်၊ ကုလားထိုင်တွေလည်း
အဲဒီလိုပဲ ပြန်ခေါက်သိမ်းပြီး ဘေးမှာကပ်ထားလိုက်
ပေါ့"

"သပြေတို့ ဒီမှာနေတာ ကြာပြီလား"





"ကြာပြီ၊ ကျွန်တော့်တစ်သက် နီးပါးပဲ၊ အသက်ငါးနှစ်
လောက်မှာ ဒီအိမ်မှာ စပြီးနေရတာပဲ၊ အရင်က ဒီကန်ထ
ရိုက်တိုက်ကြီး မဟုတ်သေးဘူး၊ ပျဉ်ထောင်အိမ်လေးပေါ့။
အဲဒါကိုဖျက်ပြီး ဆောက်တာလေ။ အရင် ပျဉ်ထောင်အိမ်
လေးမှာ ကျွန်တော့်ကို မွေးတယ်၊ အသက်ငါးနှစ်မှာ ပျဉ်
ထောင်အိမ်ကနေ ဘဝပြောင်းသွားတဲ့ ဒီအိမ်ခန်းမှာ နေရ
တယ် ဆိုပါတော့။ ဒီရပ်ကွက်ထဲမှာ နေလာတာကျတော့
ကျွန်တော့်တစ်သက် ရှိပြီပေါ့"

"မကြီးတို့ မလေးတို့ နေတော့ရော"

"ဟိုဘက်လမ်းတွေမှာရှိတဲ့ ဒီလိုတိုက်ခန်းမျိုးမှာပဲ နေတာ
လေ"

"ဝယ်နေတာလား"

"ဟာ ... ဘယ်ဝယ်နိုင်ဦးမလဲ စုပုံရဲ့။ ငှားနေတာပေါ့"

"ဒီတစ်ခန်းကို ဘယ်လောက်ပေးရလို့လဲ"

"ရှစ်ဆယ် ကိုးဆယ် တစ်ရာပေါ့။ သူ့ဟာနဲ့သူ ဈေးကွာ
သွားတယ်။ အထပ်မြင့်ရင်တော့ ဈေးပိုသက်သာတယ်။
နောက်ပြီး အခန်းမှာ ကိုယ်ပိုင်မီတာတို့ ရေစုပ်စက်တို့
ဖုန်းတို့ ပါရင်တော့ ဈေးပိုပေးရတယ်"

စုပုံ နှစ်လတစ်ခါ သုံးလတစ်ခါလောက် ဗန်ကော
တို့၊ စင်ကာပူတို့ အပျော်သွားပြီး ဈေးဝယ်ရင် အဲဒီလောက်နီးပါး



www.burmeseclassic.com

www.burmeseclassic.com



အသာလေး ကုန်သွားတတ်သည်။ တစ်ပတ်လောက် နေထိုင်စားသောက် ဈေးဝယ်ရင်ပဲ ထိုပိုက်ဆံပမာဏလောက်က သုံးပြီးသားဖြစ်နေတတ်သည်။ အဲဒီလောက်ပိုက်ဆံဟာ အောင်သပြေတို့အတွက် အိမ်ခန်းလေးတစ်ခန်း ရနိုင်သည်လားလို့ တအံ့တသြတွေးပြီး အောင်သပြေတို့ကို အလိုလိုနေရင်း သနားသွားမိသည်။

သူတို့မှာ အဲဒီလောက် ပိုက်ဆံတောင် မရှိလို့ သူ့အစ်မတွေဟာ အိမ်မဝယ်နိုင်ပဲ ငှားနေရတာတဲ့။ ငါ့အတွက် အဲဒီပိုက်ဆံဟာ စင်ကာပူအသွားအပြန် လေယာဉ်ခရယ်၊ ဟိုမှာတည်းတဲ့ ဟိုတယ်စရိတ်ရယ်၊ ဈေးဝယ်စားသောက်တာရယ်ကို တစ်ပတ်အတွင်း ဖြုန်းပစ်လိုက်နိုင်နေတယ်။ ဘယ်လောက်ကွာခြားလိုက်သလဲ။ ဘာကြောင့်များ သူတို့နဲ့ ငါ သိပ်ကွာဟနေရသလဲ။

အောင်သပြေတို့ အနေအထားဟာ သာမန်လူလတ်တန်းစား မိသားစုပေမဲ့ စုပုံလို ထိတ်ထိတ်ကြဲ တိမ်ညွန့်တောင်ရူးစားနိုင်တဲ့အဆင့်၊ ရွှေဖွန်းကိုက်မွေးလာသူ သူဌေးသမီးလေးအတွက်ကတော့ သိပ်ကိုကွာဟခြားနားလွန်းနေသလို ခံစားနေရခြင်းဖြစ်သည်။

စုပုံသည် အောင်သပြေတို့အိမ်က ပြန်လာပြီးသောအခါ ဘာဆက်လုပ်ရမှန်းမသိဖြစ်ကာ ပိုပြီးတွေဝေလာခဲ့ပါသည်။

✧ ❤ ✧





# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

စုပ့် သည် ဖေဖေ့အစီအစဉ်ကြောင့် အံ့သြပြီး ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်နေသည်။ စုပံ့ကို ဖေဖေ ဒီလောက်ဝေးဝေးလံလံကို ပို့ပစ်လိုက်လိမ့်မယ်လို့ ထင်ကိုမထင်။ လုံးဝလည်း မမျှော်လင့်ထားခဲ့သော အစီအစဉ်ကို စုပံ့ သိလိုက်ရပြီတည်း။

"ဘာဖြစ်လို့ ချက်ချင်းကြီး စုပံ့ကို သွားခိုင်းရတာလဲ။ ဖေဖေပဲ စုပံ့ကို ဒီမှာ နှစ်,နှစ်လောက် နေခိုင်းပြီးမှ ကျောင်းပြန်တက်ခိုင်းမယ်ဆို"

စုပံ့ ဆယ်တန်းအောင်ပြီးနောက် စင်ကာပူမှာ ကျောင်းဝင်ခွင့်လျှောက်ကာ ဒီပလိုမာတစ်ခုရအောင် ကျောင်းသွားနေခဲ့ပြီးတာ မကြာသေး။ ဒီပလိုမာရအောင် သုံးနှစ်တက်ပြီး ပြန်လာစဉ် ဖေဖေက ...





"ဩစတြေးလျမှာ ဆက်တက်ဖို့ မလောပါနဲ့ဦး၊ ဒီမှာတစ်နှစ်၊ နှစ်,နှစ်လောက် သမီး ပြန်နေပါဦး၊ ဖေဖေတို့မင်္ဂလာပွဲပြီးမှ သမီး အေးအေးဆေးဆေး သွားပေါ့"

သူ၏အစီအစဉ်တစ်ခုကို စုပံ့ ရောက်ရောက်ချင်း ...ယ်ပေးခဲ့ပါသည်။

စုပံ့ ပြန်ရောက်ရောက်ချင်းပဲ မရွှေဝေခင်နဲ့ ဖေဖေ့...ကြောင်းကို သိရကာ တော်တော်ကြီး ခရီးရောက်နေသော ...ဖေတို့ရဲ့ဆက်ဆံရေးကို ဘယ်လိုမှ ဝင်ရှုပ်ဖို့လဲ မရတော့။ ...ယ်လိုမှ တားလို့လဲမရ။ စုပံ့ ဘယ်လောက်ပဲ ဒိတ်ကောက်...ဆောင့်အောင့်ချင်လို့လဲ အကျိုးထူးမလာတော့။ ဖေဖေက ...ဝေခင်ကို အတိအလင်းပင် စေ့စပ်ပြီးနေတာ။

ဒါနဲ့ပဲ ဖေဖေ့အစီအစဉ်အရ သူတို့လက်ထပ်ပြီးမှ ...လည်း ဩစတြေးလျမှာ ကျောင်းဆက်တက်ရမည်ဟု သိထား...ဖြစ်ပါသည်။ စုပံ့ကလည်း ဒီအသိုင်းအဝိုင်းမှာ နိုင်ငံခြားတွင် ...ကျောင်းသွားတက်သည် ဆိုသောအချက် ခေတ်စားနေ၍သာ ...သွားတက်ရသူဖြစ်ပြီး သိပ်လည်းစိတ်အပါကြီး မဟုတ်သဖြင့် ...ဖေ မသွားခိုင်းသေးတော့လည်း မသွားဘဲ ဇိမ်ကျနေတုန်း ...သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



စုပုံလိုမျိုး အိမ်မှာ ဖိနပ်ကိုတောင် ဝတ်ဖို့ အသင့် လာချပေးခံရသော၊ ထမင်းပွဲ အသင့်ပြင်ပြီး ဝင်စားရုံအသင့် ဖြစ် နေသော၊ မနက်အိပ်ရာထရင် အိပ်ရာပင် သိမ်းစရာမလိုသော ဘဝမျိုးတွင် နေရသည့် မိန်းကလေးအတွက် နိုင်ငံခြားမှာ ကျောင်း သွားတက်ရတဲ့အခါ အတော့်ကို အခက်အခဲ ကြုံရတာပါ။

ကိုယ်ငှားနေတဲ့အခန်းလည်း ရှင်းရ၊ ကိုယ့်အဝတ် ကိုယ် ဆိုင်ကလျှော်စက်မှာ သွားလျှော်ရ၊ အခြောက်ခံရ၊ အိပ်ရာ သိမ်းရ စသော အိမ်အလုပ်တွေကို လုပ်ရသည့်အပြင် ထမင်းဟင်း လည်း မချက်တတ်တာမို့ ဆိုင်ကသာ ဝယ်စားပြီး ဝမ်းရေးကို ဖြေရှင်းရသည့် အခက်အခဲတွေကို စုပုံ စိတ်ညစ်လှသည်။ ဒီသုံး နှစ်လုံးလုံး စင်ကာပူမှာ ကျောင်းဖွင့်ရက်တွေသာ ကြိတ်မှိတ် သည်းခံနေခဲ့ပြီး ကျောင်းပိတ်တာနဲ့ အိမ်ပြန်ပြေးလာကာ အိမ်မှာ ပြန်ဓိမ်ခံရတာဖြစ်သည်။

ဒါကြောင့် ဖေဖေ ကျောင်းမသွားနိုင်သေးလည်း သွားဖို့ လုံးဝမပူဆာမိဘဲ ခေါင်းထဲမှာ မေ့ထားတုန်း ဖေဖေက ရုတ်တရက် ပြောချလာလျှင် အံ့အားသင့်နေရပါသည်။

"ကျောင်းပြီးခါစ ကျောင်းစာတွေလည်း သိပ်မမေ့သေးခင် ဟိုက University မှာ ဆက်တက်လိုက်တာ မကောင်းဘူး လား သမီးရဲ့။ နောက်နှစ်,နှစ်မှဆို သမီးအသက်လည်း





နည်းနည်းပိုကြီးသွားပြီ။ ကျောင်းပြီးတဲ့အချိန်နဲ့ဆို အသက် လည်း အစိတ်ကျော်သွားမယ်"

"ဘာဖြစ်လဲ ဖေဖေရဲ့။ စုပုံ အခြေအနေက ကျောင်းစာ စာပြီး စာစာအလုပ်လုပ် ပိုက်ဆံရှာရမဲ့လူမှ မဟုတ် တာ။ ဖေဖေပဲ ဖေဖေနဲ့ မရဝေခင် မင်္ဂလာဆောင်ကို စုပုံ ပါစေချင်တယ်ဆို"

"အဲဒီကျ တစ်ခေါက် ပြန်လာပေါ့။ အခု ဖေဖေ ကျောင်း ဝင်ခွင့်တောင် အေးဂျင့်ကတစ်ဆင့် လုပ်နိုင်းထားပြီးပြီ"

"ဟာ ... ဖေဖေ ဘယ်လိုဖြစ်တာလဲ။ ဘာဖြစ်လို့ စုပုံကို ဖေဖေ့ အနားကနေ မြန်မြန်ပ,ထုတ်နေတာလဲ။ ဘာလဲ ဟင် ... မရဝေခင်တို့ တစ်မိသားစုလုံးကို အိမ်ပေါ်ခေါ် တင်ထားတော့မလို့ စုပုံကို အဝေးကို ကန်ထုတ်တာ လား"

"တော်စမ်း ... သမီး၊ ဘာလို့ မဆိုင်တဲ့လူကို ဆွဲထည့်နေ တာလဲ။ ဆိုင်တာပဲ ပြောစမ်း"

"ဆိုင်တာ ပြောတာပါ ဖေဖေ။ ဖေဖေပဲ စုပုံကို အဝေးကို မောင်းထုတ်နေတာမို့ပါ"

"အဝေးကို မပို့လို့ မဖြစ်ဘူးလေ။ ဂီတသမား ကလေကချေ ကို အဆက်မဖြတ်နိုင်သေးဘဲ ဆက်တွဲနေတာကိုး။ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ပါဘူး ပြောထားရက်နဲ့ ဆက်တွဲနေတာ ဘာသ
လဲ စုပုံ။ အပျော်ပဲတွဲတွဲ ဘာကြောင့်ပဲတွဲတွဲ အနေ
ဟိုလူသိ၊ ဒီလူသိ ဖြစ်လာပြီ။ မေးတဲ့သူတွေက မေး
ခံရပြီ”

ဖေဖေ ပြောလာတော့ စုပုံ အသံတိတ်ပြီး နားထော
နေမိသည်။

“ကိုမင်းဇံက ပြောပြလာတယ်။ တစ်ရက်မှာ သမီး
သူ့ဆီရောက်လာတယ်တဲ့။ ကောင်လေးတစ်ယောက်
ထားတဲ့ သီချင်းဆယ်ပုဒ်လောက်ကို လာပြတာတဲ့။ ဝ
လို့ရရင် ဝယ်ပေးပါ၊ နာမည်ကြီးအဆိုတော်တွေဆိုဖို့
ပေးပါဆိုပြီး စိတ်ပါလက်ပါနဲ့ကို တိုက်တွန်းပြီးဝယ်နိုင်
တာတဲ့။ ဒါနဲ့ ကိုမင်းဇံက စ,သလို နောက်သလိုနဲ့ ဒ
သမီးကောင်လေး ရေးထားတာလား ဆိုတော့ ဟုတ်တ
ဆိုပြီး ဖြေသတဲ့ ... ကဲ။ အဲဒါ ဖေဖေ ပြန်မကြားဘဲ
မလား။ ဖေဖေနဲ့ အမြဲဆုံနေကျ ဂေါ့(ဖ)အတူတူ ရိုက်နေ
မိတ်ဆွေကို မင်းဇံက ပြန်လည်းပြော။ မေးလည်းမေးတော
တာပေါ့။ ကိုမြတ်နိုး သိပြီးပလား ဘာလားပေါ့၊ ကော
လေးက ဘယ်သူ့သားသမီးလဲ ဘယ်ကလဲတွေ မေးလာ
ပြီပေါ့”





စုပုံ ဆင်လိုက်သည့်အကွက် ဝင်သွားသဖြင့် ဝမ်းသာ
သမှဲ့ စုပုံ မျက်နှာပိုးသတ်ထားလိုက်ပါသည်။

“ဖေဖေ ဘယ်လောက် ဟန်ဆောင်ခဲ့ရတယ်ထင်လဲ၊ ကိုယ့်
သမီးတွဲနေတဲ့ကောင်ဟာ ဂီတသမား၊ ငွေမရှိ ကြေးမရှိနဲ့
စားသောက်ဆိုင် တီးဝိုင်းမှာ တစ်လလုံးတီးမှ ငွေလေး
ငါးသောင်း ငါးသောင်းလောက် အနိုင်နိုင်ရတဲ့ကောင်လို့
ဘယ်လိုလုပ် ပြောထွက်ရဲပါ့မလဲ။ ဘယ်လောက် ရှက်ဖို့
ကောင်းလဲ။ ဦးမြတ်နိုးတို့က သမီးကို ရွှေပေါ်မြတင်
ထားပြီး ဘာကားဖို့ကောင်းပေ့ ဆိုတာတွေပဲ ပေးသုံးနိုင်းထား
ဟား ကြည့်စမ်း ... သူ့သမီးကျတော့ ဖွဲ့တဲ့ကောင်က
ဟိုးအောက်ခြေအဆင့်ကကောင် ဖြစ်နေတယ်ဆိုတဲ့ စကား
တွေနဲ့ ကွယ်ရာမှာ ဟားကြတော့မှာ သိရဲ့လား စုပုံ”

“သပြေတို့က အောက်ခြေအဆင့်တော့ မဟုတ်ပါဘူး
ဖေဖေရယ်။ ဘွဲ့ရပြီးပါပြီ။ အလုပ်အကိုင် အတည်တကျ
လည်း ရှိပါတယ်။ သီချင်းရေးထားတာလည်း သိပ်ကောင်း
ပြီး အဆင့်ရှိပါတယ်၊ ဒါကြောင့် သူ့ အောင်မြင်ဖို့ စုပုံ
ကူညီပေးတာပါ”

“ကဲ ... ဒါဖြင့် သူရတဲ့ ပိုက်ဆံလေး,ငါးသောင်းနဲ့ တစ်
လလုံး သမီး သုံးတတ်လား၊ ပြော”



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့အမေးခံလိုက်ရတော့ စုပုံ ပါးစပ်ပိတ်သွား ပါသည်။

“အိတ်ထဲမှာ တစ်သိန်းလောက်ပဲ ပါရင်တောင် ဈေးမဝယ်တဲ့သမီးက အဲဒီကောင်လေးပိုက်ဆံနဲ့ ဘာသွားသုံးမှာလဲ”

“စုပုံကို ဖေဖေ ခွဲပေးမဲ့ အမွေတွေ အများကြီးပါလေ။ သူ့ပိုက်ဆံကို မသုံးပါဘူး၊ ကိုယ့်ပိုက်ဆံ ကိုယ်သုံးမှာပေါ့”

“ဘာ ... ဘာပြောတယ်”

“စုပုံမှာ ရသင့်ရထိုက်တဲ့ အမွေတွေ ရှိတယ်လေ။ ဖေဖေ မရဝေခင်နဲ့ ယူတဲ့နေ့မှာ စုပုံလက်ထဲ အဲဒါတွေ ဖေဖေ ထည့်ပေးမှာပဲ။ စုပုံ ဘာမှူစရာလိုလဲနော်။ ဖေဖေနဲ့ မရဝေခင် တစ်ဝက်၊ စုပုံ တစ်ဝက် ဆိုတော့ စုပုံနဲ့ သပြေအ အတွက် ဘာမှပူစရာ မရှိပါဘူး”

စုပုံ ပြောလိုက်တာ ချက်ကောင်းထိသွားသဖြင့် ဦးမြတ်နိုး ငိုင်သွားပါသည်။ ထိုင်နေသော ဆိုဖာခုံနောက်မှီပေါ်မှာပင် ကိုယ်ခန္ဓာကို ခပ်လျော့လျော့ ထိုင်ချလိုက်တဲ့အထိ တော်တော်ကို ထိသွားသောစကားလည်း ဖြစ်ပါသည်။

“ဖေဖေသာ နောက်အိမ်ထောင်မပြုရင် စုပုံကို ငယ်ငယ်ရွယ်ရွယ်နဲ့ ဖေဖေ အမွေခွဲပေးစရာ မလိုဘူးပေါ့။ အခုတော့





ဖေဖေ အမွေခွဲပေးမယ်ဆိုတာ စုပုံ သိပြီးသားဖြစ်နေတော့ စုပုံ ပိုက်ဆံကို စုပုံ သုံးမယ်။ သပြေ့ ပိုက်ဆံကို လုံးဝ ခေါင်းထဲတောင် ထည့်မတွက်ဘူးလို့ စဉ်းစားပြီးသားပါ ဖေဖေ”

“အောင်သပြေက ဒါတွေ သိပြီးသားလား”

“ဒါတော့ စုပုံလည်း မသိဘူး ဖေဖေ။ သူ့ဘာသာ စုံစမ်းပြီး သိရင်လည်း သိမယ်၊ စုပုံကတော့ မပြောပြဖူးပါဘူး”

“ဒီကောင် သိပြီးသား ဖြစ်မှာပါ။ အခုခေတ် ကောင်လေးတွေကို လျှော့မတွက်နဲ့ သမီး။ သူတို့က မိန်းကလေးတစ်ယောက်မှာ ကျောထောက်နောက်ခံ ဘာမှမရှိဘဲနဲ့ တွဲမှာ မဟုတ်ဘူး”

“မိန်းကလေးတွေလည်း ဘာထူးလို့လဲ ဖေဖေရယ်၊ ချမ်းသာတဲ့ သူဌေးကြီးတွေပဲ လိုက်ရှာနေကြတာ၊ သူဌေးကြီးက ကိုယ့်အဖေလောက်ဖြစ်လည်း လက်ခံတာပဲ”

စုပုံ ပြောလိုက်တာဟာ ဦးမြတ်နိုး အရှိက်ကို ထိသွားပြန်သဖြင့် ဦးမြတ်နိုး တွေဝေသွားသည်။ ရဝေဟာ ရိုးသားသည်။ သူ့ကို တကယ်အားကိုးချစ်ခင်သည်။ ဦးလေးအရွယ် အဖေအရွယ်ပေမဲ့ ဒီလောက်အရွယ်ကွာဟနေလည်း တကယ်ချစ်ရင် ချစ်ကြတာပဲ ဆိုတဲ့ အတွေးမှိုင်းတစ်ခုနဲ့ ရဝေ့ကို သူ ချစ်မိ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာဖြစ်သည်။ ရဝေ သူ့ကို လက်ခံခဲ့တာဟာလည်း သူ့အ... သူယားသလို ချစ်ခြင်းမျိုးနဲ့ ပြန်ချစ်ခဲ့၍ဟုသာ သူ ထင်ထား... သည်။ ရဝေ့ကို သူ သံသယတစ်ခါမှ မရှိခဲ့ဖူးပါ။

"စုပုံကို အတင်းကျောင်းမပို့ပါနဲ့ ဖေဖေ။ စုပုံ မသွား... ဖေဖေ လေယာဉ်ပေါ် အတင်းတင်လွှတ်လိုက်လည်း ... သွားသာသွားရပေမဲ့ ရောက်တာနဲ့ ချက်ချင်း ပြန်ကို... လာမှာပဲ၊ စုပုံ မသွားချင်ဘူး။ စုပုံ သပြေနဲ့ မခွဲနိုင်သေး... ဘူး"

"ကျောင်းသွားမတက်ချင်သေးရင်တော့ မသွားနဲ့၊ ဒါပေ... အဲဒီကောင်ကိုတော့ အဆက်ဖြတ်"

"စုပုံကို့မှာ ဘာအပြစ်ရှိလို့လဲ ဖေဖေ"

"ဒီကောင့်ကို ငါ လက်မခံနိုင်ဘူး၊ ဒါပဲ၊ အဲဒီအပြစ်ပဲ... တယ်။ အလကားကောင် ယောက်ျားပိုင်းလုံးကောင်"

"စုပုံကျတော့ ဖေဖေ အဲဒီလို အမိန့်ပေးလို့ ရတယ်... မကောင်းတာကို မကောင်းဘူး ပြောလို့ရတယ်၊ ဖေဖေ့ကျ... တော့ စုပုံ ဘာမှပြောခွင့်မရှိဘူး။ ဖေဖေ့ကိုလည်း မရဝေခ... က ဟေကာယ်မချစ်ဘဲ သူဌေးကြီးမို့လို့ အကြံနဲ့ယူတယ်ဆို... တဲ့ စကားကို ပြောခွင့်မရှိဘူးလား"

"စုပုံ ပါးဈပ်ပိတ်ထားစမ်း"





"စုပုံ ဖေဖေ့စကားကို နားမထောင်နိုင်ဘူးလို့ ပြောနေတာ မဟုတ်ဘူး။ ဖေဖေလည်း စုပုံထောက်ပြတဲ့ အချက်တွေကို ပြန်စဉ်းစားပါလို့ ပြောတာပါ"

ဒီလို အချေအတင် စကားများနေပါတယ်ဆိုမှ ဖြစ်...ချင်သော့ ဖေဖေဟာ စုပုံရဲ့လက်မောင်းကို အမှတ်မထင် ကြည့်မိ...သွားတာဖြစ်သည်။ တကယ်တော့ စုပုံ ဒီနေ့ဝတ်ထားတဲ့ အင်္ကျီ... ပုံဆန်းဆန်းအင်္ကျီ။ လက်က လက်ရှည်ဘဲလ်ပုံစံ အရမ်းကား...ကားကြီးဖြစ်ကာ လက်ကောက်ဝတ်အိုး အကျယ်ကြီးနှင့် တရုတ်...ဆိုင်းကားတွေထဲမှာ ဝတ်တဲ့ပုံစံမျိုးဖြစ်သည်။ ဒါပေမဲ့ အဲဒီအင်္ကျီ...လက်ရှည်ဟာ လက်မောင်းမှစပြီး အဖျားအထိကို ခွဲထားကာ ထို...အခွဲလေးတွေမှာ ဖဲကြိုးလေးတွေ ပြန်စည်းပြီး စုစည်းထားရသော...လက်ပုံဆန်းလေး ဖြစ်သည်။ စုပုံဘာသာ ပုံစံထွင်ပြောပြီး ဆိုင်...ကိုပြော၍ ချုပ်နိုင်းထားသော အင်္ကျီပုံဆန်းလေးဟာ ဝတ်သွား...တိုင်း သူငယ်ချင်းတွေကပါ ပုံစံသဘောကျခံရတဲ့ အင်္ကျီဖြစ်သည်။ လက်မောင်းသားတွေ အကုန်လုံး ပေါ်တာလည်းမဟုတ်။ မပေါ်...တာလည်း မဟုတ်၊ ဖဲကြိုးလေးတွေကြားမှ လှစ်ဟပေါ်လွင်နေသော အင်္ကျီမျိုး ဖြစ်သည်။

ဖေဖေဟာ ခါတိုင်းတော့ စုပုံ ကိုယ်တိုင်က မြင်စေ...ချင် မေးစေချင်၍ လက်ပြတ်တွေ ဘယ်လောက်ဝတ်ပြပြ သတိ



www.burmeseclassic.com

www.burmeseclassic.com



တောင် မထားမိခဲ့ဘဲ ဒီနေ့လို သိပ်မပေါ်လွင်တဲ့ အခါကျမှ
လက်မောင်းကို အမှတ်မထင် ကြည့်မိသွားကာ ...

"သမီး ... စုပံ့၊ လက်မောင်းက ဘာလဲ ပြစမ်း"

ဟု အသေအချာ စိုက်ကြည့်ပြီး မေးသည်။

"ရှင် ... မေမေ"

"အကျႌနဲ့ မကွယ်ထားနဲ့၊ ဘာလဲ မေမေ တွေ့လိုက်တယ်
ပြစမ်း၊ ခပ်ပြာပြာအရောင်နဲ့ လက်မှာ ဘာဖြစ်နေတာလဲ"

စုပံ့လည်း မေမေ မြင်သွားပြီဖြစ်သဖြင့် အခုမှ
ကိစ္စကို ထပ်ပြီးဖြေရှင်းရတော့မယ်လို့ တွေးလိုက်ပါသည်။

"Tattoo ထိုးထားတာ မေမေ"

"ဘာ ... ဘာဖြစ်တယ်၊ ဘာ Tattoo လဲ"

"သစ်ခွပွင့် အပြာလေးပုံပါ မေမေ"

"ဘာတွေ လျှောက်လုပ်ထားတာလဲ စုပံ့။ ဒါ လုပ်သင့်
သလား၊ မြန်မာမိန်းကလေးတစ်ယောက်အနေနဲ့ ကိုယ်ပေါ်
မှာ ဆေးမင်ကြောင် Tattoo ထိုးသင့်သလား"

"လှလို့ပါ မေမေရယ်၊ စုပံ့ သဘောကျလို့ပါ"

"အန္တရာယ်ရှိတယ် ဆိုတာ မသိဘူးလား။ ရောဂါတွေကူး
ကူးစက်လိမ့်မယ်၊ အပ်က ဟိုလူ့ထိုး ဒီလူ့ထိုးနဲ့။ ဟာ ...
ကုန်ကုန်ပြောမယ်ကွာ ဒါမျိုး လုံးဝလုပ်ကိုမလုပ်သင့်ဘူး





သမီး ... သမီး ... မိုက်လှချည်လား၊ ဘာတွေလျှောက်
လုပ်ထားတာလဲ။ မေမေ့သမီး အရင်က ဒီလိုမဟုတ်ပါဘူး။
တစ်ခုခု လုပ်တော့မယ်ဆိုရင် အမြဲ အမေ့ဆီက ခွင့်ပြုချက်
ယူပြီးမှ လုပ်တာပါ။ အခု ဘယ်လိုဖြစ်လို့ ပြောင်းလဲနေ
တာလဲ၊ ဘာဖြစ်နေတာလဲ သမီး"

မေမေသည် စုပံ့ လက်မောင်းမှ ပန်းပွင့်လေးကို
ယုံနိုင်သလို ကြည့်ရင်း စိတ်မကောင်းသော အသံဖြင့် ပြောပါသည်။

"အပ်က ကိုယ့်အပ်နဲ့ ကိုယ်ထိုးတာပါ မေမေရဲ့၊ သပြေ
က အပ်လိုက်ရှာဝယ်ပေးပါတယ်၊ သူ့မှာလည်း လက်
မောင်းမှာ သိမ်းငှက်ပုံကြီး ရှိတယ်၊ ထပ်ပျံတော့မဲ့အတိုင်း
လက်ရာမြောက်လွန်းလို့ လှလို့ စုပံ့လည်း အားကျပြီး
ထိုးကြည့်ချင်တာနဲ့ သူ ခေါ်သွားတာပါ"

"ကြည့်စမ်း ... ဒီကောင်ပဲ ... ဒီကောင် သမီးကိုဖျက်ဆီး
နေတာပဲ"

"သူ မတိုက်တွန်းပါဘူး။ စုပံ့က,သာ သပြေနဲ့ တူချင်လို့
လိုက်လုပ်တာ"

"ဒီကောင် သမီးအပေါ် ဒီလောက်တောင် လွှမ်းမိုးနိုင်သွား
ပြီလား၊ သမီး တော်တော့်ကို သံယောဇဉ် ရှိနေပြီလား"

စုပံ့ မဖြေမိပါ။ မေမေ့မျက်နှာမှာတော့ ကြဲရာမရ
ဖြစ်နေသလို အမူအရာ တွေ့နေရသည်။ ဒီ Tattoo ကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ အကြီးအကျယ် ထပ်ဆူမယ် ထင်ပေမဲ့ မဆူပါ။ တင်းတစ်ခုကိုသာ အလေးအနက် တွေးနေတာ တွေ့ရသည်။

"အဲဒီ Tattoo ကိုတော့ ပြန်ဖျက်လိုက်ပါ သမီး"

"ဟာ ... မလုပ်ပါနဲ့ ဖေဖေရယ်၊ စုပုံ ထိုးထားတာပြီး သိပ်မကြာသေးဘူး"

"အဲဒီဟာကို ဖျက်ပစ်မယ်ဆိုရင် ဖေဖေ စုပုံကို နိုင်ငံခြား လွှတ်ပြီး ကျောင်းသွားနေဖို့လည်း အတင်းမစီစဉ်ဘူး။ နောက်ပြီး သမီး တိုင်ပင်ဆွေးနွေးတဲ့ ရဝေနဲ့ လက်ထပ် ရေးကိစ္စကိုလည်း ဖေဖေ အသေအချာ ပြန်စဉ်းစားမယ်။ ဟုတ်ပြီလား၊ ကဲ ... ဘယ်လိုလဲ"

"ဟင် ... ဖေဖေ၊ ဖေဖေ တကယ်ပြောတာလား"

"ဖေဖေ ဘာလို့ညာရမှာလဲ၊ သမီး ပြောတာတွေ မှန်သင့် သလောက် မှန်တာတွေရှိလို့ ဖေဖေ အားလုံးကို ပြန်စဉ်း စားပြီးမှ ရဝေနဲ့ လက်ထပ်ဖို့ကို ဆုံးဖြတ်မယ်၊ ဟုတ်တယ် ဖေဖေ မလောသင့်ဘူးဆိုတာ ဖေဖေ တွေးမိပါတယ်၊ ရဝေ့ဘက်က လောနေလို့ သူ့အမေဟာ သူ့မသေခင်လေး မှာ ရဝေ့ကို တင့်တင့်တယ်တယ်နဲ့ အခြေကျတာ မြင်သွား ချင်တယ်ဆိုတဲ့ စကားကို နားယောင်ပြီး လက်ထပ်ဖို့ အမြန်ဆုံးဖြတ် စီစဉ်မိမလို ဖြစ်သွားတာ"

"ဖေဖေ တကယ်ပြောတာ ..."





စုပုံ သူမဘာသာ ရေရွတ်ပြီး ဖေဖေ့ကို ဝမ်းသာ အားရ လက်မောင်းကို ပြေးဖက်ကာ ပါးအပ်ထားမိသည်။

"စင်ကာပူမှာ သွားဖျက်မလား"

"ဟာ ... ဖေဖေကလည်း၊ ဒီမှာလည်း ဖျက်ပေးတဲ့ဆိုင် တွေ ရှိနေပြီတဲ့။ မီမီ ပြောပါတယ်"

"မနာမကျင်နဲ့ ကောင်းကောင်းလေးဖြစ်အောင် နိုင်ငံခြား မှာပဲ သွားဖျက်ပါကွာ။ ဖေဖေ့သမီး ရုပ်ချောချောလှလှ လေး လက်မောင်းမှာ ဒဏ်ရာအနာတရ ဆိုးဆိုးကြီးဖြစ် သွားမှာ စိုးရိမ်လို့ပါ၊ သွားလိုက်ပါ၊ ဗန်ကောက်မှာလည်း ဖျက်လို့ရတယ်၊ သမီး ဘယ်သွားချင်လဲ"

"ဖေဖေ ကြိုက်တဲ့နေရာပဲ ရွေးပါ၊ စုပုံ သွားပါ့မယ်"

ထိုနေ့က ဖေဖေနဲ့ ပြေလည်မှု ရသွားသဖြင့် စုပုံ တစ်ယောက် အပျော်ကြီး ပျော်နေခဲ့ရသေးလေသည်။ ဖေဖေ့ ဒီစဉ်မှုဖြင့် နောက်တစ်ပတ်ခန့် အကြာမှာ စုပုံ ဗန်ကောက်သို့ ထွက်လာပြီး လက်မောင်းက Tattoo ကို လေဆာနဲ့ဖျက်ဖို့ ဆုံး ဖြတ်ပြီးနေလေပြီ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ကျွန်တော် ဆိုင်ကယ်ထွက်လာသောအခါ ည,ဆယ် နှစ်နာရီထိုးခါနီးနေပြီ။ ညဘက် လူရှင်းစ၊ ကားရှင်းစ၊ အသွားအလာနည်းစ လမ်းမကြီးပေါ်ရောက်သောအခါ ကျွန်တော် တစ်ချက်သတိထားမိလိုက်တာကတော့ ကျွန်တော့်ကားနောက်မှာ 4WD ပုံစံ ကားအနက်ရောင်ကြီးတစ်စီး မောင်းလာတာဖြစ်သည်။

တဖြည်းဖြည်းနဲ့ မီးပွိုင့်သုံးခုလောက် လွန်လာပြီးသောအခါ စိတ်ထဲမှာ သံသယရှိလာမိသည်။ ဒီကား ငါ့နောက်များ လိုက်နေသလားလို့။ ထိုသို့တွေးမိတော့လည်း အဲဒီအတွေးဖြစ်မိသည့် သူ့ကိုယ်သူပင် ရယ်မောမိသည်။

နောက်ယောင်ခံလိုက်တယ်။ လိုက်စောင့်ကြည့်တယ်ဆိုတာက လူဆိုးဂိုဏ်းအကြောင်းတွေ ရိုက်ပြတဲ့ ရုပ်ရှင်ကားတွေထဲမှာပဲ တွေ့ဖူးတာလေ။ ကျွန်တော်ကတော့ လူဆိုးဂိုဏ်းထဲဝင်





ရလောက်အောင်လည်း လက်ရုံးရည်ကမရှိ။ သတ္တိလည်းမရှိ အထက်တန်းကျောင်းသား ဘဝလောက်ကတော့ လူငယ်ပီပီ ခွေ ဘာတွေ ဖြစ်ဖူးပေမယ့် နှစ်ခါထက် မပိုခဲ့ဖူးပါ။ ရန်ဖြစ် ကိုယ့်အသားလည်း နာသလို၊ သူများကိုလည်း နာအောင် ကလုံစားချေရသေးရာ ကျွန်တော် မနှစ်မြို့ပါ။ အသားနာတာ သိပ်မကြောက်ပေမဲ့ အလကားနေရင်း ရန်ငြိုးရန်စတွေဖြစ် မုန်းတီးရတာကို ကျွန်တော် ပိုပြီးမနှစ်မြို့တာမျိုးဖြစ်သည်။

ဒါပေမဲ့ အခုပါလာသောကားကတော့ ကျွန်တော့် နောက် လိုက်နေသည်မှာ သေချာသလောက် ရှိလာသဖြင့် ကျွန် ဘော် လန့်လာသည်။ ကျွန်တော် ဘာများ ရန်ငြိုးလုပ်ထားမိလို့လဲ။ ကျွန်တော့်နောက်ကို နောက်ယောင်ခံလိုက်ရအောင် ကျွန်တော် ဘယ်သူ့ကိုများ ရန်သွားစ,ထားမိလို့လဲ။ ကျွန်တော့်ကို ဘယ်သူကများ စာရင်းရှင်းချင်လို့လဲ စသဖြင့် ကျွန်တော် ကြောက်ရွံ့ တွေဝေစွာ တောက်လျှောက်တွေးရင်း ကားကို အမြန်မိုင်နှုန်းဟင် ပြီး မောင်းလာမိသည်။

ကားစုတ်ကလည်း ထုံးစံအတိုင်း တဟွတ်ဟွတ် ဘဟပ်ဟပ်ဖြစ်ကာ အရှိန်ပိုတက်မလာဘဲ ထိုးတောင်ရပ်တော့မလို ဖြစ်နေတုန်း ထိုအနက်ရောင်ကားက ကျွန်တော့်ကို ကျော် တက်ပြီး ကျွန်တော့်ကားရှေ့မှ ဘ်ရပ်လိုက်တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးတွေ ချပ်ခနဲ၊ ချပ်ခနဲ ပွင့်လာပြီး ရုပ်ရှင်တွေထဲကလိုပဲ အနက်ရောင်ဝတ်စုံရှည်တွေ၊ ရှူး(စ်)တွေဝတ်လျက် ညဘက်ကြီး မျက်မှန်နက်တွေ တပ်ထားကြသော လူလေးယောက် ဆင်းလာသည်။ မောင်းသူကတော့ ဆင်းမလာဘဲ ခေါင်းပြူပြီး ကြည့်နေပါသည်။

"မင်း အောင်သပြေ မဟုတ်လား"

ကျွန်တော့်ကားဆော လာလည်းရပ်၊ ကျွန်တော့်ကားတံခါးကို ဆွဲဖွင့်၊ ကျွန်တော့်ကိုပါ တရကြမ်းဆွဲထုတ်ကာ ခပ်မာမာ မေးလိုက်သောလူ၏ အရပ်ကြီးက ကျွန်တော့်ကို မိုးနေသည်။ ကျွန်တော်လည်း အရပ်သိပ်ပုလှသည့် ယောကျ်ားတစ်ယောက် မဟုတ်ပါ။ အရပ်ငါးပေဆယ်လက်မသည် ယောကျ်ားတစ်ယောက် အတွက်တော့ အနေတော်အရပ် ဖြစ်ပါသည်။ သို့သော် ကျွန်တော့်ကို ဆွဲထုတ်လိုက်သော လူကတော့ တစ်ဆိတ် အရပ်ပိုမြင့်လွန်းနေသည်။ ခြောက်ပေကျော်မည်ထင်သည်။ ဒီကြားထဲ ဗလကလည်း ရှိသဖြင့် သူ့ရှေ့မှာ ကျွန်တော် သေးသေးလေးလို ဖြစ်နေသည်။

"ဘာကိစ္စရှိလို့လဲ"

"မင်း ... စုပုံမြတ်နိုးနား မကပ်နဲ့၊ ဝေးဝေးနေဖို့ သတိပေးမလို့"

"သူနဲ့ ကျွန်တော် ... ..."





"ဟော့ကောင်"

ကျွန်တော့်စကား မဆုံးခင်မှာ လည်ပင်းအင်္ကျီစကို ဆွဲညှစ်ကာ ထိုသူ့မျက်နှာနဲ့ ကျွန်တော့်မျက်နှာ နီးကပ်သည်အထိ မျက်နှာချင်းဆိုင်လိုက်ရပြီးလျှင် ဟော့ကောင် ... ဟု အော်ချလိုက်သဖြင့် အသံကျယ်ကြီးက အနီးကပ်ကြားရသလို ဖြစ်သွားပါသည်။ နားတွေပင် အူသွားပါသည်။

"ဘာမှထပ်မပြောနဲ့၊ မကြားချင်ဘူး"

"ရှုပ်ပါတယ် အစ်ကိုကြီးရာ၊ ဆရာ မှာလိုက်တဲ့အတိုင်း နည်းနည်းပညာပေးခဲ့ရအောင်"

"မှတ်လောက် သားလောက်အောင် ဆုံးမကြမယ်ဟေ့"

ဆိုသော ကျန်တဲ့လူတွေအသံ အဆုံးမှာ ကျွန်တော့်ကို နှစ်ယောက်က ဝိုင်းချုပ်ပြီး ထိုးသလို ကျန်တဲ့နှစ်ယောက်တို့ကလည်း တစ်ချက်တစ်ကျင်းတော့ ဝင်ထိုးနှက် ကန်ကျောက်တာဆွဲ ကျွန်တော် လိမ့်နေအောင် ခံလိုက်ရသည်။

လေးယောက်နဲ့ တစ်ယောက်အင်အားလည်း ဖြစ်သလို ကျွန်တော့်လို အရောင်းဝန်ထမ်းအလုပ်၊ ဂီတသမားအလုပ် လုပ်သော ကောင်လေးတစ်ယောက် အနေနဲ့ လူက နုနေသလိုဖြစ်နေရာ ကျွန်တော့်အားက သူတို့ကို ဘယ်လိုမှ မယှဉ်သာပါ။ ချသလောက် ပြန်ရုန်းကန် ထိုးနှက်ပေမဲ့ ကျွန်တော် ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



ခုခံကာကွယ်လို့ မရနိုင်ပါ။ မြေပြင်မှာ လိမ့်နေသော ကျွန်တော်ကို ဘယ်သူကမှလဲ ကယ်နိုင်မည်မထင်။

ညက သန်းခေါင်ကျော်နေပြီ။ လူအသွားအလာ ကားအသွားအလာကလည်း တော်တော်ပြတ်သော လမ်းမဖြစ်နေသဖြင့် ကျွန်တော် ကံဆိုးဖို့သာ ဖြစ်နေသည်။

အချက်ပေါင်းများစွာ ထိုးကြိတ်သောဒဏ်တွေကြောင့် မျက်နှာတစ်ခုလုံး နာကျင်ကွဲအက်နေသည်။ အကြိမ်ကြိမ် အထိုးခံရလိုက်၊ အကန်ခံလိုက် ဖြစ်သောကြောင့် ဗိုက်တွေ ရင်ဘတ်တွေ ကျောတွေမှာ အောင့်မျက်နာကျင်နေသည်။ နာလွန်း၍ ကျွန်တော် ထိုးတောင်အန်ချင်မိသည်။ ကျွန်တော့်ပါးစပ်မှ ထုတ်ဖော်ညည်းညူနိုင်ခြင်းပင် မရှိတော့ပါ။ မျက်စိထဲ တဖြည်းဖြည်း ဝေဝါးလာသည်။

"တော်လောက်ပြီ၊ ဒီကောင့်ကို ထားခဲ့တော့"

"ဟေ့ကောင် ... မြဲမြဲမှတ်ထား၊ ဦးမြတ်နိုး သမီး စုပုံမြတ်နိုးကို မကပ်နဲ့။ ဒီနေ့ကစပြီး ဘေးဖယ်နေတော့။ ဆက်ကပ်နေမယ်ဆိုရင် နောက်တစ်ခါ မင်း ဒုက္ခိတအဖြစ် နေသွားရအောင် ဆုံးမပစ်မယ်၊ ဘာမှတ်လဲ"

"ထပ်ပြောလိုက်ဦးမယ်၊ စုပုံမြတ်နိုး နားမှာ မင်းကို မမြင်ချင်ဘူး၊ ဝေးဝေးနေပါ"





"သွားကြရအောင်၊ ဟော့ကောင်တွေ ကားမီးရောင်မြင်တယ်၊ မြန်မြန်လစ်ရအောင်"

ကျွန်တော့်နားမှ ခြေသံတွေ အဝေးကိုရောက်သွားပြီးသောအခါ ကားတံခါးပိတ်သံ၊ ကားမောင်းထွက်သံတွေ ဆက်တိုက်ကြားရသည်။ သိပ်မကြာခင်မှာ ကျွန်တော့်နားမှာ တိတ်ဆိတ်သွားပါသည်။

နာကျင်သောဒဏ်ရာများဖြင့် ကျွန်တော် မထချင်လောက်အောင် အားအင်ကုန်ခန်းနေပါသည်။ ကျွန်တော် ဒီတိုင်း အိမ်ပြန်သွားနိုင်ဖို့ တော်တော် အားယူရဦးမည်။ ခေါင်းတွေ ကိုက်ခဲ မူးဝေနေသည်။ ဗိုက်တွေ ရင်ဘတ်တွေထဲကပဲ အောင့်မျက်နေသည်။ မျက်စိအမြင်လည်း ဝေဝါးနေပါသည်။

ကျွန်တော် လမ်းဘေးမှာ အကြာကြီးပဲ လဲလျောင်းနေမိသည်။ အနားမှာရပ်လာသော ကားတစ်စီးပေါ်မှ လူတစ်ယောက် ဆင်းလာတော့မှ ကျွန်တော် ခေါင်းထောင်ထကြည့်မိသည်။

"အစ်ကိုရေ ဖြစ်ရဲ့လား၊ ကိုယ့်ကို ရန်ပြုမဲ့လူ ဖြစ်နေမယ် သတိထားဦး"

ကားထဲမှ အမျိုးသမီးတစ်ယောက်ရဲ့ အော်ပြောသတိပေးသံကြောင့် အမျိုးသားက ကျွန်တော့်နား သိပ်ကပ်မလာဘဲ ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေတာလဲ၊ ဘာအကူအညီ ပေးရမလဲ"

"ကျွန်တော် ဝိုင်းရိုက်ခံထားရလို့ပါ ခင်ဗျာ"

"ဟာ ... ဟုတ်လား၊ ဘယ်လိုလဲ၊ ထလို့မရဘူးလား ဘယ်နားထိသွားသေးလဲ"

ကျွန်တော် အားယူပြီး ထထိုင်လိုက်စဉ် အမျိုးသမီးက အနားကိုပြေးလာကာ တွဲထူလိုက်ပါသည်။ အမျိုးသမီးစိုးရိမ်တကြီး ကားပေါ်မှ ပြေးဆင်းလာပြီး ...

"အစ်ကို ... အစ်ကို၊ အနားသိပ်မကပ်နဲ့လေ"

ဟု အော်နေသေးသည်။

"ကျွန်တော် ကားပါပါတယ် အစ်ကို။ ကားပေါ်တွဲပေးနိုင်မလား"

"ဟာ ... မင်း ဒီလောက် ထိထားတာ၊ ကားမောင်းပြီးလို့ ဘယ်ရမလဲ"

"ရပါတယ်၊ ကျွန်တော် ခပ်ဖြည်းဖြည်း မောင်းသွားရပါတယ်၊ ကျွန်တော့်အိမ်လည်း သိပ်မလိုတော့ပါဘူး"

"ဘယ်သူတွေ ရိုက်သွားတာလဲ"

"ကျွန်တော်လည်း မသိပါဘူး အစ်ကိုရာ၊ မသိဘဲ ခံလိုက်ရတာ"





ကျွန်တော် သိပေမဲ့ မသိဘူးဟုသာ ဖြေလိုက်တာ အကောင်းဆုံး ထင်သဖြင့် မသိကြောင်းသာ ပြောလိုက်သည်။

"ဖြစ်ရဲ့လားကွာ၊ မင်း မောင်းသွားလို့ မဖြစ်ဘူးထင်တယ်၊ ဒီလိုလုပ်ပါလား၊ အစ်ကိုတို့ မင်းအိမ်ကို အရင်လိုက်ပို့ပေးမယ်လေ၊ ကားကို မှန်ပိတ် သော့ခတ်ထားခဲ့။ မင်းအိမ်က တစ်ယောက်ယောက်ကို ပြန်လာယူခိုင်းလိုက်၊ အဲဒီလိုလုပ်၊ ဟုတ်ပြီလား"

ကျွန်တော် လုံးဝမဟုတ်နိုင်တော့ဟာနဲ့ တို့သူ့စကားကိုပင် နားထောင်လိုက်ရသည်။

အိမ်ရောက်တော့ ကျွန်တော် အိမ်ပြန်ချိန်မှာ အမြဲနောက်ကျသဖြင့် ဘယ်သူမှ တံခါးထဖွင့်ပေးစရာ မလိုအောင် သော့အပိုဆောင်ထားသောကြောင့် သော့ကို ကြိုးစားပမ်းစားဖွင့်ပြီး အိမ်ထဲဝင်လိုက်သည်။ အားလုံး အိပ်နေကြသဖြင့် မနိုးတော့ဘဲ ကိုယ်ဘာသာ ဒဏ်ရာအနာတရတွေ သန့်စင်၊ ရေချိုး၊ ဆေးထည့်၊ အကိုက်အခဲပျောက်ဆေးသောက်ပြီး ကားပြန်ယူဖို့ တိတ်ဘဆိတ် ပြန်ထွက်လာခဲ့ပါသည်။

ကားပြန်ယူပြီး အိမ်မှာပြန်အိပ်သောအခါ စိတ်ထဲမှာ ဒါကိုပဲ တစိမ့်စိမ့် ပြန်တွေးနေတာရော၊ တစ်ကိုယ်လုံးနာကျင်လှတာရော ပေါင်းပြီး လူကအိပ်မပျော်ပါ။ စုပုံ ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကို ချစ်မိတာနဲ့ ဒီလောက်ထိ အန္တရာယ်ကြီးသလား ဒီလောက်ထိ စုပုံဘက်က တားမြစ်တာတွေ ရှိလာသလား။ အဖေက လုပ်နိုင်းလို့ ဒီလူတွေ လာလုပ်တယ် ဆိုတာတော့ ချာသည်။ ဒီလူတွေက အလုပ်ရှင် အမိန့်မပေးဘဲနဲ့ အလ နေရင်းတော့ ကျွန်တော့်လို အညတရ လူတစ်ယောက်ကို ရှ ထားပြီး လာထိုးကြိတ် မာန်မဲမည် မဟုတ်ပါ။

ဒီကိစ္စ စုပုံကိုပြောရင် ကောင်းမလား။ ပြောသင့်လား

မနက်ကျတော့ ဒဏ်ရာတွေက ဘယ်လိုမှ ဖုံး ဖိလို့* မရသည်ဖြစ်ရာ အားလုံး မြင်တော့သည်။ အထူးသဖြ ကျွန်တော့်ကို အချစ်ဆုံးဖြစ်သော အမေ မြင်လျှင် ဘာမှမပြော နိုင်သေးခင် မျက်ရည်က အရင်ကျလေသည်။

"သား ... သားလေး၊ အမေ့သားလေး၊ ဘယ်သူတွေနဲ့ ဖြစ်လာသလဲကွယ်၊ တစ်ကိုယ်လုံး အညိုအမည်းတွေနဲ့ လား။ မင်း ကြည့်ရတာလည်း မသက်မသာပုံနဲ့ကွယ် အမေ့ရင်ဘတ်ထဲမှာ မင်းကိုဒီလိုမြင်ရတာ ရင်ဘတ်တော အောင့်တယ်ကွယ်"

"ဟာ ... အမေ၊ အမေ မငိုပါနဲ့၊ သား ဘာမှဖြစ်တာ မဟုတ်ပါဘူး။ ဆိုင်မှာ ရန်ဖြစ်တာကို ဖိုင်းဆွဲရင်း ထိလာ တာပါ"





အမေ မောနေသဖြင့် ဆက်မပြောနိုင်။ ကျွန်တော် အမေ့ မနက်စာ ကြက်ဥပြုတ်ကို ယူပြီးခွံပေးတော့ တစ် ငုံရုံငုံထားပြီး မမျိုတော့။ ကျွန်တော့် မျက်နှာကိုသာ က်ဖြင့် ထိကြည့်နေသည်။

"ဒီလောက်ကြီး ထိရသလားကွ၊ သူများရန်ဖြစ်တာကို ဆွဲ တာနဲ့ အဲဒီလောက်တော့ မထိပါဘူး"

အဖေက သိပ်မယုံလှသဖြင့် ကျွန်တော့်ကို သေသေ ချာ စိုက်ကြည့်ပြီး ထပ်မေးသည်။

"တွန်းလား ထိုးလားကို ဆွဲရင်း ထိတာလည်း ရှိသလို သားကိုယ်တိုင် အရှိန်မထိန်းနိုင်ဘဲ မှောက်ရက်လဲသွားတာ လည်း ပါပါတယ် အဖေ"

"မင်းကိုယ်တိုင်များ ရန်ဝင်ဖြစ်သလား"

"စိတ်ချပါ အဖေ။ သား ရန်မဖြစ်ပါဘူး၊ သူများရန်ဖြစ် တာကို ဝင်ဆွဲတာပါ"

"သမီးငယ် ... ညည်းကိုလေးကို ဆေးထည့်ပေးလိုက်ဦး"

"ရပါတယ် အမေ။ သား ဘာမှမဖြစ်ပါဘူး၊ ဆေးသောက် ထားပါတယ်"

"သားလေး ဒီနေ့ သိပ်နေကောင်းပုံ မရဘူး အစ်ကို။ သူ့ ကို အလုပ်မသွားခိုင်းပါနဲ့တော့၊ ခွင့်တစ်ရက်တင်ပေးလိုက် ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီပါချကွာ စိတ်ချ၊ မင်းသာ ကိုယ့်ရောဂါကိုယ် သတိထား ဂရုစိုက်စမ်း။ အတွေးတွေ ဆယ်[illegible] မင်း [illegible] အာင်နေ။ စကားများများ မပြောနဲ့။ ညဦးကလည်း အဖျားတွေ တအားတက်ပြီး မရှူနိုင် မကယ်နိုင် ဖြစ်လာသေးတာလေ၊ ဆရာဝန် အရောက်မြန်ပေလို့ပဲ"

"ဟာ ... ဟုတ်လား အမေရယ်၊ သားကိုတောင် မပြောဘူး"

မပြောတော့ပါဘူး သားရယ်၊ ဒီရောဂါကြီး ခံစားနေရတာလည်း ကြာပြီ။ မိသားစုကိုလည်း အားနာလှပြီ သေလို့ရရင် မြန်မြန်ပဲ သေလိုက်ချင်ပါပြီလေ"

"ဟာ ... ဘာလို့ အဲဒီလို ပြောရတာလဲကွာ၊ သေစကား မပြောပါနဲ့။ ငါတို့ မင်းအပေါ် ဘယ်တုန်းကမှ မငြိုငြင်ခဲ့ဖူးဘူး။ မင်း မရှိတော့မှာကိုလည်း ငါတို့က မင်းထက်ပိုကြောက်သေးတယ်၊ အဲဒီလို မပြောပါနဲ့ကွာ"

အဖေက စားလက်စ မုန့်ဟင်းခါးကိုပင် ဆက်မစားနိုင်တော့ဘဲ စိတ်မကောင်းသလိုပြောလျှင် အမေလည်း သတိုင်းချွေးခြောက်လို ဖြစ်နေသော သူမ၏လက်ချောင်းတွေဖြင့် အဖေ့ကို နှစ်သိမ့်သလို အသာလှမ်းကိုင်လိုက်သည်။ အဖေ့လက်မောင်းကို ဆုပ်ညှစ်နေသော အမေ့လက်တွေဟာ အားမပါပေမဲ့ ချစ်ခြင်းမေတ္တာများစွာ ပါဝင်နေပါလိမ့်မည်။





အဖေနဲ့အမေ သိပ်ချစ်လှတာကို မြင်ရတော့ ကျွန်တော် စုပုံကို သတိရမိသွားပြန်သည်။ စုပုံကရော ကျွန်တော့်ကို [illegible]ချစ်သလား။ ကျွန်တော့်ကို အားကိုးသလား။ ကျွန်တော့်လို [illegible]ကောင်ကိုတော့ စုပုံလို လက်ညှိုးညွှန်ရာ ရေဖြစ်နေသော မိန်း[illegible]လေးက အားကိုးလိမ့်မယ် မထင်ဘူး။ ပြီးတော့ စုပုံကို အကဲ[illegible]ရသလောက်ဆိုလျှင် ကျွန်တော်ကသာ အချစ်ပိုရပြီး စုပုံကတော့ အေးစက်လာသလိုလို ထင်မိသည်။

တွေ့စကတော့ စုပုံဘက်ကပဲ သည်းသည်းလှုပ်ကျွန်တော့်ကို အရေးပေးပြခဲ့ပေမဲ့ ခုချိန်မှာတော့ ကျွန်တော်ကသာ [illegible]ရသူဖြစ်နေပြီး စုပုံကတော့ အေးစက်နေသည်ဟု ထင်မိသည်။ [illegible]လည်း စုပုံ လာတွေ့နေကျ တနင်္ဂနွေ ပိတ်ရက်မှာ ဖုန်းဆက်[illegible] ချိန်းတာလည်းမလုပ်၊ ဘယ်မှာလာတွေ့လို့လဲ မပြောသဖြင့် [illegible]တစ်ပတ် တနင်္ဂနွေမှာ မဆုံလိုက်ရပါ။ ကျန်တဲ့ကြားရက်တွေက[illegible]ည်း ကျွန်တော်က အလုပ်လုပ်နေရသည်ဖြစ်ရာ စုပုံ လာတွေ့[illegible]သာ တွေ့ဖို့ရှိသည်။ အလုပ်ကို ဖုန်းဆက်လာမှသာ စကားပြော[illegible]ခွင့်ရဖို့ရှိသည်။ စားသောက်ဆိုင်မှာ ကျွန်တော် ညပိုင်းတွေရှိမှန်း [illegible]ပုံ သိပေမဲ့ တစ်ခါမှလည်း မလာခဲ့ဘူးပါ။ စားသောက်ဆိုင်[illegible]ကိုလည်း ဖုန်းမဆက်ဘူးပါ။ စုပုံကို တစ်ပတ်မှာ တစ်ရက်လောက်[illegible]တွေ့လိုက်ရတော့ ရင်ထဲမှာ လွမ်းနေမိခဲ့တဲ့ အချိန်မှာမှ စုပုံ



www.burmeseclassic.com

www.burmeseclassic.com



အမေရဲ့ တပည့်တွေက လာထိုးကြိတ်တာ ခံရသဖြင့် ဒါကြောင့် များလားလို့ သံသယတော့ ဖြစ်မိသည်။

“ရင်ထဲမှာ မောလိုက်တာကွယ်၊ ဒီနေ့လည်း နေရတာ မသက်သာပြန်ဘူး”

အမေ ဆေးတွေအကုန်သောက်ပြီးသောအခါ ထိုသို့ ညည်းညည်းညူညူလေး ပြောပါသည်။

“သား အမေ့ကို ပွေ့ခေါ်မယ်”

“သား ... သား နေပါ၊ သားလည်း နာနေတာ မဟုတ်လား၊ မပွေ့ပါနဲ့”

“အမေ့ကိုယ်ကဖြင့် ပေါင်(၇၀)လောက်ပဲရှိတာ သား ဘာလို့မပွေ့နိုင်ရမှာလဲ၊ ပွေ့မယ်”

ကျွန်တော် အမေ့ကို ဇွတ်ခနဲ ပွေ့ခေါ်သွားပါသည်။ အမေ မျက်လုံးမှိတ်ကာ ပါလာခဲ့သည်။ အိပ်ရာခုတင်ပေါ် အမေ နေနေကျပုံစံအတိုင်း ခုတင်ခေါင်းရင်းမှာ ခေါင်းအုံးနှစ်လုံး ဆင့်ထားထားပြီး မှီလျက်အနေအထားမှာ အသာချပေးလိုက်ပါသည်။

အဖေကတော့ အလုပ်သွားတော့မှာမို့ အလုပ်ယူနီဖောင်း လဲနေလေသည်။ စံပယ်က ကျူရှင်ရှိသဖြင့် အဖေနှင့် တစ်ခါတည်း ကားကြုံလိုက်မှာမို့ စံပယ်လည်း အသင့်ဖြစ်နေသည်။





“ကိုလေး မှုစ်ချဉ်နဲ့ ဝက်သားပဲ တစ်အိုးရောချက်ထားတယ်နော်။ အဲဒါပဲ စားစရာရှိတယ်၊ ကြက်ဥတော့ရှိတယ် ကြော်စားချင်ရင် ကိုယ့်ဘာသာ ကြော်စားလိုက်တော့”

“ရတယ် ... ရတယ်၊ နင်ပဲ သွားစရာရှိတာသွား၊ ငါ ရှိတာနဲ့စားလို့ဖြစ်တယ်၊ အမေ့ကို ဘာကျွေးရမလဲ ... ပြော”

“အမေက အဖတ်မစားချင်ဘူးဆိုလို့ ကြက်စွပ်ပြုတ်ပဲ လုပ်ပေးထားတယ်၊ အမေ့ကို ဆယ့်နှစ်နာရီလောက်နီးမှ တိုက်လိုက်ပေါ့။ မတိုက်ရင် သောက်မှာမဟုတ်ဘူး”

အဖေနဲ့ စံပယ် ထွက်သွားသောအခါ ကျွန်တော်နဲ့ အမေပဲ ကျန်ခဲ့သည်။ အမေ မသိအောင် အကိုက်အခဲပျောက်ဆေးတွေ ထပ်သောက်ထားပြီး အမေ့ခုတင်နား ပြန်သွားထိုင်ချင် အမေ့မျက်လုံးတွေ ပြန်ပွင့်လာပြီး ...

“အမေ့သားလေးက အေးပါတယ်။ တစ်ခါမှလည်း ကြီးကြီးကျယ်ကျယ် ရန်ဖြစ်တာ မတွေ့မှုဘူး။ ဒီတစ်ခါ ဘယ်လိုဖြစ်တာလဲ”

အမေက မောနေသော အသံကြီးဖြင့် ပြောလိုက်သဖြင့် ကျွန်တော် စိတ်မကောင်း ဖြစ်သွားသည်။ ဒါပေမဲ့ အမေ့ကို အမှန်အတိုင်းလည်း မပြောချင်တာမို့ ဆက်၍သာ ညာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်မှာ ပြဿနာဖြစ်ကြတာကို ဝင်ဆွဲတာပါ အမေ။ သား ရန်မဖြစ်ပါဘူး၊ စိတ်ချပါ အမေရဲ့"

"အေးပါကွယ်၊ အမေ စိတ်မချပေမဲ့လည်း စိတ်ချသွားရမှာပါပဲ။ နောင်ဆို အမေက ဒီလူ့လောကထဲက ထွက်သွားရတော့မှာလေ။ အားလုံးကို အမေ ထားသွားရတော့မှာ အမေ သိနေတယ်"

"အမေ ... အဲဒါကို မပြောပါနဲ့ဗျာ"

အမေက အသက်ကို ခက်ခဲစွာရှူရင်း ...

"အခုဆို နေ့တိုင်းနီးပါးပဲ လုံးဝ နေလို့ ထိုင်လို့ မကောင်းတော့ဘူး သားရယ်။ တဖြည်းဖြည်းနဲ့ ကိုယ့်ဘာသာလည်း သိလာပါပြီ၊ သွားရမဲ့အချိန်က နီးလာပြီလို့"

"အမေရယ်"

"နှင်းဆီနဲ့ သဇင်ကိုတော့ စိတ်ချပါတယ်၊ သူတို့အိမ်ထောင်နဲ့ သူဟို့ဖြစ်နေပြီ။ အသက်အရွယ်တွေလည်း အရွယ်ရောက်ပြီးနေပြီ ဆိုတော့ ဘာမှစိတ်မချတာ မရှိပါဘူး။ သားကိုလည်း စိတ်ချပါတယ်။ အမေ့သားလေးက မိဘကို စိတ်ဆင်းရဲရအောင် တစ်ခါမှ မလုပ်ဖူးဘူး။ လိမ်လည်းလိမ္မာတယ်၊ အသက်လည်း နှစ်ဆယ့်လေးနှစ်ရှိနေပြီ၊ ကိုယ့်ဘာသာ ဆုံးဖြတ်နိုင်တဲ့အရွယ် ဖြစ်နေပြီလေ။ အမေစိတ်မချတာက မင်းအမေနဲ့ စံပယ်ပဲ"





အမေသည် နားလိုက် အသက်ရှိက်သွင်းလိုက် စကားရှည်ကြီးကို ပြောပြီး ခဏ မျက်လုံးမှိတ်ကာ နားနေပြန်သည်။ အမေ့ကို စကားတွေ မပြောပါနဲ့။ နားပါ အိပ်ပါ။ အမေ အနားယူပါလို့ မပြောရက်။ အမေ့မှာ ဒီလိုပြောချင်နေတဲ့စကားတွေပြောဖို့ အချိန်ကာလ ဘယ်လောက်ကျန်သေးလဲ ဆိုတာ မသိနိုင်တာမို့ အမေ ပြောချင်တာတွေ ပြီးအောင်ပြောပါစေလို့ သဘောထားလိုက်ပါသည်။

"စံပယ်က ဆယ်တန်းပဲ ရှိသေးတယ်။ ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်။ အိမ်မှာ အငယ်ဆုံးဆိုတော့ အားလုံးကလေးလို သဘောထားထားတာလေ။ ဘာမှသိသေးတာ မဟုတ်ဘူး။ ဒီတော့ ညီမလေးကို ကောင်းကောင်းစောင့်ရှောက်ပါ သားရယ်။ အဆုံးစွန်ပြောမယ်၊ သား မျက်စိထဲမှာ သင့်တော်ကဲ့ ယောကျ်ားကောင်းတွေ့ရင်တောင် သားကိုယ်တိုင်ပဲ လက်ထပ်ပေးတဲ့အထိ သူ အိမ်ထောင်ရက်သားကျတဲ့ အထိပေါ့၊ စောင့်ရှောက်ပေးပါ သားရယ်"

"စံပယ် ငယ်ပါသေးတယ် အမေရယ်"

"အေးလေ ... အခု ငယ်တုန်းကိုပြောတာ မဟုတ်ပါဘူး။ သူ ဘွဲ့ကွေ ဘာတွေ ရပြီးရင် ပြောတာပါ။ သား တကယ်လို့ ဟိုသူဌေးသမီးလေးနဲ့ ယူဖြစ်ရင်လည်း ညီမလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်မထားပါနဲ့ကွယ်။ စုပုံကို နားလည်အောင် ရှင်းပြပြီး ညီမလေးကို စောင့်ရှောက်ပါ"

ကျွန်တော် အမေ့ထံမှ စုပုံနဲ့ ပတ်သက်တာ ကြားရတော့ ရင်ထဲမှာ မျှော်လင့်ချက်မဲ့သလိုဖြစ်ပြီး အသံတိတ်ပြုံးမိ၏။ မဲ့ပြုံးလား ကြေကွဲပြုံးလား ကိုယ့်ဘာသာပင် မသေချာ။

"အမေကတော့ အမေသိတယ်၊ အမေသာ မရှိရင် သူ အရှမ်းအထီးကျန်သွားလိမ့်မယ်၊ သူ့အတွက်ကတော့ ဘာမှာရမှန်း မသိပါဘူး၊ အဖေ ကြေကွဲအထီးကျန်ပြီး ခံစားရမှာကို တွေးမိရင် အမေ ဘာလုပ်ပေးရမှန်းတောင် မသိဘူး"

"အဖေ့ကိုလည်း သား ဂရုစိုက်ပါ့မယ် အမေ"

"အမေ ပြောချင်တာကြာပြီ၊ သားကလည်း တစ်ရက်မှ မအားတော့ အမေနဲ့သား အခုလို အေးအေးဆေးဆေး စကားမပြောရတာ [illegible]ပြီ[illegible]ယ်

"အမေ မောလာပြီထင်တယ်၊ ကြည့်ရတာ မသက်သာသလိုပဲ၊ နားလိုက်မလား အမေ။ အမေ မှာစရာကုန်ပြီဆိုရင် နားလိုက်ပါလား"

အမေ မဟာန့်နိုင်တော့တာလား။ ပြောချင်တာပဲ ကုန်သွားရော့လားမသိ၊ သားကို အသာစောင်းကာ လှဲအိပ်သွားသည်။ အမေ့ကို စောင်အသာဆွဲခြုံပေးပြီး ခဏတော့ ထိုင်စောင့်လိုက်ပါသေးသည်။ အမေ အိပ်ပျော်သလို အသံကြားတော့မှ အခန်းထဲမှ ထွက်လာခဲ့သည်။





အိမ်မှာနေနေကျမဟုတ်၍ ဘာလုပ်ရမှန်းမသိ ယောင်ချာချာဖြစ်ကာ ဟိုနားထိုင်လိုက်၊ ဒီနားထိုင်လိုက်၊ ဝရန်တာထွက်ရပ်လိုက်၊ စာအုပ်ကောက်ဖတ်လိုက် ဒဏ်ရာတွေ နည်းနည်းပြန်နာလာတော့ ဆေးထ,သောက်လိုက်ဖြင့် တစ်နေကုန်သွားခဲ့သည်။

ညနေရောက်တော့ ဒီအတိုင်း အိမ်မှာမနေချင်တာနဲ့ ဆိုင်ကိုပဲ ထွက်လာခဲ့ဖို့ စဉ်းစားမိသဖြင့် ဆိုင်ကို ထွက်လာခဲ့လိုက်ပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



၁၃

ဆိုင်ကိုစောစောရောက်လာသော ကျွန်တော့်အတွက် ဧည့်သည်တစ်ဦးကလည်း စောစောစီးစီး လာစောင့်နေတာ တွေ့ရသည်။ ထိုဧည့်သည်က ကျွန်တော့်မျက်နှာမှ ဒဏ်ရာဒဏ်ချက်တွေကို တစ်ချက်သာကြည့်ပြီး ဘာမှတော့ မမေးပါ။

"အန်ကယ်လ်က ဦးမင်းဇံပါ။ စီးရီးပရိုဂျူဆာတစ်ယောက် ဆိုပါတော့ကွာ။ အောင်သဲ့ပွဲ သီချင်းတွေ လာပြထားတာ ရှိလို့ ဆွေးနွေးရအောင် ဒီကိုလာခဲ့တာပဲကွာ"

ကျွန်တော် ရုတ်တရက်တော့ အံ့သြပြီး ဘာပြောရမှန်းမသိ ဖြစ်သွားပါသည်။

"သီချင်းတွေက ကောင်းပါတယ်၊ သံစဉ်လေးတချို့ ပြန်ညှိချင်တာပဲရှိတယ်၊ ကျွန်တဲ့အပိုင်းကတော့ လက်ခံလို့ရတယ်"





"ဟို ... ကျွန်တော် ..."

"နာမည်ကြီး အဆိုတော်မှရယ် မဟုတ်ဘူး။ အခုမှ အသစ်တင်မဲ့ အဆိုတော်ကို ပေးဆိုမယ်ကွာ၊ အဲဒါဆိုရင်ရော ဖြစ်မလား။ အဓိက,က သီချင်းပေါက်သွားဖို့ပဲ မဟုတ်လား"

"ကျွန်တော် ဘာပြောရမှန်း မသိပါဘူး ခင်ဗျာ"

"မင်းသဘောပါ၊ ရောင်းမယ်၊ မရောင်းဘူး ဆိုတာ အသေအချာ သိချင်လို့ ဒီကိုလာခဲ့တာပဲ၊ စုပုံကိုလည်း ဆက်သွယ်မရဘူးလေ။ သူကတစ်ဆင့် ဆက်သွယ်ရမယ်ဆိုတော့ အန်ကယ်လ် မစောင့်ချင်တာနဲ့ မင်းရှိမဲ့နေရာကို ကိုယ်တိုင်လာခဲ့တာပဲ။ ဒီရက်ပိုင်းအတွင်း အဆိုတော်သစ်တစ်ယောက် တင်ဖို့ရှိတယ်၊ သူ့စီးရီး စလည်းသွင်းမှာဆိုတော့ အောင်သပြေ့ သီချင်းသုံးပုဒ်လောက် သုံးလိုက်ချင်တာနဲ့ အချိန်မဆိုင်းချင်တော့လို့ကွာ"

"စုပုံကို ဘာလို့ ဆက်သွယ်လို့ မရတာလဲ ခင်ဗျာ"

ကျွန်တော် သိချင်နေတဲ့အချက်ကို မြန်မြန်ပဲ မေးလိုက်မိသည်။ ဦးမင်းဇံက ကျွန်တော့်ကို အကဲခတ်ကြည့်ရင်း

"ဗန်ကောက် သွားတယ်လို့တော့ သိထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ကျွန်တော့်ကိုတောင် ဘာမှမပြောဘဲ သွားသ

ကျွန်တော် စိတ်မကောင်း ဖြစ်သွားပါသည်။ စုပုံနဲ့ ပတ်သက်

ကိစ္စမှန်သမျှ ကျွန်တော် သိဖို့မလို။ အသိပေးချင်မှ ပေးမည်

သော သဘောလည်း စုပုံတွင်ရှိကြောင်း ကျွန်တော် သဘောပေါ

သွားပါသည်။

"သီချင်းတွေ သံစဉ်လေးတော့ တချို့ပြန်ညှိချင်တ

အောင်သပြေ"

"အန်ကယ်လ် ကောင်းသလို ကြည့်လုပ်ပါ"

"အန်ကယ်လ်တော့ ဘာမှသိပ်နားလည်တယ် မဟုတ်

ပေါ့။ မင်းပါ စတူဒီယိုကိုလာပြီး သံစဉ်ညှိပေးမယ်၊ အ

တော်ရဲ့ကီးကို လာချိန်ပေးမယ်ဆိုရင် ပိုအဆင်ပြေမယ်"

"ကျွန်တော် (......)ကုမ္ပဏီရှိုးရွမ်းမှာ အရောင်းဝန်ထ

အလုပ်လည်း လုပ်တယ် အန်ကယ်လ်၊ အဲဒါက တန

ကနေ စနေအထိ ရုံးချိန်အတိုင်းပေါ့ သွားရတယ်၊ အလ

က တနင်္ဂနွေတစ်ရက်ပဲ နားရတယ်"

"ဒါဖြင့် အခုလာမဲ့ တနင်္ဂနွေပေါ့၊ စလိုက်ရအောင်"

"ဘယ်ကိုလာရမှာလဲ အန်ကယ်လ်"





"အန်ကယ့်လိပ်ကတ် ယူထားလိုက်၊ အဲဒီနေ့ကျ နေ့လယ်

တစ်နာရီမှာ လာခဲ့ပေါ့။ စတူဒီယိုကိုလာမှ တစ်ပုဒ်ဘယ်

လောက်ပေးမယ်ဆိုတာ ဈေးပြောမယ်၊ ဖြစ်လား"

"ဖြစ်ပါတယ်"

"နည်းတယ် များတယ်လို့ မထင်နဲ့ကွာ၊ ခုလောလောဆယ်

စရန်တစ်သိန်း ပေးခဲ့မယ်၊ အလုပ်ဖြစ်တဲ့ အနေနဲ့ပေါ့။

စာချုပ်ကတော့ အဲဒီနေ့မှပဲ ချုပ်မယ်လေ။ အန်ကယ်လ်

လည်း မင်းကိုယုံတယ်၊ မင်း ဒီသီချင်းတွေ ဘယ်သူ့ကိုမှ

ရောင်းမထားသေးဘူးလို့ ယုံတယ်။ မင်းလည်း အန်ကယ့်လ်

ကို ယုံမယ်လို့ ထင်တယ်"

"ကျွန်တော် ယုံပါတယ်"

"ဆက်ပြီး သီချင်းတွေရေးထားတာ ရှိသေးရင် ထပ်ယူလာ

ခဲ့လေ။ အန်ကယ်လ် တခြားပရိုဂျူဆာတွေကိုပါ ပြပေး

မယ်။ မင်းရဲ့ရေးပုံရေးကွက်ကိုကြည့်ပြီး ပါရမီရှိတယ်ဆို

တာ သိလို့ သီချင်းရေးဆရာကောင်းတစ်ယောက်ဖြစ်အောင်

ကူညီချင်တယ်ကွာ။ ဖြစ်နိုင်ရင် ကိုယ်ပိုင်သံစဉ်ပဲ ဖက်

တွယ်မထားပါနဲ့။ ကော်ပီတွေလည်း ကြိုးစားကြည့်ပါဦး၊

ဘာသီချင်းပဲရေးရေး သီချင်းဟာ သီချင်းပါပဲကွာ အတူတူ

ပါပဲ။ အန်ကယ်လ်ကတော့ အားလုံးကို ကောင်းရင်ကြိုက်

တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော် ရေးကြည့်လိုက်မယ် အန်ကယ်လ်"

ဦးမင်းဇံ ပြန်သွားသောအခါ ကျွန်တော်သည် တစ်ခ
မှ အခုအသက်အရွယ် ရောက်နေပြီ တစ်လုံးတစ်ခဲတည်း မကိုင်ဖူ
သေးသော ငွေတစ်သိန်းကို ဝမ်းသာအားရ ဆုပ်ကိုင်ထားမိသည်။
ဒီလောက် ပိုက်ဆံကို ဘာလုပ်ရမှန်းတော့ မသိသေး။ အခုချိ
မှာ ကျွန်တော် သတိအရဆုံးက စုပုံဖြစ်နေသည်။ စုပုံကို ပြေ
ပြောချင်သည်။ ကျေးဇူးတင်စကားတွေ ပြောလိုက်ချင်သည်။
စုပုံ ကျွန်တော့်ကို တကယ်ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ
စုပုံ ကူညီခဲ့တဲ့အတွက် ကျွန်တော့်ဘဝ လူလူသူသူ ဖြစ်လာပြီ
စုပုံကို ကျေးဇူးတင်ရတာတော့ အမှန်ပင်။

ခုလောလောဆယ်တော့ တီးဖော်တီးဖက် သူငယ်
ချင်းတွေကို အရင် အသိပေးမိသည်။

"ဟာ ... ဝမ်းသာတယ်ကွာ၊ အဲဒီလို ကြားရတာ ငါတို့
အရမ်းဝမ်းသာတယ် သပြေရာ"

"မင်းကောင်မလေးက မင်းကို တော်တော်ချစ်တာပဲ။ သူ့
စိတ်ပါလက်ပါ လိုက်စပ်ပေးလို့ မင်းသီချင်းတွေ ပရိုဂျူဆာ
လက်ထဲ ရောက်သွားတာပေ့ါ"

"သူတို့က အသိုင်းအဝိုင်းလည်း တောင့်တယ်လေကွာ
ထိတ်ထိတ်ကြီးကြီး ဦးမြတ်နိုး သမီးပဲ"





သူငယ်ချင်းတွေ ဝိုင်းပြောသံကြားမှာ ကျွန်တော်
စုပုံကို သတိရနေခဲ့သည်။ သူတို့ပြောသလိုပဲ စုပုံ ကျွန်တော့်
ပ်ချစ်တာမှန်သလား။ ကျွန်တော်ကတော့ စုပုံဟာ ကျွန်တော့်
ရဲ့ ပထမဦးဆုံး ချစ်မိသော ချစ်သူလေးမို့ စွဲစွဲလမ်းလမ်း၊
မြတ်နိုးနိုး ချစ်မိပါသည်။ ကျွန်တော့်ဘဝမှာ မမျှော်မှန်းရဲဖူး
အခြေအနေရှိတဲ့ မိန်းကလေးမျိုးကို ချစ်သူတော်ခွင့်ရတာ
သိပ်ချစ်လာရသည်တော့ မဟုတ်ပါ။ စုပုံကို အစကတော့
ည်းချစ်ခဲ့တာပါ။ တဖြည်းဖြည်းနဲ့ ကြာလာလေလေ ကျွန်
ာက်ကပိုပြီး ချစ်မိလာလေလေ ဖြစ်လာတာမျိုးပါ။

"မင်းတို့ကို ကျွေးမယ်ကွာ၊ ဘယ်မှာစားကြမလဲ"

"စားသောက်ဆိုင်မှာ သွားစားလည်း ဒါပဲ မထူးပါဘူး။
ငါတို့လည်း ဒီဆိုင်မှာ ညနေတိုင်း အလုပ်လာလုပ်နေရ
တော့ ဟင်းနံ့တွေ ယဉ်ပါးပြီး တရုတ်စာတော့ မစားချင်
တော့ပါဘူး"

"ဒါဖြင့် အခုခေတ်စားနေတဲ့ ကော်ဖီဆိုင်မှာ စားမလား။
မုန့်နဲ့ကော်ဖီ စားကွာ"

"အေး ... ဟုတ်သားပဲ၊ စားကြည့်ရအောင်"

"တနင်္ဂနွေနေ့မှ ငါကအားတာကွ။ မင်းတို့ အဆင်ပြေလား"

"ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မနက်ဆယ့်တစ်နာရီလောက် ဆုံကြရအောင်... ငါက ဦးမင်းဇံဆီ နေ့လယ်တစ်နာရီ သွားတွေ့ရမ..."

"ဟာ ... မင်း အလုပ်ကိစ္စ ရှိရင်လည်း ငါတို့ကို ... ဆေးမှ လိုက်ကျွေးပါကွာ၊ နောက်အပတ်တွေကျမှ ... ပါ၊ ရပါတယ်"

"နောက်အပတ်တွေကျ စုပုံနဲ့ ပြန်တွေ့မှာတော့ရှိ... ဒါပေမဲ့ မင်းတို့နဲ့ စုပုံက ရင်းနှီးပြီးသားပဲ၊ အဆင်ပြေ... တယ်။ အားလုံး ဆုံကြတာပေါ့"

ကျွန်တော်ကသာ အတိအကျကြီး ပြောနေသ... စုပုံက ကျွန်တော့်ကို ဆက်သွယ်မလား၊ မဆက်သွယ်ဘူး... ဆိုတာ မသေချာပါ။ စုပုံ အိမ်မှာ ဘာတွေဖြစ်နေသည်... ကျွန်တော့်ကို သူ့အဖေရဲ့လူတွေ လာထိုးတာ စုပုံ သိချင်... မည်။ ဒါပေမဲ့ စုပုံဘက်မှာလည်း အဖေက တင်းတင်းကျပ်ကျ... တားမြစ်နေတာတွေများ ရှိနေပြီလား။

ဒီတစ်ပတ်လုံးလည်း စုပုံ ဆက်သွယ်မလာခဲ့သေ... အခါ ကျွန်တော် မနေနိုင်တော့။ စုပုံ ဘာဖြစ်နေသလဲဆိုတာ ... ချင်လာသည်။ စုပုံကိုတွေ့ချင်လာသည်။ ကျွန်တော့်ဘဝရဲ့ ... လှမ်းတစ်လှမ်း အရှေ့ကိုစ,ပြီး တိုးလာနိုင်တာကို ပြောပြချင်လာ... သည်။ တနင်္ဂနွေနေ့ မနက်မှာ ကျွန်တော် စုပုံရဲ့ဖုန်းလေးကို ဖုန်း... ဆက်ကြည့်မိလိုက်ပါသည်။



တစ်ဖက်မှ ဖုန်းလက်ခံလိုက်သံနှင့်အတူ ...

"ဟဲလို"

ဟူသော ဖြေသံသဲ့သဲ့က ကျွန်တော့် ရင်ခုန်နှုန်းကို ... သွားစေပါသည်။ စုပုံရယ် ...။ သိပ်ချစ်တာပဲ။

"စု ... စုပုံ ကျွန်တော်ပါ"

"သပြေလား"

"ဟုတ်တယ်၊ စုပုံ ဘယ်ရောက်နေမှန်း မသိလို့ ဘာမှလဲ မဆက်သွယ်လို့ ဖုန်းဆက်ကြည့်တာပါ"

"စုပုံ မအားလို့"

"ဪ"

"သပြေ ဘာကိစ္စရှိလို့လဲ"

စုပုံ အသံက တော်တော်ကို သူစိမ်းဆန်နေသဖြင့် ...ကျွန်တော့်ရင်ထဲမှာ နာကျင်လာသည်။

"ကျွန်တော့် သီချင်းတွေ ဦးမင်းဇံ ဝယ်သွားပြီဆိုတာ ပြောချင်လို့ပါ"

"ဟုတ်လား ... ဝယ်သွားပြီလား၊ ဝမ်းသာပါတယ်"

"ဒီနေ့ သူ့စတူဒီယိုကိုလာပြီး သံစဉ်နည်းနည်း ပြင်မယ်၊ ညှိမယ် ပြောထားလို့ သွားရမယ် စုပုံ။ အဲဒါ စုပုံပါ လိုက်ခဲ့ချင်လားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"စုပုံ မလိုက်တော့ပါဘူး။ သပြေ အလုပ်သွားမဲ့နေ့
စုပုံ နေ့လယ်ဘက် ခဏလာခဲ့မယ်၊ အလုပ်ကနေ
ထွက်လာလို့ ရမလား။ စုပုံ ပြောစရာရှိလို့ပါ"

"ရပါတယ်၊ ထွက်လာလို့ ရတယ်"

"ဒါဖြင့် စုပုံ တနင်္လာနေ့ လာဖြစ်ရင် လာဖြစ်မ
မလာခင် ဖုန်းဆက်လိုက်မယ်လေ"

"ကောင်းပါပြီ"

"ဒါဆို စုပုံ ဖုန်းပိတ်လိုက်ပြီနော်"

ပြောပြောဆိုဆို စုပုံကပဲ အရင် ဖုန်းကိုပိတ်သွာ
ကြားလိုက်ရသည်။ စုပုံ ဘာဖြစ်နေတယ်ရယ်တော့ မသိ။ ဒါ
စုပုံ အသံက သိပ်စိမ်းနေသလိုတော့ ခံစားရလေသည်။

နေ့လယ်ကျ ဦးမင်းဖေနဲ့ သွားတွေ့၊ သံစဉ်ပြင်
ရှိတာများ ပြင်ပြီးလျှင် စာချုပ်,ချုပ်ကာ ငွေကိုအကြေချေ
ပါသည်။ ကျွန်တော်သည် ဘဝတစ်သက်တာမှာ မမျှော်လင့်
ခဲ့ဖူးသော ငွေကြေးပမာဏကို အခုမှ ရဖူးသည်ဖြစ်ရာ ဝမ်းသာ
လှုက မြောက်ကြွ မြောက်ကြွပင် ဖြစ်နေသည်။ ဦးမင်း
ကျွန်တော့်အမူအရာကို ကြည့်ရင်း နားလည်သလိုပြုံးလျက်

"ဒီလောက်ရလို့ အံ့သြနေလား၊ မအံ့သြနဲ့ အောင်သ
ဒါ တက်သစ်စ တေးရေးဆရာတစ်ယောက်ရတဲ့နှု





သေးတယ်။ သီချင်းတွေပေါက်ပြီး နာမည်ကြီးသီချင်းရေး
ဆရာ ဖြစ်လာရင် တစ်ပုဒ်ကို တစ်သိန်း၊ တစ်သိန်းခွဲ
လောက်တောင် ရကြတာ၊ မင်းရတဲ့ တစ်ပုဒ်သုံးသောင်း
ဆိုတာ ဘာမှမရှိပါဘူး သူတို့နဲ့ ယှဉ်ရင်ပေါ့"

"ဘာပဲဖြစ်ဖြစ် အန်ကယ့်လ်ကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး။ ဒါက အန်ကယ့်လ်အတွက်
တော့ စီးပွားရေးလုပ်ငန်းတစ်ခုပါပဲ။ ဒီအသိုင်းအဝိုင်းထဲ
မှာ ကျင်လည်နေတာလည်း ကြာပြီ၊ သီချင်းနဲ့ပတ်သက်
ရင်လည်း လေ့လာထားတာတွေ များပြီဆိုတော့ သီချင်း
တစ်ပုဒ်ကို ကြည့်လိုက်တာနဲ့ သံစဉ်တစ်ခုကို နားထောင်
လိုက်တာနဲ့ ဖြစ်မယ် မဖြစ်ဘူးဆိုတာ မှန်းလို့ရလို့ မင်း
ကို ရွေးတာပါ။ အန်ကယ့်လ်အတွက် အကျိုးမရှိဘဲနဲ့
ဘာမှမလုပ်ဘူး၊ ဒီတော့ မင်းလည်း အကျိုးရှိမယ်၊ အန်
ကယ်လ်လည်း အကျိုးရှိမယ်ဆိုရင် ဒါစီးပွားဖြစ်တာပဲပေါ့
ကျေးဇူးတင်စရာ မလိုပါဘူး"

ဦးမင်းဖေက ကျွန်တော့်သီချင်းဆယ်ပုဒ်ကို ဝယ်သည်
ဖြစ်ရာ စုစုပေါင်း ကျွန်တော် သုံးသိန်းရလိုက်သည်။ ပထမနေ့
က စရန်တစ်သိန်းပေးခဲ့သဖြင့် ဒီနေ့ နှစ်သိန်းထပ်ရသည်။ အဲဒီ
ပိုက်ဆံနှစ်သိန်း ကိုင်ပြီး ကျွန်တော် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့အမေကို အဲဒီနေ့က ရရချင်း ငါးသောင်း ကန်တော့ခဲ့ပြီးပြီ။ ဒီတစ်ခါတော့ တစ်သိန်း ထပ်ကန်တော့မည်။ ကျွန်တော့်အတွက် ဖယ်ထားတဲ့အထဲက သူငယ်ချင်းတွေ ကျွန်တော့်ရဲ့တီးဖော်တီးဖက် PARADISE ဝိုင်းကကောင်တွေကို ကျွေးမွေးဖို့ရယ်နဲ့ စုပုံကိုလည်း တစ်ခုခု ဝယ်လက်ဆောင်ပေးဖို့အတွက်သာ သုံးပါမည်။ ကျန်တဲ့ပိုက်ဆံလေးတွေကိုတော့ စု,ထားလိုက်ပါမည်။ ကျွန်တော်က ဘယ်မှုလဲ သိပ်မသွားတတ်။ အဝတ်အစားလည်း သိပ်မမက်မော၊ ဘာမှုလဲ မသုံးတတ်လေရာ ဒီပိုက်ဆံတွေကို ဘာလုပ်ရမှန်းမသိ ဖြစ်နေပေမဲ့ စု,ထားပြီး တစ်ချိန်ချိန်အသုံးလိုရင် ထုတ်သုံးဖို့ပဲ စဉ်းစားမိတော့သည်။

အဖေနဲ့အမေကို ထပ်ကန်တော့တဲ့အခါ အမေကထုံးစံအတိုင်း ဝမ်းသာလည်း မျက်ရည်ကျရပြန်သည်။ အဖေကတော့ ပိုက်ဆံစာစ်ထပ်ကိုကြည့်ရင်း ...

“ဘာပဲဖြစ်ဖြစ် သား ပျော်ရင် စိတ်ချမ်းသာရင် ကျေနပ်ပါတယ်ကွာ”

ဟုသာ ပြောပေမဲ့ အဖေလည်း ဝမ်းသာကြောင်း ကျွန်တော် သိပါသည်။ ညီမလေး မြစံပယ်ကိုတော့ မုန့်ဖိုးငါးထောင်ပေးလိုက်သည်။





“မစုပုံက ကိုလေး အပေါ် ဘယ်လိုသဘောနဲ့ တွဲသလဲတော့ မခန့်မှန်းတတ်ဘူးပေါ့။ ဒါပေမဲ့ ဒါတွေက မစုပုံကြောင့် ဆက်စပ်ပြီး ရလာသလိုမို့ သူ့ကို စံပယ် ကျေးဇူးတင်ပါတယ်”

စံပယ့်ထံမှ ထူးခြားသော စကားကြောင့် ကျွန်တော် ပြန်မေးမိသည်။

“နင်က ဘာသဘောနဲ့ အဲဒီလို ပြောတာလဲ”

“ဘာသဘောမှုကို မဟုတ်ဘူး။ သူက သိပ်ချမ်းသာလွန်းတော့ သူ့ကို မယုံတာပါ။ ကိုလေးကို စိတ်ကူးယဉ်ချစ်သူအဖြစ်ဖာလွဲရင် တကယ့်ချစ်သူအဖြစ် လက်တွဲမှာမဟုတ်ဘူး ထင်လို့ပါ”

ထိုစကားကြောင့် ကျွန်တော် ကြေကွဲသလိုလို ဖြစ်သွားပါသည်။ မနက်ဖြန် စုပုံ လာခဲ့မယ် ပြောထားသဖြင့် ပျော်နေခဲ့မိသော စိတ်တွေပင် ဘယ်ရောက်သွားသည် မသိတော့။ စုပုံအတွက် လက်ဆောင်ပေးဖို့ ဝယ်ထားသည့် ငွေထည်အစစ် ဟန်းချိန်းလေးကို ထပ်ခါ ထပ်ခါ ထုတ်ကြည့်ရင်း ကြည်နူးနေမိသည့် စိတ်တွေပင် လွင့်သွားခဲ့ပါသည်။

စုပုံနဲ့ ကျွန်တော်တို့ အခြေအနေက အကွာကြီးကွာလှလေရာ ကျွန်တော်ကိုယ်တိုင်လည်း မယုံရဲသလို ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းကလည်း ကျွန်တော်တို့နှစ်ဦး၏ အနာဂတ်ဆိုတာကို မယုံကြတာဟာ ဘာမှအပြစ်ပြောစရာ မရှိပါ။

နောက်တစ်နေ့ အလုပ်ကိုရောက်၊ စုပုံ လာမယ်ဆို၍ မျှော်နေမိသော ကျွန်တော့်ရဲ့မျှော်လင့်ချက်ကတော့ ပြည့်သွားပါသည်။ စုပုံ နေ့လယ်ထမင်းစားချိန်လောက်မှာ ကျွန်တော့်ထံ ရောက်လာခဲ့သည်။

မတွေ့ရတာ နှစ်ပတ်ကျော်လောက် ရှိသွားပြီဖြစ်သော ချစ်သူလေးကို ကျွန်တော် မြတ်နိုးတမ်းတစွာ တစိမ့်စိမ့် ကြည့်နေမိခဲ့သည်။

ထမင်းစားချိန်လည်း ဖြစ်တာမို့ ကျွန်တော် အဖေ့ကို သွားခွင့်တောင်းပြီး စုပုံနဲ့အတူ အပြင်ထွက်လိုက်လာခဲ့သည်။ စုပုံ မျက်နှာက အေးစက်လှပြီး အရင်ကလောက် ကျွန်တော့်အပေါ် ရင်းရင်းနှီးနှီး မရှိတာကိုတော့ သတိထားမိနေသည်။

စုပုံ ခေါ်သွားသောဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်လိုက်ကြပြီးနောက် စုပုံကပဲ စပြီး ...

"သပြေ့ကို ပြောစရာရှိလို့ပါ"

ဟု အသိပေးလေသည်။

"ပြောလေ စုပုံ၊ ဘာများလဲ"

"စုပုံ သပြေ့ကို တကယ်မချစ်ခဲ့ဘူး"





ရုတ်တရက်ကြီး ပြောချလိုက်သဖြင့် ကျွန်တေ ဆတ်ခနဲပင် တုန်သွားမိသည်။

ဒီလောက်အလျင်အမြန်ကြီး အချိန်မဆိုင်းဘဲ ပြေ လာမည်ဟု ကျွန်တော် မထင်မိခဲ့၍ပါ။

"စုပုံနဲ့ သပြေ ခုချိန်ကစပြီး ဘာမှမသက်ဆိုင်တော့ဘူးလ ပြောချင်တယ်"

"စုပုံ အဖေက သဘောမတူနိုင်ဘူး ပြောလို့လားဟင်"

"ဖေဖေ့ကြောင့် မဟုတ်ဘူး။ စုပုံ ကိုယ်တိုင်ကလည် သပြေ့ကို မချစ်နိုင်တာပါ"

"မချစ်နိုင်ဘဲနဲ့ ဘာဖြစ်လို့ ကျွန်တော့်ကို ပြန်ချစ်ခဲ့လဲ"

"အဲဒါ စုပုံရဲ့ကိုယ်ရေးကိုယ်တာပါ၊ သပြေ့ကို ပြောမ နိုင်ဘူး"

"ဒါဖြင့် ကျွန်တော့်လို အညတရရဲ့သီချင်းတွေကို ပရိုဂျူဆ ဆီ သွားအပ်ပေးပြီး အသိအမှတ်ပြု ခံရအောင် လုပ်ပေ တာရော ဘာဖြစ်လို့လဲ"

"မိတ်ဆွေသူငယ်ချင်းတစ်ယောက်ကို အောင်မြင်တိုးတ အောင် ကူညီပေးတဲ့ သဘောပါ"

"စုပုံက ကျွန်တော့်ကို တကယ်မချစ်ပေမဲ့ ကျွန်တော် တော့ တကယ်ချစ်ခဲ့တယ်၊ အဲဒါ ဘယ်လိုလုပ်မလဲ စု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခံစားပြီး ကျန်ခဲ့ရမှာလေ။ ကျွန်တော် အသည်းကွဲရမှာ စုပုံ ဘာနဲ့လျော်ပေးမလဲ”

“အသည်းကွဲရင် သီချင်းလုပ်ရေးလိုက်ပေါ့”

“စုပုံ ဘာကြောင့် ချက်ချင်းပြောင်းလဲသွားရတာလဲ”

“ချက်ချင်းပြောင်းလဲတာ မဟုတ်ဘူး၊ စုပုံ အစတည်းက မချစ်ခဲ့တဲ့ လူတစ်ယောက်ကို ဘာကြောင့် ဆက်ပြီး ပတ်သက်နေရဦးမှာလဲလို့ စဉ်းစားမိလာလို့ သပြေ့ကို အကျိုးအကြောင်း ပြောတာပါ”

စုပုံ ပြောရင်း ပြောရင်းနဲ့ စိတ်ပျက်လာသည်။ အောင်သပြေ့ကို အလွယ်တကူပြောပြီး ဖြတ်ပစ်လိုက်မည်လို့ သူမဘာသာပဲ တွေးခဲ့တာ၊ ဆုံးဖြတ်ခဲ့တာ။ ဘယ်သူ့ပယောဂမှ မပါ။ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် လုပ်နေတာပေမဲ့ တကယ့်တကယ် ရင်ဆိုင်ပြောသောအခါ ဒီလိုပြောနေရတာကို မုန်းလာသည်။ စုပုံဘာသာ ကိုယ့်ကိုယ်ကိုယ် ပြန်မုန်းလာမိသည်။ အပြစ်မဲ့ပြီး ဘာတစ်ခုမှ အမှားမရှိခဲ့တဲ့ ကောင်လေးတစ်ယောက်ကို ဒုက္ခပေးမိပြီလား။ သူ တကယ်ပဲ အသည်းကွဲရတော့မှာလားဆိုသော စိုးရိမ်စိတ်တွေလည်း တကယ် ဖြစ်လာသည်။ အောင်သပြေ့မျက်လုံးတွေကို တည့်တည့်စိုက်မကြည့်ရဲတော့လောက်အောင်ကြောက်လာသည်။





အမှန်တော့ အောင်သပြေ့ မျက်လုံးတွေက ရိုးသားအေးဆေးလှပေမဲ့ စုပုံကတော့ အပြစ်ရှိသူ ဖြစ်လေရာ ရင်ဆိုင်မကြည့်ရဲမိတာမျိုး ဖြစ်နေသည်။

“စုပုံ အတွက်”

အောင်သပြေက သူ့ဆောင်းဘီအိတ်ထဲမှာ ထည့်လာခဲ့သော ဘူးလှလှလေးတစ်ဘူးကို အသာထုတ်ပေးပါသည်။ ဘူးကတော့ ရိုးရိုးပလတ်စတစ်ဘူးလေးပေမဲ့ ရှားရှားပါးပါး အသည်းနှလုံးပုံလေးဖော်ထားသော ဘူးမျိုးဖြစ်သည်။ များသောအားဖြင့် ရတနာပစ္စည်းထည့်သော ဘူးလေးတွေ ရွှေဆိုင်တွေကပေးသော ဘူးလေးတွေမှာ ပလတ်စတစ်ဘူး အဝိုင်းလေးတွေသာ ဖြစ်သဖြင့် ဒီပလတ်စတစ်ဘူးလေးကတော့ အသည်းပုံမို့ ထူးခြားနေသည်။

ဒီထဲမှာ ရတနာပစ္စည်းတစ်မျိုးတော့ ပါမည်ဟု ထင်မိပြီး စုပုံ မယူပါ။

“မယူပါဘူး”

“ရတနာဘူးနဲ့ ထည့်ထားလို့ အဖိုးတန်ပစ္စည်းကြီးလို့တော့ မထင်ပါနဲ့။ ကျွန်တော် တတ်နိုင်သလောက်လေး စုပုံကို အမှတ်တရလက်ဆောင် ပေးချင်လို့ပါ။ ငွေထည်အစစ်ဟန်းချိန်းလေးပါ။ စုပုံ ဝတ်ချင်လည်းဝတ်။ မဝတ်ချင်လည်း နေပါ၊ ကျွန်တော့်ရဲ့ဘဝအစ အောင်မြင်မှုအမှတ်တရအဖြစ် စုပုံကို လက်ဆောင်ပေးချင်တာပါ”



www.burmeseclassic.com

www.burmeseclassic.com



“စုပုံနဲ့ ရှင် ဘာမှမဆိုင်တော့ဘူးလေ၊ ဒီတော့ စုပုံ ဘာကြောင့် လက်ခံရမှာလဲ”

“အစကတော့ ချစ်သူချင်းပေးတဲ့ အမှတ်တရ လက်ဆောင်သဘောမျိုး ပေးမလို့ပါ။ ဒါပေမဲ့ အခုတော့ စုပုံကစပြီး လမ်းခွဲပြီဆိုတော့လည်း ခွဲခွာခြင်းလက်ဆောင်အဖြစ် လက်ခံလိုက်ပါ။ ဒါမှမဟုတ်လည်း စုပုံ ကူညီပေးခဲ့လို့ အောင်မြင်မှုစခဲ့တဲ့ ကျွန်တော့်ရဲ့ ကျေးဇူးတင်ခြင်း လက်ဆောင်အဖြစ် လက်ခံပေးပါ”

“စုပုံ မယူနိုင်ဘူး၊ ထားခဲ့မယ်၊ ကိုအောင်သပြေနဲ့ ပတ်သက်တာမှန်သမျှ စုပုံ မေ့ထားခဲ့ချင်တယ်၊ စုပုံ သွားတော့မယ်”

“စုပုံ မယူလည်း နေပါ။ ကျွန်တော်လည်း ဒီဟာကို ပြန်သယ်သွားဖို့ စိတ်ကူးမရှိတဲ့အတွက် ဒီမှာပဲ ထားခဲ့မယ်”

“ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ပိုက်ဆံအကုန်ခံထားပြီး ဒီတိုင်းထားပစ်ခဲ့လို့ ဖြစ်မလား”

“စုပုံမှ မယူတာ ကျွန်တော် ဘယ်သူ့ကို သွားပေးရမှာလဲ”

“ရှင် နောက်ထပ်တွေ့မဲ့ ချစ်သူကို ပေးလိုက်ပေါ့”

“ကျွန်တော် နောက်ထပ်ချစ်သူ ဘယ်တော့မှ တွေ့မှာမဟုတ်တော့ဘူး”





အောင်သပြေဟာ ပြောပြောဆိုဆိုပဲ ချက်ချင်း ထ,ထွက်သွားလျှင် စုပုံ ကြောင်ငေးပြီး ကျန်ရစ်ခဲ့သည်။ သတိရမှ မြန်မြန်ထလိုက်မလို့ လုပ်ပေမဲ့ စားသောက်စရာတွေ မှာထားတာ မရှင်းရသေးမှန်း သတိရပြီး ထွက်လိုက်သွားလို့ မရပါ။ ပြီးတော့ မိန်းကလေးလည်း ဖြစ်တာမို့ အလျင်အမြန်ကြီး ထလိုက်သွားပြီး အော်ခေါ်တားဆီးလို့လည်းမရ။ အောင်သပြေကလည်း ခြေလှမ်းဆွဲသွက်လက်မြန်ဆန်လှစွာ ချက်ချင်းထွက်သွားပြီးဖြစ်နေပါသည်။

သူ ဒီလို ရုတ်တရက်ကြီး ထ,ထွက်သွားမည်လို့လည်း မထင်ခဲ့လေရာ စုပုံ အငိုက်မိသလိုလည်း ဖြစ်သွားပါသည်။ နောက်ပြီး စုပုံ စိတ်ထဲမှာ တသသ ဖြစ်နေသည်မှာ အောင်သပြေက သူမကို အလွယ်တကူ နောက်ဆုတ်မပေး၊ အလွယ်တကူ လမ်းခွဲမပေးဘဲ အရမ်းတွယ်ကပ်နေမည်။ အရမ်းတောင်းပန်ခ,ယမည်ဟု ထင်ထားခဲ့မိသည်။

ဒါပေမဲ့ တကယ်ကျတော့ အောင်သပြေဟာ အနည်းအကျဉ်းသာ လက်ခံချင်ဟန်ဖြင့် ပြောခဲ့ပြီး စုပုံ တစ်နေ့ကျရင် ဒီလိုပြောလာမယ်လို့ မျှော်လင့်ထားပြီးဟန်ဖြင့် တုံ့ပြန်တာ။ စုပုံ ဘာပဲလုပ်လုပ် ကျေနပ်ခွင့်လွှတ်ပြတာတွေကိုသာ ပြသခဲ့ပြီး စုပုံကို စိတ်အနှောင့်အယှက်တောင် မပေးခဲ့။ သူကရော စုပုံကို တကယ်ပဲ ချစ်ခဲ့ရဲ့လားလို့ စုပုံ အတွေးထဲ ဖျတ်ခနဲ မေးလိုက်မိသောအခါ ကိုယ့်ဘာသာ ပြန်လန့်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှာ သူ တင်ထားခဲ့သော အသည်းပုံ ပလတ်စတစ်ဘူးလေးကို စုပုံ အသာယူကြည့်လိုက်မိသည်။ အထဲမှာ ငွေရောင်ခပ်လက်လက်အရာလေး တွေ့ရပါသည်။ လက်မ လက်ညှိုးတို့ဖြင့် ဆွဲကိုင်လိုက်သောအခါ ပါးပါးလက်လက် အသည်းပုံလေးတွေ တန်းစီထားသော ဟန်းချိန်းပျော့ပျော့လေးကို တွေ့ရသည်။

လက်ကောက်ဝတ်ပေါ် အသာတင်ကြည့်မိသည်။ မရည်ရွယ်ဘဲ ဘယ်လက်ကောက်ဝတ်မှာ ဆင်မြန်းကြည့်လိုက်မိသည်။ ရင်ထဲမှာ ဘာမှန်းမသိသော အပူစီးကြောင်းတစ်ခုက ဖြတ်စီးသွားသလိုပဲ ခံစားလိုက်ရပေမဲ့ စုပုံဟာ ခေါင်းမာစွာပင် အဲဒီအရာကို မေ့ပစ်လိုက်ပါသည်။

, အဲဒီနေ့ကစပြီး အောင်သဖြေ ဆိုတဲ့ လူသားတစ်ယောက်ဟာ စုပုံ ဘဝထဲမှာ ပျောက်ချင်းမလှ ပျောက်သွားတဲ့ ပုံစံမျိုးနဲ့ တစ်နေ့မှပင် ပြန်မဆုံ၊ ပြန်မတွေ့တော့အောင် ပျောက်သွားခဲ့ပါသည်။ စုပုံမြတ်နိုးနဲ့ အောင်သပြေဆိုတဲ့ လူသားနှစ်ယောက်တို့ရဲ့ ကမ္ဘာဟာ ဘာမှမသက်ဆိုင်တဲ့ သီးခြားကမ္ဘာ အသီးသီးလည်း ဖြစ်တာမို့ သူတို့ ဘယ်လိုမှ ပြန်မဆုံတော့တာ ဟာ သိပ်တော့မထူးဆန်းလှတဲ့ အဖြစ်အပျက် တစ်ခုမျှသာ။

✧ ❤ ✧





၁၄

## (နောက်တစ်နှစ်ခန့်အကြာ...)

ကျောင်းပိတ်ချိန်မှာ ခဏပြန်လာသော စုပုံအတွက် စောင့်ကြိုနေသော သတင်းက သတင်းကောင်းတော့ မဟုတ်ပါ။

"ဖေဖေ့မှာ ဆီးကျိတ်ကင်ဆာ ဖြစ်နေပြီလို့ ပြောတယ် သမီး"

ကင်ဆာဆိုသော စကားကို ကြားကြားချင်း စုပုံ ကြောက်လန့်တကြား ငိုကြွေးမိသည်။

"ဖြစ်ဖြစ်ချင်း သိပေမဲ့ ကင်ဆာတို့ရဲ့ထုံးစံအတိုင်း ဆေးတွေ အမြဲသောက်ရမယ်။ လိုအပ်ရင် ခွဲစိတ်ရမယ်၊ ဘယ်လောက်ထိနေရမယ် ဆိုတာတွေတော့ ရှိတာပေါ့ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရယ် ... ဖေဖေရယ် ... ဖြစ်ရလေ၊ စုပုံကို ထ ယောက်တည်း မထားခဲ့ပါနဲ့၊ ဖေဖေသာမရှိရင် စုပုံ ဘ သူနဲ့သွားနေရမှာလဲ။ ဖေဖေ မသေပါနဲ့နော်၊ ဖေဖေ ပြ နေကောင်းလာပါနော်"

မရဝေခင်က စုပုံနဲ့အတူ မျက်ရည်လိုက်ကျ ဖေဖေ့လက်သည်းကို ဆက်ညှပ်ပေးနေလေသည်။ လွန်ခဲ့တဲ့ နှစ်လောက်က စုပုံနဲ့ ဖေဖေ အချေအတင်ဖြစ်ပြီးသောအခါ ဖေဖေ့ကို လက်တွေ့လုပ်ပြပြီး ကတိပေးခဲ့တာတွေ၊ ခြိမ်းခြော ခဲ့တာတွေ ရှိခဲ့၏။

"စုပုံ အောင်သပြေကို ဖြတ်မယ် ဖေဖေ။ အဲဒီအတွ ဖေဖေကလည်း မရဝေခင်ကို လက်မထပ်ပါနဲ့။ သူ့ ဖေဖေ ဝယ်ပေးချင်တာ ဝယ်ပေးလို့ရတယ်၊ သူ့မိသာ ကို ကြိုက်သလောက် ကူညီထောက်ပံ့ချင်လည်း ရတ ဖေဖေ စေတနာရှိသလောက် လက်ဝတ်ရတနာတွေလည်း မရဝေခင်ကို ဆင်ပေးလို့ရတယ်၊ ဒါပေမဲ့ တစ်ခုပဲ လို လျော့ပါ ဖေဖေ။ သူ့ကို ဖေဖေ တရားဝင် လက်ထ မပြုပါနဲ့၊ အဖေယူထားတဲ့မိန်းမက ငယ်ငယ်လေး။ သ နဲ့ မတိမ်းမယိမ်းလို့ ပြောခံရတာကို စုပုံ မုန်းလွန်း၊ ရှ လွန်းလို့ပါ။ တကယ်လို့ ဖေဖေ မရဝေခင်ကို လက်ထ





ယူမယ် ဆိုရင်တော့ စုပုံလည်း အဆိုးတကာ့ အဆိုးဆုံးတွေ လျှောက်လုပ်ရလိမ့်မယ်။ ဆေးချမယ်၊ လောင်းကစားလုပ်မယ်၊ အောင်သပြေတင်မက သူ့ထက် ကလေကချေဖြစ်တဲ့ ကောင်လေးတွေနဲ့ လျှောက်တွဲမယ်"

ဖေဖေနဲ့ ထိုသို့ ဆွေးနွေးသဘောတူညီမှု ရပြီးသောအခါ ဖေဖေသည် စုပုံ ပြောတာကို လက်ခံခဲ့သည်။

"ကောင်းပြီ၊ ဖေဖေ ရဝေ့ကို ဘယ်တော့မှ လက်မထပ်ဘူး၊ သမီးလည်း ဖေဖေ့စကားကို နားထောင်၊ ကျောင်းသွားနေစရာရှိရင် သွားနေလိုက်တော့၊ ဟုတ်ပြီလား"

ဖေဖေ လက်ထပ်မယူပေမဲ့ မရဝေခင်ကတော့ အိမ်ပေါ် တဖြည်းဖြည်း ရောက်လာခဲ့သည်။ အစက နေ့ခင်းဘက်တွေ ဖေဖေနဲ့အတူ သွားလိုက်၊ လာလိုက်၊ အိမ်ပြန်နားရင်လည်း နားလိုက် လုပ်ပြီး ညကျ မိဘအိမ်ပြန်သေးသည်။ အဲဒီလိုလုပ်နေတာ သုံးလလောက်ကြာလာတော့ ဒီအိမ်မှာ ဒီနေ့အိပ်တာ၊ နောက်နေ့အိပ်တာတွေ ဖြစ်လာသည်။ တစ်ပတ်မှာ သုံးရက်လောက် ဒီအိမ်မှာပဲ နေလာရာက အခုတော့ စုပုံ ကျောင်းကို ခြောက်လ သွားတက်ပြီး ကျောင်းခဏပိတ်လို့ ပြန်လာတော့ အိမ်မှာလုံးဝ နေနေပြီဖြစ်ကြောင်း တွေ့ရသည်။

အကြောင်းပြချက်ကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဦး နေမကောင်းတော့တဲ့ အချိန်မှာ ရဝေ အနားကမခွာဘဲ ပြုစုချင်တယ်။ ဦးက ရဝေ့ ကျေးဇူးရှင်ပါ၊ ဦးကို ရဝေပဲ ပြုစုပါရစေ"

ဟု ဖေဖေ့ကို ထိုသို့ပြောထားသလို စုပုံကိုလည်း "စုပုံ စိတ်မပူပါနဲ့၊ အစ်မ ဒီမှာလာနေတယ် ဆိုပေမဲ့ ဒီအိမ်က ဦးပြောသလို စုပုံ နာမည်နဲ့ ထားတဲ့အိမ်ပါ။ အစ်မ လုယူဖို့ တက်လာနေတာ မဟုတ်ပါဘူး။ ဦးအနားမှာ နေပေးချင်လို့ပါ"

ထိုသို့ ရှင်းပြလေသည်။

အစကတော့ စုပုံ သူ့ကို သိပ်မယုံလှပေမဲ့ တဖြည်းဖြည်း အကဲခတ်လာမိသည်မှာ မရဝေခင်ဟာ ဖေဖေ့ကို တကယ်ပဲ မေတ္တာစစ်နဲ့ ချစ်နေတာဖြစ်ကြောင်း စုပုံ သတိထားမိသည်။ ဖေဖေ ဆေးတွေသောက်ပြီး အိပ်ပျော်နေချိန်တွေမှာဆို ဖေဖေ့ဘေးမှာထိုင်၍ ဖေဖေ့ကို တစိမ့်စိမ့်ကြည့်ကာ မျက်ရည်ကျနေတာတွေကိုလည်း စုပုံ မတော်တဆ တွေ့ဖူးသည်။ လူတစ်ယောက်ဟာ ဟန်ဆောင်နေသလား တကယ်ပဲ စိတ်ထဲကပါလို့ ပြုစုယုယနေသလား ဆိုတာကိုလည်း စုပုံ အကဲခတ်တတ်ဖို့ မရဝေခင်ဟာ တကယ်စိတ်ပါလက်ပါနဲ့ ဖေဖေ့ကို ပြုစုတာဖြစ်ကြောင်းလည်း စုပုံ အကဲခတ်လို့ ရလာသည်။





စုပုံတောင် သမီးရင်းပေမဲ့ ဖေဖေ့ကို မရဝေခင်လောက်တော့ ဂရုမစိုက်မိတတ်တာတော့ အမှန်ပင်။ ဖေဖေက အကောင်းကြီးပဲ။ အိပ်ရာထဲ လဲရလောက်အောင်ထိ ရောဂါဒဏ်ခံစားရသေးပါဘူးလို့ လွယ်လွယ်တွေးပြီး လိုအပ်တာလောက်ပဲ ပြုစုပေမဲ့ မရဝေခင်ကတော့ အခုလိုမျိုး လက်သည်း ခြေသည်း ညှပ်ပေးတာလေးကအစ၊ အကျီကြယ်သီး တပ်ပေးတာ၊ စီးဖို့ ဖိနပ်ကို ခြေရင်းလာချပေးတာအဆုံး ဘယ်နေရာမှာမှ လစ်ဟင်းမှုမရှိအောင် ပြုစုတတ်ပါသည်။

"ဦး ဆေးသောက်ရမဲ့အချိန် ရောက်ပြီလေ"

ဆိုသော အသံကိုလည်း မကြာခဏ ကြားရသည်။ ဖေဖေ့ဆေးသောက်ချိန်တွေ စုပုံကတော့ စာအုပ်ထဲ ချရေးပြီး ဆေးအမျိုးအမည်တွေ ရေးမှတ်ထားရပေမဲ့ မရဝေခင်ကတော့ ခေါင်းထဲ အလွတ်မှတ်မိနေတတ်ပြီး ဘယ်တော့မှလဲ လွဲတာမျိုး မရှိ။ ဆေးကို အချိန်နဲ့ ဂရုတစိုက် ပါးစပ်ထဲ ထည့်ပေးတော့မသောက် တိုက်တတ်သေးသည်။

"ဦး ဘာစားချင်လဲ၊ ရဝေ ချက်တဲ့ ရခိုင်မုန့်တီ ဦးကြိုက်တယ်ဆို၊ ထပ်စားဦးမလား"

လို့ အမြဲ ဂရုတစိုက် စောင့်ကြည့်မေးတတ်သည်...



www.burmeseclassic.com

www.burmeseclassic.com



"ဦး ဒီနေ့စားတာ နည်းလိုက်တာ၊ စားမကောင်းဘူးလား… ခံတွင်းမတွေ့လို့လားဟင်၊ ရဝေ ဘာချက်ပေးရမလဲ၊ … က ဦးစားချင်တယ်ဆိုလို့ အီတာလျံ Spaghetti လုပ်နည်း… ကို စာအုပ်ထဲကလည်း ဖတ်တယ်။ ချက်နည်း ပြုတ်နည်း… တွေပြတဲ့ ချယ်နယ်လ်မှာလည်းကြည့်တယ်၊ ပြီးမှ သေ… ချာချာ ချက်တာပါ။ အားလုံး စားကောင်းကြတယ်၊ ဦး… စားမကောင်းဘူးဆိုရင် ဦး ခံတွင်းပျက်နေပြီ ထင်တ… နော်"

ဟူ၍လည်း ဖေဖေ နည်းနည်းလေး အစားနည်းတာ… နဲ့ ပျာယာခတ်အောင် စိတ်ပူပန်ပြတတ်လေသည်။

ဒါဟာ အပိုလုပ်ပြနေတာ မဟုတ်ဘူး။ တ… ဟန်ဆောင်နေတာ မဟုတ်ဘူး။ တကယ်ပဲ ရင်ထဲ စိတ်နှလုံး… မှာ လှိုက်လှိုက်လှဲလှဲ ဖြစ်နေလို့ အမူအရာတွေ ထင်ရှားနေတ… ဆိုတာ စုပုံ ရိပ်မိလာခဲ့သည်။

ထိုအခါ စုပုံ မရဝေခင် အပေါ် အမြင်ကြည်လာ… ခဲ့ပြီး ဒီအိမ်မှာ မရဝေခင့် သူ့ခြေသူ့လက်ပဲ ဖြစ်နေတာ၊ မရ… ခင်ရဲ့ မိဘမောင်နှမတွေ အဝင်အထွက် ရှိတာကို စုပုံ စိတ်… မှာ အနှောင့်အယှက်ရယ်လို့ မထင်တော့ပါ။ သူတို့အားလုံး… ကိုယ့်ထက်နိမ့်ပါးသူများဖြစ်ရာ ကိုယ့်အပေါ် သခင်မတစ်ပါး…





…ကျိုး ဆက်ဆံပြီး ဦးစားပေးတာ ခံရဖန်များတော့လည်း … စိတ်တွေ ပျော့ပျောင်းလာခဲ့သည်။

ဖေဖေကတော့ အခုနောက်ပိုင်း လုပ်ငန်းတွေအားလုံး … မဦးစီးနိုင်တော့သဖြင့် လျှော့သင့်တာတွေ လျှော့ချကာ နား…နေနေသာ အလုပ်လုပ်တော့သည်။ အရင်က နေ့တိုင်းအပြင် …ကာ အလုပ်ကိစ္စတစ်ခုမဟုတ် တစ်ခုဆီကို သွားကြည့်ရပေ… အခုတော့ အလုပ်တွေ တော်တော်လျှော့ချလိုက်ပြီဖြစ်ရာ အိမ်… နေရသောရက်က ပိုများလာသည်။

ထိုအတူ သောက်ရသောဆေးတွေကလည်း လျော့…သည် မရှိဘဲ ပိုများလာသည်။ ဆံပင်တွေလည်း တဖြည်း…ည်း ကျွတ်လာသည်။ လူကလည်း ပိုပိုပိန်လာသည်။ ဘာအစား…စာမှ ဟက်ဟက်ပက်ပက် စားချင်တာမျိုး မရှိတော့ဘဲ တို့က…န်း၊ ဆိတ်ကနန်း ဖြစ်လာသည်။

"ဟား ဟား … ဆံပင်တွေလည်း ကုန်ပါပြီကွာ၊ ဒီဆံပင်တွေ ဒီလောက်ကျွတ်နေတာ မထူးပါဘူး ရဝေရယ်။ ဦးကို ခေါင်းတုံးတုံးပေးလိုက်ပါတော့"

ဖေဖေကတော့ အရယ်အပြုံးမပျက် ပြောသည်။ …ရဝေခင်က ထုံးစံအတိုင်း မျက်ရည်လေး စမ်းစမ်း၊ စမ်းစမ်းနဲ့ …ဖြစ်ပြန်သည်။ ဖေဖေက မရဝေခင် ခေါင်းကို အသာသပ်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"ရဝေ ... ဦးကို ခေါင်းတုံး,တုံးပေးရမှာလေ၊ ဘာသ
နည်းစရာရှိလဲ၊ အားလုံး သင်္ခါရတွေချည်းပဲ၊ ကိုယ့်ကိ
ကိုယ်တောင်မှ မပိုင်တာ။ ခေါင်းကဆံပင်ကိုလည်း မ
ပါဘူး။ ဒီတော့ စွန့်လွှတ်ပစ်လိုက်တဲ့ သဘောပါပဲ"

စုပုံသည် ဖေဖေ့ပုံစံကိုကြည့်ရင်း လွန်ခဲ့တဲ့ ကာ
တစ်ခုတုန်းက စုပုံ ဆုံခဲ့ဖူးသော ကင်ဆာရောဂါသည်တစ်ဦး
ပုံကို ဖျတ်ခနဲ မြင်ယောင်သတိရမိသွားပါသည်။

ဟုတ်တယ် ... အောင်သပြေ့ အမေတုန်းကလည်
ရောဂါတော်တော်ကြီးကိုကျွမ်းမှ စုပုံ ဆုံခဲ့ဖူးတယ်။ တစ်ခါ
သွားတွေ့ဖူးပေမဲ့ စုပုံ ဘယ်တော့မှ မမေ့တဲ့ ပိန်လှီဖျော့တော့
အသွင်အပြင်နဲ့ အရာရာကို တရားရ,နေတဲ့၊ သေမို့ကိုစောင့်
ပြီးဖြစ်တဲ့ မျက်လုံးတွေကို စုပုံ ပြန်သတိရသွားမိသည်။ ဖေ
လည်း အဲဒီလို တဖြည်းဖြည်း တူလာခဲ့ပြီတည်း။

အောင်သပြေ့ အမေရော ...။ အခုလောက်ဆိုရင်
တော့ ဒီလောကကြီးထဲမှာ မရှိတော့ဘူး ထင်ပါတယ်လေ။ နေ
တွေ့တုန်းကတောင် ရောဂါက နောက်ဆုံးအဆင့်ကို ရောက်နေ
အခြေအနေနဲ့ပဲ။ ရောဂါသည်ပေမဲ့ စုပုံကို သဘောကျမြတ်နိုး
ဆုပ်ကိုင်လာဖူးသော လက်ဖဝါးတွေက နွေးထွေးပြီး အမိပွာ





ပါသလို ခံစားရကြောင်း စုပုံ မှတ်မိနေသည်။ "သားကိုမထား
ရစ်ခဲ့ပါနဲ့"လို့ တောင်းပန်ချင်သည်လား။ "သားက မင်းကိုတကယ်
ချစ်တာပါ"ဟု သားဖြစ်သူကိုယ်စား ပြောချင်တဲ့သဘောလား။
ဘာမှန်း မသေချာသည့် ထိုလက်ဖဝါးပိန်ပိန်လေး တစ်ဖက်ကို
စုပုံ အခုပြန်သတိရကာ သူတို့ကို တွေ့ချင်လာမိသည်။

အောင်သပြေရော အခု ဘာလုပ်နေလဲ။ ဘယ်မှာ
လဲ ဆိုသော မေးခွန်းကိုပါ ဖျတ်ခနဲ သတိရလိုက်သောအခါ စုပုံ
၏ရင်ဘတ်ထဲမှာ အသံတွေ ဆူညံတုန်ခါမြည်ဟည်းသွားပါသည်။
စုပုံ တမင်မေ့ထားခဲ့တာ ကြာလှပြီ။ သတိမရမိအောင် နေနေခဲ့
တာ ကြာလှပြီ။

ဒါပေမဲ့ ဖေဖေ့မှာလည်း ကင်ဆာရောဂါ ဖြစ်နေ
တယ်ဆိုတာ သိလိုက်ရချိန်မှာ စုပုံ အရင်ဆုံး ပြေးသတိရခဲ့တာက
အောင်သပြေ့အမေ ဖြစ်နေခဲ့တယ်တဲ့။

"သမီး ကျောင်းပြန်တက်ရတော့မယ်လေ၊ ပြန်သွားရင်
သွားပါတော့လား"

ဖေဖေက တစ်ရက်မှာ စုပုံကို ပြောလာသည်။

"စုပုံ ပြန်မသွားတော့ဘူး ဖေဖေ"

"သမီးပဲ ဘွဲ့ရအောင် တက်ပါ့မယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ နေမှမကောင်းတာ။ စုပုံ မသွားချင်ဘူး။ ဖေဖေ့ အနားမှာပဲ နေချင်တယ်၊ ဖေဖေ့ အနားကနေ တစ်စက္ကန့် မှတောင် အဝေးကို ထွက်မသွားချင်တော့ဘူး။ စုပုံကို ခွင့်ပြုပါ ဖေဖေ။ စုပုံတို့မှာ ဒီသားအဖ ရှိတာ၊ ဖေဖေ မရှိတော့မှာကို စုပုံ သိပ်ကြောက်လို့ပါ၊ ဖေဖေ့အနားမှာ နေခွင့်ရသလောက် နေပါရစေနော်"

ဖေဖေ သက်ပြင်းအသာချပါသည်။ စုပုံကိုလည်း စိုက်ကြည့်ပြီး တစ်စုံတစ်ခုကို အကြီးအကျယ် စဉ်းစားနေသည်။ ဖေဖေက ယောက်ျားလည်းဖြစ်ပြီး သိပ်လည်း အသည်းမနုတာမို့ သူ ဘယ်လောက်ပဲ ရောဂါခံစားနေရပါစေ မျက်နှာမပျက်သလို စုပုံတို့ မရဝေခင်တို့ သူ့နားမှာ ဘယ်လောက်ပဲ မျက်ရည်ကျနေပါစေ လိုက်ပြီး မျက်ရည်ကျခြင်း၊ စိတ်အားငယ်ခြင်းတွေလည်း မရှိပါ။

"အစ်မတို့ ရှိပါတယ် စုပုံရယ်။ ဆွေမျိုးမတော်ပေမဲ့ ခင်ရာဆွေမျိုးဆိုတဲ့ စကားပုံတောင် ရှိတာပဲလေ။ အစ်မတို့ မိသားစုကိုပဲ ဆွေမျိုးလို သဘောထားပြီး ခင်လို့ရပါတယ်၊ ပြီးတော့ ဒီလောက်လည်း အားမငယ်ပါနဲ့၊ ဦးလည်း အခု ချက်ချင်းမရှိတော့မှာမှ မဟုတ်တာ"





မရဝေခင်က စုပုံကို အားပေးနှစ်သိမ့်စကား ပြောဆိုသည်။

"ဒီအတိုင်း ဂရုစိုက်ကုရင် နှစ်,နှစ် သုံးနှစ်တော့ နေရပါသေးတယ် သမီးရဲ့။ ဖေဖေက သမီးပညာရေးကို နှောင့်နှေးသွားမှာ စိုးလို့ပါ"

"ဖေဖေ့အသက်က ငါးဆယ်ကျော်လေးပဲ ရှိသေးတာလေ။ နေလို့ရရင် အနှစ်,နှစ်ဆယ် သုံးဆယ်တောင် နေရဦးမှာ၊ အခုတော့ နှစ်,နှစ် သုံးနှစ်တဲ့၊ စုပုံ အဲဒီလို သိနေရတာကို ရင်ထဲမှာ မချိဘူး ဖေဖေ။ စုပုံ ဖေဖေနဲ့ အကြာကြီးနေချင်သေးတယ်၊ စုပုံမှာ ဖေဖေပဲ ရှိတော့တာ။ ဖေဖေမရှိရင် စုပုံ တစ်ယောက်တည်း အထီးကျန်ရမှာလေ"

"သမီးအသက်လည်း နှစ်ဆယ့်နှစ် ကျော်နေပြီ၊ ဖေဖေ စဉ်းစားနေတာက ဖေဖေ မသေခင် သမီးကို ဖေဖေ အိမ်ထောင်ရက်သား ကျစေချင်တယ်။ ဖေဖေ မရှိတော့ပေမဲ့ သမီးကို မားမားမတ်မတ် ကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ ခင်ပွန်းယောက်ျား ရှိနေတယ်ဆိုရင် ဖေဖေလည်း စိတ်ချပါတယ်။ အခုတော့ အမှန်အတိုင်း ပြောရရင် ငါ့သမီးလေး လောကကြီးထဲမှာ တစ်ယောက်တည်း ကျန်ခဲ့ရမယ်ဆိုတဲ့စိတ်နဲ့ စိတ်မချဘူး"



www.burmeseclassic.com

www.burmeseclassic.com



စုပုံ မေမေ့စကားကြောင့် အံ့သြသွားသည်။

"မေမေ ... စုပုံ တစ်ယောက်တည်း နေချင်တယ်"

"သမီးကို အတင်းအကျပ်တော့ မစီစဉ်ပေးပါဘူး။ မေမေကတော့ သမီးကို စိတ်ချသွားချင်တယ်။ ဒီတော့ သမီးမှာ ချစ်သူရှိလည်း မေမေ့ကိုပြောပါ၊ မေမေကိုယ်တိုင် လက်ထပ်ပေးမယ်။ သမီးမှာ ချစ်သူ မရှိရင်တော့ မေမေ တွေ့ထားတဲ့အထဲကပဲ သင့်တော်တဲ့သူတွေ သမီးကိုပြမယ်၊ သမီးဘာသာ ရွေးပေါ့"

"စုပုံ အခုတည်းက မေမေ့လုပ်ငန်းတွေကို လေ့လာပြီး ကိုယ်တိုင် ဦးစီးလုပ်နိုင်အောင် ကြိုးစားနေပါပြီ မေမေ။ ယောကျ်ားတစ်ယောက်ကို အားကိုးဖို့ မလိုဘူးလို့ထင်တယ်"

"ဒါက သမီးသဘောပါ။ မေမေကတော့ သမီးကို ကူညီအားပေးနိုင်မဲ့ အဖော်တစ်ယောက်နဲ့ မြင်ချင်တယ်"

ထိုနေ့ကတော့ မေမေနဲ့ အဲဒီလောက်သာ ဆွေးနွေးမိပြီး ထိုကိစ္စကို မေ့မေ့ပျောက်ပျောက် ထားလိုက်ပါသည်။ စုပုံမှာ ကိုယ့်ကိုယ်ကိုယ် ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးသူ ဟူ၍တော့ မငြင်းလိုပါ။ စုပုံဟာ အောင်သပြေနဲ့ ခွဲခဲ့မှ သူ့ကို ချစ်မိနေကြောင်း သိလာပေမဲ့ အဲဒီအချိန်တုန်းကတော့ မေမေ့ကိုလည်း





ကတိပေးပြီးနေပြီ။ မေမေနဲ့လည်း သဘောတူညီမှု ရပြီးနေပြီ။ ဆဖေလည်း မရဝေခင်ကို လက်မထပ်ဘဲ စုပုံ အလိုကျ လိုက်လျောပြခဲ့တာမို့ စုပုံလည်း ကိုယ့်ကတိအတိုင်း အောင်သပြေကို လုံးဝအဆက်အသွယ် ဖြတ်ခဲ့ကာ မေမေ စီစဉ်သလို သြစတြေးလျမှာ ကျောင်းသွားတက်လိုက်တာဖြစ်သည်။

မေမေ စီစဉ်သလို ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ရေး ဆိုတာကြီးကို ကြားသိရသောအခါ စုပုံ ဘယ်လိုမှ လက်မခံနိုင်ပါ။ မချစ်သော ယောကျ်ားတစ်ယောက်ကို စုပုံ လက်မထပ်လို။ စုပုံချစ်သော သူကိုလည်း မေမေ လက်ခံနိုင်မယ် မထင်။

ဒါကြောင့် တစ်ယောက်တည်းနေတာသာ အကောင်းဆုံးလို့ စုပုံ ဆုံးဖြတ်မိပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



၁၅

"စုပုံ ... အစ်မပါ ရဝေခင်ပါ၊ ဦး အဖျားတွေ ရုတ်တရက် ကြီးတက်လာပြီး ခေါင်းမူးတယ်ဆိုပြီး အန်လည်းတအား အန်လို့ အစ်မ ဆေးရုံကို ခေါ်သွားပြီ။ စုပုံ အမြန်လိုက်ခဲ့ပါ။ (......)ဆေးရုံကိုနော်၊ အစ်မ သွားနှင့်ပြီ"

ဆိုသော message ကို စုပုံ၏ မိုဘိုင်းလ်ဖုန်းပြန်ဖွင့်စဉ် ကြားလိုက်ရသောအခါ စုပုံ တစ်ယောက် မျက်လုံးတွေပင် ပြာသွားပါသည်။ လက်ထဲမှာကိုင်ထားသော ဖိုင်လ်တွဲတွေပင် လွတ်ကျကုန်သည်အထိ စုပုံ တုန်လှုပ်ချောက်ချားသွားပါသည်။ စုပုံ ဖေဖေ့ကုမ္ပဏီကြီးကို ဆက်ဦးစီးနေရသည်ဖြစ်ရာ ဒီနေ့တော့ အလုပ်မှာ အစည်းအဝေးလုပ်သဖြင့် ဖုန်းကို အစည်း





အဝေးခန်းထဲ ယူမသွားဘဲ ရုံးခန်းမှာသာ ထားခဲ့သည်။ ရုံးခန်း ပြန်ရောက်တော့ ဖုန်းထဲမှာ missed calls တွေ တွေ့သဖြင့် ပြန်ဖွင့်ကြည့်လျှင်ကြည့်ခြင်း ပထမဦးဆုံး missed call မှာ မရဝေခင် ဖြစ်နေပြီး voice message ဟူသော အသံထည့်ခဲ့သဖြင့် မရဝေခင် ပြောသံကို ပြန်ကြားရတာဖြစ်သည်။

ဒီသုံးလအတွင်းမှာ ထင်သလောက် ကောင်းမလာဘဲ သိသိသာသာ ဆိုးရွားလာသော ဖေဖေ့အခြေအနေကို စိတ်မသက် မသာကြည့်ရင်း စုပုံ မနေ့ကတောင် ...

"စင်ကာပူမှာ သွားကုကြည့်ရင် ကောင်းမလား မသိဘူးနော်"

လို့ မရဝေခင်ကို တိုင်ပင်မိခဲ့သေးသည်။

ဒီနေ့တောင် အလုပ်ကို မလာချင်သေးမဲ့လည်း ဖေဖေက ...

"သမီးပဲ ဒီအလုပ်တွေကို ဦးစီးရမှာ၊ ဖေဖေ့ကို နောက်ဆံတင်းပြီး ဒီလိုအလုပ်မသွားဘဲနေရင် သမီး ဘယ်လိုလုပ် ဒီလုပ်ငန်းတွေကို နားလည်လာပါတော့မလဲ။ ဖေဖေ မရှိတော့ရင် သမီး မျက်စိသူငယ် နားသူငယ်နဲ့ ဘာမှမသိ နားမလည်ဘဲ မကျန်ရစ်စေချင်ဘူး။ ဒီတော့ အလုပ်သွားလိုက်ပါ၊ ဖေဖေလည်း နေလို့ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တဖွဖွ စိတ်မချသလို ပြောလာသဖြင့် စုပုံလည်း ဖေဖေ စိတ်ချမ်းသာအောင် အလုပ်ကို ထွက်လာခဲ့ရတာ။ တကယ့်တကယ်တော့ တစ်သက်လုံး ဖေဖေ ရှာကျွေးလာတာ စားခဲ့ နေခဲ့သူဖြစ်ရာ ဖေဖေ့အလုပ်တွေကို စုပုံ ဘာတစ်ခုမှ မသိသေးပါ။ သင်ယူစရာ လေ့လာစရာတွေ အများကြီး ဖြစ်နေပြီး စမ်းတဝါးဝါး ဖြစ်နေသည်။ ဒီကြားထဲ ဖေဖေ မလုပ်နိုင်တော့တာကို အခွင့်ကောင်းယူပြီး လက်ဝါးကြီးအုပ်ချင်လာကြသော ရှယ်ယာရှင်တွေကိုလည်း ကြုံရသဖြင့် စုပုံ ခေါင်းတော်တော်ပူလှပါသည်။

စုပုံသည် နောက်ထပ်ရှိနေသော missed calls တွေကို ဆက်ကြည့်လိုက်တော့လည်း မရဝေခင်ဆီကပဲ ဖြစ်နေသဖြင့် ဆက်ကြည့်မနေတော့ဘဲ အလုပ်ကနေ ဆေးရုံကိုသာသွားဖို့ ပြင်ဆင်လိုက်သည်။

ကားကို အမြန်မောင်းလာခဲ့ပြီး မရဝေခင် ပြောသော ဆေးရုံရှေ့ ကားပါကင်မှာရပ်၊ ရီဆက်ရှင်းမှာမေးပြီးလျှင် အပေါ်ကိုတက်ဖို့ ဓာတ်လှေကား စောင့်လိုက်သည်။ ဓာတ်လှေကား ရောက်လာတော့ သွားရမည့်အထပ်ကို ခလုတ်နှိပ်ပြီး တက်လာခဲ့ပါသည်။

"ဟော ... စုပုံ လာပြီ"





ဖေဖေ့တပည့် လက်ရုံးတွေ ရပ်စောင့်နေသော အခန်းဝင်လိုက်လျှင် နွမ်းနယ်နေသော မျက်နှာနှင့် မရဝေခင်က စုပုံ တွေ့တော့ အားကိုးတကြီးပြောသည်။

"ဖေဖေ ဘယ်လိုနေသေးလဲ"

အိပ်ရာပေါ်မှာ ခပ်ဖျော့ဖျော့ တွေ့ရသည့် ဖေဖေ့ကို ရှိမ်စွာကြည့်၍ မေးမိသည်။

"အဖျားတွေတော့ တက်တုန်းပဲ။ အအန်တော့ ရပ်သွားပြီ၊ အန်လိုက်ရတော့ လူက အားကုန်သွားတာပေါ့"

"ဘယ်လိုဖြစ်တာလဲ မရဝေခင်ရယ်၊ မနက်က စုပုံ အိမ်ကထွက်လာတော့တောင် အကောင်းကြီး ရှိသေးတာ"

"ဆေးတွေသောက်ရင် အဲဒီလိုပဲ ဖြစ်တတ်တယ်တဲ့၊ ဘာမှ စိတ်ပူစရာ မရှိတော့ဘူးလို့တော့ ပြောပါတယ်။ Biopsy (တစ်ရှူးစ,နမူနာယူခြင်း) ထပ်လုပ်ကြည့်ရမယ်လို့တော့ ပြောတယ်"

"မရဝေ ပြန်နားရင် နားလိုက်လေ၊ စုပုံ ဆက်စောင့်နေလိုက်မယ်"

"နားမှာတော့ မဟုတ်ပါဘူး။ အိမ်ခဏပြန် ရေမိုးချိုးပြီးဦး ညနေစာစားဖို့ ကြည့်ကျက်ယူလာခဲ့မယ်လေ"

"ဟုတ်ကဲ့ ... မရဝေ"



www.burmeseclassic.com

www.burmeseclassic.com



စုပုံ ဖေဖေ့အနား ကျန်ခဲ့ချိန်မှာ ဖေဖေ့မျက်နှာကို ကြည့်ပြီး ဘာကိုကြောက်ရွံ့အားငယ်မိမှန်းမသိဖြစ်ကာ မျက်ရည်ကျနေမိသည်။ ဖေဖေ မှိန်းနေရာမှ ပြန်နိုးလာချိန်တွင် စုပုံ၏ မျက်ရည်တွေကိုတွေ့ပြီး ...

"ဩော် ... သမီးရယ်"

ဟု ကရုဏာသက်စွာ ရေရွတ်ရင်း စုပုံ ခေါင်းကို သူ့ရင်ဘတ်မှာ မှောက်ထားစေဖို့ လက်ပြပါသည်။ ဖေဖေ့ရင်ဘတ်ပေါ် စုပုံ ခေါင်းအုံးရင်း မျက်ရည်တွေ ကြိုးစားသုတ်လိုက်ရသည်။ ဖေဖေက စုပုံရဲ့ဆံပင်တွေကို အသာသပ်ပေးရင်း —

"ဖေဖေ မသေခင် သမီးကို ဝန်ခံသွားစရာတစ်ခု ရှိတယ်"

"ဖေဖေရယ် ... သေမယ့်ဆိုတာ မပြောပါနဲ့၊ စုပုံ သိပ်ကြောက်လို့ပါ"

"တစ်နေ့ကျ ကြုံရမယ်ဆိုတာ သိနေတာပဲ သမီးရယ်၊ ဒီလိုဖြစ်မှာကို ခံနိုင်ရည်ရှိဖို့ ကြိုတင်ပြင်ဆင်ရမယ်လေ"

"ဖေဖေ မသေပါနဲ့ဦး၊ စုပုံနဲ့ အကြာကြီးနေပါဦး ဖေဖေရယ်"

"နေချင်တာပေါ့၊ ဖြစ်နိုင်ရင် သမီးကမွေးတဲ့ မြေးတွေကို ထိန်းခွင့်ရတဲ့ဘဝထိ နေချင်တာပေါ့ သမီးရယ်"

"ဟာ ... ဖေဖေကလည်း၊ စုပုံမှာဖြင့် ယူရမဲ့ယောကျ်ားတောင် မရှိသေးဘဲနဲ့ ဘယ်ကမြေးရ,ရမှာလဲ"





"သမီး ဘာလို့ နုထိ ရည်းစားမရှိတာလဲ"

စုပုံမှာ ရည်းစားရှိခဲ့ဖူးတယ်လေ ဖေဖေရဲ့။ စုပုံ ...ထဲမှာ ရတ်တရက် ပြန်ဖြေလိုက်မိပြီးမှ ကိုယ့်အဖြေကိုယ် ...မှန်းသွားသည်။ ဟန်ဆောင်ပြီး ချစ်ပြခဲ့ဖူးတယ်လို့ ထင်ပေမဲ့ ...ကယ်လမ်းခွဲလိုက်တော့မှ ချစ်သွားမိတဲ့ လူတစ်ယောက်ကို ...ချစ်သူလို့ သတ်မှတ်သင့်ပါ့မလား။

"ဖေဖေ တစ်ခါက အမှားလုပ်ခဲ့မိတယ်"

စုပုံ ငြိမ်ပြီးနားထောင်လိုက်သည်။

"သမီးနဲ့တွဲခဲ့တဲ့ ကောင်လေး၊ ဂီတသမားလေးလေ၊ သူ့အပေါ် ဖေဖေ အမှားလုပ်ခဲ့မိတာ"

"ရှင် ... ဟုတ်လား"

"ဖေဖေ့တပည့်တွေကိုလွှတ်ပြီး သူ ဆိုင်ကအပြန် တစ်ညမှာ မှတ်လောက် သားလောက်အောင် ဆုံးမခိုင်းခဲ့တယ်၊ ခြိမ်းခြောက်ခိုင်းခဲ့တယ်။ သိပ်မကြာပါဘူး သမီးကလည်း သူနဲ့လမ်းခွဲလာပြီးပြီ ပြောတော့ ဖေဖေ့စိတ်ထဲ ထင်တာ ကောင်လေးကြောက်ပြီး နောက်ဆုတ်သွားတာများလားလို့ ထင်မိတယ်။ ဒါပေမဲ့ သမီးက ပြောတော့လည်း သမီးက စပြီး ဖေဖေ့အလိုကျ လမ်းခွဲပစ်ခဲ့တာဆိုတော့ ဖေဖေ ဘာ ယုံရမှန်းတော့ မသိဘူး။ ဒါပေမဲ့ ဖေဖေ ခုချိန်မှာ အဲဒါတွေ ပြန်တွေးမိလာတော့ ငါ မလုပ်သင့်ဘူး၊ ဒီလို အမိန့်



www.burmeseclassic.com

www.burmeseclassic.com



မပေးသင့်ဘူးဆိုပြီး နောင်တရမိတယ်၊ အဲဒါ သမီး ဖေဖေ ဖုံးကွယ်ထားခဲ့တာ တစ်ခုကို ဝန်ခံလိုက်တာ

စုပုံ ဘာပြောရမှန်းမသိ ဖြစ်နေသည်။ အဲဒီတုန်း အောင်သပြေ ပြန်အသိပေးရင် ရသားနဲ့ စုပုံကို လုံးဝအသိမပေး ခဲ့၍ စုပုံ မသိခဲ့ရပါ။ ခုချိန်မှာ ဖေဖေ ပြောပြမှ သိရတော့ သူ အပေါ် တော်တော်သနားသွားပါသည်။ ဖေဖေ့လူတွေက ကျီ ကရာတေး လက်ဝှေ့ တစ်မျိုးမဟုတ် တစ်မျိုးတတ်ထားသူတွေ ပြီးတော့ လူဆိုးလုပ်စားနေသူတွေပီပီ ကိုယ်ကာယတွေ ဗလတွေ ကလည်း တောင့်တင်းလှသည်။ အောင်သပြေကတော့ အရ အမောင်းက မြင့်ပေမဲ့ သင့်တင့်ရုံ ကိုယ်ကာယလောက်သာရှိပြီး ဘာလက်ရုံးရည်မှလဲ မတတ်ကျွမ်းတာမို့ ဖေဖေ့လူထဲက တစ် ယောက်ချင်းပဲယှဉ်ဦး။ အောင်သပြေပဲ ခံရဖို့က သေချာသည်။ အခုတော့ ဖေဖေ ဘယ်နှယောက်တောင်များလွှတ်ပြီး ခြိမ်းခြောက် ခိုင်းလိုက်သလဲ မသိ။

"တကယ်တော့ ဖေဖေက ကိုယ့်အတွက်ပဲ ကိုယ်ကြည့်ပြီး ငါ့သမီးမှ ငါ့သမီးဆိုတဲ့စိတ်နဲ့ သူတစ်ပါးရဲ့သားလေးတစ် ယောက်ကို ဒဏ်ရာအနာတရဖြစ်အောင် လုပ်ခိုင်းခဲ့မိတာ။ ပြန်တွေးကြည့်ရင် အခုမှ သူ့မိဘတွေကို ကိုယ်ချင်းစာ သနားမိတယ်၊ သူတို့ရဲ့သားလေးမှာ ဒဏ်ရာကြီးကြီးကျယ် ကျယ်တွေ ရထားတာမြင်ရင် သူတို့ ဘယ်လောက် ရင်





နာလိုက်ကြမလဲလို့လေ။ မိဘဆိုတာ ကိုယ့်သားသမီး အသားနာရရင် ကိုယ်နာရတာနဲ့ အတူတူလောက် ခံစား ရတာလေ။ သမီး ပြောပြဖူးလို့ သိထားတာ အောင်သပြေ မှာ အဲဒီတုန်းက ကင်ဆာရောဂါကို နောက်ဆုံးအချိန်အနေ နဲ့ ရင်ဆိုင်နေရတဲ့ အမေရှိတယ် ဆိုတာပဲ။ ရောဂါဝေဒနာ သည် တစ်ယောက်မှာ သူ့ရဲ့ကျန်ရစ်ခဲ့တဲ့ သံယောဇဉ်ရှိ သူတွေကို စိတ်မချတဲ့စိတ်က အများဆုံးပဲ၊ ဖေဖေ ကိုယ် တွေ့ကြုံရမှ သိလာတယ်။ ဒီတော့ အောင်သပြေ့အမေ လည်း သားတွေ သမီးတွေကို စိတ်မချ ဖြစ်နေခဲ့မှာပဲ။ အဲဒီအချိန်မှာမှ သူ့သားလေးဟာ သူများဝိုင်းရိုက်လွှတ် လိုက်လို့ ခံလာရတဲ့ ဒဏ်ရာအညိုအမည်းတွေကို တွေ့ရင် သူ့ရင်ထဲမှာ ဘယ်လောက် ကွဲကြေသွားလိမ့်မလဲ"

စုပုံမှာ သားကို သိပ်ချစ်လွန်းသော အမျိုးသမီးကြီး ရဲ့ မျက်လုံးမှိုင်းမှိုင်းတွေကို မြင်ယောင်ကာ သနားသွားပါ သည်။

"တကယ်တော့ အဲဒီကောင်လေးဟာ လူကောင်းလေးပါ။ ဖေဖေကသာ တစ်ဖက်သတ် မယုံမကြည်ဖြစ်ပြီး အပြစ် ရှာခဲ့ပေမဲ့ သူဟာ တကယ်တော့ အကျင့်စာရိတ္တကောင်း သူတစ်ယောက် ကြိုးစားတဲ့စိတ်ရှိသူတစ်ယောက် ဆိုတာ ကိုမင်းဇံ ပြန်ပြောပြလို့ သိရတယ်"



www.burmeseclassic.com

www.burmeseclassic.com



“အန်ကယ်လ်ဦးမင်းဓံက ဘာပြောလို့လဲ ဖေဖေ”

“အောင်သပြေက အခု အောင်မြင်တဲ့ တေးရေးဆရာ
နေပြီလေ။ ဒါပေမဲ့ သိပ်သစ္စာရှိတယ်တဲ့၊ သူ ရေးပြီး
သီချင်းတွေကို ကိုမင်းဓံကို အရင်ပြတယ်၊ ကိုမင်းဓံ
ဘူးဆိုမှ တခြားလူကို ရောင်းတယ်တဲ့။ ဘာကြောင့်
တော့ သူ့သီချင်းတွေကို ယုံယုံကြည်ကြည်နဲ့ သုံး
ကိုမင်းဓံကို ကျေးဇူးရှင်မို့လို့ ဦးစားပေးတာတဲ့၊ ကြိုး
ကြိုးစားတယ်၊ ပိုက်ဆံတွေရရင်လည်း မသုံးပစ်ဘူး
တယ်တဲ့။ တစ်နေ့ကျရင် သူလည်း ကိုယ်ပိုင်ထုတ်
ရေးတစ်ခုထောင်ပြီး ပရိုဂျူဆာလုပ်ချင်လို့တဲ့။ ပြီး
ဘယ်မိန်းကလေးနဲ့မှလဲ တွဲတာ ရှုပ်တာ မကြားဖူးဘူး
အရမ်းလည်း အောက်သက်ကြေတယ်တဲ့။ ခုထိ ကိုသန်း
ဆိုင်မှာ တီးပေးတုန်းပဲတဲ့၊ နာမည်ရသွားတဲ့ တေးရေး
ဖြစ်နေပေမဲ့ စားသောက်ဆိုင်က တီးဝိုင်းလေးကို မတီး
ချင်တော့တာမျိုး မရှိဘူးတဲ့၊ ဟား ဟား ... ကိုမင်း
ကျွာ ဖေဖေ့ကို ခင်ဗျား လူရွေးမှားနေမယ်ဆိုတဲ့
အောင်သပြေ့ ရိုးသားမှုတွေ ပြောပြတာထင်တယ်။
တယ်လေ ... ဖေဖေတို့အတွက်က ပိုက်ဆံချမ်းသာပြီး
ဆိုတော့ ပိုက်ဆံချမ်းသာတဲ့လူကို ရွေးရှာတာထက် ရိုး
ပြီး ဘဝအကြောင်း ပိုသိတဲ့ လူတစ်ယောက်ကို ရွေး



ပိုမှန်တဲ့သဘော ဖြစ်နေတာကိုး။ ကိုမင်းဓံက အခုတော့ ဖေဖေ့မိတ်ဆွေပေမဲ့ အောင်သပြေ့လူ ဖြစ်သွားပြီကွ။ အောင်သပြေ့ကို သမီးနဲ့ ပြန်ဆုံပေးချင်ပုံရတယ်။ အောင်သပြေကလည်း ဒီအကြောင်းတွေ ပြောပြထားပုံရတယ်”

စုပုံသည် ဖေဖေ့ကို တကယ်ပဲ နားမလည်နိုင်တော့သလိုဖြစ်ကာ ငေး,နားထောင်နေခဲ့သည်။ ခုချိန်ကျမှ စုပုံ သူ့ကို သွားတွေ့ဖို့သင့်ပါ့မလား ဖေဖေရယ်။ ရှင့်ကို တကယ်မချစ်ပါဘူးလို့ ပြောပြီး ခါးခါးသီးသီး လမ်းခွဲပြခဲ့တဲ့ မိန်းကလေးကို သူ ခွင့်လွှတ်ပါတော့မလား။

“သမီး စိတ်ထဲမှာ သူ့ကို သဘောကျနေသေးတယ်ဆိုရင် ပြန်ဆက်သွယ်လိုက်ပါ။ ဖေဖေ့ဆီ ခေါ်လာခဲ့ပါ။ ဖေဖေ ကိုယ်တိုင် ဝမ်းသာကျေနပ်စွာနဲ့ လက်ထပ်ပေးချင်တယ်။ ဖေဖေ သမီး စိတ်ချမ်းသာတာပဲ မြင်ချင်တယ်”

“သူ့အကြောင်း ခေါင်းထဲမရှိတော့တာ ကြာလှပါပြီ ဖေဖေရယ်။ စုပုံ သူ့ကို မေ့ထားလိုက်ပြီးပြီ”

“ဟုတ်ရဲ့လား သမီးရဲ့”

စုပုံတို့ စကားစ, ခဏပြတ်သွားတုန်း မရဝေခင် ချက်ချင်းနီးပါး ပြန်ရောက်လာသဖြင့် ဒီအကြောင်းအရာကို ဆက်ဆွေးနွေးစရာ မရှိတော့သလို ဖြစ်သွားသည်။ မရဝေခင်ကတော့ ဘယ်လိုအိမ်ပြန်၊ ဘယ်လိုရေမိုးချိုး အဝတ်လဲပြီး ညနေစာကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်လာသည်မသိ။ တကယ့်ကို မြန်ဆန်လှကာ နာရီဝက်အတွင်း လောက်မှာ ပြန်ရောက်လာသလို ဖြစ်နေသည်။

ဖေဖေ့အပေါ် အလွန်အမင်း ချစ်မြတ်နိုးလှပြီး တကယ်လည်း မေတ္တာစစ်နဲ့ ပြုစုရှာသော မရဝေခင်ကို ကရုဏာသက်မိသည်။ ဖေဖေ သေသွားရင် သူ့ခမျာ ဘယ်လို အနေအထားနဲ့ ကျန်ခဲ့ရှာမလဲ။ ဦးမြတ်နိုးရဲ့ ကီပင်လေးဆိုတဲ့ ...ခသံတွေကြားမှာ ခေါင်းမဖော်ဝံ့အောင် သိက္ခာကျပြီး ကျန်ခဲ့ရှာ မှာ။ ဦးမြတ်နိုးရဲ့ ကျန်ရစ်သူဇနီးလေ ဆိုတဲ့ ဂုဏ်သိက္ခာကို ပိုင် ဆိုင်ခွင့်မရအောင် စုပုံ လုပ်ထားခဲ့မိတယ်။ စုပုံလည်း မှားသွား ပါတယ် ဖေဖေ။ ဖေဖေတို့ချစ်ခြင်းကို ခွဲခဲ့မိပါတယ်။

ညကျ ဖေဖေ့တပည့်တစ်ယောက်လည်း စောင့်အိပ် သလို နာ့(စ)လည်း ငှားထားပေးခဲ့သဖြင့် စုပုံနဲ့ မရဝေခင် ကား တစ်စီးဖြင့် အတူပြန်လာခဲ့ကြလျှင် ...

"မရဝေခင်"

ဟု စုပုံကပဲ ဆုံးဖြတ်ချက်ချပြီးသောဟန်ဖြင့် စ၍ စကားပြောလိုက်ပါသည်။

"ဘာလဲ ... စုပုံ"

"ဖေဖေနဲ့ လက်ထပ်လိုက်ပါလားဟင်"

"ဟင်"

"ဖေဖေ့ရဲ့ တရားဝင်ဇနီးအဖြစ် လက်ထပ်လိုက်ပါ"





"ဘယ်လိုပြောလိုက်တာလဲ စုပုံရယ်။ အစ်မ ဦးကို ဘာ မျှော်လင့်ချက်မှ မရှိဘဲ ချစ်ခဲ့တာပါ။ ဦးဆီက ဘာမှမျှော် လင့်လို့ မဟုတ်ပါဘူး။ ဒီလို ပြုစုပေးနေရရင်လည်း ကျေ နပ်ပါတယ်၊ ဦး မရှိတော့ရင် အစ်မတို့ စုပုံ အနားကနေ ထွက်သွားမှာပါ"

"မဟုတ်ဘူး ... မဟုတ်ဘူး ... မရဝေ၊ စုပုံစကားကို ရွဲ့တယ်မထင်နဲ့။ စုပုံ အရင်ကစိတ်နဲ့ အခုနဲ့ မတူတော့ ဘူး။ အခု မရဝေကို နားလည်လာပါပြီ၊ မရဝေ ဖေဖေ့ကို တကယ်မေတ္တာစစ်နဲ့ ပြုစုတယ်ဆိုတာလည်း သိလာပါပြီ။ ဒါကြောင့် စုပုံက မရဝေရဲ့ ဂုဏ်သိက္ခာအတွက် စဉ်းစား ပြီး အကြံပေးတာပါ။ စုပုံ မရဝေကို အစ်မတစ်ယောက်လို ချစ်ပြီး မရဝေ ကောင်းဖို့ အကြံပေးတာပါ"

"ဒီအချိန်ကျမှ ဒါတွေ မလုပ်ချင်တော့ပါဘူး။ သေမဲ့ရက် ကို စောင့်နေရတဲ့လူကို လက်ထပ်ရင် ပတ်ဝန်းကျင်က ပိုပြောစရာ ဖြစ်မကျန်ခဲ့ဘူးလား"

"မရဝေ မငြင်းပါနဲ့။ ဒါ မရဝေ အပေါ်မှာ အနိုင်ယူခဲ့မိ တဲ့ စုပုံရဲ့ တုံ့ပြန်အလျော်ပေးမှုလို့ ယူဆလိုက်ပါ၊ ဖေဖေ့ကို စုပုံ ပြောလိုက်မယ်၊ ဖေဖေက လက်ထပ်မယ်ဆိုရင် မရဝေ မငြင်းရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"စုပုံ မလုပ်သင့်ဘူးကွယ်၊ စုပုံ တစ်နေ့ကျရင် ဒါတို နောင်တရပြီး အစ်မတို့ကို အထင်လွဲမှာ ကြောက်တယ်"

"အထင်မလွဲပါဘူး စုပုံ သိပါတယ်၊ ဥပဒေအရ ဖေဖေ မရှိတော့ရင် ဇနီးနဲ့လင်ပါသမီး တစ်ယောက်တစ်ဝက် ခွဲ ရမယ်ဆိုလည်း စုပုံ ကျေနပ်ပါတယ်၊ မရဝေ ရသင့်ပါ တယ်၊ စုပုံလည်း ပေးချင်တယ်"

"စုပုံ ... စုပုံ စဉ်းစားပါဦးကွယ်"

မရဝေခင် ဘယ်လိုပဲပြောပြော စုပုံကတော့ ဒီကိစ္စကို တကယ်ပဲ အကောင်အထည် ဖော်လိုက်ပါသည်။ နောက်တစ်နေ့ ဆေးရုံရောက်တော့ ဖေဖေ့ကို ပြောပြမိသည်။ ဖေဖေက စုပုံ စကားတွေကြောင့် ကတုန်ကယင် ဖြစ်သည်အထိ ဝမ်းသာလေသည်။ မရဝေကလည်း ဒီကိစ္စကို ဝမ်းသာပျော်ရွှင်ရမည့်အစား ဖေဖေ့ပေါင်ပေါ် ခေါင်းမှောက်ပြီး ရှိုက်ကြီးတငင် ငိုပါသည်။ ဖေဖေကတော့ လက်တစ်ဖက်က စုပုံ ခေါင်းကိုအုပ်ကိုင်၊ ကျန်လက်တစ်ဖက်က မရဝေခင့်ရဲ့ ခေါင်းကိုအုပ်ကိုင်ပြီး ...

"သမီးနဲ့ ရဝေ ဒီလို သင့်မြတ်ချစ်ခင်ကြတာကို ဖေဖေ သိပ်မြင်ချင်ခဲ့တာလေ"

ဟု လှိုက်လှဲစွာ ပြောလေသည်။

"ဖေဖေ့ကိုလည်း သမီး ဝန်ခံစရာရှိတယ်လေ၊ သမီးလည်း မှားသွားခဲ့တယ်။ ဖေဖေ ကျန်းမာပျော်ရွှင်နေချိန်မှာ ဒီလို





နားလည်ပေးနိုင်ခဲ့ရင် ဖေဖေနဲ့ မရဝေ ဘယ်လောက် ပျော်လိုက်ရမလဲလို့ စုပုံ နောင်တရမိတယ်။ စုပုံကြောင့် ဖေဖေတို့ လက်ထပ်မဲ့ကိစ္စ ပျက်သွားရတာမို့ စုပုံ တောင်းပန်ပါတယ်။ တကယ်တော့ စုပုံ ဒီလိုအချိန်မှာမှ ဖေဖေတို့ကို နားလည်ခွင့်လွှတ်ပေးလိုက်တာကို သိပ်မတရားသလို ခံစားမိတယ်။ အပြည့်အဝ ပျော်ရွှင်ရမဲ့ အချိန်တုန်းကတော့ ဒါကို နားမလည်ပေးခဲ့မိဘဲ ဒီလိုအချိန်ကျမှ ..."

မရဝေခင်က စုပုံ ပခုံးကို ဖက်လိုက်ပြီး ...

"ဒါတွေ မလိုပါဘူး စုပုံရယ်။ ဦးလည်း စိတ်ချမ်းသာတယ်၊ အစ်မလည်း ကျေနပ်တယ်ဆိုရင် ပြီးတာပဲ၊ စုပုံကို အစ်မက ကျေးဇူးတင်ရမှာပါ"

မကြာခင်ရက်ပိုင်းအတွင်းမှာ ဖေဖေ ဆေးရုံမှပြန်ဆင်းခွင့်ရပြီးလျှင် စုပုံ အစီအစဉ်နဲ့ပဲ မင်္ဂလာကိစ္စကို စတင်ကြသည်။

မရဝေခင်ကတော့ ...

"မလိုပါဘူး စုပုံရယ်၊ လက်မှတ်ထိုးလိုက်ရင် ရပါတယ်"

ဆိုပေမဲ့ စုပုံကတော့ လက်မခံ။

"မရဝေတို့ လက်မှတ်ထိုးတာကို ဘယ်သူမှ သိမှာမဟုတ်ဘူး။ ဒီတော့ လက်မှတ်ထိုး လက်ထပ်ပြီးရင် သံဃာ့ဆေးရုံရယ်၊ ဘုန်းတော်ကြီးပညာသင်ကျောင်းရယ်၊ သို့လှူရင်

www.burmeseclassic.com



ကျောင်းရယ် သုံးနေရာခွဲပြီး ငွေလှူတာကိုလည်း သတင်းစာထဲ ကြော်ငြာထည့်ဖို့ လုပ်ရမယ်။ ဖေဖေ့ရဲ့အခင်ဆုံးမိတ်ဆွေ ဆယ်စုံတွဲလောက်ကိုလည်း အိမ်မှာ ညစာဖိတ်ကျွေးပြီး အတိအလင်း ကြေညာပြရဦးမယ်။ လက်ထပ်တဲ့သတင်းကိုလည်း သတင်းစာကြော်ငြာထည့်မယ်။ စုပုံကလည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ကြော်ငြာထည့်မယ်၊ မရဝေရဲ့ မောင်နှမတွေကလည်း အဲဒီလို ကြော်ငြာမျိုးတစ်ခု ထည့်ပြရမယ်။ အားလုံး စုပုံပဲ တာဝန်ယူပြီးလုပ်မယ်”

စုပုံမှာ ထိုအစီအစဉ်တွေကို မရဝေခင်နဲ့ တိုင်ပင်ပြီး စီစဉ်စရာရှိတာစီစဉ်၊ လက်ထပ်ဖို့ရက်ကိုရွေး။ တရားသူကြီးကို အိမ်မှာဖိတ်ပြီး လက်မှတ်ထိုးပွဲလုပ်ဖို့ ဖိတ်ကြားရန်င့် ဖေဖေ့အတွက် စိတ်ဝင်တစားပင် ဆောင်ရွက်ပေးနေခဲ့မိပါသည်။

✧ ❤ ✧



နောက်ခြောက်လခန့်

ထပ်ကြာပြီးသော်...

www.burmeseclassic.com

www.burmeseclassic.com



၁၆

ဦးမင်းဇံဆီ ဖုန်းဆက်ချိန်းသောအခါ စတူဒီယိုကို မလာဘူး။ သွားစရာရှိတယ်။ အိမ်ကိုလာခဲ့ပါဦး ဆိုသော စကားကြောင့် ဦးမင်းဇံ အိမ်သို့သာ ကားကိုဦးတည်လာခဲ့သည်။

"ဟော ... ရောက်လာပြီလား၊ အေး ... လာ ထိုင်ကွာ၊ အန်ကယ်လ် ခုမှ သွားစရာလေး ပေါ်လာလို့"

"အရေးကြီးရင်လည်း သွားပါ အန်ကယ်လ်။ ကျွန်တော့်မှာ အရေးတကြီးကိစ္စတော့ မရှိပါဘူး၊ အန်ကယ့်လ်ကို သီချင်းတချို့ ပြမှာရယ်။ အဆိုတော်သစ်လေးအတွက် ကြော်ငြာရိုက်ဖို့ အန်ကယ်လ်စီစဉ်နိုင်းထားတဲ့ကိစ္စကို ပြောမှာရယ် ဒါပါပဲ။ သိပ်အရေးတကြီးတော့ မဟုတ်ပါဘူး"





"အရေးကြီးတယ် ပြောရမလား၊ မကြီးဘူး ပြောရမလား မသိပါဘူးကွာ။ အန်ကယ့်လ်မိတ်ဆွေတစ်ယောက်ကို မဖြစ်မနေ သွားတွေ့ရမှာမို့ပါ"

"ဒါဆိုလည်း သွားလိုက်ပါ၊ ကျွန်တော် သီချင်းတွေပဲ ထားခဲ့မယ်၊ အန်ကယ်လ် အားမှကြည့်ပါ"

"အန်ကယ့်လ်ကို မင်း, ကားလိုက်မောင်းပေးနိုင်မလား"

"ရပါတယ်"

"ဒီနေ့ ခေါင်းထဲက မူးရိပ် မူးရိပ်နဲ့ကွာ။ ခါတိုင်း ကိုယ်တိုင်မောင်းနေကျဆိုတော့ သမီးတွေ ဒရိုင်ဘာ ခေါ်ထွက်သွားတာကို မတားမိဘူး။ ခဏနားလိုက်ရင် သက်သာပြီး သွားလို့ရမယ်ထင်လို့ နေနေတာ မရဘူး။ ဒါနဲ့ ကားမမောင်းရဲတော့ဘူး"

"ရပါတယ်။ အန်ကယ်လ်ရယ် ... ဒါ ပြောနေစရာမလိုပါဘူး။ ကျွန်တော်က အန်ကယ့်လ်ကို ကူညီဖို့ အသင့်ပါ"

ဦးမင်းဇံက အောင်သပြေ့လက်ထဲ သူ့မာစီဒီးစ်ကားသော့ကို ပေးလိုက်သည်။ အောင်သပြေကမောင်း၊ ဦးမင်းဇံက နောက်ခန်းမှာ ခပ်ပြေပြေ မှီထိုင်ရင်း ပါလာသည်။

"မင်း ကားလဲလိုက်တာ ဘယ်လိုလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူး အန်ကယ်လ်၊ သုံးနိုင်တဲ့ပိုက်ဆံကလည်း သိန်းထောင်ချီနေတာ မဟုတ်တော့ ရတဲ့အနေအထားကို ကျေနပ်ရမှာပဲပေါ့"

"ရှေ့လမ်းရောက်ရင် မီးပွိုင့်မှာ ညာချိုးရမယ်ကွာ၊ အန်ကယ်လ် (……)ဆေးရုံကို သွားရမှာ"

"ဟုတ်ကဲ့"

"မိတ်ဆွေတစ်ယောက် လူနာသတင်းမေးပေါ့ကွာ"

"ဘာရောဂါနဲ့ တက်ရတာလဲ"

"ကင်ဆာလေ … ဆီးအကျိတ်ကင်ဆာပေါ့။ ဖြစ်တာကြာပါပြီ၊ တစ်နှစ်ခွဲလောက်ရှိပြီ၊ ပိုက်ဆံသိပ်တတ်နိုင်တော့ ငွေနဲ့လမ်းခင်းပြီး ကု,ထားတာပေမဲ့ သိပ်မခံတော့ဘူးထင်တယ်။ သူများကို ပြောနေရပေမဲ့ အန်ကယ်လ်ကိုယ်တိုင်လည်း သွေးတိုး ဆီးချိုက ဆိုးဆိုးရွားရွားရှိတာ။ အသက်ကြီးလာတော့ ရောဂါပါ စုံလာတာပေါ့"

ထိုသို့ကြားလိုက်ရတော့ ကင်ဆာဆိုတဲ့ အသံကြားတာနဲ့ အောင်သပြေ့ ရင်ထဲမှာ အမေ့ကို လွမ်းဆွတ်သတိရသွားမိပါသည်။ အမေလည်း ဒီကင်ဆာနဲ့ပဲ ဆုံးခဲ့တာလေ။ ကင်ဆာလို့ ကြားလိုက်တာနဲ့ အမေနဲ့ နှိုင်းယှဉ်ပြီး ကရုဏာသက်မိသွားသည်။



"အန်ကယ့်လ်မိတ်ဆွေက အသက်ဘယ်လောက်ရှိပြီလဲ"

"ငါးဆယ့်သုံးလား လေးလား မသိဘူး။ ငါးဆယ်တော့ ကျော်မှန်းသိတယ်၊ early 50's ပေါ့၊ အတိအကျတော့ မသိဘူး"

"ကျွန်တော့်အမေကတော့ ငါးဆယ့်နှစ်မှာ ဆုံးတာ၊ စပြီးဖြစ်တော့ ငါးဆယ့်တစ်နှစ် ပြည့်ရုံပဲ ရှိသေးတယ်လေ"

"အေးကွာ၊ အန်ကယ်လ် မှတ်မိပါတယ်၊ မင်းတို့လည်း ကိုယ်တတ်နိုင်သလောက် စွမ်းအားလေးနဲ့ အမေကို တော်တော်ကုလိုက်ကြတာပဲလေ"

ဆေးရုံဝင်းထဲ ကားကိုချိုးဝင်လာပြီးနောက် ညွှန်သည်များကားရပ်ရန် သတ်မှတ်ပေးထားသော ကားပါကင်မှာ ဝင်ရပ်လိုက်ပါသည်။

ဦးမင်းဇံက ကားထဲမှာ အသင့်ထည့်ထားပြီးဖြစ်သော ကြွပ်ကြွပ်အိတ်ကို ဆွဲကိုင်ရင်း …

"သူကတော့ ဘာမှမစားချင်တော့ဘူး၊ အစာတောင် ကောင်းကောင်းမဝင်တော့ဘူး ပြောပေမဲ့ လူနာသတင်းမေးဆိုတော့လည်း အမြင်လှအောင် စားစရာလက်ဆောင်တွေက သယ်သွားရတယ်ကွာ"

ဟု ပြောလည်းပြော …

www.burmeseclassic.com

www.burmeseclassic.com



"အောင်သပြေပါ လိုက်ခဲ့လိုက်ကွာ၊ လူနာသတင်းမေးတာပဲ။ ညှိသည့် အပိုပါလာလို့ သူတို့အနှောင့်အယှက်မဖြစ်ပါဘူး။ မင်းလည်း ကားထဲ အကြာကြီး ထိုင်စောင့်စရာမလိုတော့ဘူးပေါ့"

ဟူ၍ အောင်သပြေ့ကို အဖော်ခေါ်လေရာ အောင်သပြေ မငြင်းပါ။ ဦးမင်းဇံ လက်ထဲက အိတ်ကိုပင် လှမ်းကိုင်လိုက်ပြီး လိုက်ခဲ့မှာပေါ့ အန်ကယ်လ်ဟု ပြောလိုက်သည်။

ဦးမင်းဇံကတော့ နားလည်ရခက်သော အပြုံးဖြင့်ပြုံးပြီး ...

"အန်ကယ့်လ်မိတ်ဆွေက မင်းကို တွေ့ချင်နေတာကွာ၊ အတော်ပဲ မင်းကလည်း စိတ်ပါလက်ပါ လိုက်ခဲ့မယ်ဆိုတော့ သူ ဝမ်းသာမှာပါ"

"ကျွန်တော့်ကို ဘာဖြစ်လို့ တွေ့ချင်တာလဲ"

"ဟိုရောက်တော့ သိမယ်ကွာ"

ဒီလိုနဲ့ အောင်သပြေနဲ့ ဦးမင်းဇံတို့ ဆေးရုံအထပ်မြင့်တွေဆီတက်ဖို့ ဓာတ်လှေကားထဲ ရောက်ခဲ့ပါသည်။ တက်ရမည့်အထပ်၏နံပါတ်ကိုနှိပ်၊ ထိုအထပ်ရောက်တော့ ဓာတ်လှေကားက ရပ်သွားကာ တံခါးအလိုအလျောက် ပွင့်သွားတော့ အောင်သပြေနဲ့ ဦးမင်းဇံ အတူယှဉ်လျှောက်ပြီး ဆေးရုံစင်္ကြံလမ်းကို ဖြတ်လာခဲ့ပါသည်။





"အန်ကယ့်လ်သူငယ်ချင်း အခန်းက အခုတွေ့တဲ့အခန်းပဲ၊ တံခါးစေ့ထားသလား မသိဘူး။ တံခါးခေါက်ကြည့်လိုက်ဦးမယ်"

ဦးမင်းဇံ တံခါးအသာခေါက်ကြည့်လျှင် အထဲမှ အားပွင့်သံနှင့်အတူ မေးသံသဲ့သဲ့ ကြားရသည်။

"ဘယ်သူပါလဲရှင်"

"ဦးမင်းဇံပါ"

"သြော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဝင်ပါ အန်ကယ်လ်"

အောင်သပြေသည် တံခါးဘု လှည့်ဖွင့်ပေးသော အမျိုးသမီးကို မြင်ဖူးတယ်ဟု တွေးနေစဉ် ဦးမင်းဇံထံမှ ...

"ကိုမြတ်နိုး အိပ်နေတာလား"

ဟူသော မေးသံသည် အောင်သပြေ့ကို တစ်စုံတစ်ရာ အမှတ်ရသွားစေပါသည်။

ဦးမြတ်နိုး ... ဟု စိတ်ထဲမှာ ရေရွတ်မိ၏။

အောင်သပြေသည် ဦးမြတ်နိုးရဲ့ယ်လို့ သေသေချာချာကြီး မှတ်မိလှသည် မဟုတ်ပေမဲ့ ဦးမင်းဇံ ခေါ်လိုက်သောနာမည်ကြောင့် လူနာကို ဂရုတစိုက် ကြည့်မိလိုက်သည်။ အောင်သပြေ တွေ့ဖူးတာ နှစ်ခါထက် မပိုခဲ့တာမို့ ဦးမြတ်နိုးရဲ့ယ်လို့ ပြန်တွေ့လျှင်ပဲဖြစ်ဖြစ်၊ ဒီလိုလူနာပုံစံလုံးလုံး ဖြစ်နေသောသူကို ပြန်တွေ့လျှင်ပဲဖြစ်ဖြစ်၊ ဘယ်လိုမှ ရုတ်တရက်ကြီး မှတ်မိမှာ မဟုတ်ပေ



www.burmeseclassic.com

www.burmeseclassic.com



မဲ့ ဦးမင်းဇံ ခေါ်သံကြောင့် ဒါ ဦးမြတ်နိုးပဲ။ ဒီအမျိုးသမီး... က ဦးမြတ်နိုး တွဲနေတဲ့သူပဲရယ်လို့ ဆက်စပ်ပြီး မှတ်မိသိရှိ... ပါသည်။

"ဦး မအိပ်နိုင်ပါဘူး၊ အန်ကယ်တို့ လာမယ်ဆိုတာ သိ... တော့ သူ့မှာ တစောင့်စောင့်နဲ့ အခု ခဏမှိန်းသွားတာ"

"အောင်သပြေ ... လာကွာ၊ လာထိုင်လိုက်ပါ"

"ထိုင်ပါ ... ထိုင်ပါ အောင်သပြေ၊ ဦးက မျှော်နေ... စကားအေးအေးဆေးဆေး ပြောပါ၊ အစ်မ အပြင်ခဏထွ... လမ်းလျှောက်လိုက်ဦးမယ်"

ထိုအမျိုးသမီးကပါ အောင်သပြေကို ကြိုဆိုသဖြ... အောင်သပြေတစ်ယောက် တော်တော့်ကို ကြောင်အမ်းအမ်းတေ... ဖြစ်နေသည်။ ဘာလဲ ...။ ဘာကြောင့်လဲ ...။ ဘာကြောင့် ငါ့ကို အရေးတယူ တွေ့ချင်ရသလဲ။ ငါ့လို ဘာမှအရေးမပါတဲ့ကောင် ကို ဦးမြတ်နိုး ဘာဖြစ်လို့ စောင့်နေခဲ့သလဲ။

ဦးမြတ်နိုးက အသံဗလံတွေ ကြားသဖြင့် မှိန်းနေ ရာမှ မျက်လုံးဖွင့်ကြည့်လာသည်။ ဦးမင်းဇံကိုတွေ့တော့ ...

"ဟာ ... ကိုမင်းဇံ"

ဟု ဝမ်းသာစွာ နှုတ်ဆက်သလို အောင်သပြေကို ပါ ပြုံး၍ကြည့်လိုက်ရင်း ...

"အောင်သပြေ မဟုတ်လား"



လို့ ဆက်၍နှုတ်ဆက်ပါသည်။

"လာ ... ထိုင်ပါ အောင်သပြေ"

ဦးမင်းဇံက ဦးမြတ်နိုး၏ ခုတင်ဘေးတစ်ဖက်မှာ ...င်ထိုင်လိုက်သဖြင့် အောင်သပြေလည်း တခြားဘက်ခြမ်းမှာ ...င်ထိုင်လိုက်ပါသည်။

"ကဲ ... ကိုမြတ်နိုး၊ ခင်ဗျား ခေါ်လာခိုင်းတဲ့ အောင်သပြေ ကို ပါအောင်ခေါ်လာပါပြီဗျာ"

"ကျေးဇူးတင်ပါတယ် ကိုမင်းဇံ၊ ကျွန်တော် သူ့ကို ဟိုး ရက်တွေထဲက မျှော်နေတာ"

"သူ့ဆီ ကျွန်တော် ဖုန်းဆက်ခေါ်ပါတယ်၊ အဲဒီရက်ပိုင်း သူ မအားသေးဘူးဆိုလို့ ကျွန်တော် ခေါ်လာလို့မရသေး တာလေ"

"ဒီနေ့တော့ အောင်သပြေ ပါလာမယ်ဆိုတာ သေချာလို့ ရဝေ့ကိုတောင် သမီး ဒီအချိန်ဝန်းကျင်လောက် ရောက်မ လာဖြစ်သေးအောင် တစ်မျိုးမျိုးနဲ့ဖြစ်ဖြစ် အကြောင်းပြပြီး အပြင်ရောက်နေအောင် လုပ်ခိုင်းဖို့ မှာထားရတယ်"

"ရဝေခင်ကတော့ ခင်ဗျားအတွက် တကယ့်ဇနီးကောင်း ပါပဲဗျာ။ ခုနွ တွေ့လိုက်တယ်၊ သူတောင် တော်တော် စိတ်ထောင်းနေတယ်ထင်တယ်၊ ပိန်သွားလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို တရားနဲ့ဖြေဖို့ ကျွန်တော်လည်း ပြောပါတယ် ဗျာ၊ ဒါပေမဲ့ လူကငယ်သေးတော့ ဘယ်ဖြေတတ်ဦးမလဲ ပြီးတော့ ရဝေမှာ ခုတလောမှာမှ သွေးအားနည်းပြီး ပေါင်ကျတာလည်း ခဏခဏ ဖြစ်နေတယ်၊ ဆရာဝန် တော့ သူ ကောင်းကောင်းနားရမယ်၊ စိတ်ရောလူပါ နား ရမယ်တဲ့၊ အဲဒီလို နားလိုက်ရင် ပျောက်မယ်ပြောတယ်"

ဦးမြတ်နိုးက အောင်သပြေကို တကြည့်ကြည့် နေသဖြင့် ဦးမင်းဇလည်း အကဲခတ်မိကာ ...

"ကိုမြတ်နိုးတို့ ပြောစရာရှိရင် ပြောပါ၊ ကျွန်တော်အပြင် ထွက်ပြီး ရဝေခင်နဲ့ စကားသွားပြောပါဦးမယ်၊ ကျွန်တော့် ကို အားမနာပါနဲ့"

ဟု ပြောပြောဆိုဆို ထရပ်ပါသည်။

ဦးမြတ်နိုးက မတားပါ။ ဦးမင်းဇ ထွက်သွားပြီး တံခါးကို ဘုမလှည့်ဘဲ ဒီအတိုင်း ဆွဲပိတ်ပေးထားခဲ့ပါသည်။ ဦးမင်းဇ ထွက်သွားတော့မှ ဦးမြတ်နိုးလည်း အောင်သပြေကို သေသေချာချာ လှည့်ကြည့်ပါသည်။

ရိုးသားတည်ကြည်သော ရုပ်ရည်လေးနဲ့ အေးချမ်း သော မျက်လုံးများရှိသည့် လူငယ်လေးသည် ဦးမြတ်နိုးကို ကရုဏာသက်စွာ ငေးကြည့်နေတာ တွေ့ရသည်။





"အန်ကယ်လ်ကို မှတ်မိမယ် ထင်ပါတယ်"

"ဟုတ်ကဲ့ ... မှတ်မိပါတယ် အန်ကယ်လ်၊ ကျွန်တော် သိပ်တော့ မဆုံဖူးပေမဲ့ အန်ကယ်လ်နာမည်မျိုးက ရှားတာ မို့ အန်ကယ်လ်ဦးမင်းဇ မိတ်ဆွေ ဦးမြတ်နိုးဟာ ကျွန်တော် သိထားဖူးတဲ့ ဦးမြတ်နိုးလို့ မှန်းဆလို့ ရပါတယ်"

"မင်းအကြောင်းတွေတော့ အန်ကယ်လ်က အမြဲပဲ ကိုမင်းဇ ဆီက မေးမြန်းထားလို့ အကုန်နီးပါး သိပါတယ်"

"ခင်ဗျာ"

ဦးမြတ်နိုးက စကားပြောရင်း မောလာဟန်ဖြင့် သားမှာချထားသော အောက်ဆီဂျင်ရှူသည့် mask ကို ခဏမျှ နှာခေါင်းမှာကပ်၍ ရှူရှိုက်လိုက်ပါသည်။ ပြီးမှ အံ့ဩတိတ်ဆိတ် ပြီး ကြည့်နေသော အောင်သပြေကို ...

"အန်ကယ်လ် မင်းအပေါ် မှားခဲ့တာတွေ ရှိခဲ့ဖူးတယ် မဟုတ်လား။ မင်းလည်း ဒါကို မှတ်မိမှာပါ၊ အန်ကယ်လ် ကို မြင်တာနဲ့ မင်းစိတ်ထဲမှာ အရင်ဆုံး စုပုံမြတ်နိုးကိုပဲ မှတ်မိမလား။ မင်းကို လူတစ်စုက ဝိုင်းရိုက်စေခဲ့အောင် အမိန့်ပေးစေခိုင်းခဲ့တဲ့ လူအဖြစ်ပဲ သတ်မှတ်မလားတော့ မသိဘူးပေါ့။ ဒါပေမဲ့ အန်ကယ်လ်ကတော့ အဲဒီလိုမှားခဲ့ တာကို တော်တော်နောင်တရပြီး မင်းကို တောင်းပန်ချင် နေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အောင်သပြေ အံ့ဩသွားပါသည်။ ဦးမြတ်နိုး နှင့် မှ ဖွင့်ဟပြီး တောင်းပန်ခဲ့လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့် ထားခဲ့ဖူးပါ။

"အန်ကယ်လ် အဲဒီတုန်းက အဖြစ်အပျက်အတွက် တောင်း ပန်ပါတယ် အောင်သပြေ"

"ရပါတယ် အန်ကယ်လ်၊ အားလုံးပြီးသွားခဲ့ပြီပဲ၊ ကျွန်တော် မေ့ထားလိုက်ပါပြီ"

"အားလုံးကို တကယ်ပဲ မေ့လိုက်နိုင်သလား"

"ခင်ဗျာ"

"အန်ကယ်လ် ပြောတဲ့အထဲမှာ အန်ကယ့်လ်ဘက်က မှား ခဲ့တဲ့ အမှားတွေကိုလည်း မေ့လိုက်သလို အန်ကယ့်လ် သမီး စုပုံမြတ်နိုးကိုပါ မေ့ပစ်လိုက်နိုင်သလားလို့ မေးတာပါ"

အောင်သပြေတစ်ယောက် မဖြေတော့ဘဲ ငြိမ်သွား သည်။ သူ ဘယ်လိုလုပ် ဖြေရမလဲ။ ကိုယ်နဲ့သဘောမတူပါဘူး၊ မကြိုက်ပါဘူး ပြောထားတဲ့ သမီးရှင်တစ်ယောက်ရှေ့မှာ သူ့သမီး ကို ချစ်နေသေးတယ်၊ လွမ်းနေသေးတယ်၊ တစ်နေ့မှ မေ့မရပါ ဘူးလို့ ဘယ်သူက ပြောရဲမှာလဲ။ ထို့အတူ သူဟာ ဘယ်လောက် ကြီးပဲ အရင်ကထက် တိုးတက်အောင်မြင်လာသည်ဖြစ်စေ ဦးမြတ်နိုး တို့အဆင့်ကို ဘယ်တော့မှလဲ မမီနိုင်တာမို့ အဆင့်ခြင်း ကွာခြား ဆဲပဲဖြစ်ရာ ရင်ထဲမှာရှိတာကို ဖွင့်မပြောရဲခဲ့ပါ။





"အမှန်အတိုင်းပဲ ဖြေပါ၊ အန်ကယ်လ် ဘယ်လိုမှသဘော မထားပါဘူး။ သိချင်လို့ မေးတာပါ၊ မင်း စိတ်သဘောနဲ့ မင်း အားလုံးကို မေ့လိုက်နိုင်ပြီလား၊ မေ့နိုင်ရင်လည်း မေ့ နိုင်တယ်ပြောပါ။ ဒါမှမဟုတ် မမေ့နိုင်သေးတာတွေ ရှိတယ် ဆိုလည်း ပြောပြပါ၊ အန်ကယ်လ် သိချင်ပါတယ်၊ အန် ကယ်လ်က သေခါနီးလူတစ်ယောက် ဖြစ်နေပါပြီလေ။ ဒီတော့ အသက်ရှင်ကျန်ခဲ့မဲ့သူတွေရဲ့ ဘ၀ကို အန်ကယ်လ် ဝင်မစွက်ဖက်နိုင်တော့ပါဘူး၊ အန်ကယ်လ့်ကို စိတ်ထဲရှိတဲ့ အတိုင်း ပြောပြနိုင်ပါတယ်"

အမြဲတမ်း မာန်တက်ကာ လူတကာအပေါ် လက်မ ထောင် ဝင့်ကြွားနိုင်သော၊ အမိန့်ပေးနိုင်သော၊ လူတိုင်းအပေါ် အနိုင်ရယူနိုင်ခဲ့သော အခြေအနေ ရှိခဲ့သည့် သူဌေးကြီး ဦးမြတ်နိုး ထံမှ သူ့ကိုယ်သူ အားလျော့နေပြီဖြစ်သော စကားသံတွေကြား ရတော့ အောင်သပြေမှာ အမေ့ကို ပြေးသတိရသွားသည်။ အမေ တုန်းကလည်း ဒီလိုပဲ။

"အမေ မရှိတော့ရင် သားတွေ သမီးတွေ အရေးကို ဝင် လည်း မပါနိုင်တော့ပါဘူး၊ ဒီတော့ စိတ်ချသည်ဖြစ်စေ၊ မချသည်ဖြစ်စေ စိတ်ချခဲ့တယ်ဆိုတဲ့ စကားပဲ ပြောချင် တယ်"

www.burmeseclassic.com

www.burmeseclassic.com



အမေ့အသံကို ပြန်ကြားယောင်လာတော့ အောင်သပြေ့ ရင်ထဲမှာ ဦးမြတ်နိုး သိလိုတာကို အမှန်အတိုင်း ပြောလိုက်ဖို့ ဆုံးဖြတ်လို့ ရသွားပါသည်။

"ကျွန်တော် ... ကျွန်တော် ... ဟို ... စုပုံကိုတော့ မမေ့နိုင်ခဲ့ပါဘူး အန်ကယ်လ်"

ထိုသို့ဖြေလိုက်ပြီးပြီးချင်း ဦးမြတ်နိုး မျက်နှာအပြောင်းအလဲကို အမြန်အကဲခတ်လိုက်သောအခါ ကျေနပ်ဝင်းသွားသော ဦးမြတ်နိုး၏ မျက်လုံးတွေကို ရင်ဆိုင်လိုက်ရလေသည်။

အောင်သပြေ့ ရင်ထဲမှာ ပဟေဠိတွေကတော့ တော်တော်များနေပြီ။ အရင်က သူနှင့်သဘောမတူခဲ့ပါဘူး ပြောခဲ့ဖူးတဲ့ သမီးရှင်လူကြီးတစ်ယောက်၏ အမူအရာကို အခု ဘယ်လိုမှ မခန့်မှန်းတတ်ပါ။

"အန်ကယ့်လ်သမီးလေးကို အန်ကယ်လ် မရှိတော့တဲ့ အချိန်မှာ လူတစ်ယောက်လက်ထဲကို စိတ်ချယုံကြည်စွာ အပ်ထားခဲ့ချင်တယ်"

အောင်သပြေ အသာနားထောင်နေလိုက်ပါသည်။ ဘယ်သူ့ဆီမှာ အပ်ခဲ့ချင်လို့ ပြောနေတာလဲ။ ငါ့ကို တိုင်ပင်နေတာလားလို့ ဇဝေဇဝါတော့ တွေးကြည့်မိသည်။





"အဲဒီလူက ရိုးသားရမယ်၊ သစ္စာရှိရမယ်၊ တည်ကြည်ရမယ်၊ ပြီးတော့ သမီးကိုလည်း တကယ်ချစ်ခင်နှစ်သက်တဲ့ ယောကျ်ားကောင်းတစ်ယောက် ဖြစ်ရမယ်လို့ သတ်မှတ်လိုက်တဲ့အခါ အောင်သပြေကိုပဲ ပြေးမြင်တယ်"

"ခင်ဗျာ ... အန်ကယ်လ် ... ဟို ... ကျွန်တော်တို့ ..."

"သမီးကို လွန်ခဲ့တဲ့ ခြောက်လကျော်လောက်တည်းက မေးမြန်းပြီး မင်းနဲ့လက်တွဲစေချင်ကြောင်း အန်ကယ်လ် အသိပေးခဲ့ဖူးပါတယ်"

"ကျွန်တော် ... ကျွန်တော်တို့က ... ဟို ... စုပုံပဲ ကျွန်တော့်ကို တကယ်မချစ်နိုင်ဘူးပြောပြီး လမ်းခွဲသွားတာပါ အန်ကယ်လ်။ သူ ကျွန်တော့်ကို လက်ခံနိုင်မှာ မဟုတ်ပါဘူး"

"အန်ကယ့်လ်သမီးအကြောင်း အန်ကယ်လ် အသိဆုံးပါ၊ သူ မင်းကို တကယ်ချစ်တာပါ၊ အန်ကယ်လ် သဘောမတူမှန်းသိလို့ သူ ရှောင်သွားတာပါ"

"မဟုတ်ဘူး ထင်တယ် အန်ကယ်လ်၊ သူ့ကို သေသေချာချာ ပြန်မေးပါဦး၊ ကျွန်တော့်ကို သူ တကယ်မချစ်ဘဲနဲ့ အဖေ စိတ်ချမ်းသာအောင်ဆိုတဲ့စိတ်နဲ့ လက်ခံလိုက်ရတာမျိုး မဖြစ်စေချင်ဘူး၊ ကျွန်တော် စုပုံ စိတ်ဆင်းရဲမှာကို သိပ်ကြောက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်သပြေ့ဘက်ကတော့ အန်ကယ်လ် စီစဉ်ပေးရင် လက်ခံမယ်ပေါ့၊ ဟုတ်လား"

အောင်သပြေ တစ်ချက်စဉ်းစားလိုက်ပြီးမှ ဖြေပါသည်။

"ကျွန်တော် ခုထိ အညတရပါ အန်ကယ်လ်။ ဘာကောင်မှလဲ မဟုတ်ဘူး။ ဘာအဆင့်မှလဲ မရှိပါဘူး။ စုပုံနဲ့ ကျွန်တော့်အဆင့်က အများကြီး ကွာခြားပါတယ်။ ကျွန်တော် သူ့ကို တကယ်ချစ်ပေမဲ့ သူ နေနေရတဲ့ အနေအထားမျိုးကို မီအောင်မစွမ်းဆောင်ပေးနိုင်တာမို့ လက်မခံပါရစေနဲ့"

ဦးမြတ်နိုးလည်း အဓိပ္ပာယ်ပါပါ ပြုံးလိုက်ရင်း ...

"အန်ကယ်လ် သမီးအတွက် တစ်သက်လုံး သစ္စာရှိမဲ့ အဖော်ကောင်းတစ်ယောက်ကို အန်ကယ်လ်ကိုယ်တိုင် ရွေးချယ်တာပါ အောင်သပြေ။ အောင်သပြေက အန်ကယ်လ် ရွေးချယ်မှုကို လက်မခံရင် သမီးဟာ အန်ကယ်လ်မရှိတော့တဲ့ တစ်ချိန်ချိန်မှာ ဘယ်လိုလူမျိုးနဲ့ ဆုံရမလဲ။ ဘယ်လိုလူရဲ့ သစ္စာမဲ့မှုကို ခံရမလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ အန်ကယ်လ် သူ့ကို စိတ်မချစွာနဲ့ ထားခဲ့ရမှာလေ။ အောင်သပြေကရော ကိုယ်သိပ်ချစ်ခဲ့တဲ့ မိန်းကလေးကို ဒုက္ခတွေ၊ စိတ်ဆင်းရဲရစရာတွေ ကြုံရမဲ့ အခြေအနေကိုပဲ





စောင့်ကြည့်ဖို့ ဖန်တီးမလား။ ဒါမှမဟုတ် သူ တစ်သက်လုံး စိတ်ချမ်းသာရအောင် အခုတည်းက လုပ်ပေးလို့ရရင် လုပ်ပေးမလား ... ပြော"

ထိုအခါ အောင်သပြေ တစ်ယောက် မငံ့မရဲ မေးလိုက်မိပါသည်။

"တကယ်လား အန်ကယ်လ်၊ စုပုံက ကျွန်တော်နဲ့သာဆိုရင် တကယ်ပဲ စိတ်ချမ်းသာမယ်တဲ့လား"

ဦးမြတ်နိုးက ချက်ချင်း မဖြေသေးဘဲ အပြင်ကို အသာနားစွင့်သလို လုပ်နေသည်။ စကားသံတချို့ ခပ်သဲ့သဲ့ကြားလျှင် ...

"သမီး လာပြီထင်တယ်"

လို့ အောင်သပြေ့ကို လှည့်အသိပေးသလို ပြောပါသည်။ အောင်သပြေ့ ရင်ထဲ အသံအကျယ်ကြီးတစ်ချက် မြည်သွားသလို ခံစားလိုက်ရမည်ဖြစ်ကြောင်း ဦးမြတ်နိုးက ကြိုတင်ရိပ်မိပြီးနေခဲ့ပြီ။

"အဖေတစ်ယောက်ဟာ ကိုယ့်သမီးရဲ့မျက်လုံးထဲကို ကြည့်လိုက်တာနဲ့ ဘယ်လိုအရာဟာ သူ့ကို စိတ်ချမ်းသာစေမလဲ ဆိုတာကို ရိပ်မိတတ်တယ်လို့ ပြောပြရင် မင်း ဒါကို ယုံယုံကြည်ကြည်နဲ့ လက်ခံနိုင်မလား အောင်သပြေ"



www.burmeseclassic.com

www.burmeseclassic.com



အောင်သပြေလည်း သူ့ကိုယ်သူပင် ခေါင်းညိတ်ပြမိသည်လား။ ခေါင်းမညိတ်ဘဲ ဆိတ်ဆိတ်နေပြီး ဝန်ခံမိလိုက်သလား မသေချာပါ။ ဘာကြောင့်လဲဆိုတော့ အပြင်ဘက်က စကားသံသဲ့သဲ့တို့ထဲမှာ အကြာကြီး လွမ်းဆွတ်မက်မောနေခဲ့တဲ့ အသံတစ်သံကိုပါ ကြားလိုက်ရ၍ ဖြစ်ပါသည်။

ရင်တွေက တထိတ်ထိတ် ခုန်နေသည်။ ရင်ခုန်သံတိုင်းဟာ သူ့နာမည်လေးကိုပဲ အခါခါခေါ်သော အသံမျိုးဖြစ်နေသည်ဟု ထင်ပါသည်။

"ဖေဖေ"

"ဟေ ... သမီးလား"

"ဩည့်သည်ရှိနေတာလား ဖေဖေ။ စုပုံ ဝင်ခဲ့ရင်ရမလား"

"ဝင်ခဲ့ ... ဝင်ခဲ့ ... ဝင်ခဲ့လို့ရတယ်၊ တံခါးကို လော့(ခ) မချထားပါဘူး ဝင်ခဲ့ပါ။ ဒီဩည့်သည်ကို သမီးလည်းတွေ့ချင်မှာပါ"


"ဘယ်သူမို့လို့လဲ ဖေဖေရယ်"

တံခါးဘုလေး လည်သွားပြီး အပြင်ဘက်က လှည့်ဖွင့်လိုက်သံ ကြားရပြီးနောက် ... ...။ ... ...။

✧ ❤ ✧







# နှစ်ယောက်အတူတူ...

www.burmeseclassic.com

www.burmeseclassic.com



"ရင်ခုန်သံတွေ အကျယ်ဆုံးဆီသို့ မြင့်တက်သွားကြပါသည်။

တံခါးအပွင့်မှာ ဆုံစည်းလိုက်ကြသော မျက်ဝန်းနှစ်စုံတို့သည် ဘယ်တုန်းကမှ သူတို့မဝေးကွာခဲ့ကြဖူးသလို ခံစားချက်တွေနဲ့ ပြည့်နှက်စွာ ...။

တစ်ယောက်ရဲ့ နှလုံးသားကို တစ်ယောက်က စိတ်ချယုံကြည်စွာ ... ...။

ရင်ထဲမှာ သိမ်းဆည်းထားခဲ့တဲ့ စကားလုံးတွေကိုလည်း စက္ကန့်ပိုင်းအတွင်း တစ်ယောက်နားလည်အောင် တစ်ယောက်က ပြောပြနိုင်ခဲ့ပြီးပြီဆိုသော ခံစားချက်တွေလည်း တူညီစွာ ...။



(ဆေးတက္ကသိုလ်)

17th February

Sunday

2008.

BURMESE CLASSIC .com

www.burmeseclassic.com